The **Commerce** Journal

စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 4 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | Jan 26 , 2015

# မီးခိုးမထွက်သောစီးပွားရေးအပြည့်အဝရှိနေတဲ့ ဂုဏ်ယူစရာပြည်မြန်မာ

| မြင့်ဦး-ပခုက္ကူ |

၂၀





## တိုကျိုမြို့တွင် မြန်မာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးတွဲဆွေးနွေးပွဲကျင်းပ

၁၂

## ပုသိမ်မြို့ပေါ်ရှိ စာသင်ကျောင်းများနှင့် ပတ်ဝန်းကျင်ရှိ မုန့်ဆိုင်များတွင် ခွင့်မပြုဆိုးဆေးပါ အစားအသောက်များ သိမ်းဆည်းမြေမြှုပ်ဖျက်ဆီး

၂၄

## ငွေစုဆောင်းရမှာ ပျော်စရာ

| မျိုးသူ (မန္တလေးမြို့) |

၁၄



## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်တိုင်းဆောက်လုပ်ရေးအသင်းဖွဲ့စည်း

၃၂

SUZUKI

Authorized Dealer

# MYO MOTOR

## Car Sale Center








New Suzuki Carry Truck




New Suzuki Carry Truck





ဂျပန်နိုင်ငံမှ MODEL မြင့်မြင့်ကားသန့်သန့်များကို ကြိုတင်၍ အမည်ပေါက်ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးနေပါသည်။
Brand new များကိုလည်းဝယ်ယူရရှိနိုင်ပါသည်။

**Showroom**တွင်လည်း ဂျပန်ကားမျိုးစုံကို မျက်မြင်ဝယ်ယူရရှိနိုင်ပါသည်

**Suzuki Swift** သော့အပိုများနှင့် အပိုပစ္စည်းများ အလွယ်တကူဈေးနှုန်းချိုသာစွာ ဖြင့်ရရှိနိုင်ပါသည်

ဆက်သွယ်ရန်- ၀၁-၄၀၀၁၂၃၊၀၁-၄၀၀၃၉၉၊၀၁-၅၅၆၆၈၅

Email:myomotor@gmail.com



# မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFPEA) စတုတ္ထအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ၂၀၁၅ ကျင်းပ




မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFPEA ) မှ ကြီးမှူးပြီး စတုတ္ထအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ (Fourth Myanmar Food Exhibition 2015 ) ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဦးဝိစာရလမ်း ဒဂုံမြို့နယ်ရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီလ ၂၃ ရက် နံနက် ၈ နာရီတွင်ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌ နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် စီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူးအဖွဲ့နှင့် အမှုဆောင်အဖွဲ့ဝင်များ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြပွဲအား မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် စားသောက်ကုန်များကို တစ်နေရာတည်း တစ်စုတစ်စည်းတည်း ကြည့်ရှုလေ့လာနိုင်စေရန် ပြည်တွင်းဖြစ်စားသောက်ကုန်ပစ္စည်းများကို ပိုမိုသိရှိရင်းနှီးလာစေရန် ပြည်တွင်းလုပ်ငန်းရှင်များ အချင်းချင်း စီးပွားရေးလုပ်ငန်းများ ချိတ်ဆက် ဆက်သွယ်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများရရှိစေရန်နှင့် ပြည်တွင်းပြည်ပဈေးကွက်များချဲ့ထွင်လုပ်ကိုင်နိုင်စေရန်၊ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီတဲ့ အရည်အသွေးကောင်း စားသောက်ကုန်များထုတ်လုပ်လာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းသိရပါတယ်။

အဆိုပါပြပွဲတွင် ပြည်တွင်း၊ ပြည်ပ စားသောက်ကုန်ထုတ်လုပ်သူများ၊ ပြည်တွင်း၊ ပြည်ပ စားသောက်ကုန် ဖြန့်ဖြူးရောင်းချသူများ၊ ပြည်တွင်း၊ ပြည်ပ စားသောက်ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်သော စက်ကိရိယာနှင့် နည်းပညာရောင်းချသူများ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြခန်းစုစုပေါင်း ၁၂၆ ခန်းတို့က ဇန်နဝါရီလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ခင်းကျင်းပြသခဲ့ရာ စိတ်ပါဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုကြကြောင်း သိရှိရပါတယ်။

**ခင်မောင်မောင်အုန်း**

# WTO Trade Policy Review TPR Follow up Workshop ကျင်းပ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) Trade Policy Review နဲ့ပတ်သက်ပြီး TPR Follow up Workshop ကို ဇန်နဝါရီလ ၂၃ ရက်က ရန်ကုန်မြို့ရှိ Kandawgyi Palace Hotel မှာ ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ဆိုင်ရာ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်း (TPR) လုပ်ငန်းစဉ်နဲ့ ပတ်သက်တဲ့ အစည်းအဝေးကို သက်ဆိုင်ရာဌာနများရဲ့ ပူးပေါင်းကူညီဆောင်ရွက်မှုနဲ့ ဂျီနီဗာရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံး၌ ၂၀၁၄ ခုနှစ် မတ်လတွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

အဆိုပါ အစည်းအဝေး ဆုံးဖြတ်ချက်အရ (TPR) အစည်းအဝေးနောက်ပိုင်းကာလမှာ ဖြစ်ပေါ်တိုးတက်မှုများကို သိရှိနားလည်စေရန်အတွက် TPR Follow up Workshop ကို ဇန်နဝါရီလ ၂၀ ရက်မှ ၂၁ ရက်ထိ နေပြည်တော် Lake Garden Hotel မှာ လည်းကောင်း၊ ရန်ကုန်မြို့၌ ဇန်နဝါရီ ၂၃ ရက်တွင် Kandawgyi Palace Hotal မှာလည်းကောင်း ကျင်းပခဲ့တယ်လို့ သိရပါတယ်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နဲ့ ဗဟိုအလုပ်အမှုဆောင်များ၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ ဥရောပသမဂ္ဂမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါတယ်။

အခမ်းအနားတွင် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနဲ့ (WTO) Representative Mr.Will Yi၊ UMFCCI မှ ဒေါ်ခိုင်ခိုင်နွယ်တို့က အဖွင့်အမှာစကား အသီးသီး ပြောကြားခဲ့ ကြပါတယ်။

အလုပ်ရုံဆွေးနွေးပွဲတွင် (WTO) Secretariat က "General Findings of the First Trade Policy Review of Myanmar on The Economic Environment and Trade policy Instruments" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ "The Government's Priorities in Reforms of Trade & Related Policies as a Result of the TPR Exercise" ခေါင်းစဉ်ကို (WTO) Secretariat နဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုလေးတို့ကလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပါတယ်။



ဆက်လက်ပြီး စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနဲ့ ညွှန်ကြားရေးမှူး ဦးကိုကိုလေးတို့က "The Aid for Trade Coordination Structure"ကိုဆွေးနွေးတင်ပြခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ ဥရောပသမဂ္ဂမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါတယ်။

TPR Follow up Workshop ကို ခြုံငုံသုံးသပ်ချက်ရဲ့ ရလဒ်များကို ဆွေးနွေးရန်၊ သတင်းဖြန့်ဖြူးရန် မြန်မာနိုင်ငံအား ကုန်သွယ်ရေးဆိုင်ရာနည်းပညာ အထောက်အပံ့နဲ့ Capacity Building လိုအပ်ချက်များ ဖော်ထုတ်ရန် ဦးတည်ကျင်းပခြင်းဖြစ်တယ်လို့ သိရပါတယ်။ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် တိုးတက်ကောင်းမွန်သော အကူအညီရရှိရေးအတွက် Donors နိုင်ငံများရဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကို ပုဂ္ဂလိက ကဏ္ဍလိုအပ်ကြောင်း၊ ယခင်က ဗဟိုချုပ်ကိုင် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းရန် ကမ္ဘာ့စီးပွားရေးနဲ့ ပြန်လည်စေ့စပ်ရန် လမ်းကြောင်းပေါ် အမှန်တကယ်ချဉ်းနင်းဝင်ရောက်လာတဲ့အတွက် မြန်မာနိုင်ငံအား ကမ္ဘာ့အသိုင်းအဝိုင်းက ချီးမွမ်းစကားများဆိုလျက်ရှိနေပြီဖြစ်ပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲအနေနဲ့ မြန်မာနိုင်ငံရဲ့ ရှေ့ဆက်ရမယ့်ကုန်သွယ်ရေးပြုပြင်ပြောင်းလဲမှုလမ်းစဉ်ရဲ့ အရှိန်အဟုန်ကို ထိန်းသိမ်းနိုင်မယ့် အခွင့်အလမ်းကောင်းတစ်ရပ်ကို ဖန်တီးပေးခြင်းဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

**MIRT (DCCA)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**

ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**

ဉာဏ်တင်

**တာဝန်ခံစာတည်း**

ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**

ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**

မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**

ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**

ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လွိုင်ကော်)

**Proof & Layout Design ကြီးကြပ်**

ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**

မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**

ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၃၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**

သန်းစိုး

**ဖြန့်ချိရေး**

အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**

မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှလည်း ဆန်တင်ပို့

မြန်မာ့ဆန်ဖြူများကို အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်စခန်းများမှတစ်ဆင့် တင်ပို့ရာတွင် ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၁၃ ဒသမ ၄၂၂ သန်းဖိုးရှိ ဆန်ဖြူ ၃၆၂၅၈ တန်တင်ပို့ နိုင်ခဲ့ကြောင်းသိရပါတယ်။

နယ်စပ်အလိုက် တင်ပို့မှုများမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်မှ ငစိန်ဆန် ၁၉၆၉၀ တန်၊ ဧည့်မထဆန် ၁၀၈၉၈ တန်၊ လွယ်ဂျယ်စခန်းမှ ဧည့်မထဆန် တန် ၅၀၀၀၊ ချင်းရွှေဟော်စခန်းမှ တန် ၅၇၀ တင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း ဧည့်မထ တန် ၁၀၀ ကိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒီဇင်ဘာလတုန်းက တစ်ဖက်နိုင်ငံမှာ ဆန်သစ်ပေါ်ချိန် ဆန်ဈေးများ ကျဆင်းမှုကြောင့် တွက်ခြေမကိုက်လို့ ဒီဇင်ဘာတစ်လလုံး တင်ပို့မှုရပ်ဆိုင်းထားခဲ့ပြီး ယခုဇန်နဝါရီလအတွင်းမှာတော့ အရင်ဈေးနီးပါး ပြန်ရတဲ့အတွက် ပြန်လည်တင်ပို့တာလို့ ဆန်ကုန်သည်တစ်ဦးထံမှ သိရပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လိုအပ်သော ဆန်များကို အိန္ဒိယနိုင်ငံမှ အများဆုံးတင်သွင်းတာဖြစ်ပါတယ်။ မြန်မာ့ဆန်ကို ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ၄၀၇၃ တန်ကျော်ကို မောင်တောနယ်စပ်ကုန်သွယ်ရေး စခန်းမှတစ်ဆင့် တင်သွင်းခဲ့ပါတယ်။ ဒီဇင်ဘာတစ်လလုံးမှာတော့ မောင်တောစခန်းမှ မတင်ပို့ခဲ့ပါဘူး။

မြန်မာနိုင်ငံမှ အဓိကတင်ပို့နေတာကတော့ ဧည့်မထ ၂၅ မှတ်ဆန်နဲ့ ဆန်ကွဲတို့ဖြစ်ပြီး ယခုတစ်ပတ်မှာ ကန်ဒေါ်လာ ၃ ဒသမ ၉၈၀ သန်းဖိုးရှိ ဆန်ကွဲ ၁၂၂၆၃ တန်ကျော်ကိုလည်း တင်ပို့ခဲ့ပါတယ်။ တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင်မှ ၁၀၆၉၃ တန်ကျော်၊ လွယ်ဂျယ်စခန်းမှ တန် ၁၀၀၀ နဲ့ ချင်းရွှေဟော်စခန်းမှ တန် ၅၇၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကတော့ ထိုစခန်းသုံးခုမှ ဆန်ကွဲတန်ချိန် ၁၁၈၄၉ တန်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၁၄ တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရှိရပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၁-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၂၈ | ၄၃၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၉ | ၄၂၀ | △ | ၃၇၅ | ၃၆၅ | ▽ | ၃၉၅ | ၃၉၅ | □ | ၃၇၀ | ၃၆၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၉၉ | ၄၀၀ | △ | ၃၄၀ | ၃၄၀ | □ | ၃၆၀ | ၃၆၀ | □ | ၃၂၅ | ၃၂၀ | ▽ |
| ပေါင်းဆန် | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၈၅ | ၃၉၀ | △ | ၄၀၀ | ၄၀၀ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၁-၂၀၁၅ ဒေါ်လာ/တန်

| | တောင်အမေရိက | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၁၀ | ၄၉၅ | ▽ | ၅၉၅ | ၅၉၅ | □ | ၅၉၅ | ၅၉၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၉၅ | ၄၈၅ | ▽ | - | - | - | - | - | - |

*Source: oryza.com*

# နယ်အောက်စက်ပိုင်က ထိန်းပို့လာလျှင် မြန်မာ့ဆန်ဈေးကွက် အနည်းငယ်ပြန်မာနိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၃ နေ့ဈေးနှုန်းအရ ဖျာပုံပေါ်ဆန်းလတ်စ တစ်အိတ်ကို ၂၉၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၀၀၀၀ ကျပ်၊ နယ်စုံ ပေါ်ဆန်းလတ်စ တစ်အိတ် ၂၇၀၀၀ ကျပ်၊ ထိပ်စ ၂၉၀၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အတွင်း ဈေးအနည်းငယ်ပြန်ကျခဲ့တာ တွေ့ရပါတယ်။



ယခုနောက်ပိုင်း ဆန်ချောလိုင်းမှာ နာမည်ရလာတဲ့ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၁၀၀၀ ကျပ်၊ ထိပ်စ ၃၂၀၀၀ ကျပ်ဖြင့် ဈေးဆက်မာနေတာ တွေ့ရပါတယ်။ ဆန်ချောအဝင်များချိန် အဝယ်ပါးနေခြင်း၊ လကုန်ခါနီးမို့ လက်လီဆိုင်သမားကလည်း အဝယ်ပါးနေခြင်းကြောင့် ဆန်ချောတွေ ဈေးအနည်းငယ်ပြန်ကျရသော်လည်း ငွေကြေးတတ်နိုင်သူတို့အကြိုက် ဆန်ကောင်း ဆန်သန့်ဖြစ်တဲ့ ရွှေဘို၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းတွေကတော့ ဈေးမာလျက်ပင်ရှိနေကြောင်း၊ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ လတ်စတစ်အိတ်ကို ၁၅၅၀၀ ကျပ်၊ ထိပ်စ ၁၆၂၀၀ ကျပ်၊ မိုးသုခဈေးနှုန်း ၁၅၈၀၀ ကျပ်မှ ၁၆၃၀၀ ကျပ် ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂၀၀ ကျပ်မှ ၃၀၀ ကျပ်အတွင်း ဈေးအနည်းငယ်တက်ခဲ့တာ တွေ့ရပါတယ်။

တရုတ်သို့ တရားဝင်ဆန်တင်ပို့ရန် ဆွေးနွေးညှိနှိုင်းနေခြင်း၊ ရန်ကုန် FOB ပုံမှန်ဆန်အပို့သမားနှင့် တစ်နှစ်ပတ်လုံး စက်လည်နိုင်ရန်တို့အတွက် ကြိုတင်ရည်ရွယ်ကာ စက်ပိုင်အချို့ စပါးဝယ်လှောင်နေကြလို့ စပါးဈေးအနည်းငယ် လှုပ်လာရာမှ ဆန်ကြမ်းဈေးပါ အနည်းငယ်လိုက်တက်ခဲ့ရတာဖြစ်ကြောင်း ကုန်စည်ဒိုင်နဲ့ စက်ပိုင်အချို့ထံမှ ကြားသိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၄၀၀၀ ကျပ်ခန့်ဖြင့် အဝယ် သွက်နေသော်လည်း ၂၅ မှတ်ဧည့်မထဆန်က ဈေးမတက်ဘဲ ယခင်တစ်ပတ်ဈေးခန့်သာ ဖြစ်နေကြောင်း၊ ရန်ကုန် FOB ဖြင့် ဆန်ပို့နေကျကုမ္ပဏီများ ပုံမှန်ဝယ်နေသည့်အပြင် MAPCO ကလည်း ဆန်ဈေးကွက်မှာ ဝယ်နေလို့ ဧည့်မထ ၂၅ မှတ် ဆန်အရောင်းအဝယ်သွက်နေရတာလို့ ဆိုပါတယ်။ EMATA MYANMAR 25 % FOB ( Yangon) 310-320 USD / MT ခန့်ရှိပြီး လိုင်စင်ဈေး 310 USD/MT ဖြင့် ရောင်းချမှုများ ရှိပါကြောင်း သိရှိရပါတယ်။

မူဆယ်ဆန်စပါး ကုန်စည်ဒိုင်ရဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့ ဈေးနှုန်းအရ ဧည့်မထ ၅ မှတ် မျှော်ဘီ တစ်အိတ်ကို ၁၃၉-၁၄၃ ယွမ်၊ စူပါ ၁၃၆-၁၃၈ ယွမ်၊ ဧည့်မထ ၁၀ မှတ် မျှော်ဘီတစ်အိတ်ကို ၁၃၂-၁၃၇ ယွမ်၊ စူပါ ၁၃၂-၁၃၄ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ တစ်အိတ်ကို ၁၃၂-၁၃၃ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ ၁၂၄-၁၂၇ ယွမ်၊ ဧည့်မထ ၃၅ မှတ် မနောသု တစ်အိတ် ၁၂၀-၁၂၂ ယွမ်၊ ငစိန် ၁၀ မှတ် တစ်အိတ် ၁၂၇-၁၃၀ ယွမ်၊ ၁၅ မှတ် ၁၂၄-၁၂၆ ယွမ်၊ ၂၅ မှတ် ၁၂၁-၁၂၃ ယွမ်၊ ကောက်ညှင်း ၁၀ မှတ် တစ်အိတ် ၁၆၄-၁၆၇ ယွမ်ဖြစ်ခဲ့ကြလို့ ဆန်အများစုမှာ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁ ယွမ်မှ ၂ ယွမ်အတွင်း ဈေးကျခဲ့ကြောင်း၊ ဇန်နဝါရီလ ၂၃ ရက်နေ့ မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၆၄ ဒသမ ၂၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် သုည ဒသမ ၉၅ ကျပ်ဈေးကျခဲ့သော်လည်း အဖမ်းအဆီး သတင်းကြောင့် ၂ရက်ခန့်သာ အရောင်းအဝယ် အနည်းငယ်တန့်ခဲ့ပြီး၊ ယခုရက်ပိုင်း အရောင်းအဝယ်ပိုကောင်းနေကြောင်း၊ ယခုတစ်ပတ်အတွင်း မူဆယ်သို့ ပြည်တွင်းနယ်စုံမှ ဆန်တန်ချိန် ၂၇၃၀၀ ခန့် ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက်တန် ၇၀၀ ကျော်ပိုဝင်ရောက်ခဲ့ကြောင်း၊ တရုတ်လိုင်းက မည်သည့်အမျိုးအစားကိုမဆို ဝယ်လေ့ရှိသော်လည်း တောင်ပေါ်မှာ ကားပိတ်ခြင်း၊ ကြန့်ကြာခြင်းများ ကြောင့် အတက်ကားရှားကာ ရန်ကုန်- မူဆယ် ဆန်တစ်တန်ကို ၁၀၃၀၀၀ ကျပ်ဖြင့် ဈေးမြင့်နေလို့ တွက်ခြေမကိုက်ခြင်းကြောင့် ရန်ကုန်မှ ဆန်အပို့ လျော့သွားပြီး လမ်းနယ်မှ ဆန်များသာ မူဆယ်သို့ အသွားများကြောင်း၊ မူဆယ်ဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် ဖေဖော်ဝါရီလလယ် တရုတ်နှစ်ကူးရက်မှာ နားကြမှာမို့ နှစ်ကူးမတိုင်မီ ၁၀ ရက်ခန့်အလိုထိ တောက်လျှောက် ကောင်းနိုင်တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

## ပြည်တွင်းမြို့ကြီးများ၏ (၂၃-၁-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၉၅၀ | △ | ၁၆၀၀၀ | △ | ၆၆၂၄ | □ | ၃၀၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၆၀၀၀ | □ | ၆၅၇၁ | △ | ၂၈၅၀၀ | △ |
| ပဲခူး | ၃၆၀၀ | △ | ၁၄၅၀၀ | □ | ၅၆၀၀ | △ | ၂၅၀၀၀ | △ |
| ရွှေဘို | ၄၉၀၀ | ▽ | ၁၇၅၀၀ | □ | ၈၆၅၀ | △ | ၂၉၅၀၀ | □ |
| စစ်တွေ | ၃၈၀၀ | □ | ၁၄၅၀၀ | □ | ၆၀၀၀ | △ | ၂၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၃၀၀ | □ | ၁၅၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၅၅၀ | □ | ၁၅၅၀၀ | △ | - | - | ၂၇၀၀၀ | ▽ |
| မန္တလေး | ၄၆၀၀ | △ | ၁၈၅၀၀ | △ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၄၅၀၀ | □ | ၁၇၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| မော်လမြိုင် | ၃၆၈၀ | □ | ၁၄၀၀၀ | △ | ၆၄၀၀ | □ | ၂၁၀၀၀ | □ |
| လွိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၁၇၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၅၀၀ | ▽ | ၁၅၅၀၀ | △ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၈၀၀၀ | △ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ထိ တန်ချိန် ၁၃၄၁၉၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈၅ သန်းကျော်ရရှိနေကာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၄၇၆၃၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၉ သန်းကျော ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။

ဝါးတန်းဒိုင်သို့ ဆန်အဝင်နဲ့ အရောင်းအဝယ်အခြေအနေမှာ ပုံမှန်ဝင်ရောက်ပြီး ငြိမ်နေကြောင်း၊ လကုန်ခါနီးရက်တွေမို့ အရောင်းအဝယ် အနည်းငယ်ပါးပြီး ဆန်ချောဈေး မပြတ်လို့ ကမ်းနားဂိုဒေါင်မှာချရတာတွေ ရှိနေကြောင်း၊ ဆန်ဈေးကွက် ရှေ့အလားအလာမှာ နယ်အောက်စက်ပိုင်က ဈေးပေါ်ကြည့်ပြီး ထိန်းပို့လာရင်တော့ ဆန်ဈေးအနည်းငယ်ပြန်မာနိုင်တယ်လို့ ဆန်ဈေးကွက်မှ သုံးသပ်လျက်ရှိကြောင်း တင်ပြလိုက်ရပါတယ်။

**သန်းအေး-ဆန်စပါး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၃-၁-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၆/၁ | ၂၃/၁ | ပြောင်းလဲမှု | ၁၆/၁ | ၂၃/၁ | ပြောင်းလဲမှု | ၁၆/၁ | ၂၃/၁ | ပြောင်းလဲမှု | ၁၆/၁ | ၂၃/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၄၅ | ၁၄၅၂ | ▲ | ၁၃၃၃ | ၁၃၅၀ | ▲ | ၁၃၅၀ | ၁၃၅၀ | ■ | - | - | - |
| ၂ | ပဲစင်းငုံ | ၁၃၁၆ | ၁၃၄၁ | ▲ | ၁၂၆၇ | ၁၂၇၅ | ▲ | ၁၂၆၀ | ၁၂၀၀ | ▲ | ၁၂၇၀ | ၁၂၉၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၇၆၅ | ၁၇၆၅ | ■ | ၁၇၆၀ | ၁၆၅၃ | ▼ | ၁၆၃၂ | - | - | ၁၇၉၀ | ၁၇၆၃ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၀၄၀ | ၁၀၄၀ | ■ | - | - | - | - | - | - | ၇၆၃ | ၇၄၇ | ▼ |
| ၅ | ပဲလွန်းဖြူ | ၉၀၀ | ၁၀၁၅ | ▲ | ၉၀၃ | - | - | ၁၁၃၂ | - | - | ၇၃၇ | ၇၄၀ | ▲ |
| ၆ | ထောပတ်ပဲ | ၁၄၇၅ | ၁၄၇၅ | ■ | ၁၆၀၀ | ၁၄၂၂ | ▼ | ၁၁၅၀ | ၁၁၀၅ | ▼ | ၁၃၁၅ | ၁၁၀၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၃-၁-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွန်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၅/၁ | ၂၂/၁ | ပြောင်းလဲမှု | ၁၅/၁ | ၂၂/၁ | ပြောင်းလဲမှု | ၁၅/၁ | ၂၂/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၇၀ | ၈၇၀ | ■ | ၉၂၃ | ၉၅၆ | ▲ | ၁၀၃၆ | ၁၀၀၅ | ▼ |
| ၂ | ပဲစင်းငုံ | ၇၉၀ | ၈၀၅ | ▲ | ၈၃၀ | ၈၆၃ | ▲ | ၈၅၄ | ၈၈၃ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၁၁၀ | ၁၀၆၀ | ▼ | ၁၂၄၇ | ၁၂၁၆ | ▼ | ၁၃၂၈ | ၁၃၁၃ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၇၅ | ၅၆၇ | ▼ | ၅၅၉ | ၅၂၇ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၀.၁.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၁၇.၁.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၄) မှ (၁၇.၁.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၁၀၈၇ | ၉၃၁၈ | ၄၁၆၉၂၆ |
| ပဲတီစိမ်း | ၄၄၉၄ | ၆၃၁၆ | ၁၀၇၁၇၁ |
| ပဲစင်းငုံ | ၂၄၁၀ | ၄၈၄၇ | ၁၅၇၁၃၀ |
| ကုလားပဲ | ၁၃၇ | ၁၄၇ | ၈၆၉၃ |
| ပဲလွန်းဖြူ | ၆၈၂ | ၈၁၃ | ၂၇၃၀၈ |
| မြေထောက်ပဲ | ၁၇၀ | ၁၃၆ | ၇၆၉၉ |

## Export ဝယ်လက်ရှိ၍ အရောင်းအဝယ်သွက်တဲ့ စစ်ကိုင်းပဲစင်းငုံ

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးသီးနှံ ပဲစင်းငုံကို ရာနှုန်းပြည့် စိုက်ပျိုးခဲ့ပါတယ်။ ယခုအချိန်သည် ပဲစင်းငုံအထွက်လှိုင်ချိန်ဖြစ်ပြီး၊ မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲစသည့် နယ်စုံမှ အဝင်လှိုင်လျက်ရှိပါတယ်။

Export ဝယ်လက်ရှိ၍ မုံရွာကုန်စည်ဒိုင်သို့ ဝင်သမျှအားလုံး အရောင်းအဝယ်ဖြစ်ကာ အထွက်လှိုင်၊ အဝင်လှိုင်၊ အရောင်းအဝယ်အသွက်ဆုံးသီးနှံမှာ ပဲစင်းငုံသီးနှံဖြစ်ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ယခုတစ်ပတ်အတွင်း တစ်ရက်ပျမ်းမျှ တင်း ၈၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရည်အသွေး အသင့်အတင့်ကောင်းပြီး၊ အိန္ဒိယမွန်ဘိုင်းဈေးတက်ခြင်းကြောင့် ယခင်တစ်ပတ် တစ်တင်းပေါက်ဈေး ၂၄၉၀၀ ကျပ်မှ ယခုတစ်ပတ် ဇန်နဝါရီလ ၂၂ ရက်မှာ ၂၅၅၀၀ ကျပ်သို့ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

**စီးပွားရေးလုပ်ငန်းရှင်များသို့**

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွှန့်ကိုယ်တိုင် ကြော်ငြာများလက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

## ဇန်နဝါရီလ တတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်း ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံသီးနှံ အရောင်းအဝယ်သွက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇန်နဝါရီလ တတိယပတ်အတွင်း မတ်ပဲနှင့် ပဲကြီးဈေးများ ဈေးလျော့နည်းသွားပြီး ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲလွန်းဖြူ ဈေးများ ယခင်တစ်ပတ်ထက် ဈေးပိုလာသလို အခြားပဲများ ဈေးငြိမ်ခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲဈေးမှာ ပဲသစ်များ အဝင်များလာပြီး ပန်းတောင်း၊ ကံမ၊ ပေါက်ခေါင်းဖက်မှ နေ့စဉ် အိတ် ၁၅၀ ကျော် ဝင်ရောက်သလို အဟောင်းလက်ကျန်လည်း သိပ်မရှိတော့လို့ ဝင်ရောက်လာသမျှ ပဲသစ်အားလုံး ရန်ကုန်ဝယ်လက်မှ နေ့စဉ် ဝယ်ယူလျက်ရှိခဲ့ပါတယ်။ ပဲသစ်ဈေးမှာ တစ်တင်း ၂၈၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျဆင်းသွားတာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ အဝင်နည်းသွားပြီး ပန်းတောင်း၊ ပေါက်ခေါင်းဖက်မှ အိတ် ၁၀၀ ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးကတော့ အရည်အသွေးလိုက်ဈေးကွာခြားလို့ ရိုးရိုးစ တစ်တင်း ၃၅၀၀၀ ကျပ်၊ ထိပ်စ တစ်တင်း ၃၆၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်း ၅၀၀ ကျပ်ဈေးပိုနေသလို မန္တလေးဝယ်လက်များလည်း နေ့စဉ် အဝယ်ရှိခဲ့ပါတယ်။

ပဲစင်းငုံသီးနှံလည်း တစ်ရက်အိတ် ၇၀၀ -၈၀၀ အထိ ပြည်ခရိုင်အတွင်း မြို့နယ်စုံမှ ဝင်ရောက်သလို ကံမဖက်မှလည်း ဝင်ရောက်ခဲ့ကြပါတယ်။ ဝယ်လက်ကတော့ ယခုတစ်ပတ်အတွင်း ရန်ကုန်ဝယ်လက်အပြင် ပေါင်းတည်၊ နတ်တလင်းမြို့နယ်များမှ လာရောက်ဝယ်ယူကြတဲ့အတွက် ဈေးကွက်အတွင်း မှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်သလို ပဲဈေးလည်း ဈေးပိုရလို့ တစ်တင်း ၂၅၇၀၀ ကျပ်ထိ ရရှိခဲ့တယ်လို့ သိရပါတယ်။


ပန်းတောင်းဘက်မှ ပဲသစ်များအနည်းငယ် ဝင်ရောက်ခဲ့လို့ ကုလားပဲအိတ် ၂၀ ခန့် ဝင်ရောက်ခဲ့ ပါတယ်။ ဝယ် လက်ကတော့ ခွဲစက်သမားအပြင် လှော်သမားလည်း ဝယ်ယူကြလို့ အိတ် ၂၅၀-၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးမှာ တော့ တစ်တင်း ၁၅၂၀၀ ကျပ်ဖြင့် ယခင်ပတ်ထက် ဈေးလျော့နည်းသွားခဲ့ပါတယ်။

ပဲကြီးဈေးနှုန်းများလည်း ဈေးလျော့နည်းသွားလို့ ရွှေကျွန်း တစ်တင်း ၂၃၀၀၀ ကျပ်၊ ကမ်းနားတစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် ပဲအဝင်မရှိဘဲ လက်ကျန်ပဲများသာ ပဲကြော်ဖိုသမားများနဲ့ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့လို့ အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲလွန်းဖြူသီးနှံသာ ပဲသစ်များ ဝင်ရောက်ခဲ့သော်လည်း အဝင်နည်းသေးတဲ့အတွက် တစ်ရက်အိတ် ၁၅ အိတ်ခန့်သာ လက်လီသမားများဖြင့် အရောင်းအဝယ်ဖြစ်သလို ပဲဈေးမှာ တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုရရှိခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့် ယခုဇန်နဝါရီ တတိယပတ်က ပဲဈေးကွက်အတွင်းမှာ ပဲသစ်များ ဝင်ရောက်လာသော်လည်း မတ်ပဲနှင့် ပဲတီစိမ်းသီးနှံမှာ ပုံမှန်သာအရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံသီးနှံကတော့ အရောင်းအဝယ်သွက်နေတာ တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



## ဇန်နဝါရီလ တတိယပတ် မုံရွာကုန်စည်ဒိုင်ပဲဈေးကွက် ငုံနီအသစ် ဝယ်လိုအားသွက်နေ

မုံရွာကုန်စည်ဒိုင် ဇန်နဝါရီလလယ်ပတ် ဈေးကွက်မှာ နယ်စုံကပဲစင်းငုံနီတွေ ဒိုင်ကို ဝင်ရောက်မှုများလာသလို ရန်ကုန်ဝယ်လက် ဝယ်လိုအားကောင်းနေတဲ့အတွက် တစ်ရက် အိတ် ၇၀၀၀ ကနေ ၁၀၀၀၀ ကြား အရောင်းအဝယ်သွက်ခဲ့တယ်လို့ ဈေးကွက်ကသိရပါတယ်။ ငုံနီပေါက်ဈေးအားဖြင့် ဒီလထဲမှာ တစ်တင်း ၂၅၇၀၀ ကျပ်ထိ အမြင့်ဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ယခုရက်ပတ်မှာတော့ တစ်တင်း ၂၅၀၀၀ ကျပ်နဲ့ ၂၅၅၀၀ ကျပ်ကြား ဈေးငြိမ်ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာ ဒိုင်လက်ကျန်နည်းနေတဲ့ စိမ်းကြီးကနေ့စဉ်ပေါက်ဈေးမဖွင့်နိုင်ခဲ့ဘဲ ဒီလထဲမှာ တစ်တင်း ၃၁၅၀၀ ကျပ်နဲ့ ဈေးငြိမ်နေခဲ့တာတွေ့ရပါတယ်။ စိမ်းသေးကတော့ ဒိုင်လက်ကျန်ပဲရှိသလို နယ်စုံက ပဲအဝင်ပုံမှန်ရှိဆဲမို့ နေ့စဉ်ပေါက်ဈေးဖွင့်ခဲ့ရာ ယခုတစ်ပတ်ထဲမှာ တစ်တင်း ၃၂၀၀၀ ကျပ်မှ ၃၂၆၀၀ ကျပ်ကြားဖြစ်ပေါ်ခဲ့ပါတယ်။ ဈေးကွက်အနေနဲ့ မန်းလက်က စိမ်းကြီးပိုဆွဲပြီး ရန်ကုန်လက်က စိမ်းသေးအဆွဲများလျက်ရှိရာ တစ်ရက်ကို စိမ်းကြီးစိမ်းသေး ၂ မျိုးပေါင်း အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

မတ်ပဲဈေးကွက်အနေနဲ့ ယခုတစ်ပတ်မှာ နယ်က ပဲအဝင်ပုံမှန်ရှိခဲ့ပြီး ဒေသခံလုပ်ငန်းသုံးဝယ်လက်နဲ့ ရန်ကုန်-မန်းဝယ်လက် အနည်းငယ်ရှိခဲ့လို့ တစ်ရက်အိတ် ၅၀၀ မှ ၁၀၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကာ ပေါက်ဈေးအားဖြင့် တစ်တင်း ၂၆၀၀၀ ကျပ်မှ ၂၆၇၀၀ ကျပ်ကြား ဈေးငြိမ်နေတာတွေ့ရပါတယ်။

စွန်တာနီဈေးကွက်ကတော့ နယ်စုံက ဆောင်းစိုက်ပဲတွေ ဒိုင်မှာအဝင်စုံနေပြီး နယ်လက်ဝယ်လိုအားလျော့လာတဲ့အတွက် ယခုတစ်ပတ်မှာ တစ်တင်း ၁၅၅၀၀ ကျပ်ထိ ဈေးကျဆင်းသွားခဲ့တာ တွေ့ရပါတယ်။ ဒီလထဲမှာ တစ်တင်း ၂၀၅၀၀ ကျပ်ထိ ဈေးအမြင့်ဆုံးရခဲ့တဲ့ ပဲနီလုံးကြားလည်း ပဲသစ်ပေါ်လာချိန်မှာ တစ်တင်း ၁၆၅၀၀ ကျပ်ထိ ဈေးကျဆင်းသွားတာ တွေ့ရပါတယ်။

ပဲလွန်းဖြူအုပ်စုမှာတော့ ဒိုင်မှာ ပဲလက်ကျန်သိသိသာသာ လျော့သွားပြီး နယ်ဝယ်လိုအားကောင်းတဲ့ ပဲလွန်းဖြူဟာ နေ့စဉ် ဒိုင်ပေါက်ဈေးမဖွင့်နိုင်ဘဲ ရောင်းလက်နဲ့ဝယ်လက် အချင်းချင်း ကြိုက်ရောင်းကြိုက်ဝယ်သာဖြစ်ခဲ့ပြီး နေ့စဉ်အရောင်းအဝယ်မဖြစ်တော့ဘူးလို့ကုန်သည်တွေကဆိုပါတယ်။

ယခုတစ်ပတ် ကုလားပဲအုပ်စုမှာ ထိုင်ဝမ်ကုလားပဲ တစ်မျိုးသာ ဈေးအနည်းငယ်အေးသွားပြီး တစ်တင်း ၁၄၄၀၀ ကျပ် ပေါက်ဈေးရှိခဲ့သလို V2 ကတော့ တစ်တင်း ၁၅၇၀၀ ကျပ်မှာ လည်းကောင်း၊ ၉၂၉ က တစ်တင်း ၁၅၆၀၀ ကျပ်မှာလည်းကောင်း အသီးသီးဈေးငြိမ်လာခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်ထဲမှာ ဆောင်းစိုက် ကုလားပဲအသစ် စတင်ဝင်ရောက်လာပေမယ့် ဈေးဖွင့်နိုင်တဲ့အထိ မများသေးဘဲ ကုလားပဲအဟောင်းမျိုးစုံသာ တစ်ရက် အိတ် ၇၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ယခင်တစ်ပတ်နဲ့ ယခုတစ်ပတ်ဈေးနှုန်း အရောင်းအဝယ်ဖြစ်မှုများနှိုင်းယှဉ်ခြင်း

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များကထိန်တော်အသင်း) သို့ နေ့စဉ် (ဥပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ လယ်ယာထွက်ကုန်သီးနှံများကို အရောင်းအဝယ်ပြုလုပ်တဲ့ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ လာရောက်အရောင်းအဝယ်ပြုလုပ်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ တတိယပတ် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းနဲ့ စတုတ္ထပတ် အရောင်းအဝယ်ဖြစ်တဲ့ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပါက -

တစ်ပိဿာဈေး-ကျပ်

| သီးနှံအမည် | ဇန်နဝါရီတတိယပတ် | | ဇန်နဝါရီစတုတ္ထပတ် | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၆၈၉ | ၁၉၅၆ | ၁၂၄၄ | ၂၀၂၇ |
| ပဲလွန်းဖြူ | ၉၆၇ | ၁၀၃၃ | ၉၆၇ | ၁၀၈၃ |
| ပဲကြီး | ၁၂၆၇ | ၁၃၅၇ | ၁၂၆၇ | ၁၃၅၇ |
| ပဲပုပ် (ရှမ်း) | ၈၄၅ | ၉၃၉ | ၈၄၅ | ၉၃၉ |
| ပဲပုပ် (ဗမာ) | ၉၉၅ | ၁၀၀၅ | ၈၈၃ | ၉၅၈ |
| ပဲယင်း | ၉၆၇ | ၁၀၀၀ | ၉၆၇ | ၁၀၀၀ |
| ထောပတ်ပဲ | ၁၆၀၀ | ၁၆၅၃ | ၁၄၇၆ | ၁၄၉၃ |
| မြေထောက်ပဲ | ၁၀၇၄ | ၁၁၁၁ | ၁၁၁၁ | ၁၁၆၇ |
| မတ်ပဲ | ၁၃၃၃ | ၁၃၅၀ | ၁၃၅၀ | ၁၃၆၇ |
| ကုလားပဲဖြူကြီး | ၈၃၈ | ၈၄၇ | ၈၀၃ | ၈၁၂ |
| ကုလားပဲထိုင်ဝမ် | ၇၇၃ | ၇၈၂ | ၇၄၇ | ၇၅၆ |
| ပဲစင်းငုံ (နီ) | ၁၂၄၂ | ၁၂၅၀ | ၁၂၅၈ | ၁၂၆၇ |
| ပဲစင်းငုံရွှေ (ဖြူ) | ၁၂၁၇ | ၁၂၂၅ | ၁၂၅၀ | ၁၂၅၈ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၃၆၁ | ၃၆၃ | ၃၆၇ | ၃၇၀ |
| ပြောင်းဖူးစေ့ (CP) | ၃၆၁ | ၃၆၃ | ၃၆၇ | ၃၇၀ |
| အထွက်တိုးပြောင်း | ၃၄၀ | ၃၈၇ | ၃၅၈ | ၃၇၇ |
| ဆန်ပြောင်း(နှံစားပြောင်း) | ၃၃၈ | ၃၅၄ | ၃၃၈ | ၃၅၄ |
| နှမ်းဖြူ | ၂၁၁၁ | ၂၄၀၀ | ၂၀၆၇ | ၂၅၅၆ |
| နှမ်းညို | ၂၀၆၇ | ၂၁၃၃ | ၁၈၈၉ | ၂၀၀၀ |
| နှမ်းနက် | ၂၁၁၁ | ၂၇၇၈ | ၁၉၅၆ | ၃၆၆၇ |
| နှမ်းနက် (စမုံ) | ၄၅၅၆ | ၄၅၇၈ | ၄၄၄၄ | ၄၅၁၁ |
| ပန်းနှမ်း | ၁၀၄၄ | ၁၀၆၇ | ၁၀၄၄ | ၁၀၆၇ |
| မြေပဲဆန် | ၂၄၂၅ | ၂၅၅၀ | ၂၃၅၀ | ၂၃၇၅ |

ပြည်ပ (တရုတ်) ဝယ်လက်ပုံမှန်အဆွဲရှိတဲ့ ပဲတီစိမ်းကြီးက ယခင်တစ်ပတ်ကထက် ဈေးမာလျက်ရှိပါတယ်။ ပဲတီစိမ်းကြီးထိပ်စတစ်ပိဿာကို ၂၀၂၇ ကျပ် (တစ်တန် ၁၂၄၁၃၁၅ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၇၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ပဲတီစိမ်းအနိမ့်စတစ်ပိဿာ ၁၂၄၄ ကျပ် (တစ်တန် ၇၆၁၈၁၃ ကျပ်) နဲ့ ပဲခွဲစက်နဲ့ အမှုန့်ကြိတ်စက်သမားများမှ ပုံမှန်ဝယ်လျက်ရှိကြောင်းသိရပါတယ်။ ပဲလွန်းဖြူတစ်ပိဿာ ၁၀၈၃ ကျပ် (တစ်တန် ၆၆၃၂၁၈ ကျပ်) နဲ့ ယခင်တစ်ပတ်ရဲ့ ဈေးနှုန်းအထက်မှာ နေ့စဉ် ၃ တင်းအိတ် ၂၀၀ ခန့် အရောင်း အဝယ်ဖြစ်ပြီး ပဲကြီးမှာ ယခင်တစ်ပတ်ဈေးနှုန်းဖြင့် ဈေးငြိမ်လျက်ရှိပြီး၊ တစ်ပိဿာ ၁၃၅၇ ကျပ် (တစ်တန် ၈၃၁၀၁၃ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၂၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ပဲပုပ် (ရှမ်း) ဈေးငြိမ်သော်လည်း ပဲပုပ် (ဗမာ) မှာ ယခင်တစ်ပတ်ဈေးထက် အနည်းငယ်အေးပါတယ်။ ယခုတစ်ပတ်မှာ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၃၉ ကျပ် (တစ်တန် ၅၇၅၀၃၄ ကျပ်) ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၅၈ ကျပ် (တစ်တန် ၅၈၆၆၇၀ ကျပ်) နဲ့ ပဲပုပ်နှစ်မျိုးပေါင်း နေ့စဉ် ၃ တင်းအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ပြည်ပ (တရုတ်) ဝယ်လက်အကြိုက်ဖြစ်တဲ့ ပဲယင်းဈေးနှုန်းက ယခင်တစ်ပတ်ဈေးနှုန်းနဲ့တူညီလို့ ဈေးငြိမ်တယ်ဆိုရပါမယ်။ ယခုတစ်ပတ်မှာ ပဲယင်းတစ်ပိဿာ ၁၀၀၀ ကျပ် (တစ်တန် ၆၈၂၃၉၀ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ထောပတ်ပဲမှာ ယခင်တစ်ပတ်ဈေးရဲ့အောက်ကို ရောက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ထောပတ်ပဲ တစ်ပိဿာ ၁၄၉၃ ကျပ် (တစ်တန် ၉၁၄၂၉၈ ကျပ်) နဲ့ နေ့စဉ်ပုံမှန်အရောင်း အဝယ် ဖြစ်လျက်ရှိပါတယ်။ မြေထောက်ပဲကို ဒေသတွင်းဝယ် လက်များသာမက ရုံဖန်ရုံခါ တရုတ်ဝယ်လက်မှလည်း ဝယ်ယူကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ မြေထောက်ပဲတစ်ပိဿာ ၁၁၆၇ ကျပ် (တစ်တန် ၇၁၄၆၅၉ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ပြည်ပ (အိန္ဒိယ) နဲ့ ရန်ကုန်ဝယ်လက်ဆွဲအားသွက်လက်လာတဲ့ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲစင်းငုံရွှေ (ဖြူ) မှာ ယခင်တစ်ပတ်ဈေးနှုန်းရဲ့အထက်မှာ ဈေးမာနဲ့အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲ တစ်ပိဿာ ၁၃၆၇ ကျပ် (တစ်တန် ၈၃၇၁၃၇ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၇၀၀ ခန့်၊ ပဲစင်းငုံနီတစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်)၊ ပဲစင်းငုံရွှေ (ဖြူ) တစ်ပိဿာ ၇၇၀၃၈၇ ကျပ်) နဲ့ ပဲစင်းငုံနှစ်မျိုးပေါင်း နေ့စဉ် ၃တင်းအိတ် ၉၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ယခင်လထက် ဈေးအနည်းငယ်မြင့်တက်လာတဲ့ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲထိုင်ဝမ်များ ယခင်တစ်ပတ်ဈေးနှုန်းအောက် အနည်းငယ်ရောက်ရှိလို့နေပါတယ်။ ယခုတစ်ပတ်မှာ ကုလားပဲဖြူကြီး တစ်ပိဿာ ၈၁၂ ကျပ် (တစ်တန် ၄၉၇၂၆၁ ကျပ်) ကုလားပဲထိုင်ဝမ်တစ်ပိဿာ ၇၅၆ ကျပ် (တစ်တန် ၄၆၂၉၆၇ ကျပ်) နဲ့ နှစ်မျိုးပေါင်း ၃ တင်းအိတ် ၅၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပြောင်းဖူးစေ့များအနက် ပြောင်းဖူးစေ့ (ရှမ်း) နဲ့ ပြောင်းဖူးစေ့ (CP)မှာ ယခင်တစ်ပတ်ထက် ဈေးမာလျက်ရှိပြီး၊ ဆန်ပြောင်း (နှံစားပြောင်း) မှာ ဈေးငြိမ်လျက်ရှိပေမယ့် အထွက်တိုးပြောင်းမှာ ဈေးအေးလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာပြောင်းဖူးစေ့ (ရှမ်း) နဲ့ ပြောင်းဖူးစေ့(CP) တစ်ပိဿာ ၃၇၀ ကျပ် (တစ်တန် ၂၂၆၅၈၄ ကျပ်)၊ အထွက်တိုးပြောင်းတစ်ပိဿာ ၃၇၇ ကျပ် (တစ်တန် ၂၃၀၈၇၁ ကျပ်)၊ ဆန်ပြောင်း (နှံစားပြောင်း) တစ်ပိဿာ ၃၅၄ ကျပ် (တစ်တန် ၂၁၆၇၈၆ ကျပ်)နဲ့ ပြောင်းမျိုးစုံ နေ့စဉ် ၃ တင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ် ဖြစ်ကြောင်းသိရပါတယ်။

ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းရောင်စုံနဲ့ မြေပဲဆန်များအနက် နှမ်းဖြူနဲ့နှမ်းနက်မှာ ယခင်တစ်ပတ်ထက် ဈေးမာလျက်ရှိပြီး၊ ပန်းနှမ်းမှာ ဈေးငြိမ်လျက်ရှိပေမယ့် နှမ်းညို၊ နှမ်းနက် (စမုံ) နဲ့မြေပဲဆန်များမှာ ယခင်တစ်ပတ်ဈေးအောက် အနည်းငယ်ရောက်ပေမှုရှိကာ တရုတ်မှပုံမှန်ဆွဲအားရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူတစ်ပိဿာ ၂၅၅၆ ကျပ် (တစ်တန် ၁၅၆၅၂၆၉ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၃၆၆၇ ကျပ် (တစ်တန် ၂၂၄၅၆၃၄ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၅၁၁ ကျပ် (တစ်တန် ၂၇၆၂၄၉၁ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာ ၁၀၆၇ ကျပ် (တစ်တန် ၆၅၃၄၂၀ ကျပ်) နဲ့နှမ်းရောင်စုံ နေ့စဉ်စုစုပေါင်း ၃ တင်းအိတ် ၂၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ်ဈေးအောက်တစ်ပိဿာ ၁၇၅ ကျပ် (တစ်တန် ၁၀၇၁၆၈ ကျပ်) ဈေးအေးသွားတာကြောင့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၇၅ ကျပ် (တစ်တန် ၁၄၅၄၄၂၆ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ကုန်စည်ဒိုင်ကို သီးနှံစုံဝင်ရောက်မှုရှိပြီး ဈေးနှုန်းအတက်အကျနဲ့ လှုပ်လှုပ်ရှားရှား ရှိကြောင်း၊ အတက်ဈေးမျှော်သူတွေ အတက်ဈေးရလို့ သီးနှံချင်းဖလှယ်ဖို့ ထုတ်ရောင်းတာရှိသလို၊ ဈေးငြိမ်နဲ့လည်း အရောင်းအဝယ်ပြုလုပ်သူများရှိကြောင်း၊ ယခင်တစ်ပတ်ဈေးထက် အနည်းငယ်အေးပေမယ့်လည်း အချို့ သီးနှံများလည်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုနှစ်အတွက် တွက်ခြေကိုက်သီးနှံများဖြစ်တဲ့ ပဲတီစိမ်း၊ ပဲယင်းနဲ့ နှမ်းရောင်စုံများမှာ တစ်နှစ်ပတ်လုံး သင့်တင့်တဲ့ဈေးနှုန်းနဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်သလို ဒီနှစ် နှစ်ဦးမှာလည်း အဆိုပါသီးနှံများ ပန်းပန်လျက်ရှိကြောင်း ကုန်သည်လှောင်လက်ကြီးတစ်ဦးမှပြောကြားကြောင်း သိရပါတယ်။


**စိုးအောင်-မန္တလေး**

## သာယာဝတီခရိုင်အတွင်း ရေလိုက်မတ်ပဲတွေပေါ်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မိုးညို၊ ဇီးကုန်းမြို့နယ်တွေမှာ ရေလိုက် မတ်ပဲများ ပေါ်နေပြီဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်ထိ သာယာဝတီမြို့နယ်မှာ မတ်ပဲ ၈၀၈ ဧက ရိတ်သိမ်းထားပြီး ဈေးနှုန်းမှာ ပိဿာ ၂၀ တစ်တင်းကို ၂၈၀၀၀ ကျပ်၊ လက်ပံတန်းမြို့နယ်မှာ ၅၉၉ ဧက ရိတ်သိမ်းထားပြီး ဈေးနှုန်းမှာ ၂၈၂၀၀ ကျပ်၊ မိုးညိုမြို့နယ်မှာ ၉၆၇ ဧက ရိတ်သိမ်းပြီးစီး၍ ဈေးနှုန်းမှာ ၂၆၈၀၀ ကျပ်၊ ဇီးကုန်းမြို့မှာ ၇၅၀ ဧက ရိတ်သိမ်းထားပြီးဈေးနှုန်းမှာ ၂၇၇၀၀ ကျပ်တို့ဖြင့် အဝယ်ဒိုင်များဖွင့်၍ ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

ကာလတူ ယခင်နှစ်က သာယာဝတီမြို့နယ်မှာ ပိဿာ ၂၀ ဝင် တစ်တင်း ၂၂၀၀၀ ကျပ်၊ လက်ပံတန်းမြို့နယ်မှာ ၂၄၀၀၀ ကျပ်၊ မိုးညိုမြို့နယ်မှာ ၁၇၀၀၀ ကျပ်၊ ဇီးကုန်းမြို့နယ်မှာ ၁၉၀၀၀ ကျပ်ဖြစ်ပြီး၊ ပဲလက်ကျန်များရှိနေတာကြောင့် ဈေးအေးပြီး ယခုနှစ်မှာ ပဲလက်ကျန် အခြေအနေကြောင့် ဈေးပေးဝယ်ယူခြင်းဖြစ်တယ်လို့ ဈေးကွက်က သိရပါတယ်။

**ခင်ခင်ထိုက်-လက်ပံတန်း**



## ရန်ကုန်ဝယ်လက် ဝယ်ယူမှုရှိတဲ့ ပြည်ဘိုကိတ်ပဲသစ်

ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်များနဲ့အတူ ဘိုကိတ်ပဲသစ်များလည်း ပန်းတောင်း၊ ကံမဘက်မှ ဝင်ရောက်ခဲ့တဲ့အတွက် အိတ် ၄၀ မှ ၅၀ ကြားနေ့စဉ် ဝင်ရောက်နေသလို ပဲဈေးမှာလည်း တစ်တင်း ၁၅၀၀၀ ကျပ်ဖြင့် ယခင်လလယ်ဈေးအတိုင်း ဈေးငြိမ်နေလျက်ရှိခဲ့ပါတယ်။

ဒေသတွင်း ဝယ်လက်ထက် ရန်ကုန်ဝယ်လက်မှ နေ့စဉ် ဝယ်ယူမှုရှိလို့ဝင်ရောက်လာသမျှ ပဲများအားလုံး ရောင်းချခဲ့ရကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နှမ်း

### နှမ်းတက်ပိုမိုတင်ပို့

ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၀၇၆၆ တန်ဖိုးရှိ နှမ်းတက် ၅၄ တန်ခွဲ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၅၃၄ တန်ဖိုးရှိ နှမ်းတက် ၆ တန်ကျော်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေ နယ်စပ်စခန်းမှ ကန်ဒေါ်လာ ၁၄၄၀၀ တန်ဖိုးရှိ နှမ်းတက် ၉ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ် ကမူဆယ်မှ ၁၆ တန်ခွဲနဲ့စစ်တွေမှ ၈ တန်ခွဲသာတင်ပို့ခဲ့တာမို့ ယခုတစ်ပတ်ရဲ့ နှမ်းတက်တင်ပို့မှုပိုမိုလာတာတွေ့ရပါတယ်။မူဆယ်နယ်စပ်မှ တင်ပို့တဲ့ နှမ်းတက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးဟာ ယခုတစ်ပတ်မှာတော့ ၅၈၅၀၀၀ ကျပ်ရှိတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### နှမ်းတန်ချိန် တစ်ရာ့ကိုးဆယ်ကျော်တင်ပို့နိုင်

ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၇၉၈၁ ဒသမ ၄၅ တန်ဖိုးရှိ နှမ်း ၁၉၅ ဒသမ ၉၈၅ တန်ကို ရေလမ်းခရီးမှ တင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၃၁၃၆၄ ဒသမ ၂၅ တန်ဖိုးရှိ နှမ်း ၄၄ဒသမ ၀၂၅ တန်ကို ပါကစ္စတန်နိုင်ငံ၊ ကန်ဒေါ်လာ ၃၁၉၁၀တန်ဖိုးရှိ နှမ်း ၈၇ ဒသမ ၉၈ တန်ကိုစင်ကာပူနိုင်ငံ၊ ကန်ဒေါ်လာ ၉၁၁၇ ဒသမ ၁၅ တန်ဖိုးရှိ နှမ်း ၁၅ ဒသမ ၉၉၅ တန်ကို ကာတာနိုင်ငံ၊ ကန် ဒေါ်လာ ၂၇၃၅၁ ဒသမ ၄၅ တန်ဖိုးရှိ နှမ်း ၄၇ ဒသမ ၉၈၅ တန်ကို အာရပ်စော်ဘွားများပြည်ထောင်စုကို လည်းကောင်း အသီးသီးတင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်များမှာ တန်ချိန်ရှစ်ဆယ်ကျော်သာ တင်ပို့နိုင်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တော်တော်များများ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အင်းလေးစ နှမ်းကို စစ်တွေဝယ်လက်က အဝယ်သွက်

၂၀၁၄ ခုနှစ်၊ နှစ်ကုန်ပိုင်းလောက်ကစပြီး တစ်စတစ်စအရောင်းအဝယ်ဖြစ်နေတဲ့နှမ်းက ဒီနှစ်စမှာလည်း ရောင်းနေရပါတယ်။ ဒီတစ်ပတ်လည်း စစ်တွေဝယ်လက်တွေက ဝယ်ယူနေပါတယ်။ စစ်တွေဝယ်လက်တွေက ရိုးရိုးနှမ်းဖြစ်တဲ့ အင်းလေးစတွေကိုပိဿာချိန် နှစ်သောင်း လေးထောင်ခန့် ဝယ်ယူသွားတယ်လို့လည်း နှမ်းပွဲရုံတွေက သိရပါတယ်။ ဆင်တောင်နှမ်းက အရည်အသွေးကောင်းပေမယ့် ဈေးကြီးတော့ သိပ်ပြီးမဝယ်ကြပါဘူး။ ဆင်တောင်နှမ်း (စို) က ယခင်တစ်ပတ်ကစပြီး ဈေးကွက်ကိုဝင်လာပါတယ်။ ဒါပေမယ့် အရောင်းအဝယ်ကတော့ သိပ်မဖြစ်သေးပါဘူး။ နှမ်းက အဝင်လည်းနည်းသွားပါပြီ။ တစ်ခါဝင်ရင် ပိဿာချိန် ၉၀၀၊ ၁၀၀၀ ခန့်သာဝင်ပါတော့တယ်။ အသစ်ပေါ်ပြီး အခြောက်ပြန်လုပ်နေတာကြောင့် ပြုတ်ခြောက်လုပ်ပြီးရင်တော့ ဒီထက်မကဝင်လာ နိုင်ပါတယ်။ စစ်တွေဝယ်လက်တွေဝယ်ယူပြီးတဲ့အပြင် အောင်ပန်းဈေးကွက်မှာရှိတဲ့ ရိုးရိုးနှမ်းတွေကို ရန်ကုန်ဝယ်လက်တွေဝယ်ယူနေလို့ တစ်ပတ်အတွင်း ပိဿာချိန် တစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ် နှမ်းပေါက်ဈေးတွေကတော့ အရည်အသွေးပေါ်မူတည်ပြီး ဝယ်လက်တွေ စိတ်ကြိုက်ဈေးနဲ့ ဝယ်ယူနေလို့ တစ်ပိဿာကို ၉၀၀ ကျပ်၊ ၁၀၀၀ ကျပ်၊ ၁၂၀၀ ကျပ်ဈေးရှိပြီး၊ ဆင်တောင်နှမ်းက ၁၄၅၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

---

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊**
**ရန်ကုန်တိုင်းဒေသကြီးရုံး၊**
**ကုန်သွယ်မှုမူဝါဒဌာနခွဲတွင်**
**(၁၂-၁-၂၀၁၅) ရက်မှ (၂၃-၁-၂၀၁၅) ရက်ထိ**
**ပို့ကုန်သွင်းကုန်မှတ်ပုံတင် အသစ်ပြုလုပ်ခြင်း၊**
**သက်တမ်းတိုး၊ ပြင်ဆင်လျှောက်ထားမှုများ**
**ဆောင်ရွက်ပြီးစီးမှုစာရင်း**

| | | |
|---|---|---|
| (က) | ပို့ကုန်/သွင်းကုန်မှတ်ပုံတင်ခြင်း | ၉၄-စောင် |
| (ခ) | ပို့ကုန်/သွင်းကုန်သက်တမ်းတိုးခြင်း | ၁၁၀-စောင် |
| (ဂ) | လိပ်စာပြောင်းလျှောက်ထားခြင်း | ၂၈-စောင် |
| (ဃ) | ရည်ရွယ်ချက်ပြောင်းလျှောက်ထားခြင်း | ၆-စောင် |
| (င) | အမည်ပြောင်းလျှောက်ထားခြင်း | ၅-စောင် |
| (စ) | မိတ္တူမှန်လျှောက်ထားခြင်း | ၅-စောင် |
| (ဆ) | ဒါရိုက်တာပြောင်းလျှောက်ထားခြင်း | ၂-စောင် |
| (ဇ) | လုပ်ငန်းရှင်ကိုယ်စားလှယ်ကတ်လျှောက်ထားခြင်း (အသစ်/သက်တမ်းတိုး) | ၅၃-စောင် |
| | ပေါင်း | ၃၀၃-စောင် |

## ချင်း

### အောင်ပန်းချင်းဈေးကွက်မှာ ချင်းစိုအဝင်များပြီး ချင်းခြောက်အရောင်းအေး

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ ချင်း (စို) က အဝင်များလာပါတယ်။ ဒေသစုံကလည်းထွက်လာတော့ ဖော်ပြီးချင်းတွေကို စီထပ်ထားရင်လည်း အလျော့ရှိတာကြောင့် တောင်သူတွေက အလျော့မခံချင်လို့ ဖော်ပြီးတာနဲ့လာရောင်းကြပါတယ်။ ဈေးအဖိတ်နေ့ဆိုရင် အဝင်ကများပြီး၊ တစ်ရက်ကို ပိဿာချိန် ၃၅၀၀ ခန့် အဝင်ရှိနေပါတယ်။ ပြည်ပဝယ်လက်များများစားစား မဝယ်သေးပေမယ့်၊ မန္တလေး ဝယ်လက်တွေက တရုတ်ပြည်ကို ပို့ဖို့အတွက် တစ်ဆင့်ခံဝယ်ယူနေကြပါတယ်။ တရုတ်နိုင်ငံက မြန်မာချင်းကို မျိုးအတွက်လိုချင်တာကြောင့် မန္တလေး ဝယ်လက်တွေက ထိပ်စဖြစ်တဲ့ မြေနီချင်းကိုသာ အဝယ်များပါတယ်။ လတ်စတွေကိုတော့ ထိုးချင်းသမားတွေအတွက် ဈေးပတ်သမားတွေကဝယ်ယူပြီး၊ အောက်စချင်းတွေကိုတော့ ချင်းခြောက်ပြုလုပ်ဖို့အတွက် ရောင်းနေရတယ်လို့လည်းသိရပါတယ်။ အရင်တစ်ပတ်တွေက ချင်းခြောက်ကို ပရဆေးဖော်ဖို့ရယ်၊ မဆလာပြုလုပ်ရာမှာ အသုံးပြုဖို့အတွက် အဝယ်ရှိတာကြောင့် ချင်းစိုလောက်ဖြုန်းအားမကောင်းပေမယ့်၊ သူကလည်း ရောင်းနေရတယ်လို့ ပွဲရုံတွေကသိရှိရပါတယ်။ ဒါပေမယ့် ဒီတစ်ပတ်မှာ ချင်းခြောက်က အရောင်းအဝယ်အေးနေပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာပေါက်ဈေးက အောက်စချင်းဆိုရင် တစ်ပိဿာ ၂၅၀ ကျပ်၊ လတ်စက ၅၀၀ ကျပ်၊ ၆၀၀ ကျပ်နဲ့ ထိပ်စက ၈၀၀ ကျပ်ဈေးရှိပါတယ်။ တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ၃ သိန်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ချင်းပွဲရုံတွေထံက သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ဈေးနှုန်းတည်ငြိမ်မှုနဲ့ အရောင်းအဝယ်အေးတဲ့ ပြည်ချင်း

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများ ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၁၃၀ ခန့် ဝင်ရောက်လာခဲ့ရာ၊ ယခင်တစ်ပတ်ကထက် အိတ် ၃၀ ခန့် ပိုမို ဝင်ရောက်လာပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှာ ချင်းတစ်ပိဿာကို (ရှယ်) ၁၅၀၀ ကျပ်၊ (ဂွန်) ၁၂၀၀ ကျပ်ထိ ဈေးမြင့်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာတော့ ချင်း တစ်ပိဿာ ကို (ရှယ်) ၁၀၀၀ ကျပ်၊ (ဂွန်) ၉၀၀ ကျပ်အထိ ဈေးကျခဲ့တာကြောင့် ယခုနှစ်ဟာ ချင်းဈေးအနည်းငယ်ကျတဲ့ နှစ်ဖြစ်ပါတယ်။ အရောင်းအဝယ်မှာလည်း အေးနေပြီး၊ ယခင်တစ်နေ့ကို အိတ် ၅၀ ခန့်မှ ယခုအိတ် ၃၀ ခန့်သာ ရောင်းဝယ်မှုဖြစ်တယ်လို့ ချင်းပွဲရုံမှတစ်ဆင့် သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## လက်ဖက်ခြောက်

### ထိုင်းနယ်စပ်က တင်ပို့တဲ့ လက်ဖက်ခြောက်

မြန်မာ့လက်ဖက်ကို ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံမြို့အနီးဝန်းကျင်နဲ့ တာချီလိတ်မြို့ရဲ့ တောင်ကြော/တောင်တန်း များပေါ်မှာ စိုက်ပျိုးကြပြီး တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတွေကို တင်ပို့ရောင်းချကြရာ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်တာသီတင်းပတ်မှာ ကန်ဒေါ်လာ ၂၂၃၃၀ တန်ဖိုးရှိ လက်ဖက်ခြောက် ၆၇ တန်ခွဲကို တင်ပို့ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်က တန် ၃၀ ခွဲတင်ပို့ခဲ့ပြီး ဒီဇင်ဘာလမှာ ၁၅ တန်ကျော်တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင် MIRT (DCCA)**

**၁၉-၁-၂၀၁၅ မှ ၂၃-၁-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 140 | 8,151,185.176 |
| 2 | Form D | 43 | 3,460,777.150 |
| 3 | Form E | 59 | 1,338,009.544 |
| 4 | Korea GSP | 3 | 55,714.900 |
| 5 | Form AK | 46 | 1,635,238.975 |
| 6 | Form AJ | 5 | 87,541.690 |
| 7 | Form AI | 34 | 2,331,041.890 |
| 8 | AANZ | - | - |
| Grand Total | | 330 | 17,059,509.325 |

## ကြက်သွန်နီ

### စခန်းစုံက ကြက်သွန်နီပိုမိုတင်ပို့

ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကြက်သွန်နီ ၃၆၈ တန်ခွဲ၊ တာချီလိတ်နယ်စပ်စခန်းမှ တန် ၂၀၀၊ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၁၁ တန်ခွဲ၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနယ်စပ်စခန်းမှ ၂ တန်နီးပါးကို ကန်ဒေါ်လာ ၁၅၄၈၅၈ ဖိုးတင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က မြဝတီမှ တန်ချိန် ၈၇၀ ကျော်နဲ့ တမူးမှ ၇ တန်ခွဲသာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ရဲ့ အိမ်နီးချင်းနိုင်ငံတွေကို ကြက်သွန်နီတွေ ပိုမိုတင်ပို့လာတယ်လို့ ဆိုရပါမယ်။

မြန်မာ-ထိုင်းနယ်စပ်နဲ့ မြန်မာ-အိန္ဒိယနယ်စပ်မှာ ကြက်သွန်နီတစ်တန်ကို ကန်ဒေါ်လာ ၂၀၀-၃၀၀ ကြားဈေးရရှိပေမယ့် မြန်မာ-တရုတ်နယ်စပ်မှာတော့ တစ်တန်ကို ၁၅၀ ဒေါ်လာသာ ပုံမှန်ပေါက်ဈေးရှိတယ်လို့ ကုန်စည်ဒိုင်သတင်းများအရ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## မန်ကျည်း

### မန်ကျည်းပို့အားကောင်း

ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၇၄ တန်ကို ပါကစ္စတန်နိုင်ငံ၊ ၇၂ တန်ကို ဖိလစ်ပိုင်နိုင်ငံ၊ တန် ၈၀ ကို အာရပ်နိုင်ငံ၊ ၂၅ တန်ကို စင်ကာပူနိုင်ငံကို အသီးသီး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ စုစုပေါင်းကန်ဒေါ်လာ ၈၄၁၉၅ တန်ဖိုးရှိ မန်ကျည်း ၂၅၁တန်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် နှစ်ဆယ်ကျော်သာတင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ မန်ကျည်းပို့အား တော်တော်လေးကောင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ငှက်ပျော

### တရုတ်သို့တစ်သျှူးငှက်ပျောတင်ပို့

ကချင်ပြည်နယ်မြစ်ကြီးနား၊ ဝိုင်းမော်ဒေသနဲ့ ရှာပါဒါန်ဒေသတို့က ထွက်ရှိတဲ့ တစ်သျှူးငှက်ပျောကို တရုတ်ပြည်သို့ ကန်ပိုက်တီးနယ်စပ်ပေါက်မှ တင်ပို့လျက်ရှိရာ ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်အတွင်းကန်ဒေါ်လာ ၉၀၇၃၁၇ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန်ချိန် ၆၂၀၀ ကို တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတစ်လလုံးမှာတော့ ကန်ဒေါ်လာ ၈၀၄၈၂၄ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၅၅၀၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တစ်သျှူးငှက်ပျော တစ်တန်ကို မိမိဘက်ပေါက်ဈေး ၁၅၀၀၀၀ ကျပ် ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

# ရေးလဲမပြီး၊ မရေးလဲမပြီး

| ခင်မောင်ညို (ဘောဂဗေဒ) |



၂၀၁၄ နှစ်အကုန် ၂၀၁၅ နှစ်သစ် အဝင်မှာကိုယ်သွားချင်တဲ့ခရီးတွေထွက်တယ်။ ပြန်လာတော့၊ ဆွေးနွေးပွဲတွေ၊ အခမ်းအနားတွေ၊ လူမှုရေးတွေနဲ့ အပြည့်။ ခြောက်လလောက်အိပ်ယာထဲနေခဲ့တဲ့ အရှိန်ကလည်း မသေသေး။ သွားစရာမရှိရင် အိပ်ယာထဲမှာ စာဖတ်နေတယ်။ နည်းမျိုးစုံနဲ့ အင်တာနက်ကိုချိတ်ဆက်ထားလေတော့၊ တစ်နေ့တစ်နေ့ဝင်တဲ့စာတွေတောင်ဖတ်လို့မကုန်နိုင်။ ဖတ်စရာတွေများတော့၊ရေးစရာတွေလည်းများလာပေမယ့်၊ သောက်ထားတဲ့ ဆေးတွေကြောင့် လက်ကိုက်တာ၊ နှုတ်ကခေါ်ပေးရင် အရင်ကလိုအနီးအနားမှာ အလွယ်တကူလိုက်ရေးပေးမယ့်သူ မပေါ်များတာတွေရယ်နဲ့ မရေးဖြစ်။ တကယ်တော့၊ ပြီးခဲ့တဲ့နှစ်မကုန်မီကတည်းက ပုံမှန်တာဝန်ယူရေးစရာဂျာနယ်မရှိတော့၊ လူကပိုပြီးလွတ်လပ်သွားတာပေါ့လေ။

အကြောင်းအားလျော်စွာ၊ ပုံမှန်အသံလွှင့်တာ၊ တစ်ခါတစ်ခါဟောပြောရတာလေးတွေကလည်း ရှိနေလေတော့ မရေးဖြစ်ပေမယ့်၊ ကိုယ်ပြောချင် ဆိုချင်တာတွေကို ပြောဖို့ထွက်ပေါက်ရှိနေပါတယ်။

ဒီရက်ပိုင်း၊ မဖတ်ဘဲ ပစ်ထားတဲ့ စာအုပ်တွေ၊ စာစောင်တွေ၊ ပြန်ကြည့်ဖြစ်တော့၊ ပြောစရာတွေ၊ ဆိုစရာတွေ များလာတာနဲ့ စာပြန်ရေးဦးမှဖြစ်မယ်၊ ကိုယ်သိထားဖတ်ထားတာလေးတွေမျှဝေမှဖြစ်မယ်လို့ သဘောပေါက်လာပါတယ်။ ရေးထားရင်မှတ်တမ်း သဘောမျိုးလည်းဖြစ်နေတာကိုး။ ကိုယ့်စာအုပ်အဟောင်းတွေ ပြန်ဖတ်ကြည့်တဲ့အခါ အဲဒီတုန်းကအဲလိုတွေ့ခဲ့ပါလား၊ တွေးခဲ့ရေးခဲ့ပါလားလို့ပြန်ပြီး သတိရတာတွေရှိသလိုလုံးဝမမှတ်မိတော့တာတွေလည်းရှိပါတယ်။

တစ်နေ့က မိတ်ဆွေတစ် ယောက်ကဟောရပြောရကျိုးနပ်တယ်လို့ ထင်ပါသလားလို့မေးတယ်။ ကိုယ်ဖြစ်စေချင်သလောက်တော့ ဘယ်ဖြစ်မလဲ။ တစ်ကျပ်ဖိုးပေးချင်ပေမယ့်၊ လက်ခံနိုင်မယ့် အတိုင်းအတာကိုကြည့်ပြီး ငါးမူးဖိုးလောက် ပေးလိုက်တော့၊ ဆယ်ပြားဖိုးလောက် ရသွားရင်ဝမ်းသာရမလိုပါပဲ။ မကြားဘူးတဲ့ပရိသတ်တွေ၊ သူတို့မကြားဘူးတဲ့အကြောင်းအရာတွေကလည်း ရှိနေလေတော့၊ ဟောရပြောရဦးမှာပါပဲ။

ဒီလိုပါ စာရေးတော့ဘယ် လောက်အကျိုးရှိသလဲလို့မေးကြပါတယ်။ စာရေးတယ်ဆိုတာ ကိုယ်ရေးသားမယ့်အကြောင်းအရာကို နားလည်အောင်အရင်ကြိုးစား၊ တစ်ဖက်သား နားလည်အောင် ဘယ်လိုရေးမလဲ စဉ်းစားရတာဆိုတော့ အနည်းဆုံး ကိုယ်နားလည်သဘောပေါက်သွားတဲ့ အကျိုးကျေးဇူးကို ရပါတယ်။ ပရိသတ်အတွက်တော့၊ သူတို့ယူသလောက်၊ ယူချင်သလောက်၊ ယူနိုင်သလောက် ရနိုင်ပါတယ်။

အခုရက်ပိုင်းမှာ၊ ကိုယ်စိတ်ဝင်စားတဲ့ ဘာသာရပ်မဟုတ်ပေမယ့်၊ အပင်ပန်းခံပြီး သွားနားထောင်ဖြစ်တဲ့အခါ၊ တခြားသူတွေတစ်သက်လုံး လုပ်လာတဲ့ အသိပညာဗဟုသုတတွေ၊ ကျွမ်းကျင်မှုတွေကို၊ တစ်ထိုင်ထည်းရတဲ့ အတွက်၊ ကျေနပ်စရာကောင်းတယ်။ ကိုယ်ပြောတာဆိုတာ၊ ရေးတာသားတာတွေအတွက်လည်း၊ အကျိုးရှိမယ့်သူ၊ အကျိုးရှိတဲ့သူတွေ ရှိမှာပါပဲ။

အသက်ရလာတဲ့အခါ ကိုယ်ပြောချင်တာရေးတာသားတာတွေက သူတပါးအကျိုးရှိစေဖို့ အကျိုးမရှိရင်တောင် အကျိုးမယုတ်စေဖို့ ပိုပြီးသတိထားမိလာတယ်။ ပြောလိုက်ရေးလိုက်တာထက်၊ မပြောဘဲ မရေးဘဲ ထားစရာတွေကလည်း ပိုပြီးများလာသလိုပါပဲ။ ကိုယ်မကျွမ်းကျင်တဲ့ အကြောင်းအရာတွေ၊ အငြင်းပွားစရာတွေ၊ မှန်ပေမယ့် တစ်ဖက်သားမခံသာစရာတွေကိုတော့၊ ရေးဖို့အခက်သားကလား။ ဘယ်လိုပဲ ဆင်ခြင်ဆင်ခြင်၊ ကိုယ်ရေးတဲ့စာတွေထဲမှာ အမှတ်တမဲ့ပါသွားတတ်တဲ့၊ အတ္တနဲ့မာနကိုတော့ ဖုံးလို့ဖိလို့ရမယ် မထင်ပါ။

တစ်ဖက်မှာ မပြောချင်တာတွေ (မပြောရဲတာတော့မဟုတ်) ရှိနေပေမယ့်၊ သူများပြောတဲ့အမှားတွေ လွှမ်းမိုးသွားမှာစိုးတာရယ်၊ ကိုယ့်မှာလည်း စွမ်းရည် နည်းနည်းပါးပါးရှိနေပြီး၊ အဲဒီစွမ်းရည်ကိုလည်း၊ နည်းနည်းပါးပါးအသုံးချခွင့်လေး ကလည်းရှိနေလေတော့ ဖတ်သမျှ၊ မှတ်သမျှ၊ သိသမျှ၊ မြင်သမျှ ကိုယ်ဟောပြောရေးသားမျှဝေနေရဦးမှာပါ။

# ယူရီးယားဓာတ်မြေဩဇာတင်သွင်းမှုကို ထိန်းချုပ်ထားမှုအားကင်းလွတ်ပေးရန် အိန္ဒိယအစိုးရက စဉ်းစား



အိန္ဒိယအစိုးရသည် ယူရီးယားဓာတ်မြေဩဇာတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၅ ရာခိုင်နှုန်းစည်းကြပ်နေမှုအား ဖယ်ရှားပေးရန် စဉ်းစားနေပြီဖြစ်ကြောင်း ဝန်ကြီးချုပ် နရိန္ဒရာမိုဒီက ပြောကြားတယ်လို့ သတင်းမီဒီယာများမှာ ဖော်ပြထားပါတယ်။

ဓာတ်မြေဩဇာအပေါ် ပံ့ပိုးမှုဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်များထက် လေးဆကျော်မြင့်တက်နေပြီဖြစ်ပြီး ယခင်အစိုးရလက်ထက်မှာ စိုက်ပျိုးရေးလုပ်ငန်းကြီးများရဲ့ တုံ့ပြန်မှုများကို စိုးရိမ်တဲ့အတွက် ယူရီးယားရဲ့ဈေးနှုန်းကို ထုတ်လုပ်မှုကုန်ကျစရိတ်အောက်လျှော့ချသတ်မှတ်ခဲ့ကြောင်း၊ ယူရီးယားဓာတ်မြေဩဇာကို အိန္ဒိယမှာ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲကြကြောင်း သတင်းမှာဖော်ပြထားပါတယ်။

လက်ရှိ မိုဒီအစိုးရဟာ အမြင့်ဆုံးလက်လီဈေး (Maximum Retail Price - MRP) ကို ထိန်းချုပ်မှုအား ဖယ်ရှားနိုင်ရေး စီစဉ်နေပြီဖြစ်ပါတယ်။ ယူရီးယားတစ်တန်ရဲ့ လက်ရှိဈေးမှာ ၈၇ ဒေါ်လာ (၅၃၆၀ ရူပီး) ဖြစ်ပါတယ်။ အစိုးရအနေနဲ့ လာမယ့်သုံးနှစ်အတွင်းမှာ အမြင့်ဆုံးလက်လီဈေးကို ၂၁ ရာခိုင်နှုန်းနှစ်စဉ်မြင့်တက်သွားမယ်လို့ သတင်းမှာဖော်ပြထားပါတယ်။ လက်ရှိယူရီးယားဈေးဟာ ၂၀၀၀ ပြည့်နှစ်များကရှိခဲ့တဲ့ ယူရီးယားတစ်တန်ရဲ့ဈေး ထက် ၁၆ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့တာဖြစ် ပြီး ယူရီးယားမဟုတ်တဲ့ အခြားဓာတ်မြေဩဇာဒိုင်အမိုးနီးယမ်း ဖော့စဖိတ်က သုံးဆ၊ ပိုတက်ရှ်က လေးဆ နီးပါးဈေးတက်ခဲ့ပါတယ်။ ယခုလိုဈေးကွာဟချက်များကြောင့် တောင်သူများဟာ ယူရီးယားဓာတ်မြေဩဇာကို အလွယ်တကူဝယ်ယူသုံးစွဲစေခဲ့တယ်လို့ သိရပါတယ်။ ဓာတ်မြေဩဇာဝန်ကြီးဌာနကလည်း ယူရီးယားဈေးကိုမြှင့်တင်ရန် ယခင်နှစ်ကတည်းက စဉ်းစားထားခဲ့သော်လည်း မုတ်သုန်ရာသီရောက်ရှိသည့်တိုင် ဈေးမပြောင်းလဲနိုင်ခဲ့ပါဘူး။ ယူရီးယားဓာတ်မြေဩဇာဈေးနှုန်းပြင်ဆင်ပြောင်းလဲခြင်းအားဖြင့် ပြည်တွင်းဓာတ်မြေဩဇာကုမ္ပဏီများဖြစ် တဲ့ Chambal Fertilizers & Chemicals နဲ့ Rash-triya Chemicals & Fertilizers တို့အားကူညီရာရောက်မှာဖြစ်ပါတယ်။ သွင်းကုန်ခွန်လျှော့ချပေးခြင်းအားဖြင့် ဆက်စကာချီဝမ်မှ Canada's Potash Corporation၊ အမေရိကန်မှ Mosaic Company နဲ့ ရုရှားမှ Uralkali ကုမ္ပဏီများကိုလည်း အကျိုးရှိစေမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ ဓာတ်ဆီနဲ့ ဒီဇယ်ဆီဈေးနှုန်း ကန့်သတ်ထားမှုကိုလည်း ဖြေလျှော့ပေးထားပြီးဖြစ်ပါတယ်။ **CMK**

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် သုံးရာ့ခုနစ်ဆယ်ကျော်ဝင်

ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၈၃၄၆၉၈ တန်ဖိုးရှိ ဓါတ်ဆီ ၅၁ ဒသမ ၄၈ တန်နဲ့ ကန်ဒေါ်လာ ၃၃၃၂၇၅၀၂ တန်ဖိုးရှိ ဒီဇယ် ၃၂၇ ဒသမ ၈၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အတွင်း ဓာတ်ဆီအဝင် ၁၃ ဒသမ ၂၀ တန်အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၈ ဒသမ ၂၈ တန်အဝင်ပိုခဲ့ပါတယ်။ ယခင်တစ်ပတ်အဝင်ပျောက်ခဲ့တဲ့ ဒီဇယ်က ဒီတစ်ပတ်မှာ ပြန်လည်တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဇန်နဝါရီ ၁၉ ရက်နေ့မှ ၂၃ရက်နေ့အတွင်းရောင်းချနေတဲ့ ဓါတ်ဆီ၊ ဒီဇယ်ဈေးများက ဒီတစ်ပတ်တောင်ကြီး၊ မန္တလေး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပမှာလက်လီ ရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်ရောဓါတ်ဆီပါ ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီမှာ ဈေးငြိမ်ပြီး အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၆၅၀ ကျပ်၊ အောက်တိန်း ၅၅၀ ကျပ်နဲ့အဆင့်မြင့်ဒီဇယ် ၇၈၀ ကျပ်နဲ့ရောင်းချတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာအရောင်းအဝယ်ဖြစ်နေတဲ့ ဓာတ်ဆီဈေးမှာ ဇန်နဝါရီ ၁၉ရက် ဓာတ်ဆီဝယ်ဈေး တစ်ပီပါ ၁၈၀၀၀၀ ကျပ်၊ရောင်းဈေး တစ်ပီပါ ၁၈၂၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဇန်နဝါရီ ၂၂ ရက်နေ့မှာ ဝယ်ဈေး ၁၇၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၇၇၀၀၀ ကျပ်ကို ဈေးထပ်ကျလာတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တစ်ပီပါ ကျပ်တစ်သောင်းဝန်းကျင်ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဇန်နဝါရီ ၁၉ ရက်မှာ ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၂ ရက်နေ့မှာ ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်းဈေးများမှာတော့ ဒီတစ်ပတ်မှာလည်း ဓာတ်ဆီဈေးက ဝယ်ဈေးတစ်ဂါလန် ၃၃၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၃၀၀ ကျပ်ဝယ်ပြီး ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဈေးရောအပြင် လက်လီဆိုင်များပါ ရောင်းချနေတဲ့ဈေးမှာ ဒီတစ်ပတ်ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၄၇ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၇၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၄၇ ကျပ်နဲ့ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၁၉ ရက် ဒီဇယ်ဝယ်ဈေးမှာ ၁၄၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်များမှာ ဆက်တိုက်ဈေးကျလာပြီး ၂၂ ရက်မှာ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဝယ်ဈေး ၁၃၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၈၀၀၀ ကျပ်ဖြစ်တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၁၉ ရက်နေ့ ဓာတ်ဆီဈေးမှာ ဝယ်ဈေး ၁၅၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၂ရက်နေ့မှာ ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ တစ်ဂါလန် ဈေးမှာ ဒီဇယ် ၃၉၀၀ ကျပ်၊ဓါတ်ဆီ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီမှာ ဈေးငြိမ်ပြီး အောက်တိန်းနဲ့ ဒီဇယ်မှာဈေးကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၃၇၅ ကျပ်၊ အောက်တိန်း ၃၁၅၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၄၀၀ ကျပ်၊ အောက်တိန်း ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဈေးများကျလာသလို ပြင်ပလက်လီဆိုင်များရဲ့ဈေးမှာလည်း ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဈေးမှာ ဓါတ်ဆီတစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ် ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## Energy NYMEX 23-1-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.08 | 0.77 | 1.66 |
| Brent Crude Futr (USD/bbl) | 49.40 | 0.88 | 1.81 |
| Gasoline Rbob Fut (Cent/gal) | 135.46 | 2.37 | 1.78 |
| Natural Gas Futr (USD/MMBtu) | 2.90 | 0.07 | 2.29 |
| Heating Oil Futr (Cent/gal) | 165.60 | 1.81 | 1.11 |

## ပြင်ပငွေလဲနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်

ယခုတစ်ပတ်အတွင်း ပြင်ပငွေလဲနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်ကထက် သုံးကျပ်မျှ ကျဆင်းသွားခဲ့သော်လည်း ငွေဈေးပိတ်ချိန်တွင်မူ အနည်းငယ်ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ငွေဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

"ဒေါ်လာဈေးက ပြီးခဲ့တဲ့ရက်တွေကတည်းက ဈေးကျတော့မယ်လို့ မြင်နေရတာ။ ခုဒီတစ်ပတ်မှာတော့ ထင်ထားတဲ့အတိုင်းပဲဈေးက ကျသွားတယ်။ ဒါပေမယ့် နောက်ရက်တွေမှာတော့ ဈေးက နည်းနည်းပြန်တက်သွားတယ်။ အပြင်ငွေလဲစင်တာတွေမှာတော့ အရောင်းရောအဝယ်ပါဖွင့်ထားပေမယ်လို့ ပုဂ္ဂလိကဘဏ်တွေမှာတော့ အရောင်းကိုပဲ ဖွင့်ထားပြီး အဝယ်ကို ပိတ်ထားတယ်။ အရောင်းအဝယ်အေး သွားပေမယ့်ဈေးကတော့ နည်းနည်းပြန်တက်လာတယ်"ဟု ငွေလဲစင်တာတစ်ခုမှ ကိုစိုင်းလှမော်က ပြောကြားခဲ့သည်။

သိမ်ဖြူငွေလဲစင်တာတွင် ယခုတစ်ပတ်လုံး ရောင်းဈေး ၁၀၃၀ကျပ်၊ ဝယ်ဈေး ၁၀၂၄ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ပြင်ပငွေလဲစင်တာများတွင်မူ ဇန်နဝါရီ ၁၉ရက်က ရောင်းဈေး ၁၀၂၆ကျပ်၊ ဝယ်ဈေး ၁၀၂၂ကျပ်ရှိခဲ့ရာမှ ဇန်နဝါရီလ ၂၃ရက်တွင် ရောင်းဈေး ၁၀၂၈ကျပ်၊ ဝယ်ဈေး ၁၀၂၄ကျပ်သို့ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေးအမြင့်ဆုံး ကျပ်ခုနစ်သိန်းအထိ မြင့်တက်လာ

ယခုတစ်ပတ်အတွင်းတွင် မြန်မာ့ရွှေဈေးသည် ကျပ်ခုနစ်သိန်းအထိ အမြင့်ဆုံး ဈေးသို့တက်လာခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်ဆုံးကာနီးကတည်းက မြင့်တက်မည့်အရိပ်အယောင်ပြခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်ဈေးစဖွင့်သည်နှင့် အမြင့်ဈေးဖြင့်စဖွင့်ခဲ့သည်။

ထို့နောက် ဆက်လက်မြင့်တက်ခဲ့ရာ ဈေးအမြင့်ဆုံးအဖြစ် ကျပ်ခုနစ်သိန်းအထိ မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးမြင့် တက်လာခဲ့မှုကြောင့် မြန်မာ့ရွှေဈေးလည်း လိုက်ပါမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်ကြောင့်လည်း ကမ္ဘာ့ရွှေဈေးမြင့် တက်လာရခြင်းဖြစ်သည်ဟု ခန့်မှန်းနေကြကြောင်းဖြင့် ရွှေကုန်သည်အသိုင်းအဝိုင်းမှ ပြောကြားချက်များအရ သိရသည်။

"ကမ္ဘာ့ရွှေဈေးမြင့်တက်လာတာကြောင့် မြန်မာ့ရွှေဈေးလည်းလိုက်ပြီး မြင့်တက်လာရတာပါ။ ဆွစ်ဇာလန်နိုင်ငံမှာကျင်းပနေတဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကြောင့် ကမ္ဘာ့ရွှေဈေးတက်လာရတယ်လို့ ယူဆနေကြတယ်။ အဲဒီစီးပွားရေးဖိုရမ်က ဘယ်လိုအကျိုးသက်ရောက်မှု ရှိလာမလဲဆိုတာတော့ ပြောလို့မရသေးဘူးပေ့ါ။ ဒါပေမယ့် အဲဒီဖိုရမ်ကိုကျင်းပမယ်လို့ ကြေညာလိုက်ကတည်းက ရွှေဈေးက လှုပ်လာတယ်။ ခုရက်ပိုင်းမှာတော့ အတက်ပြနေတာပဲ။ ဖိုရမ်အပြီးမှာဘယ်လိုလာမလဲဆိုတာ စောင့် ကြည့်ရဦးမယ်"ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ရွှေဈေးမြင့်တက်လာမှုကြောင့် ပြန်လည်ရောင်းချလိုသူများ များပြားလျက်ရှိပြီး ရွှေဝယ်ရောင်းလုပ်သူများ အမြတ်အစွန်းများရရှိခဲ့ကြကြောင်းဖြင့်လည်း ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

"ပြီးခဲ့တဲ့တစ်ပတ်ကတည်းက ရွှေဈေးက တက်လာတော့ ဒီတစ်ပတ် လည်း တက်မတက်ကို စောင့်ကြည့်နေကြတယ်။ တက်လာတဲ့အခါကျတော့ ခုနစ်သိန်းလောက်အထိ ရောက်လာတယ်။ အဲဒီအချိန်မှာ စောင့်ကြည့်နေတုန်းပဲ။ နောက်တစ်နေ့နည်းနည်းလည်း ပြန်ကျလာတဲ့အခါမှာ ပြန်ရောင်းတဲ့သူတွေ တော်တော်လေးများလာတယ်။ ဈေးက ဒီလောက်နဲ့ထပ်မတက်နိုင်တော့ဘူးလို့ ထင်ကြတဲ့အတွက် ရောင်းအားများလာတယ်"ဟု ၎င်းက ပြော ကြားသည်။

မြန်မာ့ရွှေဈေးသည် ဇန်နဝါရီလ ၁၉ရက်နေ့က ကျပ် ၆၈၇၀၀၀ ရှိခဲ့ရာမှ ဇန်နဝါရီလ ၂၀ရက်နေ့ ညနေပိုင်းတွင် ကျပ် ၆၉၃၀၀၀ သို့ မြင့်တက်လာခဲ့သည်။ ဇန်နဝါရီလ ၂၁ရက်နေ့တွင်မူ တစ်ပတ်အတွင်း အမြင့်ဆုံးဈေးဖြစ်သည့် ကျပ် ၇၀၀၀၀၀ သို့ မြင့်တက်လာခဲ့သည်။ သို့သော် ဇန်နဝါရီလ ၂၃ရက်နေ့တွင် ကျပ် ၆၉၉၀၀၀ သို့ အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီလ ၁၉ ရက်နေ့က ၁၂၇၈ ဒေါ်လာရှိခဲ့ပြီး ဇန်နဝါရီ ၂၀ရက်တွင် ၁၂၈၇ ဒေါ်လာသို့မြင့်တက်ခဲ့သည်။ ဇန်နဝါရီ ၂၃ ရက်နေ့တွင် ၁၃၀၁ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 19-January | 17.70 | 2099.10 | 1809.70 | 5902.40 | 1260.00 |
| 20-January | 17.70 | 2087.46 | 1786.40 | 5737.54 | 1258.00 |
| 21-January | 18.31 | 2125.31 | 1816.64 | 5755.90 | 1280.00 |
| 22-January | 18.11 | 2169.44 | 1843.30 | 5811.68 | 1270.00 |
| 23-January | 18.25 | 2155.10 | 1824.48 | 5709.09 | 1272.00 |

Source:kitco.com

## Currency Exchange Rate

January 23, 2015
Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.25 |
| BDT Bangladesh Taka | 79.67 |
| CAD Canada Dollars | 1.24 |
| CNY China Yuan Renminbi | 6.23 |
| EUR Euro | 0.88 |
| HKD Hong Kong Dollars | 7.75 |
| INR India Rupees | 61.52 |
| IDR Indonesia Rupiahs | 12489.50 |
| JPY Japan Yen | 118.33 |
| MYR Malaysia | 3.60 |
| PKR Pakistan Rupees | 100.75 |
| PHP Philippines Pesos | 44.12 |
| RUB Russia Rubles | 63.49 |
| SGD Singapore Dollars | 1.34 |
| KRW South Korea Won | 1083.84 |
| LKR Sri Lanka Rupe | 131.98 |
| THB Thailand Baht | 32.58 |
| GBP United Kingdom Pounds | 0.67 |
| VND Vietnam Dong | 21349.27 |

*Source : xe.com*

## World Gold Price

January, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 19 | 1272 | 1273 | 1273 |
| 20 | 1274 | 1275 | 1275 |
| 21 | 1299 | 1300 | 1300 |
| 22 | 1289 | 1290 | 1290 |
| 23 | 1295 | 1293 | 1293 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 19-1- 2015 | 686.50 | 686.70 |
| 20-1- 2015 | 688.50 | 688.50 |
| 21-1- 2015 | 699.00 | 699.20 |
| 22-1- 2015 | 697.50 | 697.20 |
| 23-1- 2015 | 698.50 | 697.60 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 19 | 6 .22 | 32.53 | 77.53 | 62.65 |
| 20 | 6. 22 | 32.76 | 77.73 | 61.85 |
| 21 | 6 .22 | 32.57 | 77.84 | 62.55 |
| 22 | 6 .22 | 32.62 | 77.75 | 61.73 |
| 23 | 6.23 | 32.57 | 77.67 | 61.52 |

## ဘိလပ်မြေ

### ထိုင်း၊ ပါကစ္စတန်၊ အိန္ဒိယမှ ဘိလပ်မြေများဝင်

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၇၀၆၄၄၀ တန်ဖိုးရှိ ဘိလပ်မြေ ၄၃၅၄၄ တန်ကို ဇန်နဝါရီလ ၁၁ ရက်မှ ၁၇ သီတင်းပတ်အတွင်းမှာ တင်သွင်းနိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ပါကစ္စတန်နိုင်ငံမှ တန် ၁၄၀ ၊ အိန္ဒိယမှ တန် ၅၆၀ နဲ့ ထိုင်းနိုင်ငံမှ ၄၂၈၄၄ တန်ဝင်လာခဲ့ပါတယ်။ ဆင်တံဆိပ်ဘိလပ်မြေက ၃၁၇၉၄ တန်နဲ့ စိန်တံဆိပ်က ၁၁၀၅၀ တန်ဝင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှအများဆုံးဝင်လာပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ခုနစ်ရာ့ခုနစ်ဆယ်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဈေးကွက်အတွင်းအရောင်းအဝယ်လှုပ်ရှားမှုမရှိဘဲ ပုံမှန်ရှိနေတဲ့ဘိလပ်မြေ

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

ဇန်နဝါရီ ၁၁ ရက်မှ ဇန်နဝါရီ ၁၇ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်းသုံးထောင်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်းလေးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ခုနစ်ရာကျော်အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် ဘိလပ်မြေအဝင်မှာ တန်ချိန်တစ်သောင်း ခုနစ်ထောင်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းငါးထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် နှစ်ထောင့်ခြောက်ရာကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပေမယ့် နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ စိန်နဲ့ မြင်းခေါင်းက ဈေးငြိမ်နေပေမယ့် ဆင်(ထိုင်း)က ငါးဆယ်ကျပ်ဈေးမြင့်ပြီး ကြံ့(မြို့ကလေး)က နှစ်ရာကျော်ဈေးမြင့်လာပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၅၁၀၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့(မြို့ကလေး) နဲ့ စိန်ဘိုး ၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အပါချီ၊ မြင်းခေါင်းနဲ့ ဆင်မြန်မာက ဈေးငြိမ် နေပြီး ဆင်(ထိုင်း)က ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၁၀၀ ကျပ်၊ မက်စ်(မြန်မာ) ၅၂၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၄၀၀ ကျပ် ၊မြင်းခေါင်း ၅၁၀၀ ကျပ်၊ ဆင်(မြန်မာ)၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့သိရပါတယ်။ အရောင်းအဝယ်ကောင်းပေမယ့် ဘိလပ်မြေဈေးက ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန် ၆၉၀၀ ကျပ်၊ ခြင်္သေ့ ၅၀၀၀ကျပ် ၊ အပါချီ ၅၀၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊ နဂါး ၅၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### စင်ကာပူ၊ ထိုင်းနဲ့ မလေးမှ မြေဆီများဝင်

ကန်ဒေါ်လာ ၁၅၀၆၁၀၃ တန်ဖိုးရှိ မြေဩဇာ ၃၇၉၇ ဒသမ ၄၅ တန်ကို ရေလမ်းမှ ဇန်နဝါရီလ ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၁၉ တန် ၊ မလေးရှားနိုင်ငံမှ ၄ ဒသမ ၄ တန်နဲ့ စင်ကာပူနိုင်ငံမှ ၃၇၇၄ ဒသမ ၀၅ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ အများဆုံးဝင်လာခဲ့ပါတယ်။ ဝင်လာတဲ့အမျိုးအစားများမှာ ပိုတက်၊ အာမို၊ ဩဂဲနစ်၊ နိုက်တြိုဂျင်၊ ကွန်ပေါင်းနဲ့ FOLIAR များဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်မြေဆီအဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၉၆၇ ဒသမ ၃၅၆ တန်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဈေးငြိမ်နေသော်လည်း အရောင်းအဝယ်ဖြစ်နေတဲ့ ဓာတ်မြေဩဇာ

ဇန်နဝါရီလ ၁၁ ရက်မှ ဇန်နဝါရီလ ၁၇ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာတန်ချိန် သုံးထောင်ခုနစ်ရာကိုးဆယ်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ငါးထောင်ခုနစ်ရာခြောက်ဆယ်ကျော် ရှိခဲ့တာကြောင့် ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် တစ်ထောင်ကိုးရာ့ခြောက်ဆယ်ကျော် အဝင်လျော့ခဲ့ပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှမြေဩဇာအဝင်မှာ တန်ချိန် တစ်သောင်းငါးထောင်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် နှစ်သောင်းကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ငါးထောင်ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ မြေဩဇာအဝင်လျော့ခဲ့တယ်လို့ သိရ ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မန္တလေး၊ တောင်ကြီး၊ မကွေးမှာ မြေဩဇာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာအရောင်းအေးတယ်လို့ သိရပါတယ်။ ပုလဲ-အသေး၊ တီစူပါနဲ့ ကွန်ပေါင်း ၁၅ ပတ်လည်တို့က ဈေးကျလာပြီး ကွန်ပေါင်း ၁၆း၁၆း၈(မြင်းပျံ)က ငါးရာကျပ် ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာပုလဲ-အသေး ၄၆% (ရွှေတုံး ၊ ရွှေပျား ၊ရွှေတောင်-တရုတ်) ၁၉၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း)၁၅း၁၅း၁၅ (ထိုင်း) ၃၄၀၀၀ ကျပ်၊ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၈၀၀၀ ကျပ်၊ ကွန်ပေါင်း-၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၈၀၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၈၅၀၀ ကျပ်၊ တီစူပါ၁၆%(မြားကမ္ဘာ- တရုတ်)၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာကဒီတစ်ပတ်မှာအရောင်းအဝယ် ပုံမှန်ရှိပေမယ့် မြေဩဇာဈေးကငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား(ပန်းဖူး-တရုတ်) ၁၇၄၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်)၁၇၅၀၀ ကျပ်၊တီစူပါ (GTSP ၄၆%-တရုတ်) ၁၇၀၀၀ ကျပ်၊ တီစူပါ(GSSP၁၆%-တရုတ်) ၉၃၀၀ ကျပ်၊ တီစူပါ (GTSP ၁၂%-တရုတ်) ၈၄၀၀ ကျပ်၊ ကွန်ပေါင်း ၁၂၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်း သိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ**မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဈေးကွက်ထဲမှာယူရီးယား၊ ကွန်ပေါင်းနဲ့ ပိုတက်က ဈေးနည်းနည်းမြင့်လာပေမယ့် တီစူပါက ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ရွှေတောင်- တရုတ်) ၁၉၈၀၀ ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်) ၁၉၈၀၀ ကျပ်၊ တီစူပါ ( သံကွင်း-တရုတ်) ၁၇၈၀၀ ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၆၀၀၀ ကျပ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅) ၃၀၈၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာကအရောင်းအဝယ် အေးသလို ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ၊အစိမ်း) ၁၃၂၀၀ ကျပ်၊ ဆင် (၁၀း၁၀း၅) ၁၃၂၀၀ ကျပ်၊ အာမို (၁၀း၁၀း၅) ၁၅၁၀၀ကျပ်၊ အာမို (၁၅း၁၅း၁၅) ၃၄၀၀၀ ကျပ်၊ အာမို(၁၆း၁၆း၈) ၃၁၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၉၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၄၀၀ ကျပ်၊ အောင်ကမ္ဘာ(၁၀း၁၀း၅) ၁၆၀၀၀ ကျပ်၊ ပိုတက် ၂၂၈၀၀ ကျပ်၊ တောင်သူမ ၁၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီနို့စိမ်း

### အိုကေနဲ့ ဒွန်းနို့ဆီများဝင်

ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၁၇၂၆၆ တန်ဖိုးရှိ နို့ဆီ ၃၀၃ ဒသမ ၀၄၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိုကေနို့ဆီ ၂၅၂ ဒသမ ၅၄ တန်နဲ့ နန္ဒွင်းနို့ဆီ ၅၀ ဒသမ ၅၀၈ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် နှစ်ရာကျော်အဝင်လျော့ခဲ့ပါတယ်။

ကန်ဒေါ်လာ ၁၇၅၂၃၀ တန်ဖိုးရှိ နို့မှုန့် ၃၅ ဒသမ ၃၀၈ တန်ကိုလည်း ဒီတစ်ပတ်တင်သွင်းခဲ့ပါတယ်။ စင်ကာပူနိုင်ငံမှပဲ အဝင်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်ခြောက်ဆယ်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၀/၁ မှ ၁၆/၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၃/၁ မှ ၉/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၂၆.၅၀ | ၁၅၂၈.၅၀ | (+) | ၉၈.၀၀ |
| ၂။ | လွယ်ဂျယ် | ၅၅၀ | ၄၇၈.၇၅ | (+) | ၇၁.၂၅ |
| ၃။ | ချင်းရွှေဟော် | ၁၀၀.၅၀ | - | (+) | ၁၀၀.၅၀ |
| ၄။ | ကန်ပိုက်တီး | ၄၀၆၂.၀၀ | ၃၂၀၁.၀၀ | (+) | ၈၆၁.၀၀ |
| ၅။ | တာချီလိတ် | ၇၀၀.၀၀ | ၃၀၀၀.၀၀ | (-) | ၂၃၀၀.၀၀ |
| ၆။ | မြဝတီ | ၁၆၂၉.၀၀ | ၄၂၁.၅၀ | (+) | ၁၂၀၇.၅၀ |
| ၇။ | ကော့သောင်း | ၉၀၅၄.၅၀ | ၆၂၆၅.၀၀ | (+) | ၂၇၈၉.၅၀ |
| ၈။ | မြိတ် | ၁၂၅.၀၀ | ၃၂၅.၀၀ | (-) | ၂၀၀.၀၀ |
| | စုစုပေါင်း | ၁၇၈၄၇.၅၀ | ၁၅၂၁၉.၇၅ | (+) | ၂၆၂၇.၇၅ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၀/၁ မှ ၁၆/၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၃/၁ မှ ၉/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၂၈၆.၈၃၀ | ၁၉၁၄၅.၂၅ | (-) | ၄၈၅၈.၄၂၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | ၄၃၇.၇၅၀ | ၇၉၇.၀၀ | (-) | ၃၅၉.၂၅၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၂၉၀.၆၅၀ | ၁၄၄.၀၀ | (+) | ၁၄၆.၆၅၀ |
| ၆။ | ကော့သောင်း | ၁၃၆.၈၆၈ | ၁၆၅.၀၀ | (-) | ၂၈.၁၃၂ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၄၃.၄၀၀ | - | (+) | ၄၃.၄၀၀ |
| | စုစုပေါင်း | ၁၅၁၉၅.၄၉၈ | ၂၀၂၅၁.၂၅ | (-) | ၅၀၅၅.၇၅၂ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

# ဝယ်လက်ရှားသဖြင့် ပြည်ဈေးကွက်မှာ နှမ်းဈေးနဲ့ မြေပဲဆန်ဈေးအနည်းငယ်ကျ

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်မှာ နှမ်းဈေးနဲ့ မြေပဲဆန်ဈေးမှာ အနည်းငယ်စီကျလာတာ တွေ့ရပါတယ်။ ဈေးကွက်မှာ မိုးနှမ်းများမရှိဘဲ ဆောင်းနှမ်းများရှိနေသော်လည်း ဆီစက်သမားများနဲ့ ဝယ်လက်သမားများ အဝယ်သိပ်မရှိလို့ နှမ်းဈေးမှာ အနည်းငယ်ကျလာသလို ဆောင်းမြေပဲကိုလည်း ဝယ်လက်အနည်းငယ်ရှိတာကြောင့် ဈေးကျလာတာ တွေ့ရပါတယ်။ ဆောင်းနှမ်းသစ်များ ဈေးကွက်သို့ မြန်အောင်ဘက်မှ တစ်နေ့ကို အိတ် ၁၀၀၀ ခန့်ဝင်ရောက်သဖြင့် ဈေးကွက်တွင် နှမ်းဈေးအနည်းငယ်ကျသလို ဆီဈေးမှာ အနည်းငယ်ကျလာတာ တွေ့ရပါတယ်။

မြေပဲဆန်အသစ်များကို ပြည်၊ အောင်လံကြားရှိ ရွာများမှ တစ်နေ့ကို အိတ် ၁၅၀၀ ခန့် ဝင်သဖြင့် ဈေးကွက်တွင် မြေပဲဆန်ဈေးအနည်းငယ်ကျသလို ဆီဈေးပါကျလာပါတယ်။

ယခုတစ်ပတ်တွင် နှမ်းနီ တစ်တင်း ၃၆၀၀၀ ကျပ်နဲ့ နှမ်းနက်တစ်တင်း ၅၀၀၀ ကျပ်ဈေးရှိပြီး ဆီဈေးမှာ နှမ်းနီဆီ တစ်ပိဿာ ၅၂၀၀ ကျပ်နဲ့ ရိုးရိုးနှမ်းဆီ တစ်ပိဿာ ၅၀၀၀ ကျပ်ဈေးရှိနေပါတယ်။

မြေပဲဆန်ဈေးမှာ ဆီဆန်တစ်ပိဿာ ၁၉၀၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာ ၂၁၀၀ ကျပ်ဈေးရှိပြီး မြေပဲဆီဈေးမှာ တစ်ပိဿာ ၃၉၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

# ချင်းရွှေဟော်စခန်းက နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်စခန်းမှ ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၅ ဒသမ ၆၀၂ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၈၂၂ တန်ခွဲကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်စခန်းမှ တန်ချိန် ၈၃၀ တင်ပို့ခဲ့ပြီး ယခုရက်သတ္တပတ်မှာတော့ ၂၆၈၁ တန်ထိတင်ပို့နိုင်ခဲ့လို့ ချင်းရွှေဟော်ရဲ့နှမ်းတင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း နှမ်းနက် ၂၉ တန်နီးပါးတင်ပို့ခဲ့ပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ ယခင်ရက်သတ္တပတ်က နှမ်းဖြူတစ်တန်ကို မိမိဘက်ပေါက်ဈေး ၂၂၄၇၇၅၇ ကျပ်မှ ယခု ၂၁၃၉၈၁၉ ကျပ်သို့ လည်းကောင်း၊ နှမ်းနက်တစ်တန်ကို ၂၂၉၇၅၉၁ ကျပ်မှ ၂၂၂၁၉၂၁ ကျပ်သို့ လည်းကောင်း နှမ်းဈေးတွေလည်း ထပ်မံကျဆင်းနေပါတယ်။ မြန်မာပြည်အထက်ပိုင်းရှိပဲ၊ နှမ်းအမျိုးမျိုးကို အဓိကရောင်းဝယ် ဖောက်ကားနေတဲ့ မန္တလေးကုန်စည်ဒိုင်ဈေးကွက်ကို တရုတ်လူမျိုးတွေက အဓိကဈေးကွက်ထိန်းချုပ်နေတယ်လို့ မန္တလေးကုန်စည်ဒိုင်အဖွဲ့ဝင်အချို့ထံမှ သိရပါတယ်။ ယခုတစ်ပတ်ရဲ့ စခန်းအလိုက်တင်ပို့တဲ့ နှမ်းရောင်စုံတွေကို ဖော်ပြပေးလိုက်ပါတယ်-

**တန်ချိန်-ကိန်းပြည့်**

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် | မြဝတီ |
|---|---|---|---|
| နှမ်းဖြူ | - | ၅၀၃ | - |
| နှမ်းနက် | ၈၃. ၅ | ၂၁၇၈ | ၂၈. ၇၅ |
| နှမ်းဖြူ (အခွံချွတ်) | ၅၈. ၀ | - | - |

**မော်မော်အောင် MIRT (DCCA)**

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီဈေးများ နှစ်ပတ်အတွင်း အနိမ့်ဆုံးဈေးသို့ ကျဆင်း

မလေးရှားနိုင်ငံ ဘော်နီယိုကျွန်းရှိ စားအုန်းဆီစိုက်ပျိုးရာဒေသတွေမှာ ရေလွှမ်းမိုးမှုကြောင့် စိုးရိမ်မှုတွေ ရှိနေခဲ့ပါတယ်။ ဒါပေမယ့် ရောင်းလိုအားဝယ်လိုအားအခြေခံအရ မဟုတ်သော်လည်း စားအုန်းဆီများ ပိုမိုထုတ်ရောင်း လာကြတဲ့အတွက် မလေးရှားနိုင်ငံရဲ့ စားအုန်းဆီကြိုရောင်းစာချုပ်ဈေးက ဇန်နဝါရီလ ၂၂ ရက်မှာ ရက်သတ္တပတ်နှစ်ပတ်အတွင်း အနိမ့်ဆုံးဈေးကို ရောက်ရှိခဲ့ကြောင်း The Star ဝက်ဘ်ဆိုက်သတင်းမှာ တွေ့ရပါတယ်။

ရင်းဂစ်ငွေကြေးတန်ဖိုးက ၂၀၀၉ ခုနှစ်ဧပြီနောက်ပိုင်း အနည်းဆုံးအနေအထားကို ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် စားအုန်းဆီဈေးနှုန်းကျဆင်းမှုကို ထိန်းထားနိုင်မှုမရှိခဲ့ကြောင်း ကုန်သည်တွေက ပြောပါတယ်။

“ရင်းဂစ်တန်ဖိုး ကျဆင်းနေပေမယ့် ဈေးကွက်က မီအောင်မလိုက်နိုင်ခဲ့ပါဘူး။ စားအုန်းဆီဈေးနှုန်း တစ်တန်ကို ၂၃၀၀ ရင်းဂစ်အထိ ရောက်လာပြီးနောက်ပိုင်းမှာ နောက်ဆုံးဈေးနဲ့ပြန်ရောင်းတာတွေ ပိုမိုများပြားလာပါတယ်။”လို့ ကွာလာလမ်ပူရှိ နိုင်ငံခြားကုန်စည်လုပ်ငန်းတစ်ခုမှ ကုန်သည်တစ်ဦးက ပြောပါတယ်။

ဇန်နဝါရီ ၂၁ ရက်မှာ ဧပြီအတွက် ကြိုရောင်းစာချုပ်ဈေးက ၂ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၂၇၃ ရင်းဂစ် (၆၂၉ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။ စားအုန်းဆီရဲ့ အနိမ့်ဆုံးဈေးက တစ်တန်ကို ၂၂၇၀ ရင်းဂစ်ထိ ရောက်ရှိခဲ့ရာ ဇန်နဝါရီ ၅ ရက်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

စားအုန်းဆီရဲ့ အရောင်းပမာဏက ၂၅ တန်အတွဲ ၆၆၃၃၅ တွဲရှိခဲ့ရာ ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့ ၃၅၀၀ ထက် နှစ်ဆနီးပါးမြင့်တက်နေတာကို တွေ့ရပါတယ်။

ရင်းဂစ်တန်ဖိုးကျဆင်းမှုက ကမ္ဘာ့စီးပွားရေးအလားအလာကို မှေးမှိန်သွားစေခဲ့ပြီး ဒီအခြေအနေက ကမ္ဘာ့ဈေးကွက်မှာ အရောင်းအဝယ်အများဆုံး ဆီဖြစ်တဲ့ စားအုန်းဆီ အပါအဝင်ကုန်စည်ဈေးနှုန်းတွေကို ထိခိုက်မှုဖြစ်စေခဲ့ပါတယ်။

ကိန်းဂဏန်းအချက်အလက်တွေအရ စားအုန်းဆီဈေးက တစ်တန်ကို ၂၂၁၄ မှ ၂၂၄၈ ရင်းဂစ်အကြား အတက်အကျရှိခဲ့ကြောင်း ရိုက်တာရဲ့ ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

မလေးရှားနိုင်ငံမှာ စားအုန်းဆီအများဆုံးထုတ်လုပ်တဲ့ ဒေသဖြစ်တဲ့ ဆာရာဝပ်ဒေသမှာ မူလခန့်မှန်း ထားသလောက် အပျက်အစီးမဖြစ်ခဲ့ဘူးလို့ လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

တခြားစားသုံးဆီဈေးကွက်ထဲမှာ အမေရိကန်ပဲပုပ်ဆီနဲ့ မတ်လအတွက် စာချုပ်ဈေးက သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင်က ပဲပုပ်ဆီရဲ့ မေလအတွက် ကြိုရောင်းစာချုပ်ဈေးက သုည ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၃-၁-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၂၀၀ | ၃၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၇၀၀ | ၅၇၀၀ | □ | ၁၃၇၀ | ၁၃၃၈ | ▽ |
| မန္တလေး | ၃၅၀၀ | ၃၂၀၀ | ▽ | ၄၀၀၀ | ၄၄၅၀ | △ | ၁၄၆၀ | ၁၄၄၀ | ▽ |
| ပဲခူး | ၂၇၀၀ | ၂၇၀၀ | □ | ၅၄၀၀ | ၅၅၀၀ | △ | ၁၄၄၀ | ၁၄၂၀ | ▽ |
| မကွေး | ၃၇၀၀ | ၃၆၀၀ | ▽ | ၄၆၀၀ | ၄၈၀၀ | △ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၄၁၀၀ | ၃၈၀၀ | ▽ | ၁၅၃၀ | ၁၄၉၀ | ▽ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

## စားအုန်းဆီဈေးနှုန်းများ (၁၉-၁-၂၀၁၅ မှ ၂၃-၁-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၉-၁-၂၀၁၅ | ၇၂၅ |
| (၂) | ၂၀-၁-၂၀၁၅ | ၇၂၅ |
| (၃) | ၂၁-၁-၂၀၁၅ | ၇၂၅ |
| (၄) | ၂၂-၁-၂၀၁၅ | ၇၂၀ |
| (၅) | ၂၃-၁-၂၀၁၅ | ၇၁၅ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၃-၁-၂၀၁၅ **US$/Ton**

| အမျိုးအစား | ဇန်နဝါရီလ တတိယပတ် | ဇန်နဝါရီလ တတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၆၁.၀၀ | ၆၅၃.၅၀ | ▽ |
| **RBD P.Olein** | ၆၇၅.၀၀ | ၆၆၀.၀၀ | ▽ |
| **RBD P.Strarin** | ၆၂၆.၀၀ | ၆၅၆.၀၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၃ - ၁ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၀၃.၃၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၀၁ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၀၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၉၉.၂၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၀.၇၉ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၀၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၄၀.၀၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ (၂၃-၁-၂၀၁၅)နေ့(CIF ဈေး Cloud Point 8 ˚C Max ၇၁၅ ဒေါ်လာ၊ FOB ၆၉၀ ဒေါ်လာနှင့် Earning ဈေး၁၀၃၀ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ (၂၃- ၁ - ၂၀၁၅)နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၂၃ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တိုကျိုမြို့တွင်မြန်မာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးတွဲဆွေးနွေးပွဲကျင်းပ

မြန်မာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးတွဲဆွေးနွေးဟောပြောပွဲ တစ်ရပ်ကို ဇန်နဝါရီလ ၂၂ရက် ကြာသပတေးနေ့တွင် တိုကျိုမြို့၊ နီခေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးဟောပြောပွဲကို နီခေးစီးပွားရေးလုပ်ငန်းစုကြီးနှင့် ဒိုင်ဝါငွေချေး သက်သေခံလက်မှတ်များဆိုင်ရာ လုပ်ငန်းစုကြီးမှ တာဝန်ယူ ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာသံရုံး တိုကျိုမြို့မှ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ တိုကျိုစတော့အိတ်ချိန်း ဥက္ကဋ္ဌ Mr.Akira Kiyota နှင့် ဒိုင်ဝါငွေချေး သက်သေခံလက်မှတ်များဆိုင်ရာ လုပ်ငန်းစုကြီး၏ ဥက္ကဋ္ဌ Mr.Takashi Hibino တို့မှ အဖွင့်မိတ်ဆက်အမှာစကား ပြောကြားခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အဖွင့်မိန့်ခွန်း ပြောကြားပေးခဲ့သည်။

ဆွေးနွေးဟောပြောပွဲကို စကားဝိုင်းဆွေးနွေးပွဲပုံစံဖြင့် အပိုင်းနှစ်ပိုင်း ခွဲခြား၍ဆွေးနွေးဆောင်ရွက်ခဲ့ပြီး စကားဝိုင်းဆွေးနွေးပွဲ(၁)တွင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ဂျပန်စတော့အိတ်ချိန်း၏ အမှုဆောင်အရာရှိချုပ် မစ္စတာမိရာဟာရနှင့် ဒိုင်ဝါသုတေသနဌာနမှ ဒုတိယဥက္ကဋ္ဌ မစ္စတာကာဝါမူရာတို့မှ 'မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ် ဈေးကွက် (Securities Market) ဖွံ့ဖြိုးတိုးတက်ရေး အလားအလာများနှင့် ဂျပန်နိုင်ငံရဲ့ အခန်းကဏ္ဍ' ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ စကားဝိုင်း ဆွေးနွေးပွဲ(၂)တွင် ဂျပန်ပြည်ပ ကုန်သွယ်ရေးအဖွဲ့အစည်း၊ နိုင်ငံတကာဖွံ့ဖြိုးရေးဌာနမှ ညွှန်ကြားရေး မှူးချုပ် မစ္စတာကုဒို၊ မြန်မာ-ဂျပန် သီလဝါ အထူးစီးပွားရေးဇုန်ကုမ္ပဏီ ဥက္ကဋ္ဌ မစ္စတာရနအိနှင့် မြန်မာငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏အမှုဆောင်ဒါရိုက်တာ မစ္စတာအီနမိတို့က 'မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်လက်ရှိ အခြေ အနေ" ခေါင်းစဉ်ဖြင့် ၎င်းတို့၏ကိုယ်တိုင် အတွေ့အကြုံများကို အခြေခံ၍ ဆွေးနွေးသွားခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ရန်ကုန်စတော့အိတ်ချိန်းနှင့် ပတ်သက်၍ ဖွင့်ပွဲဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုနှင့် အာဆီယံစတော့အိတ်ချိန်းနှင့်




ချိတ်ဆက် ဆောင်ရွက်မည့် အခြေအနေ၊ ဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာကောင်းများရှိနေမှု၊ စတော့အိတ်ချိန်းတွင် ပါဝင်ခွင့်ရှိမည့် ကုမ္ပဏီများ၏ လိုအပ်ချက် အရည်အချင်းများ သတ်မှတ်ဆောင်ရွက်နေမှုများ၊ အဆင့်အလိုက် ခွင့်ပြုသွားမည့် ကုမ္ပဏီအမျိုးအစားများ၊ လိုင်စင်အမျိုးအစားများ၊ မြန်မာနိုင်ငံ၏ ငွေကြေးအရင်းအနှီး ဈေးကွက်တိုးတက်ဖြစ်ပေါ် လာနိုင်မည့် အခြေအနေများကို လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်သုံးသပ်ဆွေးနွေးခြင်း၊ စတော့အိတ်ချိန်းတည်ထောင်ခြင်းဖြင့် ကုမ္ပဏီငယ်လေးများ ငွေကြေးအရင်းအနှီးများ ရရှိလာနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနည်းပါးသည့် ပြည်သူများ၏ ရင်းနှီးမြှုပ်နှံခွင့် ရရှိမည်ဖြစ်ခြင်း၊ အများပိုင်ကုမ္ပဏီများ၏ အရည်အသွေးများ မြင့်မားတိုးတက်လာနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးတရားများ ရရှိနိုင်မှုတို့ကို သုံးသပ်ဆွေးနွေးခြင်း၊ အဆင့်အလိုက် စတော့အိတ်ချိန်းတွင် ပါဝင်ခွင့်ပြုသွားမည့် ကုမ္ပဏီများ၏ အခြေအနေများ၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပါဝင်လာရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဘဏ္ဍာရေးကဏ္ဍတွင် ဂျပန်ဘဏ်သုံးခု အပါအဝင် နိုင်ငံခြားဘဏ်များအား ရုံးခွဲဖွင့်လှစ်နိုင်ရန် ခွင့်ပြုပေးထားမှုများ၊ အာမခံကုမ္ပဏီများအား သီလဝါအထူး စီးပွားရေးဇုန်တွင် ခွင့်ပြုပေးသွားရန် ဆောင်ရွက်နေမှုအခြေအနေနှင့် အသေးစားငွေချေးလုပ်ငန်းများတွင် ခွင့်ပြုဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာနှင့်အတူ တိုးတက်လာနိုင်သည့် ငွေကြေးအရင်းအနှီးဈေးကွက်ဆိုင်ရာများကို ဥပမာများပေး၍ ရှင်းလင်းဟောပြောဆွေးနွေးခဲ့သဖြင့်လည်း တက်ရောက်လာသည့် ဂျပန်ရင်းနှီးမြှုပ်နှံသူများ အလွန်သဘောကျခဲ့သည့် ပွဲတစ်ပွဲဖြစ်ကြောင်းလည်း သိရှိရသည်။

စကားဝိုင်းဆွေးနွေးပွဲ(၂)တွင် သီလဝါအထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ တိုးတက်ဖြစ်ပေါ်နေမှု အခြေအနေများ၊ စီးပွားရေးတိုးတက်မှုအနေဖြင့် အလျှင်အမြန် တိုးတက်နေမှု အခြေအနေများ၊ အစိုးရသစ်လက်ထက်တွင် မိုဘိုင်းဖုန်းအင်တာနက်၊ တိုက်တာ၊ ကားများတိုးတက်ဖြစ်ထွန်းလာမှုအခြေအနေများ၊ ယခင်ကာလ ရင်းနှီးမြှုပ်နှံမှုနှင့် ယခုအစိုးရသစ်ကာလအတွင်း နိုင်ငံတကာသို့ တံခါးဖွင့်လိုက်ပြီးနောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာမှုပုံစံကို နှိုင်းယှဉ်သုံးသပ်ခြင်း၊ လျှင်မြန်စွာတိုးတက်ရသည့် အကြောင်းအရင်း၊ အိုင်တီကုမ္ပဏီများ တိုးတက်နေမှုအခြေအနေနှင့် အိုင်တီလုပ်ငန်း တိုးတက်လာနိုင်သည့် အခြေအနေ၊ ၂၀၁၅ အလွန် စီးပွားရေးမူဝါဒများအပေါ် ထိခိုက်လာနိုင်မှုနှင့် စီးပွားရေး တိုးတက်လာမည့်အခြေအနေ၊ အေအီးစီကို ထူထောင်ရာမှ ပါဝင်ပတ်သက်မည့်အစိုးရအနေဖြင့် အေအီးစီ၏ အထောက်အကူယူ၍ နိုင်ငံရေးအရပိတ်ဆို့မှုများကို အမြန်ဆုံးပြေပျောက်အောင် ဆောင်ရွက်ပြီး ဈေးကွက်ရရှိရေး ဆောင်ရွက်သင့်သည့် အကြောင်းကိစ္စများ စသည့် အခြေအနေများကိုဆွေးနွေးခဲ့ကြသကဲ့သို့ မြန်မာနိုင်ငံတွင် လိုအပ်နေသေးသည့် လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးစနစ်၊ ပိုမိုကောင်းမွန်ရန် လိုအပ်သေးသည့် ဆက်သွယ်ရေးနှင့် အိုင်တီလုပ်ငန်းစသည်များ ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ သို့သော်လည်း အစိုးရအနေဖြင့် ၁၉၈၈ နိုင်ငံတွင် အဆင့် ၁၇၇ တွင်ရှိရာ အတွက် ပိုမိုကြိုးစားရန်လိုအပ်သည် ဟုခံယူလျက် ပြုပြင်ပြောင်းလဲလိုတဲ့စိတ်ရှိသည့်အတွက် မြန်မာနိုင်ငံသည်တိုးတက်သွားမည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ဂျပန်နိုင်ငံမှရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မြန်လာရောက် ရင်းနှီးမြှုပ်နှံရန်အတွက် တိုက်တွန်းဆွေးနွေးခဲ့ကြသည်ကိုလည်း လေ့လာသိရှိရပါသည်။

မြန်မာသံအမတ်ကြီးဦးခင်မောင်တင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင်လည်း မြန်မာနိုင်ငံတွင် Investor-friendly ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးဖော်ဆောင်နေသည့်အပြင် မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေးနှစ် ၆၀ ပြည့်သည့်နှစ်ဖြစ်သည့် ၂၀၁၄ ခုနှစ်သည် ဂျပန်နိုင်ငံမှ ကုမ္ပဏီကြီးများအား မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခွင့်ပေးထားခဲ့ပြီ ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုရင်းနှီးချက်ကြည့်မှုတိုးတက်စေရေးအတွက် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း ဆန္ဒပြု တိုက်တွန်းခဲ့သည်။

အဆိုပါမြန်မာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကို တက်ရောက်ခွင့်ရရှိရန်အတွက် အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ရန် ဖိတ်ခေါ်ခဲ့ရာ ကန့်သတ်ထားသည့် လူဦးရေ ၆၀၀ ဦးထက် ၃ဆကျော် များပြားသဖြင့် မဲနှိုက်၍ မဲပေါက်သူများကိုသာ တက်ရောက်ခွင့်ပြုခဲ့ရသည့် အခြေအနေဖြစ်ကြောင်းလည်း သိရှိရပါသည်။ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုကြောင်း ပြသနေသည့် သဘောလည်းဖြစ်ပါသည်။

ဆွေးနွေးပွဲအကြောင်းအရာနှင့် ပတ်သက်သည့် သတင်းကိုလည်း ဇန်နဝါရီလ ၂၂ရက်နေ့ည ဂျပန်စံတော်ချိန် ၁၀း၀၀ နာရီတွင် BS-Japan ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားခဲ့ပြီး ဇန်နဝါရီလ ၂၃ ရက်နေ့ထုတ် နီခေးသတင်းစာတွင်လည်း စာမျက်နှာပြည့် ခေါင်းကြီးသတင်းအဖြစ် ဖော်ပြပေးခဲ့ကြောင်းလည်း သိရှိရပါသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# ဘယ်လ်ဂျီယံနိုင်ငံ၏ ထူးခြားသော အစားအစာထုပ်ပိုးမှု ပုံစံသစ်နှစ်မျိုး

**အစားအစာထုပ်ပိုးမှု**

စားသောက်ကုန်ပစ္စည်းများ ထုပ်ပိုးရာတွင် ဗူးသည် အလွန်အရေးပါလှပါသည်။ ဘယ်လ်ဂျီယံနိုင်ငံအပါအဝင် အခြားသောဥရောပနိုင်ငံများတွင် နို့ထွက်ပစ္စည်းများနှင့် အခြားသော ပုပ်သိုးလွယ်သည့် ပစ္စည်းများအတွက် ဗူးများအား အထူးဂရုစိုက်ထုတ်လုပ်ကြောင်း သိရှိရပါသည်။

၂၀၁၃ ခုနှစ်၊ ဇွန်လတွင် နယ်သာလန်နိုင်ငံရှိ နွားနို့အပါအဝင် နို့ထွက်ပစ္စည်းများ၊ အစားအစာများ ထုတ်လုပ်ထုပ်ပိုးသော Tetra Pak ကုမ္ပဏီ (http://www.tetrapak.com/) သို့ မြန်မာသံအမတ်ကြီးနှင့် အတူသွားရောက်လေ့လာခဲ့ပါသည်။ အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားချက်များအရ ထုတ်လုပ်သော အစားအစာပစ္စည်းများ တာရှည်ခံစေရန် စတင်ထုတ်လုပ်သည့် အဆင့်မှစ၍ ထုပ်ပိုးသည့်အဆင့်ထိ အထူးဂရုစိုက်ဆောင်ရွက်ရန် လိုအပ်ကြောင်းနဲ့ ၎င်းတို့ထုတ်လုပ်လိုက်သော ဗူးများဖြင့် ထုပ်ပိုးထားသည့် နွားနို့သည် အအေးပေးစရာမလိုဘဲပြင်ပ တွင် ၆ လမှ ၉ လအထိ ထားရှိနိုင်ကြောင်းလည်း သိရှိခဲ့ရပါသည်။ Tetra Pak ၏ အစားအစာထုပ်ပိုးပစ္စည်းထုတ်လုပ်သည့် စက်ရုံအတွင်း လက်တွေ့ထုတ်လုပ်နေမှုများကို လေ့လာခဲ့ရပြီးသန့်ရှင်းမှုနှင့် ပိုးမွှားကင်းစင်မှုကို ထိပ်တန်းအဆင့်ထားရှိ၍ အလွန်ခေတ်မီသော ကွန်ပျူတာထိန်းချုပ်နည်းပညာများဖြင့် အစားအစာ ထုပ်ပိုးပစ္စည်း များအားအဆင့်မြင့်စွာ ထုတ်လုပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

သို့ဖြစ်၍ ပုပ်သိုးလွယ်သော အစားအစာပစ္စည်းများအားပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်နှင့် ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချနိုင်ရန် ထုပ်ပိုးပစ္စည်းများအား သန့်ရှင်းမှုနှင့် ပိုးမွှားကင်းစင်မှုကို အဓိကထားလျက် ခေတ်မီစက်ပစ္စည်းကိရိယာများဖြင့် ထုတ်လုပ်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

**ထုပ်ပိုးမှုပုံစံသစ်တစ်မျိုး**

ဘယ်လ်ဂျီယံနိုင်ငံရှိသစ်သီးနှင့် ဟင်းသီးဟင်းရွက်လေလံကုမ္ပဏီကြီး တစ်ခုဖြစ်သော BelOrta (http://belorta.be) သည် ဘယ်လ်ဂျီယံချိုကိုရီ များထုပ်ပိုးရန် ဗူးပုံစံသစ်တစ်ရပ်အား မိတ်ဆက်ခဲ့ပါသည်။ အဆိုပါဗူးတွင် အထူးပြုလုပ်ချက်တစ်ရပ်မှာ ဗူးတစ်ခုတစ်ပိုင်းကိုသာ ဖွင့်ဟနိုင်ရန် ပြုလုပ်ပြီးထားသဖြင့် ဗူးတစ်စိတ်တစ်ပိုင်းကိုသာဖွင့်ဟ၍ ချိုကိုရီပင်အား ယူနိုင်မည် ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ထားခြင်းဖြင့် ကျန်ချိုကိုရီပင်များကို အလင်းရောင်နှင့်ထိတွေ့မှုနည်းစေမည်ဖြစ်၍ ချိုကိုရီပင်များအား လတ်ဆတ်စွာဖြင့် ဗူးထဲတွင် ကြာရှည် ထိန်းသိမ်းထားနိုင်မည် ဖြစ်ပါသည်။ ယခုလတ်တလောကာလတွင် BelOrta သည် ၅ ကီလိုဂရမ်ချိုကိုရီ ဗူးများကိုသာ ထုတ်လုပ်လျက်ရှိပြီး နောက်ပိုင်းတွင် ဗူးအမျိုးမျိုးကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊**
**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

### တောင်ကိုရီးယားနိုင်ငံအတွင်းသို့ ဘီယာတင်သွင်းမှု ကန်ဒေါ်လာ သန်း၁၀၀ကျော်ပြီဟုဆို

၂၀၁၄ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံအတွင်းသို့ ဘီယာတင်သွင်းခဲ့မှု တန်ဖိုးပမာဏသည် အမေရိကန် ဒေါ်လာသန်း၁၀၀ကျော် ရှိခဲ့သည်။ ကိုရီးယား အကောက်ခွန်ဌာန၏ စာရင်းဇယားများအရ ၂၀၁၄ ခုနှစ်အတွင်း ဘီယာတင်သွင်းမှု သွင်းကုန်တန်ဖိုးသည် ဒေါ်လာ ၁၁၁ ဒသမ ၆၄ သန်းဖြစ်ပြီး ၂၀၁၃ ခုနှစ်က သွင်းကုန်တန်ဖိုးဒေါ်လာ ၈၉ ဒသမ ၆၇ သန်းထက် ၂၄ ဒသမ ၅ ရာခိုင်နှုန်းပိုမိုခဲ့သည်။ အာရှငွေရေးကြေးရေးပြဿနာပြီးနောက် ကိုရီးယားနိုင်ငံတွင်း ဘီယာဈေးကွက်သည် လွန်ခဲ့ သော သုံးနှစ်ဆက်တိုက် သိသိသာသာ တိုးတက်လာနေခဲ့သည်။ ဘီယာသွင်းကုန်သည် ပို့ကုန်ထက် ၁၉၉၅ ခုနှစ်မှ စတင်စာရင်းကောက်ယူကတည်းက ပိုမိုနေခဲ့သည့်ပြင် ၂၀၁၄ ခုနှစ်က ဘီယာသွင်းကုန်တန်ချိန်ပမာဏသည် ၂၀၁၃ ခုနှစ် ကပမာဏ ၉၅,၂၁၁ တန်ထက်ပိုမို၍ ၁၁၉,၄၆၇တန်ရှိခဲ့သည်။ ကိုရီးယား ဘီယာလုပ်ငန်းသည် ယမန်နှစ်က ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၃၈ ဒသမ ၄၆ သန်းရှိခဲ့သည်။

လေးနှစ်ဆက်တိုက် ဘီယာဈေးကွက်စာရင်းဇယားများကို ကြည့်ပါက ဂျပန်ဘီယာသည် ကိုရီးယားတွင် အကျော်ကြားဆုံးဖြစ်ပြီး၊ တင်သွင်းမှု ပမာဏ ၃၁,၉၁၄ တန်၊ ဒုတိယအနေဖြင့် ဒတ်ချ်ဘီယာ ၁၇,၈၂၁ တန်နှင့် ဂျာမန်ဘီယာ ၁၆,၆၈၈ တန်တို့ဖြစ်ကြသည်။ တရုတ်ဘီယာသည် ယမန်နှစ်က ၁၁,၄၉၀ တန်တင်သွင်းခဲ့ပြီး၊ စတုတ္ထမြောက်ဖြစ်၍ အမေရိကန်ဘီယာသည် ၈,၉၄၄တန်တင်သွင်း၍ ပဉ္စမမြောက် ပမာဏအများဆုံး တင်သွင်းသည့် နိုင်ငံခြားဘီယာဖြစ်ခဲ့သည်။

**သန့်ဇင်၊စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဆိုးလ်မြို့**

### တောင်ကိုရီးယားမှစားသုံးသူများ နိုင်ငံခြားဖြစ်ကုန်ပစ္စည်းများကို ပိုမိုနှစ်သက်

တောင်ကိုရီးယားပြည်သူများသည် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ကာလကြာရှည်စွာ သစ္စာရှိရှိ စွဲမြဲသုံးစွဲလာခဲ့ကြသော်လည်း ယခုအခါ အခြေအနေများ ပြောင်းလဲသွားပြီး ကုန်ပစ္စည်းထုတ်လုပ်သောနိုင်ငံထက် ဈေးနှုန်းနှင့် အရည်အသွေးပေါ် အဓိက ဆုံးဖြတ် သုံးသပ် ဝယ်ယူလာကြပြီဖြစ်သည်။ ၎င်းအပြင် နိုင်ငံရပ်ခြားရှိ အွန်လိုင်းမှ ဈေးရောင်းချသည့် အင်တာနက်ဝက်ဘ်ဆိုက်များတွင် လျှော့ဈေးနှင့်ရနိုင်မည့် ကုန်ပစ္စည်းများကို ရှာဖွေလေ့လည်းရှိကြသည်။

၂၀၀၉ ခုနှစ်ကတည်းက အိုင်ဖုန်းများ ကိုရီးယားတွင် စတင်ရောင်းချစဉ် ကိုရီးယားထုတ်ပစ္စည်းများကိုသာ သုံးစွဲရန် မျိုးချစ်စိတ် အရင်းတည်ဝါဒဖြန့် ဈေးရောင်းချခြင်း၏ ထိရောက်မှုများ အားနည်းလာသည်ကို တွေ့ရသည်။ ထိုကာလက ဗြိတိသျှမဂ္ဂဇင်းတစ်စောင် က ကိုရီးယားစမတ်ဖုန်းဈေးကွက်၏ ၂၅ ရာခိုင်နှုန်းအား Apple ကလွှမ်းမိုးထားနိုင်ကြောင်း ဖော်ပြခဲ့သည်။ စီးပွားရေးပညာရှင်များ၏အဆိုအရ လွတ်လပ်စွာကုန်သွယ်ရေးစာချုပ်များကလည်း ကိုရီးယားပြည်သူများအား ယခင်ကထက် ရွေးချယ်ဝယ်ယူခွင့်များ ပိုမိုလာသည်ဟုသုံးသပ်ပြောဆိုခဲ့သည်။

**သန့်ဇင်၊စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ဆိုးလ်မြို့**

### မဒမ်ပတ် အစိုးရအဖွဲ့များ အနည်းငယ်အပြောင်းအလဲလုပ်မည်

တောင်ကိုရီးယားသမ္မတ မဒမ်ပတ်သည် ၎င်း၏စီးပွားရေးပြုပြင်ပြောင်းလဲမှုအပေါ် လူထုထောက်ခံမှု ပိုမိုရရှိစေရန်အတွက် အစိုးရအဖွဲ့အား အနည်းငယ်အပြောင်းအလဲပြုလုပ်မည်ဖြစ်ပြီး၊ သမ္မတရုံးကိုလည်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားမည်ဟု အင်္ဂါနေ့က ပြောသည်။ အစိုးရအဖွဲ့အပြောင်းအလဲပြုလုပ်ရာတွင် လစ်လပ်နေသော ရေကြောင်းသွားလာမှုဝန်ကြီးဌာန ဝန်ကြီးနေရာကိုလည်း ခန့်အပ်သွားမည်ဖြစ်သည်။ ၎င်း၏စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒများ ပိုမိုထိရောက်စေရန်နှင့် သမ္မတရုံးနှင့် နိုင်ငံရေးပါတီများကြား ဆက်သွယ်မှုတိုးတက်စေရန်အတွက် "သမ္မတအကြံပေးအဖွဲ့" ကိုလည်း မြန်နိုင်သမျှအမြန်ဆုံး ဖွဲ့စည်းသွားမည်ဟု ဆိုသည်။

သမ္မတမဒမ်ပတ်သည် သမ္မတရုံးသတင်းအချက်အလက်များ ပေါက်ကြားမှု အရေးအခင်းတွင် ပါဝင်ပတ်သက်သည်ဟု စွပ်စွဲခံထားရသော ၎င်း၏အတွင်းဝန်သုံးဦးကို ဆက်လက် ခန့်ထားမည်ဖြစ်သည်။ ၎င်း အတွင်းဝန်ချုပ် ကင်ကီချွန်းအား မပြီးပြတ်သေးသော ကိစ္စရပ်များအားလုံး ဖြေရှင်းပြီးသည်အထိ ဆက်လက်ခန့်ထားဦးမည်ဖြစ်သည်။ မဒမ်ပတ်အနေဖြင့် ကင်အား ထပ်မံခန့်ထားဦးမည်ဆိုပါက ပြုပြင်ပြောင်းလဲရေး စီမံချက်အတွက် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နိုင်ကြောင်း လေ့လာသုံး သပ်သူများကဆိုသည်။ အာဏာရပါတီသာမက အတိုက်အခံ ပါတီကလည်း ကင်အားထုတ်ပယ်ပစ်ရန်တောင်းဆိုမှုများ လည်းရှိသည်။ နိုင်ငံရေးရာကိစ္စနှင့် လူပုဂ္ဂိုလ်ရွေးချယ်မှုများတွင် သမ္မတ၏ မပြတ်မသားဖြစ်မှုကိုလည်း ဝေဖန်ခံနေရသည်။

မဒမ်ပတ်၏ အစိုးရအဖွဲ့အတွင်းနှင့် သမ္မတရုံး ပြင်ဆင်ဖွဲ့စည်းမှုကို တစ်လအတွင်း ဆောင်ရွက်သွားမည်ဟု ခန့်မှန်းရသည်။ ယင်းအပြောင်းအလဲကိုလည်း အတိုက်အခံပါတီက အာဏာရပါတီ၏ မအောင်မြင်မှုများကို အပေါ်ယံ ဖုံးအုပ်ရန်ကြိုးစားမှုတစ်ခုဖြစ်သည်ဟု ဝေဖန်လျက်ရှိသည်။ မဒမ်ပတ်အပေါ် လူထုထောက်ခံမှုသည်လည်း ယင်းအရေး အခင်းများပြီးနောက် များစွာ ကျဆင်းသွားသည်ကို သုံးသပ် တွေ့ရှိရပါသည်။

**သန့်ဇင်၊စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ဆိုးလ်မြို့**

### ဘယ်လ်ဂျီယံကုမ္ပဏီ က ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စား

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် Netwisdom ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ရင်းနှီး မြှုပ်နှံနိုင်မည့် အခြေအနေကို လေ့လာရန် နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံနိုင်ရန် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

### အိန္ဒိယနိုင်ငံ မြို့ပြစီမံကိန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ စင်ကာပူ ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံကြမည်

အိန္ဒိယနိုင်ငံ၊ အန်ဒရာပရာဒေ့ရှ် ပြည်နယ်အတွင်း မြို့တော်အသစ်တည်ထောင်ရေး စီမံကိန်း၌ မဟာစီမံချက်ရေးဆွဲဆောင်ရွက်သူများအဖြစ် စင်ကာပူနိုင်ငံ အခြေစိုက်ဆာဘာနာ နိုင်ငံတကာ အတိုင်ပင်ခံလုပ်ငန်းနှင့် ဂျူရောင်း အပြည်ပြည်ဆိုင်ရာ ဦးပိုင်လီမိတက်တို့ပါဝင်သော အကျိုးတူပူးပေါင်းအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည် ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဇန်နဝါရီလ ၁၂ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

အန်ဒရာပရာဒေ့ရှ်ပြည်နယ်၏ မြို့တော်အသစ် တည်ထောင်ရေး အစီအစဉ်မှာ ၂၀၁၄ ခုနှစ်ဇွန်လအတွင်း တဲလန်ဂါနာ (Telangana) ပြည်နယ်အသစ် ဖွဲ့စည်းခြင်းကို အိန္ဒိယနိုင်ငံအစိုးရမှ အတည်ပြုခဲ့ရာမှ အစပြုခဲ့ခြင်းဖြစ်ပါသည်။ မြို့တော် ဟိုက်ဒရာဘတ် (Hyderabad) အပါအဝင် အန်ဒရာပဒေ့ရှ်ပြည်နယ်မှ နယ်မြေဒေသအချို့မှာ တဲလန်ဂါနာ နယ်နိမိတ်အတွင်းသို့ ပါဝင်ခဲ့ပါသည်။ သို့ဖြစ်ရာ အန်ဒရာပရာဒေ့ရှ်ပြည်နယ်၌ မြို့တော်အသစ် တည်ဆောက်ပြီးစီးမှုမရှိမီ ၁၀ နှစ်တာကာလအတွင်း ဟိုက်ဒရာဘတ်မြို့ကို ပြည်နယ်နှစ်ခု၏ ပူးတွဲမြို့တော်အဖြစ် သတ်မှတ်ထားရှိမည်ဖြစ်ပါသည်။ မြို့သစ်တည်ထောင်မှု၏ နောက်ဆက်တွဲလုပ်ငန်းများအဖြစ် အီလက်ထရွန်းနစ်စနစ်ဖြင့် စီမံအုပ်ချုပ်မှု (e-governance) နှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကဲ့သို့သော လုပ်ငန်းများ၌ စင်ကာပူကုမ္ပဏီများမှ ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာ ရှိနေကြောင်း IE Singapore မှ ပြောကြားပါသည်။

သို့ရာတွင် မြေယာနှင့်အလုပ်သမားရေးရာကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများ အဓိပ္ပါယ်ဖွင့်ဆိုမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ဗျူရိုကရေစီယန္တရားစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများ စသည်တို့၌ စိန်ခေါ်မှုများစွာရှိနေကြောင်း IE Singapore မှ လက်ထောက်အမှုဆောင်အရာရှိချုပ် Mr. Tan Soon Kim မှ ပြောကြားပါသည်။ ၎င်းတို့အနေဖြင့် အစိုးရနှင့် အခြားပုဂ္ဂလိကများထံမှ လျှပ်စစ်ဓါတ်အား ပေးစက်ရုံ တည်ဆောက်မည့် မြေနေရာအား ရရှိရန်အတွက် လေးနှစ်ခန့် အချိန်ယူဆောင်ရွက်ခဲ့ရကြောင်းဖြင့် Sembcorp ကုမ္ပဏီမှ ဒုတိယအမှုဆောင်ဥက္ကဋ္ဌ MrTanChengGuan ၏ ထုတ်ဖော်ပြောဆိုမှုက ဤအချက်ကို အထောက်အပံ့ပြုလျက်ရှိပါသည်။ သို့သော်လည်း စင်ကာပူလုပ်ငန်းရှင်များအနေဖြင့် အိန္ဒိယနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် စိတ်အားထက်သန်မှုများရှိနေပါသည်။ ဝန်ကြီးချုပ်မိုဒီ အစိုးရက လုပ်ငန်းများအား လက်ရှိအနေအထားအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဆိုပါက ၎င်းတို့၏ အရင်းအနှီးထည့်ဝင်မှု လုပ်ငန်းများမှာ ၃ နှစ်မှ ၅ နှစ်အတွင်း လျင်မြန်စွာ တိုးတက်လာမည်ဖြစ်ကြောင်းဖြင့် အိန္ဒိယနိုင်ငံအတွင်း အိမ်ရာဝန်ဆောင်မှုလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာ သန်း၂၅၀ ခန့် ရင်းနှီးမြှုပ်နှံလုပ်ကိုင် လျက်ရှိသော စင်ကာပူအခြေစိုက် The Ascott ကုမ္ပဏီမှ ပြောကြားပါသည်။

စင်ကာပူအစိုးရအနေဖြင့် မိမိနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာသို့ ဖြန့်ကြက်၍ ထူထောင်လုပ်ကိုင်စေလျက်ရှိရာ အိန္ဒိယနိုင်ငံ၊ ဂူဂျာရတ်ပြည်နယ်၌ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသော Vibrant Gujarat Summit သို့ ဝန်ကြီးချုပ်ရုံးဝန်ကြီး Mr S Iswaran ဦးဆောင်သည့် အဖွဲ့ဝင် ၇၀ ဦးပါဝင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်တက်ရောက်စေခဲ့ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

### အာဟာရဓာတ်များအထူးကြွယ်ဝသည့် မျိုးရိုးဗီဇပြောင်းလဲထားသော အစားအစာဈေးကွက် အလားအလာများရှိကြောင်း ဘယ်လ်ဂျီယံတက္ကသိုလ်က ပြောကြား

ယေဘုယျအားဖြင့် စားသုံးသူများသည် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော အစားအစာများကို ဝယ်ယူစားသုံးမည်မဟုတ်ကြောင်း၊ သို့ရာတွင် အာဟာရဓာတ်များအထူးကြွယ်ဝအောင် စီမံထားသည့် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော အစားအစာများကိုမူ သာမန်အစားအစာထက် ၇၀ ရာခိုင်နှုန်းခန့် ဈေးနှုန်းပိုမိုပေး၍ ဝယ်ယူလိုကြကြောင်း၊ အာဟာရဓာတ်မပြည့်ဝမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အာဟာရဓာတ်များ အထူးကြွယ်ဝအောင် စီမံထားသည့် မျိုးရိုးဗီဇပြုပြင် ပြောင်းလဲထားသော အစားအစာများသည် အဓိက ဖြေရှင်းဆောင်ရွက်ချက် တစ်ရပ်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဗီတာမင် A ကြွယ်ဝစေရန် စီမံထားသည့် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ရွှေဆန် (Golden Rice) သည် သာမန်ဆန်ထက် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာပြီး အာဟာရဓာတ်ပိုမိုကြောင်း ဘယ်လ်ဂျီယံနိုင်ငံရှိ Ghent University က ပြုလုပ်ခဲ့သည့် ဈေးကွက်လေ့လာမှုစာတမ်းတွင် ဖော်ပြထားချက်အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ငွေစုဆောင်းရမှာ ပျော်စရာ

|မျိုးသူ (မန္တလေးမြို့)|




ကျွန်တော်တို့အလုပ်သမားများ၊ ဝန်ထမ်းများ ရရှိသော ဝင်ငွေလစာမှ စုဆောင်းမှုကို လေ့လာကြည့်လျှင် အလွန်နည်းပါးသည်ကိုတွေ့ နိုင်ပါသည်။ အလုပ်သမား၊ ဝန်ထမ်းများအားလုံးတွင် ဝင်ငွေအပေါ် မစုဆောင်းနိုင်သည့် အခြေခံအကြောင်းနှစ်ချက်ရှိပါသည်။ ပထမအကြောင်းမှာ ရရှိသောဝင်ငွေနည်းပါးသလို ရရှိငွေအားလုံးကို စားဝတ်နေရေးအတွက်သာ အကုန်သုံးစွဲလိုက်ရတဲ့အတွက် စုဆောင်းမှုမပြုနိုင်ခြင်း ဖြစ်ပါသည်။ အခြားအကြောင်းတစ်ချက်မှာ ပုံမှန်လစာဝင်ငွေကို ဂရုထားစရာမလိုအောင် လာဘ်ပေးလာဘ်ယူမှုမှ ရနေသောကြောင့် မစုဆောင်းခြင်းလည်း ဖြစ်တတ်ပါသည်။ သို့သော် အများစုသော အလုပ်သမားဝန်ထမ်းများမှာ ပထမအမျိုးအစားတွင် ပါဝင်တတ်ပါသည်။ ပုံမှန်ငွေစုဆောင်းတတ်သူမှာ အလွန်နည်းသော အစုသာ ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ငွေစုဆောင်းသောအကျင့်ကို မွေးမြူသင့်သည်ထင်ပါသည်။ စုဆောင်းငွေဖြင့် မိမိနှင့် မိမိမိသားစု တိုးတက်ကြီးပွားရာ ကြီးပွားကြောင်းကိုဖြစ်စေ၊ မိမိတို့၏ နောင်ကျန်းမာရေး၊ မိမိသားသမီးများ၏ ပညာရေးအတွက်ဖြစ်စေ ကြီးစွာသော အထောက်အပံ့ဖြစ်အောင် ဆောင်ရွက်နိုင်ပါသည်။

ပထမဦးစွာ ငွေစုဆောင်းနေသော အလုပ်သမားဝန်ထမ်းများကို လေ့လာကြည့်လျှင် စုဆောင်းငွေမှာ တစ်လဝင်ငွေ၏ အလွန်နည်းသော ရာခိုင်နှုန်းတစ်ခုကိုသာ စုဆောင်းနိုင်ကြပါသည်။ ဥပမာ-တစ်လတစ်သိန်းလစာရသော ဝန်ထမ်းတစ်ဦးသည် တစ်ထောင်ကျပ်စုဆောင်းသည်ဆိုပါက လစာ၏ အပုံ ၁၀၀ လျှင် တစ်ပုံသာ စုဆောင်းသည့်သဘောဖြစ်ပါသည်။ တစ်နှစ်လျှင် ကျပ်တစ်သောင်းနှစ်ထောင်သာ စုဆောင်းနိုင် မည်ဖြစ်ပါသည်။ ရရှိသော စုဆောင်းငွေကို မည်သို့ပွားများအောင် ဆောင်ရွက်မည်ဆိုသည်ကလည်း အရေးကြီးသည် ထင်ပါသည်။ စုဆောင်းငွေကို အနည်းငယ်မျှသာ စုဆောင်းနိုင်ခြင်းသည် လစာ၏ကျန် ၉၀ ရာခိုင်နှုန်းကိုစားဝတ်နေရေးအတွက် သုံးစွဲနေရခြင်းကြောင့်ဖြစ်ပါသည်။ ဤသို့ဖြစ်ရသည်မှာ ဆင်းရဲသောကြောင့်ဟု အဖြေထွက်ပါသည်။ ကျွန်တော်တို့ စုဆောင်းငွေကို တိုးအောင် ကြံဆောင်ကာ ထပ်မံတိုးတက် စုဆောင်းသင့်ပါသည်။

အချို့သူများသည် ကွမ်းယာစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ လက်ဘက်ရည်များစွာ သောက်ခြင်း စသည်တို့ကို နေ့စဉ်ပြုလုပ်တတ်ကြပါသည်။ ယင်း အလေ့အထများမှာ ကောင်းသော အလေ့အထများ မဟုတ်သလို ငွေကြေးကုန်ကျစရိတ်တက်စေသောကြောင့် ယင်းအလေ့အထဆိုးများ ကိုလျှော့ချပြီး ငွေစုဆောင်းမှုကို တိုးမည်ဆိုပါက အထိုက်အလျောက် ပိုမိုစုဆောင်းလာနိုင်မည် ဖြစ်ပါသည်။

ကျွန်တော်တို့ ငယ်စဉ်က အဖွားထမင်းချက်လျှင် နို့ဆီဗူးလေးဖြင့်ချိန်ပြီး လေးဗူးငါးဗူးစသဖြင့် ချက်ပြုတ်သော်လည်း ထမင်းအိုးထဲသို့ ဆန်ချင်ထည့်ပြီးခါမှ လက်တစ်ဆုပ်ပြန်နှိုက်ကာ အိုးကလေးဖြင့် သီးသန့်ထားသော ဆန်စုဆောင်းအိုးထဲသို့ပြန်ထည့်စုထားတတ်ပါသည်။ ယင်းအိုးကလေးသည် တစ်နှစ်ခန့် ကြာလျှင် ဆန်လေးငါးဆယ်ပြည်ပြန်ရပါသည်။ ကျွန်တော်တို့က အဖွားရယ် ဘာလို့ပြန်ပြန်လျှော့နေတာလည်း တစ်ခါထဲ လျှော့ချက်လိုက် ဒါမှမဟုတ် စုတဲ့အိုးထဲ အများကြီးထည့်ထားလိုက်ပါလားလို့ ပြောလျှင် အဖွားက နေ့စဉ်အလေ့အထလည်းဖြစ်ပြီး နည်းနည်းချင်းစုတော့ မပင်ပန်းဘူးပေါ့လို့ ပြန်ရှင်းပြတတ်ပါသည်။ ယင်းစုဆောင်းရရှိသော ဆန်လေးငါးပြည်ဖြင့် အဖွားက ဆွမ်းချက်ကာ အခါကြီးရက်ကြီးများတွင် ဘုန်းကြီး ဆွမ်းလောင်းတတ်ပါသည်။ ယခုအသက်ကြီးလာသောအခါ ရှေးလူကြီးများသည် စုဆောင်းသည့် အလေ့အထကို သင်ပေးနေခြင်းဖြစ်သည်ဟု သိလာရပါသည်။

ကျွန်တော်တို့ငယ်စဉ်က မူလတန်းဖတ်စာထဲတွင် သာလွန်မင်းတရား ဆင်နှင့် တိုင်းခန်းလှည့်လာစဉ် ထမင်းရည်ကို မြေပေါ်ငှဲ့ပစ်သော မိန်းမအား ဆုံးမပုံကို မှတ်မိမည်ထင်ပါသည်။ အလဟသ မဖြစ်ရန် မည်သည့်အရာတွင်မဆို လုပ်ကိုင်သင့်သည် သတိထားသင့်သည်ဟု မှတ်သားမိပါသည်။

အလားတူပင် စုဆောင်းခြင်းမှာလည်း အလဟသဖြစ်မည့်ကိစ္စများကို သတိဖြင့် ဆင်ခြင်ခြင်းတစ်မျိုးဖြစ်သလို ဝင်ငွေပုံသေသာ ရရှိသော ကျွန်တော်တို့ ဝန်ထမ်းများအတွက် ထွက်ပေါက်တစ်ခုလည်း ဖြစ်လာမည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့ဌာနတွင် ငွေစုငွေချေး သမဝါယမ အသင်းငယ်လေးတစ်ခုရှိပါသည်။ ဝန်ထမ်း တစ်ရာခန့်ဖြင့် လည်ပတ်နေခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ လစဉ်စုဆောင်းကြရာမှာ စုဆောင်းငွေပေါ်တွင် သုံးဆချေးပေးပါသည်။ ထိုအခါ



**“ စုဆောင်းခြင်းမှာလည်း အလဟသဖြစ်မည့်ကိစ္စများကို သတိဖြင့် ဆင်ခြင်ခြင်းတစ်မျိုးဖြစ်သလို ဝင်ငွေပုံသေသာရရှိသော ကျွန်တော်တို့ ဝန်ထမ်းများအတွက် ထွက်ပေါက်တစ်ခုလည်း ဖြစ်လာမည်ဟု ယုံကြည်ပါသည်။**

စုဆောင်းငွေ သုံးသိန်းခွဲထိရှိသူသည် တစ်ဆယ်သိန်းအထိ ချေးယူနိုင်ပါသည်။ အတိုးမှာလည်း တစ်လလျှင် တစ်ကျပ်ခွဲတိုးသာပေးရပါသည်။ ဤအသင်းလေးကြောင့် ကျွန်တော်တို့ အသင်းဝင် ဝန်ထမ်းများသည် အရေးပေါ်ငွေလိုသည့် အခါများတွင် အတိုးသက်သက်သာသာဖြင့် ငွေရယူနိုင်သည့်နေရာတစ်ခု၊ ယုံကြည်ရသည့် နေရာတစ်ခုရှိသဖြင့် ကျန်းမာရေး၊ ကလေးများ ကျောင်းဖွင့်ချိန် ငွေကြေးလိုအပ်ချိန်များတွင် အထောက်အပံ့ကောင်းတစ်ခုအဖြစ် ရရှိနိုင်နေသည်မှာ လက်တွေ့ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဘဏ်များတွင်လည်း စုဆောင်းသည့် အလေ့အထကို ကျင့်သုံးပေးရန် လိုအပ်ပါသည်။ ဘဏ်တိုးနှုန်းများမှာ ကုန်ဈေးနှုန်းတက်သည့်နှုန်း၊ ငွေဖောင်းပွမှုနှုန်းများကို မကာမိသဖြင့် ငွေစုဆောင်းမှုကို လုပ်ကိုင်မှုနည်းပါးသည်ကို တွေ့နေရပါသည်။ ဘဏ်များသည် အရင်းအနှီးအတွက် အထောက်အပံ့ကောင်းများဖြစ်သည်ကို မေ့နေကြသည်ဟု ထင်ပါသည်။ လုပ်ငန်းရှင်အတော်များများသည် ငွေအရင်းအနှီးလိုလျှင် ဘဏ်များမှချေးလိုကြသည်။ သို့သော် ဘဏ်များမှ များများမချေးနိုင်သည့်အခါ မကျေနပ်ကြချေ။ ဘဏ်များမှ မချေးငှားနိုင်ကြခြင်းကို ပြန်ကြည့်လျှင် စုဆောင်းငွေမရှိဘဲနှင့် ဘဏ်များသည် လည်ပတ်မှုငွေ လုံးငွေရင်းအတိုင်းအတာထက်ကျော်လွန် မဆောင်ရွက်နိုင်ကြောင်း တွေ့ရမည် ဖြစ်ပါသည်။ သို့ဖြစ်သဖြင့် စုဆောင်းငွေသည် အလွန်အရေးကြီးသဖြင့် ငွေစုဆောင်းမှုကိုနိုင်ငံနှင့် လူမျိုးချီကာ အရေးကြီးသည်ဟုပြောလိုပါသည်။ သို့ဖြစ်သဖြင့် မည်သည့်အတိုင်းအတာဖြစ်စေ ကျွန်တော်တို့သည် ငွေစုဆောင်းခြင်းကို အလေ့အထတစ်ရပ်အနေဖြင့် ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းလိုပါသည်။ ကျွန်တော်သည် မန္တလေးစိန်ပန်း မဟာစည်ကျောင်းတွင် အလေ့အထတစ်ရပ် တွေ့ဖူးပါသည်။ ယင်းမှာ အလှူငွေကို အရစ်ကျနေ့စဉ် စုဆောင်းကြခြင်း ဖြစ်ပါသည်။ ကျောင်းသားလေးများ၊ ကလေးများလည်း မိမိတို့ မုန့်ဖိုးများမှ စုဆောင်းကြခြင်း ဖြစ်ပါသည်။ သင်္ကြန်တွင် တစ်နှစ်တာ စုဆောင်းရသည့် အလှူငွေများကို ကြေငြာပေးပါသည်။ တစ်ရက်လျှင် တစ်ရာစုသူသည် တစ်နှစ်လျှင် ၃၆၅ ရက်ဖြင့် ကျပ် သုံးသောင်းခြောက်ထောင်ငါးရာတိတိကို ရရှိကြပါသည်။ ကလေးများပင် တစ်နေ့တစ်ဆယ်၊ နှစ်ဆယ် စသဖြင့် စုဆောင်းလှူဒါန်းကြသည်ကို သာဓုခေါ်အားကျဖွယ်တွေ့ရပါသည်။

ကျွန်တော်တို့အိမ်တွင် သမီးငယ်စဉ်ကပင် အိုးလေးတစ်လုံးဖြင့် သူ့မုန့်ဖိုးများကို သူ့ဘာသာ စုဆောင်းခိုင်းခဲ့ပါသည်။ နေ့စဉ်ထည့်ရန် သူ့အားတိုက်တွန်းခဲ့ပါသည်။ ယခုအခါ တစ်နေ့လျှင် ငါးရာလောက်ထိ စုဆောင်းလာသည့်အတွက် တစ်သိန်းကျော်အထိရရှိနေသဖြင့် သမီးမွေးနေ့တွင် အလှူဒါနများကို ယင်းထဲမှပင် လုပ်နေသည့် အလေ့အထကို ကျွန်တော်မြင်ရသဖြင့် ပီတိဖြစ်ရကြောင်းလည်း တင်ပြလိုပါသည်။ ကျွန်တော်တို့နိုင်ငံတွင် ပြည်သူတိုင်း နေ့စဉ် တစ်ယောက်တစ်ကျပ် ငွေစုလျှင် တစ်နေ့လျှင် သန်းပေါင်းငါးဆယ်စုဆောင်းမိပြီး တစ်လလျှင် သန်းပေါင်း တစ်ရာ့ငါးဆယ်စုဆောင်းမိမည်ဖြစ်ကာ တစ်နှစ်လျှင် ၁၈ ဒသမ ၂၅ ဘီလျံကျပ် စုဆောင်းမိမည်ကို သတိပြုမိလျှင် စုဆောင်းခြင်းမှ ရနိုင်သည့် အကျိုးကျေးဇူးကို မြင်မည်ဟု ထင်ပါ ကြောင်းတင်ပြလိုက်ရပါသည်ခင်ဗျား။

## ဒေးဒရဲမြို့နယ် ဘုရားချောင်းကျေးရွာမှာ ကျေးလက်ဒေသအသေးစားကုန်ထုတ် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးသင်တန်းပြုလုပ်

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ ဘုရားချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမှာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့က ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အုန်းပင်စိုက်ပျိုးမှုနှင့် အုန်းသီးထွက်ပစ္စည်း တန်ဖိုးမြှင့်ထုတ်ကုန် လုပ်ငန်းသင်တန်းကို ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပပြုလုပ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူ ၉၅ ဦးတက်ရောက်ခဲ့တယ်လို့သိရပါတယ်။

အခမ်းအနားမှာ ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးစန်းယုက အဖွင့်အမှာစကား ပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က ပုဂ္ဂလိကကဏ္ဍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်တန်းဖွင့်လှစ်ရခြင်းရဲ့ရည်ရွယ်ချက်တို့ကို ရှင်းလင်းခြင်းဖြင့်လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဒုဦးစီးမှူး ဦးမြင့်ဆွေက အုန်းပင်စိုက်ပျိုးနည်းနဲ့ပတ်သက်တဲ့ နည်းပညာများ၊ ပိုးသတ်ဆေးနဲ့မြေသြဇာသုံးစွဲပုံတို့ကို အသိပညာပေးသင်တန်းပို့ချခြင်းဖြင့်လည်းကောင်း၊ ကူးသန်း ရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးမှ ဒေးဒရဲမြို့နယ်တာဝန်ခံ ဦးဝင်းနိုင်က စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာများနဲ့ လုပ်ငန်းရှင်များလိုက်နာရမည့်ကျင့်ဝတ်များဆိုတဲ့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘိုကလေး မြို့နယ်မှ အုန်းသီးလုပ်ငန်းရှင်တစ်ဦးက အုန်းသီးကနေ အုန်းသားခြောက်၊ အုန်းမှုတ်ခွက် မီးသွေး၊ အုန်းခွံမှအုန်းဆံမျှင်၊ အုန်းဆံကြိုး၊ ခြေသုတ်ခုံ၊ တံမြက်စည်းအမျိုးမျိုးစတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အဆင့်ဆင့်တို့ကိုလည်းကောင်း အသီးသီး အသိပညာပေးသင်တန်းပို့ချခဲ့ကြပါတယ်။

တက်ရောက်လာကြတဲ့ သင်တန်းသား၊ သင်တန်းသူများရဲ့ တစ်ဦးချင်းသိလိုတဲ့မေးခွန်းများ မေးမြန်းမှုအပေါ် ဦးစန်းယု၊ ဦးမြင့်အောင်၊ ဦးဝင်းနိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြတယ်လို့သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ E-GOVERNMENT SEMINAR အလုပ်ရုံ ဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပုသိမ်ဟိုတယ်တွင် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနနှင့် တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်း၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့် တိုင်းဒေသကြီးသတင်းဆက်သွယ်မှုနည်းပညာ ဖွံ့ဖြိုးရေးကော်မတီတို့မှ ပူးပေါင်းကျင်းပသော E-government Seminar အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် အရာထမ်း၊ အမှုထမ်း များ၊ တိုင်းစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းသမဝါယမဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ခေတ်ပညာတတ် လူငယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က "ဒီကနေ့အစိုးရသစ်လက်ထက်မှာ E-government ကို အကောင်အထည်ဖော်နေခြင်းဟာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတွေကို နည်းပညာသုံးပြီး ပိုမိုမြန်ဆန်လွယ်ကူစေဖို့၊ ပြည်သူ့ဝန်ဆောင်မှုတွေကို ပွင့်လင်းမြင်သာရယူစေနိုင်ဖို့ ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး E-government အောင်မြင်ဖို့ရာ အစိုးရပိုင်းက ဆောင်ရွက်ပေးသလို ပြည်သူတွေ၊ အသင်းအဖွဲ့တွေကလည်း နားလည်အသုံးပြုမှသာ အမြန်ဆုံး အောင်မြင်မှာဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

တိုင်း ကွန်ပျူတာပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးက E-government ကြောင့် ရနိုင်မည့် အစိုးရ အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ လူမှုပတ်ဝန်းကျင်၊ နိုင်ငံသားတစ်ဦးချင်း တို့အတွက် အကျိုးကျေးဇူးများ၊ E-government အကောင်အထည်ဖော်နိုင်မည့် အဆင့်များ၊ E-government တွင် အသုံးပြုသော Application နှင့် Service၊ Toolkits များ၊ E-government တွင် အသုံးပြုနိုင်မည့် နည်းပညာများ၊ Mobile နှင့် Cloud နည်းပညာ အသုံးပြုနိုင်မှုများ၊ E-government ၏ အစိတ်အပိုင်းများဖြစ်သည့် E-trading၊ E-commerce၊ E-banking များ၏ အားသာချက်များ၊ E-government ၏ Change Management များအကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး အာဆီယံ စီးပွားရေးအသိုက်အဝန်း(AFC)နှင့် ယင်းနှင့်ဆက်စပ်နေသည့် အာဆီယံ အသိုက်အဝန်းများအကြောင်း AEC သို့ ဝင်ရောက်ရမည့်အခြေအနေ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ၊ AEC ထံသို့ ဝင်ရောက်တော့မည့် SME အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တည်ငြိမ်ရေးနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် SME-Development တွင် ICT နှင့် Mobile နည်းပညာ အသုံးပြုနိုင်ရေး၊ ငွေကြေးအရင်းအနှီးများ စီးဝင်ရေးအတတ်ပညာလွှဲပြောင်းရေး၊ Quality Production တစ်ခု ဖြစ်ပေါ်တွက်ခြေကိုက်ရေး၊ ဈေးကွက်ခိုင်မာစွာရရှိရေး၊ နည်းပညာအသုံးပြုကာ ဆောင်ရွက်နိုင်ရေးအကျဉ်းတို့ကို Power Point Slide များဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး အခမ်းအနားကို မွန်းလွဲ ၁၂း၃၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။ **မင်းမင်းဦး**

## ကချင်ပြည်နယ်မြစ်ကြီးနားမြို့မှာလည်း တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးဖွင့်ပြီ



ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏မြောက်ဖက်ပိုင်းတွင်တည်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း မိုင်ပေါင်းများစွာ ဆက်စပ်လျက်ရှိသည့်အပြင် ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့သည် လည်း စီးပွားရေးအင်အားကြီး တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေး မဟာဗျူဟာမြောက် အဓိကကျသောအာရှလီဒိုလမ်းမကြီးပေါ်တွင် တည်ရှိသည့်အတွက် စီးပွားရေးအရအဓိကအချက်အချာကျသော မြို့၊ သဘာဝတွင်းထွက်သယံဇာတ ပေါများကြွယ်ဝပြီး ကမ္ဘာပေါ်တွင် အကောင်းဆုံးကျွန်းသစ်နှင့် သစ်မာများထွက်ရှိရာ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။

(၆၇)နှစ်မြောက်ကချင်ပြည်နယ်နေ့ မနောပွဲတော်ကြီးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့၏ စီစဉ်လမ်းညွှန်မှုများအရ ကုန်စည်ပြပွဲကိုထည့်သွင်းကျင်းပခဲ့ရာ ပြည်တွင်းမှ လုပ်ငန်းရှင်များအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလည်း တက်ဟုန်းပြည်နယ်ခွဲ၊ ပေါင်ဆန်းပြည်နယ်ခွဲ၊ နုကျန်းပြည်နယ်ခွဲ၊ ထိန်ချုံးခရိုင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဒေသတွင်းမှ စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များပါလိုက်ပါလာပြီး ဒေသထွက်ကုန်များ ပြသနိုင်ခြင်းဖြင့် နှစ်နိုင်ငံ ထုတ်ကုန်လုပ်ငန်းရှင်များ အချင်းချင်းရင်းနှီးချစ်ကြည်၍ နည်းပညာများ ဖလှယ်နိုင်ခြင်း၊ အသင်းအဖွဲ့များမှ ထုတ်ကုန်ပစ္စည်းများသိရှိပြီး ပူးပေါင်းရင်းနှီးမြှုပ်နှံမှုများ သတင်း အချက်အလက်များ ဖလှယ်နိုင်ခွင့်ရရှိခဲ့ကြောင်းသိရှိခဲ့ရသည့်အပြင် တရုတ်နိုင်ငံဘက်မှကုန်စည်ပြပွဲများတွင်လည်း လာရောက်ပြသနိုင်ရေး ဖိတ်ခေါ်ခဲ့ကြောင်းသိရှိရပါတယ်။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်က မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ အမှတ် ၂၇ နေရာတွင်တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး (မြစ်ကြီးနား) ကို တက်ဟုန်းပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာကုမ်းကျင့်ကြိုင့် နှင့် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းတို့က ဖွင့်လှစ်ပေးခဲ့ကြသည့်အတွက် ကချင်ပြည်နယ်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ကုန်သည်ကြီးများအသင်းအချင်းချင်း ဝိုင်းဝန်းညှိနှိုင်းတိုင်ပင်ဆောင်ရွက်နိုင်မည်ဖြစ်တာကြောင့် ကချင်ပြည်နယ်၏ရှေ့ခရီးအနာဂတ်ဟာ ဘက်စုံထောင့်စုံကဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူတွေအတွက် ပိုမိုကောင်းမွန်သောအနာဂတ်ခရီးကိုငြိမ်းချမ်းသာယာ ပျော်ရွှင်စွာဖြင့် တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း . . . . . . . . ။

**မောင်မောင်ခိုင်(မြစ်ကြီးနား)**

## ကလေးမြို့တွင် ယက္ကန်းနည်းပညာပေး သင်တန်း ဖွင့်လှစ်မည်

ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၊ ကလေးမြို့တွင် ယက္ကန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေးသင်တန်းအား ဖွင့်လှစ်သင်ကြားပို့ချပေး မည်ဖြစ်ပါသည်။

၎င်းသင်တန်းအား မြို့ပေါ် ၁၉ ရပ်ကွက်မှ တစ်ရပ်ကွက်လျှင် သင်တန်းသားနှစ်ဦး တက်ရောက်နိုင်ကြောင်း၊ လက်ရှိ ယက္ကန်းလုပ်ငန်းလုပ်ကိုင်နေသူများလည်း တက်ရောက်နိုင်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ကလေးခရိုင်ဦးစီးမှူးရုံး နယ်မြေအတွင်းရှိ ကလေးဝနှင့် တမူးမြို့နယ်မှ သင်တန်းသားများလည်း တက်ရောက်ကြမည်ဖြစ်ပါသည်။

သင်တန်းသား ၅၀ ဦးလက်ခံသင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကို ယက္ကန်းသင်တန်းကျောင်းမှ ဆရာ၊ ဆရာမ ၄ ဦးဖြင့် သင်ကြားပို့ချမှာဖြစ်ပါတယ်။ ယက္ကန်းနည်းပညာပေးသင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်း၊ တိုင်းဒေသကြီးအစိုးရ အသေးစား၊ အလတ်စား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပံ့ပိုးမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကြီးမှူး၍ ဖွင့်လှစ်ပြီးသင်ကြားပို့ချသွားမှာ ဖြစ်ပါတယ်။

သင်တန်းကာလကို ဇန်နဝါရီ ၂၆ရက်မှ ၃၀ ရက်အထိ သင်ကြားပို့ချပြီး ၎င်းသင်တန်းတွင် အရည်အသွေးအဆင့်အတန်း မြင့်မားစေရန် ရည်ရွယ်လျက် ပြည်တွင်းသာမက ပြည်ပနိုင်ငံများပါ တင်ပို့ရောင်းချနိုင်စေရန် ယက္ကန်းခေတ်ပညာတစ်ဖက်ကမ်း ရောက်အောင် နှပ်ကော်ယက်သွားဖောက်နည်း၊ ဖဲ့လွှာကောက် အပွင့်ဖော်နည်း၊ ခြားဆွဲနည်း၊ အရောင်ဆွဲများပေါင်းစပ်နည်း၊ တိုင်းရင်းသားပေါင်းစုံ၏ ဒီဇိုင်းနည်းနှင့် အခြားလိုအပ်သော ပညာရပ်အစုံကို သင်ကြားပို့ချသွားမှာဖြစ်ပါတယ်။

**စန္ဒာမွန်၊ ကလေးမြို့**

Commodity Exchange News
Vol: 15, No.4 Monday Jan 26 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၆–၁– ၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို အိန္ဒိယဝယ်လက်က ဈေးမြှင့် အဝယ်ရှိ၊ ပဲတီစိမ်း(ခရမ်းရွှေဝါ) ဈေးကွက်စဖွင့်

ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးမြှင့်အဝယ်ရှိသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာအရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို အနိမ့်ဆုံး ၈၇၉၀၀၀ ကျပ်မှ အမြင့်ဆုံး ၈၉၀၀၀၀ ကျပ်အတွင်း ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (RC)ကိုလည်း အိန္ဒိယရဲ့ဝယ်လိုအား ဆက်တိုက်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်တန်ကို ၈၁၀၀၀၀ ကျပ်ဝန်းကျင်ဖြင့် အရောင်းရော အဝယ်ပါများခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဘုရင့်နောင်ဈေးကွက်သို့ ဒီတစ်ပတ်မှာ ပဲတီစိမ်း (ခရမ်းရွှေဝါ) စများစတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၉၀၀ ကျပ် (တစ်တန်ကို ၁၁၆၃၅၄၁ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါ တယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကိုတရုတ်အဝယ်သွက်

လားရှိုးဈေးကွက်မှာ ပြောင်းကိုနယ်စုံမှ အဝင်လှိုင်လာသလို တရုတ်ဝယ်လက်ကလည်း အဝင်ရှိသလောက် ဝယ်လိုအားသွက်ခဲ့ကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၉၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၁ သိန်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲမျိုးစုံအရောင်းအဝယ်ပါး

ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနယ်စုံမှ ဝင်ရောက်မှုပုံမှန်ရှိပေမယ့် ရန်ကုန်ဝယ်လက်က ရက်ခြားသာအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၂၇၅ ကျပ် (တစ်တန်ကို ၇၈၀၇၉၇ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေရဲ့ ဝယ်လိုအားအနည်းငယ် လျော့သွားလို့ဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၈၁၀ ကျပ် (တစ်တန်ကို ၄၉၆၀၃၅ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၇၄၂ ကျပ် (တစ်တန်ကို ၄၅၄၃၉၃ ကျပ်)ဈေး ဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၂၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီနှင့် မတ်ပဲ အဝင်လှိုင်

မုံရွာဈေးကွက်မှာ ပဲစင်းငုံနီအနေဖြင့် နယ်စုံမှ အဝင်လှိုင်လာသလို Export အတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၇၅ ကျပ် (တစ်တန်ကို ၇၈၀၇၉၇ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၅၀၀ မှ ၃၀၀၀ ကြားဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ(သစ်)ကတော့ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်မှုရှိသလို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေအဝယ်ဆိုလို့ တစ်ပိဿာကို ၁၃၃၅ ကျပ် (တစ်တန်ကို ၈၁၇၅၄၀ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီအဝင်ပုံမှန်ရှိ သိပ္ပံနှမ်းကို ရန်ကုန်ဝယ်လို အားပုံမှန်ရှိ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်)နယ်စုံမှ ပုံမှန် ဝင်ရောက်လာသလို ရန်ကုန်ဝယ်လက်နဲ့ ဒေသတွင်းလှောင်လက်တချို့ ဝယ်လိုအားပုံမှန်ရှိလို့ ဈေးမြင့်လာပြီး တစ်ပိဿာ ၁၂၇၀ ကျပ် (တစ်တန်ကို ၇၇၇၇၃၅ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကို ရန်ကုန်-မန္တလေးဝယ်လက်က အရည်အသွေးကြိုက်နှစ်သက်လို့ ဈေးပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၄၃၃၄ ကျပ် ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မန္တလေးဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို ရန်ကုန်အဝယ်သွက်၊ ပဲတီစိမ်းဈေးစွာ၊ ကုလားပဲအုပ်စုဈေးပြန်ကျ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ(သစ်)တွေ ဈေးကွက်သို့ ဆက်တိုက်ဝင်ရောက်နေသလို အိန္ဒိယအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေရဲ့ ဝယ်လိုအားကလည်းသွက်နေတာကြောင့် တစ်ပိဿာကို ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)ကတော့ ဈေးကွက်သို့ အဝင်လှိုင်နေသလို Export အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၆၀ ကျပ် (တစ်တန်ကို ၇၇၁၆၁၁ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၅၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရည်အသွေးကောင်းတဲ့ ပဲတီစိမ်း (ထိပ်စ)ပဲတွေကို တရုတ်ဝယ်လက်က ဈေးပေးအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်၊ အမှုန့်ကြိတ်စက်၊ ကြာဇံစက်နဲ့ ဒေသသုံးလုပ်ငန်းသမားများက ဝယ်လိုအားပြန်လျော့သွားတာကြောင့် ဈေးအနည်းငယ် ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၈၂၀ ကျပ် (တစ်တန်ကို ၅၀၂၁၅၉ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၇၅၀ ကျပ်(တစ်တန်ကို ၄၅၉၂၉၂ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၆၀၀ ခန့်သာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီ(သစ်)ကို ရန်ကုန် ဈေးပေးအဝယ်ရှိ

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ(သစ်)တွေ နယ်စုံမှ ပုံမှန်ဝင်ရောက်လာသလို Export အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဈေးပေးအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၂၈၅ ကျပ် (တစ်တန်ကို ၇၈၆၉၂၁ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၈၀၀ မှ ၁၀၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ မန္တလေးတင်ပို့မည့်သူများက သိပ္ပံနှမ်းနက်တစ်ပိဿာ ၄၂၂၂ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေက တက်ဈေးမျှော်ပြီး အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ရဲ့ဝယ်လိုအားကလည်း ပုံမှန်ရှိနေ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းဝင်ရောက်မှုအနေဖြင့် တစ်ပတ်အတွင်း တန် ၂၄၀၀၀ ခန့် ဝင်ရောက်ခဲ့လို့ အဝင်ပုံမှန်ရှိတယ် လို့ဆိုရမှာပါ။ အရောင်းအဝယ်အနေဖြင့် ပြောင်းဝင်သလောက် တရုတ်ဘက်ကလည်း အဆွဲသွက်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၈၇ ယွမ်မှ အမြင့်ဆုံး ၉၁ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲ၊ ပဲလွန်းဖြူနှင့် ပဲပုပ် ပုံမှန်အရောင်းအဝယ်ဖြစ်

ဟသ်ာတဈေးကွက်မှာ မတ်ပဲ(သစ်)တွေ ဈေးကွက်သို့ တစ်ရက်ကို အိတ် ၄၀၀ ခန့်အဝင်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာ ၁၄၁၀ ကျပ် (တစ်တန်ကို ၈၆၃၄၈၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ (သစ်)ကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၉၇၅ ကျပ် (တစ်တန်ကို ၅၉၇၀၈၀ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိပေမယ့် ယခင်အပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း သိရပါတယ်။ ဒေသထွက်ပဲပုပ်(သစ်)ကတော့ ရန်ကုန်ဝယ်လိုအားကပုံမှန်ရှိပြီး ရောင်းသူကုန်သည်တွေကလည်း ဝယ်ဈေးကြိုက်လို့ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၇၇၀ ကျပ်(တစ်တန်ကို ၄၇၁၅၄၀ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေးအဆွဲပုံမှန်ရှိ


တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို ရန်ကုန်-မန္တလေးက ပြောင်းရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၅၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပြောင်းပိဿာချိန် ၆ သိန်းကျော်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်တွင် ပဲစင်းငုံနီဈေးမာ၊ ပဲတီစိမ်းဈေးကျ၊ မတ်ပဲ ပုံမှန်အရောင်းအဝယ်ဖြစ်


ပြည်ဈေးကွက်မှာ ပန်းတောင်း၊ ပေါက်ခေါင်းဘက်မှ ပဲစင်းငုံနီ (သစ်)တွေပုံမှန်ဝင်ရောက်ခဲ့ပြီး ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိတာကြောင့် ယခင်အပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ် ပိဿာ ၁၂၈၀ ကျပ်(တစ်တန်ကို ၇၈၃၈၅၉ ကျပ်)ဈေးဖြင့် တစ်ရက် ကိုအိတ် ၆၀၀ ခန့်အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းအနေဖြင့် ဒီတစ်ပတ်မှာ ပဲအဝင် လျော့လာသလို မန္တလေးဝယ်လက်ကလည်း ဈေးလျော့အဝယ်ရှိတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၁၇၂၅ ကျပ် (တစ်တန်ကို ၁၀၅၆၃၇၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ(သစ်)တွေ ဈေးကွက်ထဲဝင်လာပေမယ့် အဝင်မလှိုင်သေးကြောင်း၊ လတ်တလောဝင်လာတဲ့ မတ်ပဲကို တစ်ပိဿာ ၁၃၉၀ ကျပ် (တစ်တန်ကို ၈၅၁၂၂၂ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၀၀ မှ ၂၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲအုပ်စု ပုံမှန်အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးတန့်နေ

ရေစကြိုဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များနှင့် အမှုန့်ကြိတ်စက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ ပဲခွဲစက်တွေရဲ့ ဝယ်လိုအားကြောင့် ဈေးတရိပ်ရိပ်မြင့်တက်ခဲ့တဲ့ ကုလားပဲကတော့ ဒီတစ်ပတ်မှာ ရောင်းလိုအားများလို့ ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၈၀၀ ကျပ် (တစ်တန်ကို ၄၈၉၉၁၂ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၇၄၂ ကျပ် (တစ်တန်ကို ၄၅၄၃၉၃ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၃၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးအထောက်အကူပြု ဖြည့်စွက်အစားအစာဆိုင်ရာ ထုတ်ကုန်ပစ္စည်းလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ




မြန်မာနိုင်ငံက အိမ်ရှင် အဖြစ် လက်ခံကျင်းပသော အာဆီယံ တိုင်းရင်းဆေးနှင့် ကျန်းမာရေး အထောက်အကူပြု ဖြည့်စွက်အစားအစာ ဆိုင်ရာ ထုတ်ကုန်ပစ္စည်းလုပ်ငန်း အဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဟိုတယ် ရွှေပြည်သာခန်းမတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ တိုင်းရင်း ဆေးပညာရှင်များ၊ ထုတ်လုပ်သူများ တက်ရောက်ကြပြီး ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးက အဖွင့်အမှာစကားပြောကြားသည်။

အာဆီယံ တိုင်းရင်းဆေးနှင့် ကျန်းမာရေး အထောက်အကူပြု ဖြည့်စွက်အစားအစာဆိုင်ရာ ထုတ်ကုန်ပစ္စည်း အစည်းအဝေးတွင် အာဆီယံနိုင်ငံများ၏ တိုင်းရင်းဆေးနှင့် ကျန်းမာရေး အထောက်အကူပြု ဖြည့်စွက်အစားအစာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ၏ စံအရည်အသွေးများ တစ်ပြေးညီသတ်မှတ်ရေး၊ တိုင်းရင်းဆေးဝါးများနှင့် ကျန်းမာရေးအထောက် အကူပြုဖြည့်စွက်အစာများကို အာဆီယံနိုင်ငံအချင်းချင်း မှတ်ပုံတင်၍ တင်ပို့ရောင်းချရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းများ ညှိနှိုင်းဆွေးနွေးကြသည်။

တိုင်းရင်းဆေးနှင့်ကျန်းမာရေး အထောက်အကူပြု ဖြည့်စွက်အစားအစာဆိုင်ရာ သဘောတူညီမှုကို ၂၀၁၅ ခုနှစ်ကုန်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ပြီး တိုင်းရင်းဆေးဝါးများ ထုတ်လုပ်မှုနည်းပညာဖလှယ်ရေး၊ ဆေးဖက်ဝင်အပင်များ သုတေသနပြုထိန်းသိမ်းရေးများ အမြင်ခြင်း ဖလှယ်ဆွေးနွေးကြကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## မလေးရှားနိုင်ငံတွင်ASEAN SME Showcase and Conference 2015 ပြပွဲ

မလေးရှားနိုင်ငံတွင် မေ ၂၆ ရက်မှ ၂၈ ရက်အထိ ASEAN SME Showcase and Conference 2015 ပြပွဲအား ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ မလေးရှားနိုင်ငံ၌ ပြုလုပ်မည့် အာဆီယံစီးပွား ရေးဆိုင်ရာ အစည်းအဝေးများကို Kelantan မြို့၊ Hotel Perdana/Renaissance တွင် ဖေဖော်ဝါရီလ ၂၇ ရက်မှ မတ် ၁ ရက်အထိ 21st AEM Retreat နှင့် ဆက်စပ်အစည်းအဝေးကိုလည်းကောင်း၊ ကွာလာလမ်ပူမြို့၊ KLLC Convention Centre တွင် ဧပြီလ ၂၄ ရက်မှ ၂၇ ရက်အထိ 26th ASEAN Summit ကိုလည်းကောင်း၊ ဩဂုတ် ၂၂ ရက်မှ ၂၅ ရက်အထိ 47th AEM, RCEP Ministerial Meeting ကို လည်းကောင်း၊ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ 27th ASEAN Summit & Related Summits ကိုလည်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

ASEAN SME Showcase and Conference 2015 ပြပွဲသို့ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံတိုင်းမှ မိမိတို့၏ရိုးရာ၊ ယဉ်ကျေးမှု၊ ထုတ်ကုန်နှင့်စီးပွားရေး လုပ်ငန်းဆိုင်ရာ ကိုယ်ပိုင်ပြခန်းများ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ(IT)**

## ကျေးလက်ဒေသအသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန်များ ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီမှ ဦးဆောင်၍ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၈ ရက် နေ့အထိ မန္တလေးမြို့၊ အမျိုးသားကဇာတ်ရုံတွင် ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန် အလားအလာရှိသော ထုတ်ကုန်များ ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၉ နာရီမှ ည ၉ နာရီအထိ ၁၀ ပေပတ်လည် ပြခန်း ၁၀၀ ခန့်ဖြင့်သုံးရက်ကြာ ကျင်းပပြသမည် ဖြစ်ကြောင်း သတင်းရရှိပါသည်။ ကုန်စည်ပြပွဲနှင့် အတူအလုပ်ရုံဆွေးနွေး ပွဲကျင်းပခြင်း ဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်ပ ပို့ကုန်အလားအလာရှိသော လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ကျေးလက်ဒေသအသေးစားထုတ်ကုန်ပစ္စည်းများ နှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

## ၂၀၁၅ ခုနှစ် ထိုင်းနိုင်ငံ၌ကျင်းပမည့် ကုန်စည်ပြပွဲများ

ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ ဦးဆောင်၍ အောက်ဖော်ပြပါကုန်စည်ပြပွဲများ ကျင်းပမည်ဖြစ်ပါ၍ ပါဝင်ပြသရန် စိတ်ပါဝင်စားပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည် -

(၁) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန (နေပြည်တော်)၊ ရုံးအမှတ် (၅၂)၊ ဖုန်း ၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၂၉၀၊ ဖက်(စ်) ၀၆၇-၄၃၀၁၃၈၊ Email:moctradefair@gmail.com

(၂) အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ၊ အမှတ် ၊ ၂၂၈/၂၄၀ ဒုတိယထပ် ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့် ရန်ကုန်မြို့၊ ဖုန်း၊ ၀၁-၂၅၄၀၂၄၊ ဖက်(စ်)၀၁-၂၅၄၀၂၃၊ Email:itpic.moc@ gmail.com

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် UMFCCI၊ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၉၅-၁-၂၁၄၃၄၄-၄၉၊ ဖက်(စ်) ၉၅-၁-၂၁၄၈၄ တို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဖော်ပြလိုက်ပါတယ်။

**DTP-MTC**

| စဉ် | ကျင်းပမည့်မြို့/နေရာ | နေ့ရက် | ပြပွဲအမည် | မြန်မာနိုင်ငံမှပါဝင် ပြသမည့် ပြခန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ထိုင်းနိုင်ငံဘန်ကောက် | ၁၁. ၃. ၂၀၁၅<br>၁၅. ၃. ၂၀၁၅ | Bangkok International Fashion Fair & Bangkok International Leather Fair | ပြခန်း(၆)ခန်း |
| ၂။ | ထိုင်းနိုင်ငံ | ၁၁. ၃. ၂၀၁၅<br>၁၅. ၃. ၂၀၁၅ | Thailand International Furniture Fair | ပြခန်း(၆)ခန်း |
| ၃။ | ထိုင်းနိုင်ငံဘန်ကောက် BITEC အဆောက်အအုံ | ၁၉. ၃. ၂၀၁၅<br>၂၂. ၃. ၂၀၁၅ | International Innovative Craft Fair 2015 | ပြခန်း(၂)ခန်း |
| ၄။ | ထိုင်းနိုင်ငံ | ၂၀. ၅. ၂၀၁၅<br>၂၄. ၅. ၂၀၁၅ | THAIFEX-World of Food Asia | ပြခန်း(၆)ခန်း |

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပမည့် The 9th China (Guangzhou) International High Quality Rice and Brand Grains Exhibition ၂၀၁၅ ပြပွဲ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်တုံပြည်နယ်၊ ကွမ်ကျိုးမြို့တွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ The 9th China (Guangzhou) International High Quality Rice and Brand Grains Exhibition 2015 ပြပွဲ အားကျင်းပမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန်၊ အိန္ဒိယ၊ အမေရိကန်၊ ဂျပန်၊ မြန်မာ၊ မြောက်ကိုရီးယား စသည့် ကုမ္ပဏီပေါင်း ၅၀၀ ကျော်ခန့်မှ ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ ခေတ်မီဆန်စပါးကြိတ်ခွဲမှုနည်းပညာများ၊ ထုတ်ပိုးမှု ဆိုင်ရာကိရိယာများ၊ စားသောက်ကုန်များအားသွားရောက် ပြသရောင်းချမည်ဖြစ်ပါသည်။ အဆိုပါပြပွဲသည် ကမ္ဘာတစ်လွှားရှိ ဆန်စပါးကဏ္ဍ မှ ရောင်းသူဝယ်သူ ချိတ်ဆက်သည့် အဓိကပြပွဲကြီး ဖြစ်ပါသည်။ ပြခန်းခမှာ တရုတ် ကုမ္ပဏီ (36m²) ၉၀၀ ယွမ်/ m² နှင့် နိုင်ငံခြားကုမ္ပဏီ ၃၀၀ USD/m² ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ နောက်ဆုံးအမည်စာရင်းပေးသွင်း ရမည် ဖြစ်ပါသည်။ စိတ်ပါဝင်စားသည့် မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်သိရှိလိုပါက Mr. Chaung၊ ဖုန်း-၀၀၈၆-၁၅၉၁၄၃၆၉၆၈၇၊ Email: 1761910227@QQ.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

## စီးပွားရေးဆိုင်ရာ အသိအမြင်များ တိုးပွားစေရေးနှင့် အခွင့်အလမ်းကောင်းများ ပါဝင်ဆောင်ရွက်နိုင်စေရေး ဟောပြောဆွေးနွေး




HUB Myanmar မှ ကြီးမှူး ၍ စီးပွားရေးဆိုင်ရာ အသိအမြင်များကို နည်းစနစ်ကျကျ သိမြင်တိုးပွားပြီး မြန်မာနိုင်ငံ၏ တိုးတက်ပွင့်လင်းလာသော စီးပွားရေး အခွင့်အလမ်းကောင်းများတွင် ပါဝင်ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်ကျင်းပသော Better Future Better Myanmar ၂၀၁၅ စီးပွားရေးဆိုင်ရာ အခမဲ့ပညာပေး ဟောပြောဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉နာရီမှ မွန်းလွဲ ၁၂ နာရီအထိ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်ရှိ ဟိုတယ်မန္တလေး မင်္ဂလာခန်းမတွင် ကျင်းပရာမန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေး တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ကုမ္ပဏီ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာ အကြံပေးပညာရှင်ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် Device Business Management Academy Principal ဦးတင်ဇံကျော်တို့က Promoting Entrepreneurship ခေါင်းစဉ်ဖြင့် အောင်မြင်သူတစ်ယောက် ဖြစ်လိုလျှင်အလုပ်ကို ချစ်မြတ်နိုးတတ်ရန်လိုအပ်ခြင်း၊ လုပ်ငန်းခွင်နှင့် ဘဝအောင်မြင်လိုသူများအတွက် အောင်မြင်မှု၏ လျှို့ဝှက်ချက်များအကြောင်း ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။

အခမဲ့စီးပွားရေးပညာရပ် များဟောပြောပွဲကို မြန်မာနိုင်ငံရှိမြို့ကြီး ခုနစ်မြို့တွင် ကျင်းပပေးနေရာ ဒုတိယအကြိမ် ဟောပြောပွဲကို ၂၀၁၅ ခုနှစ်ဧပြီ ၂၅ ရက်တွင် အမျိုးသားကဇာတ်ရုံ၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# တည်ငြိမ်မှုမရှိက အိန္ဒိယ-မြန်မာကုန်သွယ်မှုများကို ထိခိုက်စေနိုင်

အိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ်၊ ချဉ်ဒယ်ခရိုင်၊ မိုးရေးမြို့ရှိ ဒေသခံလူမှုအဖွဲ့အစည်းများသည် ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့၌ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီး ၎င်းတွေ့ဆုံပွဲတွင် လူမျိုးစုများကြား ပဋိပက္ခဖြစ်ပွားမှု မရှိစေရန်နဲ့ ငြိမ်းချမ်းစွာ လက်တွဲနေထိုင်ကြရန်၊ တည်ငြိမ်အေးချမ်းမှုမရှိပါက အိန္ဒိယ-မြန်မာနယ်စပ်ကုန်သွယ်ရေးနှင့် အိန္ဒိယအရှေ့တောင်အာရှနိုင်ငံတို့ရဲ့ ကုန်သွယ်မှုမှုများကို ထိခိုက်စေနိုင်ကြောင်း၊ လူမျိုးစုများအနေဖြင့် ငြိမ်းချမ်းစွာ အတူတကွလက်တွဲပြီး မိုးရေးမြို့၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**နေထက်မင်း (တမူး)**

## ကော့သောင်းနယ်စပ်မှ ဇန်နဝါရီလ ၁၆ ရက်အတွင်း ပင်လယ်ငါးရှဉ့် ရှစ်တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ဇန်နဝါရီ လ ၁၆ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်းတန်ဖိုးရှိ ပင်လယ် ငါးရှဉ့် ရှစ်တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုရက်သတ္တပတ်အတွင်း ပင်လယ်ငါးရှဉ့်အပြင် ကန်ဒေါ်လာ သုည ဒသမ ၆၂၈ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၆၇၉ တန်၊ ပုဇွန် ၅တန်ကျော်နဲ့ ရေဘဝဲ ၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ဒီဇင်ဘာလ အတွင်းမှာလည်း ကန်ဒေါ်လာ သုည ဒသမ ၀၇၆ သန်းတန်ဖိုးရှိ ပင်လယ်ငါးရှဉ့် ၅၈ တန်နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## မြဝတီနဲ့ မြိတ်နယ်စပ်မှ ရေထွက်ကုန်ပိုမိုတင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ဖြစ်သော မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၄ ဒသမ ၃၈၈ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၃၄၈၈ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၁၇၉ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

နယ်စပ်စခန်းများအလိုက် ဆောင်ရွက်နိုင်မှုများမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၆၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၉၁ တန်နီးပါး၊ ကဏန်း ၁၁ တန်ကျော်၊ ပုစွန် ၃ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၆၄၁ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၆၇၉ တန်ကျော်၊ ပုစွန် ၅ တန်ကျော်၊ ပင်လယ်ငါးမှုန့် ၇ တန်ကျော်၊ ရေဘဝဲ ၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၅၇၀ ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃ ဒသမ ၅၈၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၄၀၉ တန်ကျော်၊ ရေခဲပုစွန် ၉၄ တန်ကျော်၊ ကင်းမွန် ၃၉ တန်ကျော်၊ ငါးအသားလွှာ ၂၄ တန်၊ ငါးမှုန့် တန် ၉၆၀၊ ပုစွန်ခြောက် ၂ တန်ကျော်၊ ငါးခြောက် ၉ တန်ကျော်၊ ကဏန်းနီ ၈၉ တန်ကျော်၊ ကဏန်းပျော့ ၅၅ တန်ကျော်၊ ခရုအသား ၁ တန်ကျော်နဲ့ သဲကဏန်း အနည်းငယ်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၇၄၅ တန်နီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## မူဆယ်မှ ရွှေဖရုံသီးပါ တင်ပို့

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်အတွင်း ကန်ဒေါ်လာ ၅၅၀၇ တန်ဖိုးရှိတဲ့ ရွှေဖရုံသီး ၅၇ တန်ကို မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်ပြည်ကို တင်ပို့ခဲ့ပါတယ်။ ရွှေဖရုံသီးအပြင် ပုံမှန်တင်ပို့နေကျ ဖရဲသီး ၃၂၅၂၃ တန်၊ သခွားမွေး ၂၅၂၀ တန်၊ ဆီးသီး ၈၆၃ တန်ခွဲတို့ကိုလည်း ကန်ဒေါ်လာ ၄ ဒသမ ၇၆၂ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခုရက်သတ္တပတ်မှာလည်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးကလည်း ကန်ဒေါ်လာ ၃၆၅၀၉ တန်ဖိုးရှိ လိမ္မော်သီး ၁၉၈ တန်တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က တာချီလိတ်က လိမ္မော်သီး ၁၃၂ တန်သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ လိမ္မော်သီး တင်ပို့မှုလည်း ပိုမိုလာတာတွေ့ရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ကော့သောင်းနယ်စပ်မှ ရေဘဝဲ ၄တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ၁၆ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတန်ဖိုးရှိ ရေဘဝဲ ၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ရေဘဝဲအပြင် ကန်ဒေါ်လာ သုည ဒသမ ၆၃၄ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၆၇၉ တန်ကျော်၊ ပုစွန် ၅ တန်ကျော်နဲ့ ပင်လယ်ငါးရှဉ့် ၇တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်းမှာလည်း ရေဘဝဲ တန်ချိန် ၆ တန်နီးပါး တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်း နီးပါးတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

# မူဆယ်(၁၀၅)မိုင်အဝင်အထွက်လမ်းများအား လေးလမ်းသွားအဖြစ်ဖောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းလျက်ရှိ

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ရဲ့ ဒီဇင်ဘာလအတွက် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဒီဇင်ဘာလ ၂၄ ရက်နေ့က ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမမှာပြုလုပ်ခဲ့ရာ OSS ဌာနများ၊ ကုန်စည်ဒိုင်များ၊ FDA ၊ MITS ၊ မော်တော်ယာဉ်အသင်းများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါတယ်။

အစည်းအဝေးတွင် ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင် ဥက္ကဋ္ဌက ယခုအခါ ပြောင်းဈေးနှုန်းကျဆင်းနေတဲ့အတွက် ပြောင်းတစ်တန်ဈေးကို ဒေါ်လာ ၂၇၀ သို့ လျှော့ချသတ်မှတ်ပေးစေလိုကြောင်းနဲ့ ကုန်စည်ဒိုင်အဝင်အထွက် ကားလမ်းကြောင်းမှာ အတက်၊ အဆင်းမောင်းနှင်လျက်ရှိသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နိုင်တဲ့အတွက် အတက်တစ်လမ်း၊ အဆင်းတစ်လမ်း သတ်မှတ်ပေးစေလိုကြောင်း၊ သစ်သီးကုန်စည်ဒိုင် ဥက္ကဋ္ဌမှ လက်ရှိသစ်သီးတင်ပို့မှုတွင် ဈေးနှုန်းတွက်ခြေမကိုက်ခြင်း၊ သယ်ယူစရိတ်ကြီးမြင့်နေခြင်းများကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နေခြင်းတို့ကို အဆင်ပြေစွာ တင်ပို့နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ဆီးသီးတင်ပို့ရောင်းချတဲ့ ရာသီလည်းဖြစ်ရာ ဆီးသီးများလျင်မြန်စွာ တင်ပို့ရောင်းချနိုင်မှသာ ဈေးကောင်းရရှိမည်ဖြစ်ကြောင်း၊ ဆီးသီးတင်ယာဉ်များနဲ့ ရေထွက်ပစ္စည်းယာဉ်များအား ဦးစားပေးကုန်ပစ္စည်းအဖြစ်သတ်မှတ်ပြီး ကုန်သွယ်ရေးဇုန်သို့ အလှည့်ကျော်ဝင်ရောက်ခွင့်ပြုပေးစေလိုကြောင်း၊ မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေးအသင်းဥက္ကဋ္ဌက စက်ပစ္စည်းများ လိုင်စင်လျှောက်ထားပြီး ဂျူတီဆောင်သည့်အခါ အကောက်ခွန်ဦးစီးဌာနမှ ဈေးနှုန်းပြင်ဆင် သတ်မှတ်မှုများနဲ့ သက်ဆိုင်ရာဌာနအချင်းချင်း မည်သို့ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း၊ C/O ကွဲလွဲမှုကြောင့် သိမ်းဆည်းကုန်ပစ္စည်းများအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ မည်ကဲ့သို့တင်သွင်းခွင့်ပြုနိုင်မည်ကို သိရှိလိုကြောင်း၊ ၂၀၁၅ ခုနှစ်မော်တော် ဆိုင်ကယ်ဈေးနှုန်းသတ်မှတ်ပေးရန် ကိစ္စများကို ဆွေးနွေးတင်ပြခဲ့ကြပါတယ်။

OSS အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောင်းဈေးနှုန်းအား ဒေါ်လာ ၂၇၀ လျှော့ချသတ်မှတ်ပေးရန်ကိစ္စနဲ့ ပတ်သက်ပြီး ဈေးနှုန်းသတ်မှတ်ရာတွင် လက်ရှိဈေးနှုန်းနဲ့ ရန်ကုန်မှ သတ်မှတ်ပေးထားသည့် ဈေးနှုန်းကွာခြားမှုမရှိစေရန် ဈေးနှုန်းညှိနှိုင်း အစည်းအဝေးတွင် ပြန်လည်တင်ပြပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူးက ကုန်စည်ဒိုင်များသို့ သွားရောက်တဲ့အဝင်၊ အထွက် ကားလမ်းအား OSS အဖွဲ့နဲ့ ကုန်စည်ဒိုင်များပူးပေါင်း၍ မြေပြင်ကွင်းဆင်းလေ့လာပြီး Layout Plan အနေအထားအရ ဆောင်ရွက်သင့်သည်ကိုအသေးစိတ် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အသီးတင်ယာဉ်များကို နံနက် ၉ နာရီမတိုင်မီလေလံပွဲသို့ ရောက်ရှိစေရေး ဦးစားပေးစေလွှတ်ပေးပြီး ၉ နာရီ နောက်ပိုင်းအခြားကုန်တင်ယာဉ်များနည်းတူတန်းစီစောင့်ဆိုင်းစနစ်ဖြင့် စေလွှတ်ပေးလျက်ရှိကြောင်း ဦးစားပေးကုန်အဖြစ် သတ်မှတ်ရန်မှာ ကုန်သည်လုပ်ငန်းရှင်များ၊ ကုန်စည်ဒိုင်များအချင်းချင်း ကြိုတင်ညှိနှိုင်းဆွေးနွေးရမည်ဖြစ်ကြောင်း၊ သဘောတူညီမှုရပါက ဌာနများအနေနဲ့ အကောင်အထည်ဖော်ဆောင်ပေးရန် အခက်အခဲမရှိကြောင်း၊ JBTCCC အစည်းအဝေးဆုံးဖြတ်ချက်မှာ ပါဝင်တဲ့ ဆန်၊ ပြောင်း တင်ပို့ရောင်းချပြီး တရုတ်ကုန်သည်များမှ ငွေပေးချေခြင်းမရှိတဲ့အတွက် နစ်နာလျက်ရှိတဲ့ မြန်မာကုန်သည်များကိစ္စအား မိမိဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ မိမိဘက်တွင် ဈေးကွက်ရရှိရေး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း၊ ဘုရားပန်းများ တင်သွင်းရာတွင် အပင်ပိုးမွှားကင်းရှင်းရေးဦးစီးဌာနက ရောက်ရှိလာသည့် ကုန်ပစ္စည်းအပေါ် ကို နမူနာရယူစစ်ဆေးပြီး ထောက်ခံချက်ပြုလုပ်ပေးနေကြောင်း၊ လိုင်စင်လျှောက်ရန် ကြိုတင်ထောက်ခံချက်ပေးရန် မလိုကြောင်း၊ မူဆယ်ထုတ်နုတ်အင်အား Mobile Team အဖွဲ့အနေနဲ့ ဒုတိယသမ္မတလမ်းညွှန်ချက်အတိုင်း ဆောင်ရွက်နေရတဲ့အတွက် Mobile Team ရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိနားလည်သဘောပေါက်စေလိုကြောင်း၊ ဆိုင်ကယ်ဈေးနှုန်းနဲ့ ပတ်သက်၍နေပြည်တော် (ရုံးချုပ်) ရှိ သွင်းကုန်လုပ်ငန်းဌာနခွဲနဲ့ အကောက်ခွန်ဦးစီးဌာနတို့ပူးပေါင်း၍ အနီးစပ်ဆုံး ဈေးနှုန်းဖြစ်စေရေး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရဲ့အဝင်အထွက်လမ်းများအား လေးလမ်းသွားအဖြစ်ဖောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းလျက်ရှိပြီး ကုန်တင်ယာဉ်များမြို့တွင်းသို့ မဝင်ဘဲ မြို့ပြင်မှ သွားလာနိုင်တဲ့ မြို့ရှောင်လမ်းတစ်လမ်း ဖောက်လုပ်နိုင်ရေးအတွက်ကိုပါ ညှိနှိုင်းလျက်ရှိကြောင်း သိရပါတယ်။ အဲဒီလိုလေး လမ်းသွားဖောက်လုပ်ရေးနှင့် မြို့ရှောင်လမ်းဖောက်လုပ်ရေးတို့အတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ ကုန်သည်လုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားခဲ့တာဖြစ်ပါတယ်။

**ယဉ်ယဉ်အေး MIRT ( DCCA)**

■

# မော်လမြိုင်-ရန်ကုန်အဆန်အထူးအမြန်လူစီးရထားပေါ်မှ တားဆီးရမိပစ္စည်းတန်ဖိုး ကျပ် သန်း ၁၀၀ ကျော်ဖိုးရှိ

သတင်းပေးချက်အရ မော်လမြိုင်မှ ရန်ကုန်သို့ ဇန်နဝါရီလ ၁၄ ရက်နေ့က ထွက်ခွာလာတဲ့ အဆန်အထူး အမြန်လူစီးရထားပေါ်မှ ၈၁၈ သန်းကျော်တန်ဖိုးရှိ ကွမ်းစားဆေး (အာမွှေး)၊ အချိုမှုန့်နဲ့ အဝတ်အထည်ဟောင်းများကို အသေးစိတ်စစ်ဆေးပြီး အကောက်ခွန်သိုလှောင်ရုံသို့ အပ်နှံထားပြီးဖြစ်ပါတယ် (Commerce Journal Vol-15 -No-3)

လက်တိုဂျင် နို့မှုန့်၊ ကော်ဖီမစ်၊ Non-Dairy Creamer၊ LCD TV မျိုးစုံ၊ မိန်းမစီးဖိနပ်၊ ပလတ်စတစ်ဖျာ (တစ်ယောက်အိပ်)များကို ဆက်လက်ရေတွက်စစ်ဆေးရာမှာတော့ ခန့်မှန်းတန်ဖိုးကျပ် ၁၈၃ ဒသမ ၂၆၇သန်း တန်ဖိုးရှိပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ထားပြီးဖြစ်တယ်လို့ သတင်းထပ်မံရရှိပါတယ်။ သိမ်းဆည်းရမိပစ္စည်းတွေကတော့ ( USED/ DAMAGED) Sharp 12" 120 လုံး၊ Panasonic 14" 72လုံး၊ TV 26" 18 လုံး၊ TV 32" 28 လုံး၊ ပလတ်စတစ်ဖျာ (တစ်ယောက်အိပ်) ၃၁၈ ချပ်၊ လက်တိုဂျင်နို့မှုန့် (Nestle - ၆၅၀ ဂရမ်) ၁၂၀ ဗူး၊ Non-Dairy Creamer ၁၀၀၀ ဂရမ် ၁၃၂ ထုပ်၊ Michael Brand မိန်းမစီးဖိနပ် ၁၁၃၄ ရံနဲ့ Master Cup Coffeemix ၁၄၉ ထုပ်လို့ သိရပါတယ်။

မော်လမြိုင်-ရန်ကုန်အမြန်ရထားပေါ်မှာ တင်ဆောင်လာတဲ့ တရားမဝင်အကောက်ခွန်မဲ့ ပစ္စည်းများအား အကောက်ခွန်အမှုတွဲ နှစ်မှုဖွင့်လှစ်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားတယ်လို့ သိရပါတယ်။ ယခုအကြိမ် ဖမ်းဆီးရမိတန်ဖိုးမှာ ကျပ် ၁၀၀ ဒသမ ၁၃၇ သန်းရှိပြီး ဒီဇင်ဘာလ ၂၁ ရက်နေ့က မော်လမြိုင်-ရန်ကုန် အစုန်အမြန်ရထားပေါ်က ဖမ်းဆီးရမိတန်ဖိုးမှာ ကျပ် ၁၄၅ ဒသမ ၅၂၈ သန်းရှိရာ ရထားပေါ်မှ နှစ်ကြိမ်ဖမ်းဆီးရမိတန်ဖိုးမှာ ကျပ် ၂၄၅ ဒသမ ၆၆၅ သန်းကျော်ရှိနေပြီဖြစ်ပါတယ်။ **DCCA**

# တရားမဝင်သယ်ဆောင်လာတဲ့ တရုတ်နိုင်ငံထုတ်ဘီယာများနဲ့ ရေသန့်ဘူးများသိမ်းဆည်းရမိ

တာချီလိတ်နယ်စပ်ကုန်သွယ်ရေး Mobile Team အဖွဲ့ဟာ နောင်ဖာရွာထိပ်တွင် တရားမဝင်ကုန်သွယ်မှု ပြုနေတဲ့ ယာဉ်များအား စောင့်ဆိုင်းရှာဖွေစဉ် ဇန်နဝါရီလ ၁၉ ရက်နေ့ညနေ ၇ နာရီ ၄၅ မိနစ်အချိန်တွင် မိုင်းယန်-မိုင်းခတ်မှ ကျိုင်းတုံမြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ် 2G/xxxx (Canter) ယာဉ်အားအဖွဲ့စုံဖြင့် စစ်ဆေးခဲ့ရာ တရုတ်နိုင်ငံထုတ် King Star Beer ၅၇၂ ဖာ ခန့်မှန်းတန်ဖိုး ၂၀၅၉၂၀၀ ကျပ်နဲ့ ယာဉ်တန်ဖိုး ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၂၀ အားသိမ်းဆည်းရမိခဲ့သဖြင့် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ယာဉ်မောင်းအား အမှုဖွင့် အရေးယူဆောင်ရွက်နေတယ်လို့ သိရပါတယ်။

အလားတူဇန်နဝါရီလ ၁၉ ရက်နေ့မှာ 7A/xxxx (Mini Bus) ခရီးသည်တင်ယာဉ်အား Mobile Team အဖွဲ့စုံဖြင့် စစ်ဆေးခဲ့ရာ ဟိန်းယွန်းဗာဂျီးနီးယားကုမ္ပဏီမှ ရှမ်းပြည်နယ်၊ ပန်ခမ်းမြို့တွင် စက်ရုံတည်ထောင် ထုတ်လုပ်သော PORAI တံဆိပ်ပြည်တွင်းဖြစ် စီးကရက်များနဲ့ ရောနှောတင်ဆောင်လာတဲ့ တရုတ်နိုင်ငံထုတ်ရေသန့်ဘူး ၂၄၀ ဖာအား ပိုင်ရှင်မဲ့ သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိသဖြင့် Mobile Team အဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်တွင်းဖြစ် စီးကရက်များအား ပိုင်ရှင်သို့ပြန်လည်ပေးအပ်ပြီး FDA ထောက်ခံချက်မရှိသော တရုတ်နိုင်ငံထုတ်ရေသန့်ဘူး ၂၄၀ ဖာ ခန့်မှန်းတန်ဖိုး ၅၇၆၀၀၀ ကျပ်အား အကောက်ခွန်အမှုတွဲဖွင့်လှစ်သိမ်းဆည်းထားတယ်လို့သိရပါတယ်။

**DCCA**

# မြဝတီ-ရန်ကုန်လမ်းကြောင်းပေါ်ရှိ လှူပ်ရှား-၂ (Mobile Team) ညောင်ခါးရှည်မှ အကောက်ခွန်မဲ့တင်သွင်းလာသော (လိုင်စင်မဲ့) ယာဉ်သုံးစီးအား တားဆီးအရေးယူခဲ့



တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီမှ ဖွဲ့စည်းပေးထားသော မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်း ပေါ်ရှိ Mobile Team (လရ-၂) အဖွဲ့သည် စစ်တောင်းတံတားဟောင်း/သစ် လမ်းဆုံရှိ ညောင်ခါးရှည်တွင် အခြေပြုလျက် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၎င်းသို့ဆောင်ရွက်လျက်ရှိစဉ် မြဝတီမှ ရန်ကုန်သို့ဝင်ရောက်လာသော ကုန်တင်ယာဉ်၊ ခရီးသည် တင်ယာဉ်နှင့် လူစီးယာဉ်များအား တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရန်အတွက် စစ်ဆေးနေစဉ် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၈ ရက်နေ့ မနက် ၄ နာရီအချိန်ခန့်တွင် သထုံမှ ရန်ကုန်လမ်းကြောင်းအတိုင်း မောင်းနှင်လာသော ယာဉ်အမှတ် 3G/ xxxx (Honda CRV) ယာဉ်အားလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ မနက် ၄ နာရီ ၁၅ မိနစ်အချိန်ခန့်တွင် သထုံမှ ရန်ကုန်လမ်းကြောင်းအတိုင်း မောင်းနှင်လာသော ယာဉ်အမှတ် 7C/xxxx (Air Wave) ခဲရောင်ယာဉ်နှင့် မနက် ၄ နာရီ ၃၀ မိနစ်အချိန်ခန့်တွင် ယာဉ်အမှတ် 6E/xxxx (Mark II) ရွှေငါးအဖြူရောင် ယာဉ်တို့အား Mobile Team ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးရာ လိုင်စင်၊ ဝိုးတက်နှင့် ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင်တင်သွင်းလာသော လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ပါသည်။ ထိုသို့ စစ်ဆေးနေစဉ် ယာဉ်မောင်းများမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အဆိုပါလိုင်စင်မဲ့မော်တော်ယာဉ်များအား ပိုင်ရှင်မဲ့အဖြစ် တားဆီးထိန်းသိမ်းခဲ့ရကြောင်း သတင်းရရှိသည်။

တားဆီးထိန်းသိမ်းခဲ့သော တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်း သယ်ဆောင်လာသည့် အကောက်ခွန်မဲ့ (လိုင်စင်မဲ့) မော်တော်ယာဉ် သုံးစီးတို့အား လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံခဲ့ပြီးဖြစ်သည်ဟုသိရသည်။

**Mobile Team**

# မယ်ယန်းစစ်ဆေးရေးဂိတ် ရှောင်ကွင်းလမ်းပေါ်က သုံးဘီးယာဉ် ၂စီးပေါ်မှ လူသုံးကုန်များ ဖမ်းဆီးရမိ

တာချီလိတ်-ကျိုင်းတုံလမ်းမကြီးတောင်သုံးလုံးကျေးရွာအနီးမှာ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း ထုတ်နုတ်အင်အား Mobile Team မှ ဦးစီးအရာရှိ ဦးစီးသောအဖွဲ့ဟာ ကင်းပုံးဝပ်စောင့်ဆိုင်းနေစဉ် သုံးဘီးယာဉ် ၃ဟ/xxxx နဲ့ ၄ဟ/xxxx တို့အားတားဆီးစစ်ဆေးရာမှာ ပိတ်လိပ် အဝတ်အထည်၊ နေရောင်ကာလိုက်ကာစနဲ့ Wall Covering တို့အား သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၃၈ သိန်းကျော်တန်ဖိုးရှိပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ မြို့နယ်အကောက်ခွန်ရုံးသို့ အပ်နှံထားပြီးဖြစ်တယ်လို့ သိရပါတယ်။

**DCCA**

# ခန့်မှန်းတန်ဖိုးကျပ် ၂၁ သိန်းကျော်တန်ဖိုးရှိ အေးခဲဘဲသား၊ ကြက်သားများ ရှောင်ကွင်းလမ်းမှာသိမ်းဆည်းမိ

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ထုတ်နုတ်အင်အား ဒုတိယညွှန်ကြားရေးမှူးဦးစီးတဲ့ Mobile Team အဖွဲ့က ဇန်နဝါရီလ ၁၁ ရက်နေ့မှာ Asia World Toll Gate အနီးရှောင်ကွင်းလမ်းတွင် အေးခဲဘဲသား (၃၉)ဖာနဲ့ အေးခဲကြက်သား ၁၂ ဖာတို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့တယ်လို့သတင်းရရှိပါတယ်။ အဆိုပါ အေးခဲဘဲသား၊ ကြက်သားများဟာ အလေးချိန်အားဖြင့် ကီလို ၇၁၀ ရှိပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၂၁ ဒသမ ၃၀၀ ရှိတယ်လို့ သိရပါတယ်။ အဆိုပါသိမ်းဆည်းရမိပစ္စည်းများအား လုပ်ထုံးလုပ်နည်းနဲ့အညီ မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ၍ အမှုတွဲများဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ အဆိုပါ အေးခဲဘဲသား၊ ကြက်သားများမှာ FDA ထောက်ခံချက် တစ်စုံတစ်ရာမပါခြင်းကြောင့် စားသုံးရန်မသင့်ခြင်း၊ ပုပ်သိုးပျက်စီးလွယ်ပစ္စည်းများ ဖြစ်ခြင်းကြောင့် အဖွဲ့စုံနဲ့အတူ အကောက်ခွန်ရုံးဝင်းအတွင်း မြေမြှုပ်ဖျက်ဆီးခဲ့ပြီးဖြစ်တယ်လို့ သိရှိရပါတယ်။

**DCCA**

# ရှောင်ကွင်းလမ်းမှာစုပုံထားတဲ့ သစ်မျိုးစုံ ကျပ်သိန်း ၅၀ ကျော်ဖိုး မူဆယ် (၁၀၅) မိုင် ထုတ်နုတ်အင်အားမှ ရှာဖွေတွေ့ရှိ

ဇန်နဝါရီလ ပထမပတ်အတွင်းမှာ ကျပ်သိန်း ၅၀ ဒသမ ၈၃၂ တန်ဖိုးရှိ တမလန်း၊ သင်းဝင်၊ ပျဉ်းကတိုးစတဲ့ သစ်မျိုးစုံ ခဲွရွေ ၁ ဒသမ ၉၅၇ တန်ကို ရှောင်ကွင်းလမ်းများမှာ ပိုင်ရှင်မဲ့ စုပုံထားတာကို မူဆယ် (၁၀၅) မိုင် ထုတ်နုတ်အင်အား Mobile Team အဖွဲ့မှ ရှာဖွေတွေ့ရှိခဲ့တဲ့အတွက် သိမ်းဆည်းပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ မူဆယ်မြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ၍ အကောက်ခွန်အမှုတွဲဖွင့်လှစ်ထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ ဇန်နဝါရီလ ၆ ရက်နေ့မှာ နန့်အွန်ကျေးရွာအနီး ပိုင်ရှင်မဲ့စုပုံထားတွေကတော့ ခန့်မှန်းတန်ဖိုး ကျပ် ၂၁ ဒသမ ၁၃၈ သိန်းတန်ဖိုးရှိ သင်းဝင်ခဲွရွေ ၁ ချောင်း၊ ပျဉ်းကတိုးခဲွရွေ ၆ ချောင်းနဲ့ တမလန်းခဲွရွေ ၁ ချောင်း စုစုပေါင်း သုည ဒသမ ၉၆၇၄ တန်နဲ့ ဇန်နဝါရီလ ၇ ရက်နေ့မှာ အထက်တုန်ခမ်ကျေးရွာအနီး ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ တမလန်းခဲွရွေ ၃၁ ချောင်း၊ သုည ဒသမ ၉၈၉၈ တန် ခန့်မှန်းတန်ဖိုး ကျပ် ၂၉ ဒသမ ၆၉၄ သိန်းအသီးသီးဖြစ်ပါတယ်။ **DCCA**




ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံမဆို တိုင်းပြည်အတွက် ဘဏ္ဍာငွေ (သို့) နိုင်ငံတကာအသုံးပြုနိုင်တဲ့ ငွေကြေးဆိုတာ ရှာကြဖွေကြရတာ မလွှဲမရှောင်သာတဲ့ အလုပ်တစ်ခုပါ၊ ဘဏ္ဍာငွေ (သို့) နိုင်ငံတကာ အသုံးပြု ငွေရှာဖွေရာမှာ နိုင်ငံရဲ့ သယံဇာတပစ္စည်းတွေ ရောင်းကြဝယ်ကြရတာပေါ့။ ကိုယ့်မိခင်နိုင်ငံဆိုရင် စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဆိုတော့ လယ်ယာထွက်ကုန်သီးနှံတွေ စိုက်ပျိုးပြည်တွင်းသုံး၊ ပိုလျှံတာကို နိုင်ငံတကာဈေးကွက်နဲ့ ချိတ်ဆက်တင်ပို့ရောင်းဝယ်၊ ရရှိတဲ့ငွေနဲ့ တိုင်းပြည်အတွက်လိုအပ်တာ ပြန်လည်ဝယ်ယူဆိုတာတွေ လုပ်ခဲ့ကြရတယ်။

နောက်ပိုင်းတိုးတက်လာတာနဲ့အမျှ မြေအောက် သယံဇာတတွေရှာဖွေ၊ ပြည်ပရောင်း၊ ဝင်ငွေရှာခဲ့ရတယ်။ ဥပမာ- သဘာဝဓာတ်ငွေ့ဆိုတာမျိုးပါ၊ နိုင်ငံတွင်းကထွက်တဲ့ကျောက်စိမ်း၊ ပတ္တမြား၊ သစ်တောထွက် ကျွန်းလိုဟာမျိုးတွေ ရောင်းချရတာဆိုတာ လည်းရှိခဲ့ပါတယ်။ ဒါပေမယ့် မြေအောက်သယံဇာတဆိုတာ ရှာရ ဖွေရ ရင်းရနှီးရ ပေါက်ရောက်နေတဲ့ ကျွန်းလိုသစ်ပင်ခုတ်လှဲ ရောင်းချတာက တခဏတာ၊ တန်းဝင်သစ်တစ်ပင်ဖြစ်အောင် နှစ်ရှစ်ဆယ်လောက် စောင့်ရတယ်ဆိုတာ မှတ်ဖူးဖတ်ဖူးလေတော့ နည်းလမ်းပေါင်းစုံ ရှာကြဖွေကြရတယ်။

အဲဒီမှာ ဘာသွားတွေ့ သလဲဆိုတော့ " မီးခိုး မထွက်သော " နိုင်ငံခြားငွေရှာဖွေရေးလို့ အမည်တပ်ပြီး ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းတစ်ခုပါ။ ဒါလည်းဖြစ်သင့်တယ်လို့ ယူဆရမှာပါ။ ကိုယ့်ပြည်တွင်းကိစ္စကလေးတစ်ခုကိုပဲ ကြည့်ရအောင်ပါ။ ရွှေစက်တော် ဘုရားပွဲ၊ ပုပ္ပါးအောင်မင်းခေါင်ထွက်ပွဲ၊ ကျိုက်ထီးရိုးဘုရားပွဲ၊ စစ်ကိုင်းကောင်းမှုတော်ဘုရားပွဲ၊ ကံတလူ ဘုရားပွဲ၊ ပလိပ်မြွေဘုရားပွဲ စသည်ဖြင့် အချိန်ကာလတစ်ခု သတ်မှတ်တဲ့ပွဲတွေရှိသလို ၁၂ လရာသီ လုံး ဘုရားဖူးမပြတ်တဲ့ မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ရွှေတိဂုံဆံတော်ရှင်၊ ပုဂံဘုရားဖူး၊ အင်းလေးကန်ဆိုတာတွေလည်း အများကြီးပါ။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအဖို့ ခက်တာတွေရှိပါတယ်။ ရီစရာဥပမာပါ၊ တစ်ခေတ်တစ်ခါက ပခုက္ကူ ဧရာဝတီတံတားကြီး မရှိစဉ်က ပုဂံညောင်ဦးက ပခုက္ကူဘက်ကိုလာလာ၊ ပခုက္ကူက ပုဂံညောင်ဦးကိုသွားသွား၊ ဧရာဝတီမြစ်ကြီးကို ဇက်ဆိုတာကြီးနဲ့ ကူးရတာပါ။ အချိန်ကာလ တစ်ခုပေးဆပ်ရတာပေါ့ဗျာ၊ အဲဒီမှာ ဘာသွားတွေ့သလဲ ဆိုတော့ ကိုယ်ကလည်း ကိုယ့်မိသားစုနဲ့ ပုဂံညောင်ဦးဘုရားဖူးသွား ပခုက္ကူကဇက်ပေါ် ကားတင်၊ ဟိုဘက်ကမ်း (ပုဂံညောင်ဦးဘက်)ကူး၊ ဟိုဘက်ရောက် ပုဂံညောင်ဦးဘက်က မိမိဌာနတူဝန်ထမ်းများကို တွေ့လိုက်ပါတယ်။ ဟ-ဘယ်လဲ၊ ဘယ်သွားကြမှာလဲဆိုတော့ ပုဂံညောင်ဦးကလူတွေ ဘုရားဖူးတဲ့ဗျာ၊ ကဲ - ကိုယ့်ပုဂံညောင်ဦးမှာရှိတဲ့ ဘုရားစုံအောင်၊ ကုန်အောင်တောင်ဖူးနိုင်ရဲ့လား၊ ရွာလွန်ရွက်တိုက် သလိုများဖြစ်နေမလား၊ စဉ်စားတာကြည့်ကြပါတော့။

ဒါရဲ့ အကျိုး ဆက်ကဘာတွေရမလဲ၊ သက်ဆိုင်ရာဒေသတွေမှာ ရှိတဲ့ အမှတ်တရ ပစ္စည်းတွေရောင်းရမယ်၊ စားစရာသောက်စရာဆိုင်တွေရောင်းရမယ်၊ ဆိုလိုချင်တာကဒေသခံတွေမှာ ဝင်ငွေရတယ်။

အဲဒီထုံးကို နှလုံးမူပြီး ပြည်ပကဧည့်သည်တွေလာရင် နိုင်ငံတကာအသုံးပြုလို့ရတဲ့ ငွေဝင်မယ်ပေါ့ဗျာ၊ ကိုယ့်အိမ်နီးချင်းနိုင်ငံတွေမှာလည်း ဒီလိုနိုင်ငံခြားသားဧည့်သည်ကို ကိုယ့်ဒေသမှာရှိတဲ့ ရှေးဟောင်းအမွေအနှစ် သမိုင်းအထောက်အထားတွေနဲ့ ဆွဲဆောင်ထားလို့နိုင်ငံခြားသားခရီးသွားတွေဆီက နှစ်စဉ်ဝင်ငွေရရှိနေတယ် ဆိုတဲ့အကြောင်းတွေ ဖတ်ရပါတယ်၊ ကဲ-ကိုယ့်မိခင်နိုင်ငံမှာရော ရှေးဟောင်းအမွေအနှစ် သမိုင်းဝင်ဆိုတာမရှိဘူးလား။။


တလောကတင် ပျူခေတ်မြို့တွေကို ကမ္ဘာ့ အသိအမှတ်ပြုယဉ်ကျေးမှု ထိန်းသိမ်းရာနယ်မြေအဖြစ် သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်၊ လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်းပဲဆိုဆို ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားကြောင့်ပဲပြောပြော ယုံကြည်ကိုးကွယ်မှု သဒ္ဓါတရားနဲ့ ဘုရားတန်ခိုးတော်ကြောင့်ပဲဆိုဆို၊ ဘူမိဗေဒပညာရှင် တွေကိုယ်တိုင်က လက်ခံနိုင်စရာမရှိဘူးလို့ သတ်မှတ်ခံရတဲ့ ကျိုက်ထီးရိုးဘုရား အံ့ဘွယ်မကုန် ဖူးလို့မဝတဲ့ မြတ်ဘုရားရွှေတိဂုံ၊ မန္တလေးမဟာမြတ်မုနိဘုရား၊ ပြင်ဦးလွင်မြို့က ရုက္ခဗေဒဉယျာဉ်၊ ရှမ်းပြည်နယ်အင်းလေးကန်၊ မွေတော်ကက္ကူ. . . . . စသည်ဖြင့် လေ့လာစရာ သုတေသနပြုစရာဆိုတာတွေဟာ မြန်မာနိုင်ငံမှာ နိုင်ငံခြားခရီးသွား ဧည့်သည့်တွေကို ဆွဲဆောင်မှုအရှိဆုံး အနှစ်သက်ဆုံးဖြစ်နိုင်တဲ့ အနေအထားတွေဟာ များစွာကြွယ်ဝလှပါတယ်။ အခြားအခြားသော စာရေးသူကိုယ်တိုင် မသိသာတွေဆိုတာ အမြောက် အများရှိနေဦးမှာပါ။ ပုဂံတစ်မြို့တည်းမှာကို တော်တော်ဆွဲဆောင်မှု တွေ ရှိနေတယ်ဆိုတာ မငြင်းနိုင်ကြပါဘူး၊ ကိုယ့်အချင်းချင်းပြောခဲ့ကြ ပါတယ်။ ပုဂံသူ ပုဂံသားတွေဟာ အနော်ရထာဘုရင်နဲ့ ကျန်စစ်သားတို့ရဲ့ကျေးဇူးကို ဒီတစ်သက်ဆပ်လို့ မကုန်နိုင်ဘူး၊ ကြည့်စမ်းပါဦး၊ ဝတ်စုံလေး၊ မြင်းလှည်းလေးတွေနဲ့ ထန်းလက် ကလေးတွေမိုးလိုက်နဲ့ လုပ်ကိုင်စားသောက်နေကြတာလို့ အပျော်သဘော စကြနောက်ကြဖူးပါတယ်။ အခုအနေအထားနိုင်ငံခြားသား ခရီးသွားဝင်ရောက်မှုကို လေ့လာကြည့်ရအောင်ပါ။

၂၀၁၁ ခုနှစ် နိုင်ငံတော်အစိုးရသစ်ရဲ့လက်ထက် တာဝန်ယူမှုအပိုင်းမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု မြင်သာထင်သာလုပ်ဆောင်မှု၊ မြင်သာပွင့်လင်းမှုတွေနဲ့အတူ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြန်လည်ဆက်ဆံမှု စတာတွေကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ရင်းနှီးမှု၊ နွေးထွေးမှု၊ စီးဝင်မှု၊ ဆက်နွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ဆိုတာတွေရှိနေပြီ၊ တိုးတက်နေပြီဆိုတာ ထင်ရှားမြင်သာပါတယ်။

မြန်မာနိုင်ငံကို ၂၀၁၃ ခုနှစ်မှာ နိုင်ငံခြားခရီးသွား ဧည့်သည် ၂ ဒသမ ၀၄ သန်းရောက်ရှိခဲ့ပြီး ပြီးခဲ့တဲ့ယခင်နှစ်ထက် ၉၃ ရာခိုင်နှုန်းတိုးတက်လာပါတယ်။ ၂၀၁၄ ခုနှစ်မှာ မျှော်မှန်းထားတာက နိုင်ငံခြားခရီးသွားဧည့် သည် ၃ သန်း၊ တကယ်ရောက်ရှိလာတာက ၃ ဒသမ ၀၈၁ သန်း၊ ယခင်နှစ်ထက် ၅၁ ရာခိုင်နှုန်း တိုးတက်လာပါတယ်။ ဒါဟာ သိသာထင်ရှားတဲ့ကိန်းဂဏန်းများကပြောတဲ့စီးပွားရေးဆိုင်ရာ သမိုင်းအထောက်အထားပါ။ နိုင်ငံတော်အနေနဲ့ကလည်း ရင်းနှီးထားတာတွေမနည်း ပါဘူး။ ၂၀၁၃ ခုနှစ်မှာ ASEAN GAME ပြိုင်ပွဲ။ ၂၀၁၄ ခုနှစ်မှာ ASEAN အလှည့်ကျ ဥက္ကဋ္ဌတာဝန်တွေ ထမ်းဆောင်၊ လုပ်ဆောင်ခဲ့လေတော့ အားကစားကိစ္စလာလာ၊ အာဆီယံကိစ္စကလာလာ၊ ဧည့်သည်ဆိုတာ ရောက်ခဲ့လေတော့ ပျူငှာသော၊ နွေးထွေးသော၊ ပွင့်လင်းသော၊ တစ်ဖက်သားကို အားနာ၊ အကူအညီပေးတတ်သော လေ့လာမှတ်သားမှုတွေ အပြည့်အဝရှိနေသော ဧည့်ဝတ်ကျေပွန်သော စေတနာပိုပို အပြုံးချိုချိုနဲ့ မြန်မာတို့ရဲ့စိတ်ရင်း မြန်မာ့ရှုခင်း အကြောင်းကို တစ်ဆင့်ခံ ဖောက်သည်ချခဲ့လေတော့ ရင်းနှီးရသလောက် အကျိုးရှိခဲ့လေတော့ နိုင်ငံခြားဧည့်သည် ဝင်ရောက်မှုအရေ အတွက်များလာတယ်ဆိုတာ မငြင်းနိုင်တော့တဲ့အကြောင်းတရားပါ။

ပွင့်လင်းမြင်သာသော ပြုပြင်ပြောင်းလဲမှုတွေရဲ့ အကျိုးရလဒ် တစ်ခုကိုလည်း တင်ပြပါရစေ၊ အဲဒါကတော့ Lonely Planet Traveller မဂ္ဂဇင်းက Lonely Planet Traveller Destination Awards ၂၀၁၄ တတိယအကြိမ်မြောက် ဆုချီးမြှင့်ပွဲမှာ မြန်မာနိုင်ငံကို အကောင်းဆုံးပြိုင်ပွဲ AEC နိုင်ငံခရီးသွားဆု Best in Travel-AEC Country ဆုကိုပေးအပ်ချီးမြှင့်ခြင်းပဲဖြစ်ပါတယ်။ ပေးအပ်တဲ့ဆုအမျိုးအစား ၉ မျိုးမှာ မြန်မာနိုင်ငံမှ အကောင်းဆုံး AEC နိုင်ငံခရီးသွားဆုကို ရခဲ့ခြင်းသည်ပင်လျှင် မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာမဟုတ်ပါလား၊ ကိုယ့်နိုင်ငံ ကိုယ့်မြန်မာလူမျိုးတို့ရဲ့ စိတ်ဓါတ်စေတနာကောင်းမွန်မှု၊ ပျူငှာနွေးထွေးစွာ ခရီးဦးကြိုပြုမှု၊ နိုင်ငံအတွင်းမှာ ဂုဏ်ယူစရာ မြတ်နိုးစရာ၊ အလေးအနက်ထားစရာ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ များစွာရှိနေလို့ ဆိုတာတွေကြောင့် ဒီဆုကိုရခဲ့တာလို့ ပြောရင်မမှားနိုင်ပါဘူး။ ဒီနေရာမှာ အလျဉ်းသင့်လို့ မြန်မာနိုင်ငံကို AEC နိုင်ငံခရီးသွားဆုပေးခဲ့တဲ့ Lonely Planet Traveller မဂ္ဂဇင်းရဲ့ အရေးပါအရာရောက်မှုကို ဖတ်ဖူးသမျှတင်ပြပါရစေ။ Lonely Planet Traveller ဟာ ပုဂ္ဂလိပိုင် မီဒီယာတစ်ခုဖြစ်ပြီး ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ အခြေစိုက်ပါတယ်။ ကမ္ဘာမှာ အကြီးဆုံးခရီးသွားလမ်းညွှန် စာအုပ်တွေ ပုံနှိပ်ထုတ်ဝေတဲ့ လုပ်ငန်းကို လုပ်ဆောင်နေတဲ့

> လောကနိယာမ
> အကြောင်းတရားအရ
> ဘယ်အရာမဆို အကောင်းအဆိုး၊
> အကြောင်းအကျိုးဆိုတာ
> ရှိနေလေတော့
> အရာရာကို ဂရုတစိုက်လုပ်နိုင်မှသာ
> တော်ကာကျမည် မဟုတ်ပါလား။



မီဒီယာတစ်ခုပါ။ တစ်ဆင့်တစ်ဆင့် ကျယ်ပြန့်လာခဲ့ပြီး အခုချိန်မှာဆိုရင် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ တရုတ်၊ အိန္ဒိယ၊ စတဲ့နိုင်ငံတွေမှာ ရုံးခွဲတွေဖွင့်လှစ်ပြီး ဝန်ထမ်းပေါင်း ၄၀၀ ကျော်၊ စာရေးဆရာပေါင်း ၂၀၀ ကျော်တို့နဲ့ လုပ်ငန်းလုပ်ဆောင်နေပြီး ၂၀၁၁ ခုနှစ် အတွင်း ကမ္ဘာတစ်ဝန်းလုံးသို့ Travel Guide Book စာအုပ်အရေ အတွက် သန်း ၁၂၀ အထိ စံချိန်တင်ရောင်းချပြီး ကမ္ဘာတစ်ဝန်း ခရီး သွားလုပ်ငန်းကဏ္ဍကြီး တစ်ခုလုံးရဲ့ အရေးပါတဲ့ Media တစ်ခုဖြစ်ခဲ့ပါတယ်။ ပုဂံဒေသကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသား ခရီး သွားတွေရဲ့လက်ထဲမှာ Travel Guide Book စာအုပ်ကလေးတွေ ကိုင်ဆောင်နေတာကိုလည်း ကိုယ်တိုင်တွေ့ဖူးပါတယ်။ အဲဒီလောက် ဩဇာကြီးမားကျယ်ပြန့်တဲ့ Lonely Planet Traveller မဂ္ဂဇင်းကြီးက တောင် မြန်မာနိုင်ငံကို အကောင်းဆုံး AEC နိုင်ငံခရီးသွားဆုကို ချီးမြှင့်ခဲ့တာပါ။

တစ်ချိန်တစ်ခါ၊ တစ်ခေတ်တစ်ခါက မြန်မာနိုင်ငံကိုနိုင်ငံခြားသား ခရီးသွားဝင်ရောက်မှုဟာ အရေအတွက် သန်းဂဏန်းမပြည့်ဘဲရှိနေရာမှ ၂၀၁၁ ခုနှစ်တွင် သန်းဂဏန်းနီးပါး၊ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း၊ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈၁ သန်း အသီးသီးတိုးတက်ခဲ့သလို Lonely Planet Traveller မဂ္ဂဇင်းကြီးရဲ့ AEC နိုင်ငံ ခရီးသွားဆုကိုရရှိခဲ့ခြင်းဟာ နိုင်ငံတော်ရဲ့ခရီးသွားဝင်ရောက်မှုဝင်ငွေရရှိမှု တိုးတက်လာတယ်ဆိုတာ မငြင်းနိုင်တဲ့ သမိုင်းဆိုင်ရာ အထောက်အထားတွေမဟုတ်ပါလား။

လောကနိယာမအကြောင်းတရားအရ ဘယ်အရာမဆို အကောင်းအဆိုး၊ အကြောင်းအကျိုးဆိုတာရှိနေလေတော့ အရာရာကို ဂရုတစိုက်လုပ်နိုင်မှသာ တော်ကာကျမည်မဟုတ်ပါလား။ မိမိတို့နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ယဉ်ကျေးမှုရိုးရာဓလေ့များကို ထိခိုက်နစ်နာမှုမရှိအောင် အကျိုးများများရအောင် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး၊ အဓိကဂရုပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။ တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ (Responsible Toursim Policy) ဆောင်ရန်ရှောင်ရန် (DosDon'ts) တွေကို သက်ဆိုင်ရာဝန်ကြီး ဌာန သက်ဆိုင်ရာ ဒေသခံပြည်သူများ အလေးထားလုပ်ဆောင်ရမှာဖြစ်ပြီး စည်းနဲ့ကမ်းနဲ့ ရေရှည်တိုးတက်မှုများကို ရေရှည်တည်တံ့ခိုင်မြဲအောင် အထူးဂရုပြုလုပ်ဆောင်ကြရပါလိမ့်မယ်ဆိုတာ သတိပြုစေချင်ပါတယ်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်နေ့အထိ နေပြည်တော် MICC-2 မှာ ASEAN Tourism Forum A-T 2015 ကျင်းပပြုလုပ်နေပြီလည်းဖြစ်ပါတယ်။ ကိန်းဂဏန်းများကပြောသော သမိုင်းဝင်အထောက်အထားများရယ်၊ နိုင်ငံအတွင်းမှာတည်ရှိနေတဲ့ နိုင်ငံခြားသားခရီးသွားများ စိတ်ဝင်စားသော ယဉ်ကျေးမှုအမွေအနှစ်ကောင်းများရယ်ကြောင့် မြန်မာနိုင်ငံရဲ့ နိုင်ငံခြားသားခရီးသွားလုပ်ငန်းတိုးတက်လာနေပြီဖြစ်သလို ဆက်လက်တိုးတက်မယ့် အခြေခံကောင်းများလည်း ရှိနေပြီဆိုတာ သုံးသပ်ရပါတယ်။ နိုင်ငံခြားသားခရီးသွားများအား ကူညီပါ၊ စောင့်ရှောက်ပါဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကြိုးစားဆောင်ရွက်လုပ်ကိုင်ခြင်း၊ မီးခိုးမထွက်သောစီးပွားရေးလုပ်ငန်းမှ တိုင်းပြည်ဝင်ငွေရရှိပြီး စည်ပင်ဝပြောအောင် ဆောင်ရွက်ကြပါစို့လို့ နှိုးဆော်တိုက်တွန်းရင်း "မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပါစေ"။



## မြန်မာ့သနပ်ခါးရဲ့ ၂၀၁၅ ခုနှစ် ခြေလှမ်းသစ်များ

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့က ရေစကြိုမြို့ ကုန်စည်ဒိုင်မှာ ရေစကြိုမြို့နယ် သနပ်ခါးစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်သူများအသင်း ဖွဲ့စည်းဖို့ ပဏာမအစည်းအဝေး တစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီစည်းဝေးပွဲကို တက်ရောက်သူ ၁၀၀ နီးပါးရှိပါတယ်။ ရေစကြိုမြို့ပေါ်တင်မကနယ်မှ သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူ သနပ်ခါးခြံပိုင်ရှင်များ တက်ရောက်ခဲ့သလို မြိုင်မြို့နယ်မှလည်း အစည်းအဝေး တက်ရောက်ကြပါတယ်။ မြိုင်နယ်က တက်ရောက်သူများကတော့ ရေစကြိုမြို့နယ်က သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများအသင်း ဖွဲ့စည်းတာကို လာရောက်လေ့လာကြတာဖြစ်ပြီး၊ ရေစကြိုပြီးရင် မြိုင်မှာလည်း ထပ်မံဖွဲ့စည်းကြမှာ ဖြစ်ကြောင်း သိရပါတယ်။

အခမ်းအနားကို အစီအစဉ် ၇ ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး အခမ်းအနားမှာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဦးက အဖွင့်အမှာစကားပြောကြားပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ သနပ်ခါးမူပိုင်ခွင့်နဲ့ အသင်းအဖွဲ့ဖွဲ့စည်းရေး အစည်းအဝေးတက်ရောက်ခဲ့တဲ့ ရေစကြိုမှ သနပ်ခါးလုပ်ငန်းပိုင်ရှင် ဒေါက်တာကျော်ငွေက တက်ရောက်ခဲ့တဲ့ အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်းပြောကြားပါတယ်။ နောက်အစီအစဉ်အဖြစ် ရေစကြိုမြို့နယ် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်း (အောင်သိဒ္ဓိနံ့သာတိုင်)က အသင်းဖွဲ့စည်းရမည့် အသင်းစည်းကမ်းစည်းမျဉ်း ဥပဒေစသည်တို့ကို ဆွေးနွေးရှင်းလင်း ပြောကြားပါတယ်။


နောက်ပိုင်းတက်ရောက်လာသူများ အပြန်အလှန်ဆွေးနွေးပွဲမှာတော့ သိလိုတာ မရှင်းတာ ဖြစ်သင့်ဖြစ်ထိုက်တာ၊ ရလိုမှု၊ ရပိုင်ခွင့် ဆိုတာတွေနဲ့ အစည်းအဝေးတစ်ခုရဲ့ သရုပ်မှန်ကန်တဲ့အနေအထားတစ်ခုကို ချီးကျူးပြောဆိုရမှာဖြစ်ပါတယ်။

ယာယီအမှုဆောင်အဖွဲ့ကို ၂၁ ဦးနဲ့ ဖွဲ့စည်းခဲ့ပြီး နယ်က ပုဂ္ဂိုလ်များ၊ စိုက်ပျိုးသူ၊ တင်ပို့ရောင်းချသူများ ကျေးရွာနယ်မြေအလိုက် စိုက်ဧကစာရင်းဇယားများ ပြုစုပေးကြဖို့ အသင်းအဖွဲ့စည်းမျဉ်းဥပဒေတွေကို အပြီးရေးဆွဲပြီး အသင်းသားအားလုံးသဘောတူပါမှ ရေစကြိုမြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများအသင်းကို အတည်ပြုထပ်မံ ရွေးချယ်ပြီး အသင်းကို အောင်မြင်အောင်ဆက်လက်ကြိုးစားဆောင်ရွက်မယ်ဆိုပြီး အစည်းအဝေးကိုအောင်မြင်စွာပြီးဆုံးကြောင်း သတင်းရရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်မှ စတင်လှုပ်ရှားခဲ့တဲ့ သနပ်ခါးမူပိုင်ခွင့်နဲ့ သနပ်ခါးအသင်းဖွဲ့စည်းရေးက အစပြုခဲ့တဲ့ မြန်မာသနပ်ခါးဟာ ရေစကြိုမြို့နယ်မှစပြီး ခြေတစ်လှမ်း လှမ်းနေပါပြီ၊ နောက်ပိုင်း ရှင်မတောင်သနပ်ခါးထွက်ရှိရာ ရေစကြို၊ မြိုင်၊ ပခုက္ကူ တို့မှာ ဆက်လက်လှုပ်ရှားကြတော့မှာဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ်ရဲ့ မြန်မာ့သနပ်ခါး (ရှင်မတောင်၊ ရွှေဘို) ခြေလှမ်းသစ်များလို့ပြောရင် မမှားနိုင်ကြောင်းပါ။

**မြင့်ဦး - ပခုက္ကူ**

## နာမည်ကျော်ပြင်သစ်စားဖိုမှူး Bernard Vaussion က နေပြည်တော်ရှိ Kempinski ဟိုတယ်တွင် ငါးရက်တာ ချက်ပြုတ်ညှော်ခံကျွေးမွေးမည်



နာမည်ကျော်ပြင်သစ်စားဖိုမှူးတစ်ဦးဖြစ်သည့် Bernard Vaussion သည် နေပြည်တော်ရှိ Kempinski ဟိုတယ်သို့ ဇန်နဝါရီလ ၂၅ရက် နေ့မှ ၂၉ရက်နေ့အထိ ငါးရက်တာ လာရောက်၍ ဟိုတယ်တွင် တည်းခိုနေထိုင်သူများအား ချက်ပြုတ် ညှော်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြင်သစ်စားဖိုမှူးသည်ပြင်သစ်သမ္မတ ခြောက်ဦး၏ စား သောက်ဖွယ်ရာများကို ပြင်ဆင်ချက် ပြုတ်ပေးရသည့်နာမည်ကျော်ပြင်သစ် စားဖိုမှူးတစ်ဦးဖြစ်ကြောင်း သိရသည်။

၎င်းစားဖိုမှူးသည် ၁၉၇၄ခုနှစ်မှ ၂၀၁၂အထိ ပြင်သစ်သမ္မတ ခြောက်ဦး၏ စားဖိုမှူးအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး ပြင်သစ်နိုင်ငံရှိ Elysée နန်းတော်မှ ထူးခြားပြောင်မြောက်သည့်အတွေ့အကြုံများကို Kempinski တွင် ပြသမည်ဖြစ်သည်။ ထို့ပြင် သူသည်ကမ္ဘာလုံးဆိုင်ရာ စားဖိုမှူးအဖွဲ့အစည်း (Le Club des Chefs des Chefs)၏ အဖွဲ့ဝင်တစ်ဦး လည်းဖြစ်သည်။

"မြန်မာလူမျိုးတွေရဲ့ရင်းနှီးဖော်ရွေမှုတွေနဲ့ ဧည့်ဝတ်ကျေပွန်မှုတွေကြောင့် မြန်မာနိုင်ငံကို ကမ္ဘာတစ်ဝန်းလုံးမှာ လူသိများလှပါတယ်။ ဒီလိုခင်မင်စရာ ကောင်းတဲ့ မြန်မာလူမျိုးတွေနဲ့ တွေ့ဆုံနိုင်ဖို့နဲ့ ကျွန်တော့်ရဲ့ ပြင်သစ်ဟင်းလျာတွေကို သူတို့ကို မြည်းစမ်းစေဖို့ ကျွန်တော်အရမ်းကို စိတ်လှုပ်ရှားနေပါတယ်။ ဒီလို ရတောင့်ရခဲအခွင့်အရေးမှ တစ်ဆင့် မြန်မာနိုင်ငံရဲ့နာမည်ကြီးဟင်းလျာတချို့ကို ဘယ်လိုပြုလုပ်ဖန်တီးသလဲဆိုတာကိုလည်း သင်ယူနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

စားဖိုမှူး Bernardသည်ဟင်းလျာခြောက်မျိုးပါဝင်သည့် မီနူးကို Kempinski ဟိုတယ် နေပြည်တော်၏ Yangon Kitchenတွင် တည်ခင်းဧည့်ခံ သွားမည်ဖြစ်သည်။ ၎င်းစားဖိုမှူး၏ ထူးကဲသောလက်ရာမွန်များ အနက် အရသာရှိသောအဖိုးတန်မြေအောင်းမှို၊ ဘဲငန်းအသည်း၊ မီးသင်းသကြားရည် ဆမ်းထားသောပန်းသီးဖြင့် ဖန်တီးထားသော ဟင်းလျာအပါအဝင်နာမည်ကျော် ထိပ်တန်းဟင်းလျာများနှင့် ထူးခြားဆန်းသစ်သည့် အချိုပွဲများလည်း ပါဝင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင်ပါဝင်ဆင်နွှဲနိုင်ရန်အတွက် လူဦးရေကန့်သတ်ထားသဖြင့် ဖုန်းနံပါတ် ၀၆၇-၈၁၀၆၀၆၁ သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်း နိုင်ပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ပြောင်း

### တရုတ်နှစ်ကူးအမီ ပြောင်းတင်ပို့

ဖေဖော်ဝါရီလလယ်မှာ ကျရောက်မယ့် တရုတ်ပြည်ရဲ့ နှစ်သစ်ကူးကာလအမီ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်စခန်း နှစ်ခုမှ ကန်ဒေါ်လာ ၈ ဒသမ ၅၈၁ သန်းတန်ဖိုးရှိတဲ့ ပြောင်း ၃၀၆၄၆ တန်ကို ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်တာကာလအတွင်း တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်တွေမှာ မူဆယ်မှ ၂၃၃၈၈ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၇၂၅၈ တန်ဖြစ်ပါတယ်။ ယခုသီတင်းပတ်မှာလည်း လွယ်ဂျယ်နဲ့ ကန်ပိုက်တီးမှ ပြောင်းတင်ပို့မှု မရှိခဲ့ပါဘူး။ ယခင်သီတင်းပတ်က မူဆယ်နဲ့ ချင်းရွှေဟော် ကနေပြောင်းတန်ချိန် ၂၂၉၁၉ တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၇၇၂၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်သီတင်းပတ်က ပြောင်းတစ်တန်ကို ၂၇၄၃၃၆ ကျပ်ဖြစ်ပြီး ယခုတစ်ပတ်မှာ ၂၇၁၁၈၂ ကျပ်သို့ ဈေးများထပ်မံကျဆင်းခဲ့ပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာနယ်အစုံက ပြောင်းတွေ အဝင်သွက်နေသလို တရုတ်ဘက်ဝယ်လက်ပုံမှန်ရှိပေမယ့် ဈေးကွက်ကို ပစ္စည်းအဝင်လှိုင်လို့ ဈေးကျဆင်းပြီး ၁၀၀ ကီလိုတစ်အိတ်ကို ၁၇၀ ယွမ်နဲ့ အရောင်းအဝယ်ရှိနေတယ်လို့သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ကြံ

### တရုတ်နှစ်ကူးအမီ ကြံတင်ပို့

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလလယ်မှာ ကျရောက်မယ့် တရုတ်နှစ်သစ်ကူးကာလအတွက် မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၄၁၄၆ တန်ဖိုးရှိ ကြံတန်ချိန် ၁၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ကြံတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးဟာ ကျပ်သုံးသောင်းခွဲဖြစ်ပါတယ်။ နှစ်သစ်ကူးချိန်မှာ တရုတ်လူမျိုးတွေရဲ့ လာဘ်ကောင်းစေရန် ဆုတောင်းတဲ့အနေနဲ့ မိမိတို့နေအိမ်များနဲ့ ဘုံကျောင်းတွေမှာ စိုက်ထူကြတဲ့အလေ့အထရှိတာမို့ ယခုလို နှစ်ကူးကာလအတွင်း တင်ပို့ခဲ့တာလို့သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ပရဆေး

### ပရဆေးကုန်ကြမ်း အမယ်စုံတင်ပို့

ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်တာကာလမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၄၃၂ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း ၅၆၇ တန်ခွဲကို တင်ပို့နိုင်ခဲ့ ပါတယ်။တင်ပို့တဲ့ ပရဆေးကုန်ကြမ်းအမယ်တွေက ပြီးခဲ့တဲ့သီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ ချဉ်ပေါင်ဖာလာ၊ သီဟိုဠ်စေ့၊ ဝဥ၊ ချင်းခြောက်၊ ဆီးဆံ၊ ဆီးသီးခြောက်၊ တောဂျုံးမြစ်၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ နန္နွင်းတက်၊ ပီလောပီနံမှုန့်တို့အပြင် ကွမ်းသီးခွံ၊ ဆေးမြင်းခွာ၊ ဆီးခွဲခြမ်းနဲ့ မာလာဥ တို့ကို ထပ်မံတင်ပို့ခဲ့တာတွေရပါတယ်။

ယခုသီတင်းပတ်မှာ ချင်းရွှေဟော်စခန်းမှ ပရဆေးတင်ပို့မှု မရှိခဲ့ပါဘူး။ မြန်မာနိုင်ငံက ပရဆေးကုန်ကြမ်းတွေကို တရုတ်ပြည်မှာ တရုတ်တိုင်းရင်းဆေးဖော်စပ်တဲ့နေရာတွေမှာ အဓိကအသုံးပြုကြပြီး အချို့ကုန်ကြမ်းတွေကိုတော့ ဟင်းခတ်အမွှေးအကြိုင်လုပ်ရာမှာလည်းကောင်း၊ စားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုရာမှာလည်းကောင်း၊ သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်ရာမှာ လည်းကောင်း၊ အဖျော်ယမကာ ဖော်စပ်ရာမှာလည်းကောင်း အသီးသီး ထည့်သွင်းအသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ဝါ

### ချည်မျှင်ရှည်ဝါပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်မှာ ကန်ဒေါ်လာ ၂ ဒသမ ၀၄၂ သန်းတန်ဖိုးရှိတဲ့ ချည်မျှင်ရှည်ဝါ ငွေချည် ၆ ဝါ ၉၂၈ တန် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၇၉၇ တန်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ဝါတင်ပို့မှု ပိုမိုလာတာ တွေ့ရပါတယ်။ ချည်မျှင်ရှည်ဝါဂွမ်း ၆ က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နဲ့ ပခုက္ကူခရိုင်တွေမှာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတွေက လစဉ်သရုပ်ပြပွဲများ၊ ဝါအကြောင်း သိကောင်းစရာများ၊ စိုက်ပျိုးနည်းစနစ်များအား ရှင်းလင်းပြောကြားခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ရော်ဘာ

### မြန်မာ-တရုတ် နယ်စပ်မှ ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၁၉၇ သန်းဖိုးရှိ ရော်ဘာ ၆၇၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၅၁ တန်သာတင်ပို့နိုင်တဲ့အတွက် ယခုသီတင်းပတ်မှာ တန် ၁၂၀ ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

စခန်းအလိုက် တင်ပို့နိုင်မှုမှာ မူဆယ်(၁၀၅)မိုင်မှ RSS 3 ၅၃၄ တန်ကျော်နဲ့ MSR 20 ၃၃တန်ဖြစ်ပြီး၊ ချင်းရွှေဟော်စခန်းမှ MSR 50 ၉၅ တန်ဖြစ်ပါတယ်။

ယခုသီတင်းပတ်အတွင်း မူဆယ်ကုန်စည်ဒိုင်မှာဖြစ်ပေါ်နေတဲ့ ရော်ဘာဈေးကတော့ မိမိဘက်ဈေး အနည်းငယ် အကျရှိနေပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယခုတစ်ပတ်ဈေးများကို နှိုင်းယှဉ်ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်(ကျပ်/တန်) | | | | တစ်ဖက်နိုင်ငံ(ဒေါ်လာ/တန်) | | | |
|---|---|---|---|---|---|---|---|---|
| | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း |
| ရော်ဘာ | ၁၄၆၉၈၆၉ | ၁၄၈၆၉၆၀ | ၁၇၀၉၁ ▽ | ၁. ၁၆ | ၁၄၅၁ | ၁၄၅၀ | ၁ △ | ၀. ၀၇ |

**ယဉ်ယဉ်အေး MIRT (DCCA)**

### ပင်လယ်ရေကြောင်းမှ ရော်ဘာ RSS 3 တစ်မျိုးတည်းတင်ပို့မှုရှိ

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီလ ၁၁ ရက်မှ ၁၇ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၅၄၁ သန်းဖိုးရှိ ရော်ဘာ RSS 3 ၄၂၂ တန်တစ်မျိုးတည်းသာတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်တစ်ထောင်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် တန် ၆၀၀ ခန့် ယခုသီတင်းပတ်မှာ အပို့လျော့ကျသွားခဲ့ပါတယ်။ တင်ပို့တဲ့နိုင်ငံများကတော့ မလေးရှားနိုင်ငံကို RSS 3 ၂၂၆ တန်နဲ့ စင်ကာပူနိုင်ငံကို RSS 3 ၁၉၆ တန် ဖြစ်ပါတယ်။

ယခုသီတင်းပတ်မှာ နိုင်ငံတကာရော်ဘာဈေးများ တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့် ကျဆင်းနေပါတယ်။ နိုင်ငံတကာရော်ဘာဈေးကျတာနဲ့အမျှ မြန်မာ့ရော်ဘာဈေးလည်း ကျဆင်းသွားပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ မြန်မာ့ရော်ဘာဈေးများကို ဖော်ပြလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |

**ယဉ်ယဉ်အေး MIRT (DCCA)**

# ယခုလရော်ဘာတင်ပို့မှု ယခင်လ ကာလတူတင်ပို့မှုထက် များစွာလျော့နည်း

စက်မှုကုန်ကြမ်းတစ်ခုဖြစ်တဲ့ ရော်ဘာများကို ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသများမှ သယ်ယူပြီး မန္တလေးမြို့တွင်သိုလှောင်ပြီး မန္တလေးမြို့မှတစ်ဆင့် မူဆယ်သို့ပို့ဆောင်ကာ ယင်းမှတစ်ဆင့် ပြည်ပ (တရုတ်) သို့ထွက်ခွာသွားကြောင်း သိရပါတယ်။ ရော်ဘာတင်ပို့မှုကို ယခင်လ ကာလတူနဲ့နှိုင်းယှဉ်ပါက အပို့လျော့လျက်ရှိကြောင်း သိရပါတယ်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလနဲ့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ကာလတူတင်ပို့မှုကို နှိုင်းယှဉ်ကြည့်ပါက-

| ကာလ | ရော်ဘာတင်ပို့မှု | |
|---|---|---|
| | စုစုပေါင်း | တစ်ရက်ပျမ်းမျှ |
| ၁. ၁၁. ၂၀၁၄ မှ ၁၈. ၁၁. ၂၀၁၄ထိ | ၃၂၅၉. ၂၇ | ၁၈၁. ၀၇ |
| ၁. ၁၂. ၂၀၁၄ မှ ၁၈. ၁၂. ၂၀၁၄ထိ | ၆၄၀၉. ၆၈ | ၃၅၆. ၀၉ |
| ၁. ၁. ၂၀၁၅ မှ ၁၈. ၁. ၂၀၁၅ ထိ | ၃၇၁၇. ၀၀ | ၂၀၆. ၂၈ |

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၁၈ ရက်ထိ ရော်ဘာတန်ချိန် ၃၂၅၉. ၂၇ တန် တင်ပို့နိုင်လို့ တစ်ရက်ပျမ်းမျှ ၁၈၁. ၀၇ တန်ပို့နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှ ၁၈ ရက်နေ့အထိ ရော်ဘာတန်ချိန် ၆၄၀၉. ၆၈ တန်တင်ပို့နိုင်လို့ တစ်ရက်ပျမ်းမျှ ၃၅၆. ၀၉ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုနှစ် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၁၈ ရက်နေ့ထိ ၃၇၁၇ တန်တင်ပို့နိုင်လို့ တစ်ရက် ပျမ်းမျှ ၂၀၆. ၂၈ တန် တင်ပို့နိုင်လို့ ယခင်လ ကာလတူတင်ပို့မှု နှိုင်းယှဉ်ပါက တစ်ရက်ပျမ်းမျှ ၁၄၉. ၈၁ တန် အပို့လျော့ကြောင်း မန္တလေးမြို့အထွက် ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ဖြတ်စာရင်းအရ သိရပါတယ်။

**စိုးအောင်-မန္တလေး**




# ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းအပြောင်းအလဲကို အခြေခံ၍ မတ်ပဲရောင်းချရမည့် အချိန်ကို လေ့လာစိစစ်ခြင်း

ကျော်မြင့်


၂၀၁၅ ခုနှစ်လာမည့် ဖေဖော်ဝါရီလတွင် မြစ်ဝကျွန်းပေါ်ဒေသမှ မတ်ပဲအသစ်များ ဈေးကွက်သို့ စတင်ဝင်လာမည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်တွင် မတ်ပဲအသစ်များ အရောင်းအဝယ်စတင်ပြုလုပ်မည့်ကာလဖြစ်သည်။လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ခုနှစ်စာရင်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မတ်ပဲဧက ၂ဒသမ ၇၃ သန်း စိုက်ပျိုးကြောင်း သိရှိရသည်။ တစ်နိုင်ငံလုံး ပဲမျိုးစုံစုစုပေါင်း စိုက်ဧကမှာ ၁၁ သန်းနီးပါးရှိသဖြင့် မတ်ပဲစိုက်ဧကသည် တစ်နိုင်ငံလုံးပဲမျိုးစုံ စုစုပေါင်းစိုက်ဧက၏ ၂၅ ရာခိုင် နှုန်းခန့်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီးသည်အများဆုံး ဧက၁ ဒသမ ၉ သိန်း စိုက်ပျိုးကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသရာဝတီတိုင်းဒေသကြီးသည် မတ်ပဲကိုဧက ၁ သန်းကျော်စိုက်ပျိုးသည်။ မိုးစပါးရိတ်သိမ်းအပြီး မတ်ပဲစတင်စိုက်ပျိုးချိန်မှာ ဆောင်းရာသီကာလ နိုဝင်ဘာလနှင့် ဒီဇင်ဘာလဖြစ်သည်။

ပြည်တွင်းဈေးကွက်တွင် မတ်ပဲကိုပဲခွဲခြမ်းစက်များမှ ဝယ်အားရှိပြီး မတ်ပဲအများစုကို ပြည်ပသို့တင်ပို့ရောင်းချရန် ဝယ်အားရှိကြသည်။ မတ်ပဲကိုအဓိက စိုက်ပျိုးထွက်ရှိရာဒေသများမှ ရန်ကုန်သို့ သယ်ယူကြပြီး ရန်ကုန်မှ ပင်လယ်ရေကြောင်းဖြင့် အိန္ဒိယနိုင်ငံသို့အဓိကတင်ပို့ရောင်းချကြသည်။ ရန်ကုန်မှ မတ်ပဲတင်ပို့ရောင်းချသူများသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင် နေ့စဉ်ဖြစ်ပေါ်သော မြန်မာ့မတ်ပဲ ဈေးအတက်အကျ အပြောင်းအလဲပေါ် အခြေခံပြီး ပြည်တွင်းဈေးကွက်တွင် မတ်ပဲအရောင်းအဝယ်ပြုလုပ်ကြသည်။ တစ်နည်းအားဖြင့် ပြည်တွင်းဈေးကွက်၊ အထူးသဖြင့် ရန်ကုန်မတ်ပဲဈေးသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင်ဖြစ်ပေါ်သော မြန်မာမတ်ပဲ ဈေးကိုတုံ့ပြန် (Reflect) သည့် အခြေအနေတွင်ရှိသည်။ မတ်ပဲစိုက်ပျိုးထွက်ရှိသော ဒေသရှိ ဈေးကွက်များမှ ကုန်သည်များသည် ရန်ကုန်မတ်ပဲဈေး အပြောင်းအလဲများပေါ် အခြေခံပြီး မိမိတို့ဈေးကွက်တွင် မတ်ပဲအရောင်းအဝယ် ပြု လုပ်ကြသည်။ ထင်ရှားသော ဥပမာအဖြစ် ဈေးကွက်များကို ထုတ်နုတ်ဖော်ပြရပါက ဟင်္သာတနှင့် ပြည်ဈေးကွက်တို့ဖြစ်သည်။

**ပုံ-၁။ ရန်ကုန်တွင်မတ်ပဲအသစ်ပေါ်ပြီး နောက်ပိုင်းကာလများ တွင် ဈေးမြင့်လေ့ရှိသည့်နှစ်များ (၂၀၀၉၊ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များ)**




**ပုံ-၂။ ရန်ကုန်တွင်မတ်ပဲအသစ်ပေါ်ပြီး နောက်ပိုင်းကာလများ တွင် ဈေးကျလေ့ရှိသည့်နှစ်များ (၂၀၀၈၊ ၂၀၁၀၊ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များ)**




ဇာစ်မြစ်။ www.etrademyanmar.com

ယခုတင်ပြချက်သည် မတ်ပဲစိုက်ပျိုးထုတ်လုပ်သူလယ်သမားသည် မိမိတို့ ရိတ်သိမ်းပြီးသီးနှံကို မည်သည့်အချိန်တွင် ရောင်းချမည်နည်း (When to sell) ဆိုသည်ကိုလည်းကောင်း၊ မတ်ပဲရောင်းဝယ်သည့် ကုန်သည်များသည် နောက်ထပ်မတ်ပဲရာသီ အသစ်မပေါ်မီကာလအထိ မိမိလက်ဝယ်ရှိထားသော မတ်ပဲကို မည်သည့်အချိန်တွင် ရောင်းချမည်နည်း (When to sell) ဆိုသည်ကိုလည်းကောင်း၊ ဆုံးဖြတ်မှုအတွက် အထောက်အကူဖြစ်စေရန် ပြီးခဲ့သည့်ကာလများက ဈေးကွက်သတင်းအချက်အလက်များ(Historical Market Information)ကို အခြေခံ၍ စုစည်းသုံးသပ်တင်ပြထားပါသည်။


**ပုံ-၁ နှင့် ပုံ-၂** တွင် ရေးဆွဲဖော်ပြချက်ကို လေ့လာကြည့်ရှုပါ။ ပုံ - ၁ နှင့် ပုံ - ၂ တွင်ဖော်ပြချက်အရ

**(၁)ရန်ကုန်တွင် မတ်ပဲအသစ်ပေါ်ပြီးနောက်ပိုင်းကာလများဖြစ်သည့် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ဈေးမြင့်လေ့ရှိသည့်နှစ်များအဖြစ် ၂၀၀၉ ခုနှစ်၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များကို စိစစ်တွေ့ရှိရသည်။**


**(၂)ရန်ကုန်တွင် မတ်ပဲအသစ်ပေါ်ပြီး နောက်ပိုင်းကာလများဖြစ်သည့် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ဈေးကျလေ့ရှိသည့် နှစ်များအဖြစ် ၂၀၀၈ ခုနှစ်၊ ၂၀၁၀ ခုနှစ်၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များကို စိစစ်တွေ့ရှိရသည်။**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင် နေ့စဉ်ဖြစ်ပေါ်သော မြန်မာ့မတ်ပဲဈေးအတက်အကျ အပြောင်းအလဲပေါ် အခြေခံပြီး အထူးသဖြင့် ပြည် တွင်းဈေးကွက် ရန်ကုန်တွင် မတ်ပဲအရောင်းအဝယ်ပြုလုပ်ကြခြင်းများကြောင့် ရန်ကုန်မတ်ပဲဈေးသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင်ဖြစ် ပေါ်သော မြန်မာမတ်ပဲဈေးကိုတုံ့ပြန် (Reflect) သည့် အခြေအနေ တွင်ရှိသည်။ ရန်ကုန်မတ်ပဲဈေးအတက်အကျကို အခြေခံပြီး ကျန်ပြည်တွင်းဈေးကွက် (ဥပမာ-ဟင်္သာတ၊ ပြည်) များတွင် မတ်ပဲ အရောင်းအဝယ် ပြုလုပ်ကြသည်။ ရန်ကုန်မတ်ပဲဈေးနှင့် မွမ်ဘိုင်းမှ မြန်မာ့မတ်ပဲဈေးပြောင်းလဲမှု (Price movement) တူညီမှုရှိသည်ကို **ပုံ-၃ မှ ပုံ-၅** ထိ ရေးဆွဲဖော်ပြထားပါသည်။ **ပုံ-၃မှ ပုံ-၅** ထိ ရေးဆွဲဖော်ပြထားမှုတွင် နောက်ပိုင်းကာလများတွင် ဈေးမြင့်လေ့ရှိသည့် ၂၀၀၉ ခုနှစ်၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များအတွက် ဖော်ပြထား ခြင်း ဖြစ်ပါသည်။ မွမ်ဘိုင်းမှ မြန်မာ့မတ်ပဲဈေးသည် ရန်ကုန်မတ်ပဲ ဈေးထက် ဈေးပိုမြင့်သည်။


**ပုံ-၃။ ရန်ကုန်နှင့် မွမ်ဘိုင်းတွင် နောက်ပိုင်းကာလများတွင် ဈေးမြင့်လေ့ရှိသည့်နှစ်(၂၀၀၉ ခုနှစ်)**




**ပုံ-၄။ ရန်ကုန်နှင့် မွမ်ဘိုင်းတွင် နောက်ပိုင်းကာလများတွင် ဈေးမြင့်လေ့ရှိသည့်နှစ်(၂၀၁၃ ခုနှစ်)**




**ပုံ-၅။ ရန်ကုန်နှင့် မွမ်ဘိုင်းတွင် နောက်ပိုင်းကာလများတွင် ဈေးမြင့်လေ့ရှိသည့်နှစ်(၂၀၁၄ ခုနှစ်)**





**ဇာစ်မြစ်။ www.etrademyanmar.com**


**မတ်ပဲစိုက်ပျိုးထုတ်လုပ်သည့် လယ်သမားများ။** မတ်ပဲစိုက်ပျိုးသူများသည် ဖေဖော်ဝါရီလတွင်ရိတ်သိမ်းပြီး ခြွေလှေ့ရောင်းချကြသည်။ မတ်ပဲရောင်းဝယ်သည့် ရာသီကာလအတွင်း နောက်ပိုင်းကာလများဖြစ်သည့် ဈေးမြင့်သော စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလအထိစောင့်ပြီး ရောင်းချနိုင်ခြင်းမရှိပါ။

မိသားစုငွေကြေးလိုအပ်ချက်အရလည်းကောင်း၊ သိုလှောင်ချိန် ကြာမြင့်မည်ကို စိုးရိမ်မှုအရလည်းကောင်း၊ မတ်ပဲရိတ်သိမ်းအပြီး နောက်ထပ်မံစိုက်ပျိုးမည့် မိုးစပါးအတွက် ငွေကြေးအရင်းအနှီးရရှိရန်အတွက်လည်းကောင်း၊ နောက်ပိုင်းကာလများဖြစ်သည့် ဈေးမြင့်သော စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလ အထိစောင့်၍ ရောင်းချရန်ဖြစ်နိုင်စွမ်းမရှိပေ။ ထို့ကြောင့် မတ်ပဲစိုက်ပျိုးထုတ်လုပ်သည့်လယ်သမားများသည် စွန့်စားရမှု (Risk)နည်းပါးစေရန်၊ မတ်ပဲရိတ်သိမ်း ခြွေလှေ့ပြီးစီးသည့် ဖေဖော်ဝါရီလမှ ဧပြီလကုန်အတွင်း ရောင်းချသင့်ပါသည်။ ထို့သို့ရောင်းချမှုအတွက် လတ်တလောဖြစ်ပေါ်သည့် ဈေးကွက်သတင်း (up-to-date market information) အချက်အလက်ကို သိရှိရန် လိုအပ်ပါသည်။ ဖော်ပြသည့် **ပုံ-၆ မှ ပုံ-၈**ထိ ကိုလေ့လာရန်ဖြစ်ပါသည်။


**ပုံ-၆။ ရန်ကုန်တွင် နောက်ပိုင်းကာလများတွင် ဈေးမြင့်လေ့ရှိသည့်နှစ် (၂၀၀၉ ခုနှစ်)**




**ပုံ-၇။ ရန်ကုန်တွင် နောက်ပိုင်းကာလများတွင် ဈေးမြင့်လေ့ရှိသည့်နှစ် (၂၀၁၃ ခုနှစ်)**




**ပုံ-၈။ ရန်ကုန်တွင် နောက်ပိုင်းကာလများတွင် ဈေးမြင့်လေ့ရှိသည့်နှစ် (၂၀၁၄ ခုနှစ်)**




စာမျက်နှာ ၂၆ သို့

# ရွှေပေါက်ကံစက်မှုဇုန်တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲကျင်းပခြင်းနှင့် စားသောက်ကုန်ထုတ်လုပ်သည့်စက်ရုံများသို့ ကွင်းဆင်းဆောင်ရွက်မှုများပြုလုပ်

လုံခြုံစိတ်ချရမှုရှိသော ကုန်စည်များအား စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသုံးနိုင်စေရန်အတွက် ထုတ်လုပ်သူလုပ်ငန်းရှင်များအနေဖြင့် ဥပဒေပါညွှန်ကြားချက်များကို သိရှိလိုက်နာနိုင်ရန် ရည်ရွယ်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူးဦးဝင်းတင့်နှင့် အရာထမ်း/အမှုထမ်းများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းတို့နှင့် ပူးပေါင်း၍ ဇန်နဝါရီလ ၁၃ ရက်နေ့ နေ့လယ်က ရွှေပေါက်ကံမြို့သစ်၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ရွှေပေါက်ကံစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက ဇုန်အတွင်း စက်ရုံပေါင်း ၂၄၈ ရုံအနက် စားသောက်ကုန်ထုတ်လုပ်သည့်စက်ရုံ ၃၂ ရုံ ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲမှ စားသောက်ကုန် လုပ်ငန်းရှင်များ အထူးသိရှိလိုက်နာဆောင်ရွက်သင့်သည်များကို သေချာစွာနားထောင်၍ မိမိလုပ်ငန်းတိုးတက် အောင် လုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းတင့်က စက်မှုဇုန်များရှိကုန်ပစ္စည်းထုတ်လုပ် သောလုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှ ရေရှည်တွင် အကျိုးရှိပြီး စားသုံးသူများ လည်း ဘေးကင်းမှာဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါအတိုင်း ဗဟိုကော်မတီ၏ ကွပ်ကဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့ အောက်တွင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မတီနှစ်ရပ်ဖြစ်သော စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို စားသုံးသူ နစ်နာမှုများ ရှိပါကတိုင်ကြားနိုင်ပြီးအမှန်တကယ် ထိခိုက်နစ်နာပါက စီးပွားရေးလုပ်ငန်းရှင်အား သင့်လျော်သော အရေးယူမှုကို ဥပဒေအရဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတွင် ပြည်တွင်းမှထုတ်လုပ်သောကုန်စည်များနှင့် ပြည်ပမှဝင်ရောက်လာသောကုန်စည်များ လုံခြုံစိတ်ချရမှုမရှိလျှင် ကွင်းဆင်းစစ်ဆေးပြီး အရေးယူဆောင်ရွက်ရမည်ဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်များမှ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်ပတ်သက်သောပညာပေးရေး လုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် စားသောက်ကုန်များနှင့်ပတ်သက်၍



စားသုံးသူပြည်သူများအတွက် အာမခံနိုင်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ဦးစီးအရာရှိ ဒေါက်တာ ဖြိုးမာန်သက်ဦးမှ ဆေးဝါးနှင့်ပတ်သက်၍ ဆေးဆိုင်မှစပ်ဆေးများသည် ပမာဏမညီညွတ်လျှင် အန္တရာယ် ရှိနိုင်ပါကြောင်း၊ ဓါတုပစ္စည်းမှထုတ်လုပ်သောဆိုးဆေးတွင် အစားအသောက်များ၌ အသုံးပြု၍ ရသောဆိုးဆေး နှင့် အသုံးပြု၍မရသောဆိုးဆေးများရှိ၍ သဘာဝထက်လွန်ကဲသော ပုံမှန်မဟုတ်သည့် အရောင်ပါအစားအစာ များ သတိထားစားသောက်သင့်ကြောင်း၊ အကင်များစားသုံးခြင်း ခေတ်စားလာခြင်းကြောင့် ရေရှည်တွင် ကင်ဆာရောဂါများဖြစ်ပွားနိုင်ပါကြောင်းနှင့် အသင့်စား စားသောက်ကုန်များအား ထောက်ခံချက်ထုတ်ပေးခြင်းဖြစ်၍ သန့်ရှင်းသပ်ရပ်ပြီး အရည်အသွေးမီစနစ်တကျထုတ်လုပ်ကြရန်လိုအပ်ပါကြောင်းပြောကြားခဲ့ပါသည်။

တိုင်းကျန်းမာရေးဦးစီးဌာနကိုယ်စား ရွှေပေါက်ကံမြို့သစ်မြို့နယ်ကျန်းမာရေးတာဝန်ခံ ဒေါက်တာ နန်းအေးအေးလှိုင်က Safe Food ခေါ် လုံခြုံစိတ်ချရသည့် အစားအသောက်ဖြစ်စေရန် စားသုံးသူအန္တရာယ် မရှိအောင်ထုတ်လုပ်ကြရန်လိုအပ်ပါကြောင်း၊ အစားအစာထုတ်လုပ်သည့် စက်ရုံများမှာ သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်ရမည်ဖြစ်ကြောင်း၊ အစားအစာကိုင်တွယ်ထုတ်လုပ်သူများမှာလည်း တစ်ကိုယ်ရည် သန့်ရှင်းရေးသည် အရေးကြီးပါကြောင်း၊ သုံးစွဲသည့်ကုန်ကြမ်းများမှာ သန့်ရှင်းလတ်ဆတ်ရမည်ဖြစ်ကြောင်း၊ ခွင့်ပြုသည့်ဆိုးဆေးအား သုံးစွဲရမည့်ပမာဏသာ အသုံးပြုရမည်ဖြစ်ကြောင်း၊ စိတ်ချရသည့်အစားအသောက်များ ကြိုးစားထုတ်လုပ်ကြရန်လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ကုန်ပစ္စည်းထုတ်လုပ်သူများ မှာလည်း စားသုံးသူများသာဖြစ်ကြောင်း၊ သမာအာဇီဝဖြင့် ထုတ်လုပ်ခြင်းမရှိလျှင် စားသုံးသူများ ဒုက္ခ ရောက်မည်ဖြစ်ကြောင်း၊ အန္တရာယ်ရှိသည်ဟု စစ်ဆေးတွေ့ရှိ၍ စားသုံးသူမှ ဝယ်ယူသုံးစွဲခြင်းမပြုလျှင် လုပ်ငန်းရှင်လည်းနစ်နာမည်ဖြစ်ကြောင်း၊ လုံခြုံစိတ်ချရသောထုတ်ကုန်များကိုသာ ပြည်သူများအား သုံးစွဲစေချင်ကြောင်း၊ အော်ဂဲနစ်ထုတ်ကုန်များဖြစ်လျှင် ပြည်တွင်းသာမက ပြည်ပနိုင်ငံများမှလည်း ဝယ်ယူလိုပါကြောင်း၊ ထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့် မိမိကိုယ်တိုင် စားသုံးမည့် အစားအသောက်ကဲ့သို့ ထုတ်လုပ်စေချင်ကြောင်း ပြောကြားခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲအပြီး ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ရွှေပေါက်ကံစက်မှုဇုန်ရှိ Hollywood Bakery စက်ရုံ၊ Myanmar Interfood Co., Ltd စက်ရုံများသို့ ကွင်းဆင်းသွားရောက်ကြည့်ရှုစစ်ဆေးပြီး စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပြောကြားခဲ့ပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန(ရန်ကုန်ရုံးခွဲ)၊ မြို့နယ်ကျန်းမာရေးတာဝန်ခံ၊ မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်း၊ ရွှေပေါက်ကံစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီမှတာဝန်ရှိသူများနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ပါသည်။

**စန္ဒာ(စားသုံးသူ)ရန်ကုန်**

# ပုသိမ်မြို့ပေါ်ရှိ စာသင်ကျောင်းများနှင့် ပတ်ဝန်းကျင်ရှိ မုန့်ဆိုင်များတွင် ခွင့်မပြုဆိုးဆေးပါ အစားအသောက်များ သိမ်းဆည်းမြေမြှုပ်ဖျက်ဆီး



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းမုန့်ဈေးတန်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်အား ၂၀၁၄ ခုနှစ် ဇွန်လ ၁၈ ရက်နေ့က တိုင်းကျန်းမာရေးဦးစီးဌာန ခန်းမတွင် အသိပညာပေး ဆွေးနွေးခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်အရ စာသင်ကျောင်း မုန့်ဈေးတန်းများမှ မုန့်နမူနာများအား နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ မုန့်နမူနာများအနက် ဝါးခယ်မမြို့နယ်မှ လေးမျိုး၊ ပုသိမ်မြို့မှတစ်မျိုး၊ စုစုပေါင်း မုန့်နမူနာ ငါးမျိုးတွ င် ခွင့်မပြုဆိုးဆေးများပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ပုသိမ်မြို့ပေါ်ရှိ အမက(၂၄)၊ အမက(၂၀)၊ အထက(၆)၊ အလက(၆)၊ အထက(၁)၊ အထက(၂)၊ အထက(၃)၊ အလက(၁) ကျောင်းများရှိ မုန့်ဈေးတန်းများနှင့် ကျောင်းပတ်ဝန်းကျင်ရှိ မုန့်ဆိုင်များကို စစ်ဆေးခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ချက်ထုတ်ပြန်ထားသော စည်တော်ကြီး ရှူးရှဲလက်ဖက် ၄၂၁ ထုပ်၊ Marshmallow ပီကေ ၂၂ ထုပ်၊ ဆိုးဆေးပါ ရောင်စုံဝေဖာချောင်း ၁၄ ထုပ်တို့ကို တွေ့ရှိသိမ်းဆည်းခြင်း၊ ဆိုင်ပိုင်ရှင်များအား အသိပညာပေးဆွေးနွေး၍ လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါခွင့်မပြုဆိုးဆေးပါ မုန့်များအား သက်ဆိုင်ရာသို့ တင်ပြခွင့်ပြုချက်ရယူပြီး ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက် ၁၀ း ၀၀ နာရီတွင် ပုသိမ်မြို့၊ နံ့သာကုန်းရပ်ကွက် ရှိစည်ပင်သာယာရေး အမှိုက်ပုံတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာအဖွဲ့တို့ ပူးပေါင်း၍ မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

**DCCA CONSUMER AYEYAR**

Vol: 15, No.4 Monday Jan 26 2015



# ဘားအံမြို့တွင် အစားအသောက်နှင့်အလှကုန်ပစ္စည်းများအား Mobile Lab ယာဉ်ဖြင့် ကွင်းဆင်းစစ်ဆေး



ကရင်ပြည်နယ်အတွင်းရှိဈေးများတွင် ရောင်းချလျက်ရှိသော စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများ၌ စားသုံးသူပြည်သူလူထုအတွက် ဘေးအန္တရာယ်ဖြစ်စေသော ဓါတုဆေးဝါးများ ပါဝင်မှုရှိ/မရှိနမူနာကွင်းဆင်း စစ်ဆေးခြင်းကို အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန(ဗဟို)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းဦးစီးသောအဖွဲ့သည် ကရင်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာန၊ မွန်ပြည်နယ် ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ ပြည်နယ်ကျန်းမာရေးမှဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ ပူးပေါင်း၍ Mobile Lab ယာဉ်ဖြင့် ဇန်နဝါရီလ ၈ ရက်နေ့က ဘားအံမြို့မဈေးကြီးတွင် နမူနာပစ္စည်းများ ပူးပေါင်း ကောက်ယူစစ်ဆေးခဲ့ရာ အလှကုန်ပစ္စည်း(၂၁) မျိုးနှင့် စားသောက်ကုန်ပစ္စည်း ၇၉ မျိုးတို့ကိုနမူနာရယူစစ်ဆေးနိုင်ခဲ့ပါသည်။

အလှကုန်ပစ္စည်းငါးမျိုးတွင်သုံးစွဲသူများ အန္တရာယ်ဖြစ်စေသည့် ဓါတုပစ္စည်းများပါဝင်ကြောင်း "သံသယဖြစ်ဖွယ်" စစ်ဆေးတွေ့ရှိရ၍ နေပြည်တော် FDA ဓါတ်ခွဲခန်းများတွင် ထပ်မံစစ်ဆေးပြီးမှန်ကန်မှုရှိပါက တရားဝင်ကြေညာ၍ တားမြစ်ချက်ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရပြီး၊ စားသောက်ကုန်များမှ ပစ္စည်းနှစ်မျိုးတွင် စားသုံးရန်မသင့်သည့် ဓာတုပစ္စည်း (Saticylic Acid)ပါဝင်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့်အဆိုပါစားသောက်ကုန်နှစ်မျိုးအား မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေး ကော်မတီနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့မှတားမြစ်သိမ်းဆည်းခဲ့ပါသည်။

ဘားအံမြို့မဈေးတွင် ဈေးသူ/သားများနှင့်ဈေးဝယ်သူများအား စားသုံးသူများအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးအာမခံချက်ရှိပြီး အရည်အသွေးပြည့်မီသောထုတ်ကုန်များကို ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ရေးစသော စားသုံးသူ အကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများကို စားသုံးသူရေးရာဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများမှ အသိပညာပေးဆွေးနွေး၍ လက်ကမ်းစာစောင်များ၊ ဥပဒေစာအုပ်များကို ဖြန့်ဝေပေးခဲ့ပြီး ဈေးသူ/သားပြည်သူလူထုမှလည်း ယခုကဲ့သို့တာဝန်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သတင်းမီဒီယာများပူးပေါင်း၍ ပြည်သူလူထုပိုမိုသိရှိနားလည်လာစေရန်ပညာပေး အစီအစဉ်များ ဆောင်ရွက်မှုအား ကြိုဆိုထောက်ခံပြီး မကြာခဏဆောင်ရွက်ပေးပါရန် တောင်းဆိုတင်ပြ ကြောင်းသတင်းရရှိပါသည်။

**DCCA (Kayin), Consumer**

# မကွေးမြို့နယ်၊ အမှတ်(၄) အခြေခံအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှု၊ ရုံးချုပ်၊ နေပြည်တော်၏ လမ်းညွှန်မှုများနှင့်အညီ တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ကျောင်းများ၊ ဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို အပတ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့က မကွေးမြို့ ရန်မျိုးနိုင်ရပ်ကွက် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေး ဟောပြောပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမရှစ်ဦး ကျောင်းသား၊ ကျောင်းသူ ၄၂၅ ဦး စားသုံးသူရေးရာဌာနမှ ဝန်ထမ်း ၁၅ ဦး စုစုပေါင်း ၄၄၈ ဦး တက်ရောက်ခဲ့ပါသည်။ ၎င်းဆွေးနွေး ဟောပြောပွဲတွင် ပထမဦးစွာ ကျောင်းအုပ်ဆရာကြီးဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝမ်းမောင်က စားသုံးသူအကာအကွယ်ပေးရေး စတင်ပေါ်ပေါက်လာပုံ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များနှင့် တားမြစ်ချက်များ အကြောင်း၊ ၂၀၁၄ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ၂၀၁၄ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀ ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့်အကြောင်း၊ ထို့နောက် အန္တရာယ်ရှိပြီး သတိထားဝယ်ယူစားသုံးရမည့် ပစ္စည်းများအကြောင်း၊ အချိုရည်ဘူးများ အချိုခဲများ၊ ကလေးငယ်များဝယ်ယူစားသောက်လျက်ရှိသော မုန့်များ၊ ၎င်းနောက်စားသုံးဆီများဖြစ်သော ပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ၊ ရောဆီများအကြောင်းနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် အသုံးပြုကြသော ဓါတုဓာတ်မြေဩဇာ၊ ဓါတုပိုးသတ်ဆေးများ အန္တရာယ်ရှိပုံအကြောင်းတို့ကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပြီး ပိုစတာများဝေငှခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းဆရာ ဆရာမများ၊ စားသုံးသူရေးရာဌာနမှ ဝန်ထမ်းများသည် ကျောင်းဈေးတန်းရှိ ဆိုင်ခန်းများသို့ သွားရောက်စစ်ဆေးခဲ့ကြပြီး ရောင်းချလျက်ရှိသော အချိုရည်ဘူးများ၊ မြန်မာမုန့်များ၊ တရုတ်မုန့်များနှင့် အချိုခဲများအကြောင်း အန္တရာယ်ရှိသော မုန့်များ၊ မသန့်ရှင်းသောအစားအစာများအကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး ကျောင်းသား၊ကျောင်းသူများအတွက် သန့်ရှင်းလတ်ဆတ်ပြီး အန္တရာယ်ကင်း၍ အာဟာရဖြစ်သော မုန့်များတို့ကို ဝယ်ယူရောင်းချကြပါရန် ပြောကြားပြီး လက်ကမ်းစာစောင်များ ပိုစတာများ ဝေငှခဲ့ကြောင်း သတင်းရရှိပါသည်။

**ဝင်းထွန်း(စားသုံးသူ)၊ မကွေး**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အလုံမြို့နယ် ယာယီသိပ္ပံဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန် တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့်အဖွဲ့သည် အလုံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဈေးတာဝန်ခံတို့နှင့်ပူးပေါင်း၍ အဖွဲ့ဝင် ၁၅ ဦးဖြင့် အလုံမြို့နယ်၊ ယာယီသိပ္ပံဈေး (ဆင်မင်းဈေး)ရှိ ဈေးဆိုင်များ၌ ရောင်းချသည့် ကုန်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးခြင်း၊ ဆိုင်ရှင်များအား စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးခြင်းများကို ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

အဖွဲ့သည် ဈေးအတွင်းရောင်းချလျက်ရှိသည့် မုန့်မျိုးစုံဆိုင်၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်ဆိုင်၊ အလှကုန်ဆိုင်နှင့် စားသောက်ကုန်ဆိုင်များကို လှည့်လည်ကြည့်ရှုပြီး မုန့်မျိုးစုံ၊ ယိုစုံ၊ ငရုတ်ဆီ စသည့်စားသောက်ကုန် ပစ္စည်းများတွင် ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ/မရှိ၊ အရောင်ဆိုးဆေးများ အသုံးပြုထားသော ငရုတ်သီးမှုန့်၊ ငါးပိတို့ကို ရောင်းချခြင်းမပြုရန်၊ ငါးပိ ၊ ငါးပိစိမ်းစား ၊ ငံပြာရည်၊ ပုစွန်ခြောက်၊ ငါးခြောက်များတွင် ယင်မနားဆေး၊ ပိုးသတ်ဆေးများ အသုံးပြုပြီး ရောင်းချသဖြင့် ဘေးဥပဒ်ဖြစ်ပေါ်နိုင်ခြင်း၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အသင့်စား စားသောက်ကုန်များ ရောင်းချခြင်းမှ ရှောင်ရှားရန်၊ FDA ထောက်ခံချက်ပါရှိခြင်း၊ မြန်မာဘာသာဖြင့် ဖော်ပြထားသည့်ကုန်ပစ္စည်းများကိုရွေးချယ်၍ရောင်းချရန် ၊ စားသုံးရန်မသင့်သည့် စားသောက်ကုန်များနှင့် စံချိန်စံညွှန်းမမီသည့် စားသောက်ကုန်များကို ရောင်းချခြင်းမပြုရန်၊ ရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများတွင် အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းများ ၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲ၊ ဆက်သွယ်ရန် လိပ်စာ စသည့်အချက်အလက်များ ပြည့်စုံစွာပါရှိရန်၊ နိုင်ငံပိုင်သတင်းစာများမှ ကြေညာထားသည့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သော အစားအစာ၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ ရောင်းချခြင်းမပြုရန်၊ မုန့်ဟင်းခါး ၊ အသုပ်စုံများကို တစ်ပိုင်တစ်နိုင်ရောင်းချသူများအနေဖြင့်လည်း လက်အိတ်များ အသုံးပြုရန်၊ သဘာဝအချဉ်ရည်ကို သုံးစွဲရန်၊ သန့်ရှင်းသပ်ရပ်စွာရောင်းချရန်တို့ကို ရောင်းချသူစီးပွားရေး လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးခဲ့ပါသည်။

၎င်းအပြင် နိုင်ငံတော်မှ ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းထားမှု၊ စားသုံးသူများ၏နစ်နာမှုကို ဖြေရှင်းပေးရန် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးစီးမှု၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်ပတ်သက်၍ စားသုံးသူက ကျေနပ်မှုမရှိပါက တိုင်ကြားလျှင် လက်ခံညှိနှိုင်းဖြေရှင်းခြင်းများကို ဆောင်ရွက်ပေးမည့် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းပြီးစီးမှု၊ ပြည်တွင်းမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ၊ ပြည်ပမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများ၊ လုံခြုံစိတ်ချရမှုရှိစေရန် စစ်ဆေးဆောင်ရွက်ပေးမည့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးလက်ကမ်း စာစောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ နိုင်ငံပိုင်သတင်းစာ များတွင် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည့်ကုန်ပစ္စည်းအမယ်များ ကြေညာထားချက်ကို ဖြန့်ဝေပေးမှုများ ဆောင်ရွက်ခဲ့ပါသည်။


ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အလုံမြို့နယ် ယာယီသိပ္ပံဈေး (ဆင်မင်းဈေး) တွင် ဆိုင်ခန်းပေါင်း ၇၂၇ ခန်း ၊ ဆိုင်ခန်းလွှတ်ရောင်းချသည့်ဈေးသည် ၇၀ ဦး ခန့်ဖြင့် နေ့စဉ်ဈေးရောင်းချခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**


➲စာမျက်နှာ-၂၃ ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေး… မှ အဆက်

ရန်ကုန်မတ်ပဲဈေးနှင့် မွမ်ဘိုင်းမှ မြန်မာ့မတ်ပဲဈေးပြောင်းလဲမှု (Price movement) အခြေခံ၍ ရန်ကုန်နှင့် မွမ်ဘိုင်း၌ နောက်ပိုင်းကာလများတွင် ဈေးကျလေ့ရှိသည့်နှစ်များဖြစ်သော ၂၀၀၈ ခုနှစ်၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်များ အတွက် ပုံ-၉ မှ ပုံ-၁၂ ထိ ရေးဆွဲထားသောပုံများကို လေ့လာရန်ဖြစ်ပါသည်။


**ပုံ-၉။ ရန်ကုန်နှင့် မွမ်ဘိုင်းတွင် နောက်ပိုင်းကာလများတွင် ဈေးကျလေ့ ရှိသည့်နှစ် (၂၀၀၈ ခုနှစ်)**





**ပုံ-၁၀။ ရန်ကုန်နှင့် မွမ်ဘိုင်းတွင် နောက်ပိုင်းကာလများတွင် ဈေးကျလေ့ ရှိသည့်နှစ် (၂၀၁၀ ခုနှစ်)**




**ပုံ-၁၁။ ရန်ကုန်နှင့် မွမ်ဘိုင်းတွင် နောက်ပိုင်းကာလများတွင် ဈေးကျလေ့ ရှိသည့်နှစ် (၂၀၁၁ ခုနှစ်)**




**ပုံ-၁၂။ ရန်ကုန်နှင့် မွမ်ဘိုင်းတွင် နောက်ပိုင်းကာလများတွင် ဈေးကျလေ့ ရှိသည့်နှစ် (၂၀၁၂ ခုနှစ်)**




**ဇာစ်မြစ်။ www.etrademyanmar.com**

**မတ်ပဲရောင်းဝယ်သည့်ကုန်သည်များ။** လတ်တလောဖြစ်ပေါ်သည့် ဈေးကွက်သတင်း (up-to-date market information) နှင့် ပြီးခဲ့သည့်ကာလများက ဈေးကွက်သတင်းအချက်အလက်များ (Historical Market Information) ကိုမတ်ပဲရောင်းဝယ်သည့် ကုန်သည်များ သိရှိရန်လိုအပ်ပါသည်။ ရန်ကုန်တွင် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် မတ်ပဲဈေးကျသော လများဖြစ်သဖြင့် မိမိလက်ဝယ်ရှိမတ်ပဲကို ဩဂုတ်လနောက်ဆုံးထားပြီး ရောင်းချသင့်ကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။ **ပုံ-၉ မှ ပုံ-၁၂** ထိ လေ့လာရန်ဖြစ်ပါသည်။ မတ်ပဲရောင်းဝယ်သည့် ရာသီကာလအတွင်း မတ်ပဲဈေးကျလာသော ဈေးနှုန်းပြောင်းလဲမှု (price movement)မျိုးကို မတ်ပဲရောင်းဝယ်သည့် ကုန်သည်များ သတိပြုမိရန်နှင့် သိုလှောင်မှုအတွက် ကုန်ကျစရိတ် (storage cost) ကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်ပါကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

# အင်ဂျင်ပါဝါကြီးကားများ နှစ်သစ်တွင် ရောင်းအား ပိုရှိလာ

ရန်ကုန်ကားဈေးကွက်အတွင်း၌ နှစ်ဆန်းပိုင်း တတိယပတ်ခန့်တွင် စလစ်ကပ်တင်သွင်းရသော အင်ဂျင်ပါဝါမြင့်ကားများရောင်းအားပိုရှိလာကြောင်း ကားအရောင်းစင်တာများ သာမက ကားပွဲစားတန်းများတွင်လည်း စလစ်ကပ်ကားများ အဝယ်ရှိနေပြီး ပြီးခဲ့သည့်နှစ်ကထုတ်ထားသည့်စလစ်အဟောင်းများအမြင့်ဈေးဖြင့် ရောင်းအားရှိနေကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် သက်ဆိုင်ရာမှ စည်းကမ်းသတ်မှတ်ချက်များ အသစ်ထွက်ပေါ်လာခဲ့သဖြင့် ယခုနှစ်ဆန်းပိုင်းအစတွင် ကားတင်သွင်းသူများ အနည်းငယ်အခက်အခဲတွေ့ခဲ့သော်လည်း လဆန်းပိုင်းမှာပင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှကားပါကင်နေရာပြသထောက်ခံချက်ပါမှ ယာဉ်တင်သွင်းခွင့်ပါမစ် လျှောက်ထားရန် ကန့်သတ်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်အတွင်းထုတ်ယူထားသော ယာဉ်အိုယာဉ်ဟောင်းအပ်စလစ်ဖြင့် ဆိုပါက ပါကင်ထောက်ခံချက်မလိုကြောင်း သတ်မှတ်ခဲ့ပြီး ထပ်မံ၍ ၂၀၁၅ ခုနှစ်အတွင်းတွင်လည်း ယာဉ်ဟောင်း အပ်နှံစလစ်ဖြင့် ကားတင်သွင်းပါက ယာဉ်ရပ်နားရန် ပါကင်နေရာပြစရာ မလိုဟု ပြောင်းလဲသတ်မှတ်ပေးခဲ့သဖြင့် တစ်နည်းအားဖြင့် ပြန်လည်၍ လုပ်သာကိုင်သာရှိလာကြောင်း သိရသည်။

သက်ဆိုင်ရာမှဆက်လက်၍ ၂၀၁၅ ခုနှစ်အတွင်း ဆိပ်ကမ်းအရောက်သတ်မှတ်ဈေး(စီအိုင်အက်ဖ်) အား အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ကောက်ခံမည်ဆိုသဖြင့် ကားလောကအတွင်းသို့လော သို့လောဖြစ်နေကြသော်လည်း ယခင် ၂၀၁၄ ခုနှစ်၏ စီအိုင်အက်ဖ်ပေါ် အခြေခံပြီး ငါးရာခိုင်နှုန်းလျှော့၍ လျှောက်ထားပါက လက်သင့်ခံနိုင် မည်ဖြစ်ကြောင်း၊ သွင်းကုန်ပါမစ်ခွင့် ပြုချက်မရရှိမီ ဆိပ်ကမ်းအရောက် ကားများကိုလည်း ဇန်နဝါရီလ ၁ ရက် နေ့မှစ၍ ထုတ်ယူခွင့်မပြုဟုဆိုသော်လည်း ယာဉ်ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချသူများအသင်းမှ တောင်းဆိုမှုကြောင့် ယခင်ကဲ့သို့ မူလဒဏ်ကြေးဖြင့် ပြန်လည်ထုတ်ယူ ခွင့်ပြုမည်ဖြစ်သဖြင့် ပြန်လည်ဖြေလျှော့မှုများရှိလာပြီး ကားလုပ်ငန်းရှင်များ အသက်ရှူချောင်စရာဖြစ်လာခဲ့သည်။

ယင်းကဲ့သို့ ပြန်လည်ဖြေလျှော့မှု များရှိလာသဖြင့်လည်း နယ်ဝယ်လက်များ ပြန်လည်ရောက်ရှိလာပြီး အင်ဂျင်ပါဝါကြီး ဖိုးဝီးလ်ကားများနှင့် သိန်း ၁၅၀ မှ ၂၀၀ သိန်းဝန်းကျင် ကားများမှာ အမေးများပြီး အရောင်း အဝယ်ဖြစ်လာကြောင်းသိရသည်။ ကားလေးများမှာ လဆန်းပိုင်းရက်များက ရောင်းအားနည်းပြီး အဝယ်အေးနေသော်လည်း ယခုကားပါကင်ထောက်ခံချက်များလည်း ဆောင်ရွက်နေပြီဖြစ်၍ နောက်ဆုံးအကွာရာထွက်ကားများမှာ ၅ သိန်းမှ ၇ သိန်းခန့် ဈေးမြင့်လာနိုင်ကြောင်း၊ ဈေးကွက်ထဲတွင် လတ်တလောအကွာရာတစ်တန်း၊ နှစ်တန်းနိမ့်ကားများနှင့် နံပါတ်ထွက်ပြီး တက္ကစီ (ရန်ကုန်လိုင်စင်) များလည်း ရောင်းအားပြန်ရှိလာကြောင်း ဝါရင့်ဝယ်ရောင်းအကျိုးဆောင်များမှပြောသည်။

SN

# SCG ကုမ္ပဏီမှ မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်း ဈေးကွက်သို့ဝင်ရန် ပြင်ဆင်




ထိုင်းနိုင်ငံ၏ဘိလပ်မြေထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုဖြစ်သည့် Siam Cement Group(SCG) ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ဆောက်လုပ်ရေးဈေးကွက်သို့ဝင်ရောက်၍ ရင်းနှီးမြှုပ်နှံရန်ပြင်ဆင်လျက်ရှိကြောင်း ဘန်ကောက်ပို့စ် သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ SCG ကုမ္ပဏီသည် Siam Global House နှင့်အကျိုးတူပူးပေါင်း၍ ဆောက်လုပ်ရေးဈေးကွက်သို့ဝင်ရောက်ရန်ပြင်ဆင်ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။

အဆိုပါကုမ္ပဏီနှစ်ခုသည်ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် လက်လီဆိုင်နှစ်ဆိုင်ကို ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

SCG ကုမ္ပဏီအနေဖြင့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့တွင် လက်လီဆိုင်များ ဖွင့်လှစ်ထားပြီးဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ ယခုမှစတင် ဖွင့်လှစ်ရန် စီစဉ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ လာအို၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့မှာ ဆောက်လုပ်ရေးပစ္စည်းဆိုင်ရာ လက်လီဈေးကွက်တွေကို တဖြည်းဖြည်းချင်း တိုးချဲ့ဖွင့်လှစ်သွားမှာပါ။ ကျွန်တော်တို့ရဲ့ ဈေးကွက်အသစ်ကတော့ မြန်မာနိုင်ငံပဲဖြစ်ပါတယ်" ဟု Siam Global House ၏ အကြီးအကဲဖြစ်သူ Witoon Suriyawanakul က ပြောကြားခဲ့သည်။

အဆိုပါလေးနိုင်ငံအတွက် SCG ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဘတ်သန်းပေါင်း ၄၀၀ ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ ခရောင်း (၂၀၀၂) | ယာယီ | ၁၆၀ သိန်း | ၂၀၀၀ စီစီ |
| ၂။ | တိုယိုတာ ပရိုဘောက် (၂၀၀၉) | ယာယီ | ၉၆ သိန်း | ၁၅၀၀ စီစီ |
| ၃။ | ဟွန်ဒါ (အဲဝေ့ဗ်) (၂၀၀၉) | ယာယီ | ၁၄၅ သိန်း | ၁၅၀၀ စီစီ၊ကီးလိုနည်း |
| ၄။ | မစ်ဆူဘီရှိ မီနီကတ်(၂၀၀၉) | ယာယီ | ၈၂ သိန်း | ၆၆၀ စီစီ |
| ၅။ | ဒိုင်ဟတ်စု (မီရာ)(၂၀၁၀) | ယာယီ | ၆၅ သိန်း | ၆၆၀ စီစီ |
| ၆။ | မာဇဒါဒီမီယို (၂၀၀၉) | ယာယီ | ၈၅ သိန်း | ၁၃၀၀ စီစီ |
| ၇။ | တိုယိုတာ၊ အက်ဇီယို(၂၀၀၉) | ယာယီ | ၁၄၈ သိန်း | |
| ၈။ | ဟွန်ဒါဖစ် (၂၀၀၉) | ယာယီ | ၁၀၃ သိန်း | |
| ၉။ | ဘယ်လ်တာဆလွန်း (၂၀၀၉) | ယာယီ | ၁၂၀ သိန်း | |
| ၁၀။ | ဗီလ်ဒါဗင် (၂၀၀၃) | FF | ၁၁၅ သိန်း | |

SN

## သင့်ကျန်းမာရေး

# ဆံပင်ကျွတ်ခြင်း

ဒေါက်တာလွင်သန့်

ဆံပင်ကျွတ်ခြင်းဟာ သဘာဝပဲဖြစ်တယ်။ လူတစ်ယောက်ရဲ့ ဦးခေါင်းမှာ ဆံပင်ပေါင်းတစ်သိန်းမှ တစ်သိန်း သုံးသောင်းအထိ ရှိကြတယ်ဆိုတယ်။ လူရဲ့တစ်ကိုယ်လုံးဆံပင် အပါအဝင် အမွေးမှင်ပေါင်း ငါးသိန်းခန့် ရှိတယ်။ ဆံပင်ဟာ အခြားအမွေးအမှင် ထက် ရှည်နှုန်းမြန်တယ်။ လူကြီးတစ်ယောက်မှာ ဆံပင်ဟာတစ်ပတ်မှာ တစ်လက်မ ရဲ့ ငါးပုံတစ်ပုံခန့်ရှည်တယ်။

**ဆံပင်သက်တမ်း။** လူ့ဆံပင်သက်တမ်းဟာ နှစ်နှစ်မှ ငါးနှစ်အထိရှိတယ်။ ဦးခေါင်းပေါ်ရှိ ဆံပင်အားလုံး အချိန်ပြည့်ရှည်ထွက်နေကြတာမျိုး မဟုတ်ဘူး။ ဆံပင်ရဲ့ကိုးဆယ်ရာခိုင်နှုန်း ရှည်ပြီး၊ ကျန်(၁၀) ရာခိုင်နှုန်းက ရှည်ပါဘူး။

လူတစ်ယောက်မှာ နေ့စဉ်ဆံပင် ၅၀ မှ ၁၀၀ ထိ ကျွတ်တယ်။ ဆံပင်ရှည်ခြင်း၊ ကျွတ်ခြင်းတို့ဟာ ခန္ဓာကိုယ် ရှိဟော်မုန်းဓာတ်များ၊ မျိုးရိုးဗီဇရောဂါ၊ အာဟာရ၊ အလေ့အကျင့်နဲ့ စိတ်တို့အပေါ် မူတည်တယ်။

အမျိုးသမီးရှိ မဟော်မုန်းဓာတ်တစ်မျိုးက ဆံပင်ကို ရှည်စေတယ်။ အမျိုးသားရှိ ဟော်မုန်းဓာတ်ကဆံပင်ကို တိုစေတယ်။ အလွယ်တကူ ကျွတ်စေတယ်။

ဆံပင်၊ လက်သည်း၊ ခြေသည်းနဲ့ အရေပြားတို့ဟာ ခန္ဓာကိုယ်ကျန်းမာရေးရဲ့ ရောင်ပြန်ဟပ်မှုကိုခံကြရတယ်။ ခန္ဓာကိုယ်ရောဂါအမျိုးမျိုးရဲ့ ရောင်ပြန်ဟပ်မှုကြောင့် ဆံပင်ကျွတ်ခြင်းဖြစ်စေတယ်။

**ဆံပင်ကျွတ်စေခြင်း အကြောင်းရင်း။** ဆံပင်ကျွတ်လို့ ခေါင်းပြောင်ခြင်း (Alopecia) ဖြစ်စေ တဲ့ အကြောင်းရင်းကများတယ်။ ရောဂါများကြောင့်ဖြစ်နိုင်သလို၊ ရောဂါမဟုတ်တဲ့ အခြားချွတ်ယွင်းမှုများကလည်း ဖြစ်နိုင်တယ်။ တချို့ ဆံပင်တစ် နေရာတည်း ကွက်ကျွတ်တတ်ပြီး၊ တချို့နေရာအနှံ့ ဆံပင်ကျွတ်ကာ တချို့ကတော့ တစ်ခေါင်းလုံး ဆံပင်ကျွတ်တယ်။

လူတစ်ဦးမှာ ဆံပင်ကျွတ်ရခြင်းဟာ ထာဝစဉ် တစ်သက်လုံးဆံပင်ပြန်မပေါက်အောင်ကျွတ်ခြင်းမျိုးရှိတယ်။ ဆံပင်ကျွတ်ခြင်းမှာ ဆံပင်မွေးအိမ်နဲ့ ဆံပင်မွေးဥတို့ လုံးဝပြောင်းလဲခြင်း မဖြစ်ရင် ဆံပင် ထပ်မံပြန်ပေါက်နိုင်တယ်။

**ဆံပင်ကျွတ်စေတဲ့ ရောဂါများ။** ပြင်းထန်တဲ့ အဖျားအနာရောဂါ ပျောက်ကင်းပြီး သုံးလခန့်မှာ ဆံပင်ကျွတ်လေ့ရှိတယ်။ ဥပမာ-အူရောင်ငန်းဖျား (Thyphoid) ၊အနာကြီး ရောဂါ၊ အဆုတ်တီဘီရောဂါ တို့မှာ ဖြစ်တယ်။

ရောဂါပိုးရဲ့ကိုယ်က ထုတ်လုပ်တဲ့ အဆိပ်အတောက်များ လူ့ခန္ဓာကိုယ်သွေးထဲ ကျန်ရှိနေလို့ဆိုတယ်။ ဆံပင်ကျွတ်ပြီး နောက်သုံးလေးလမှာ ဆံပင်ပြန်ပေါက်လေ့ရှိတယ်။

ဦးခေါင်းမှာ ဒက်၊ ပွေး၊ ဝဲ စတဲ့ ယားနာများ၊ အနာစိမ်းပေါက်ခြင်း၊ ဖောက်ထခြင်း၊ ဆံပင်အကြားသန်းစွဲ ခြင်းစတဲ့ ဦးရေပြားမသန့်ရှင်းမှုများကြောင့် ဆံပင်ကျွတ်ပြီး၊ ဆံပင်ကျဲစေတယ်။ နေရာအနှံ့လည်း ကျွတ်တတ်တယ်။

ကာလသားရောဂါ ဒုတိယအဆင့် (2nd Syphilis) နဲ့ တတိယအဆင့်မှာ လည်ပင်းရှိ သိုင်းရွိုက်ကလင်း လုပ်ငန်းဆောင်တာချို့ယွင်းရင် ဆံပင်ကျွတ်တယ်။ ကာလသားရောဂါ ဒုတိယ အဆင့်မှာ ဦးခေါင်းရဲ့ဘေးနှစ်ဖက်နဲ့ အနောက်ဘက်မှာ ဆံပင်ကျွတ်ခြင်း အဖြစ်များသလို နေရာအနှံ့ကွက်ပြီး၊ ဆံပင်ကျွတ်တယ်။

ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ အာဟာရဓာတ်အမျိုးမျိုး အထူးသဖြင့် သံဓာတ်ချို့တဲ့ရင်၊ ကျန်းမာရေးချို့ယွင်းရင် ဆံပင်ကျွတ်တယ်။ ဆံပင်ကျွတ်တိုင်း ရောဂါရှိတယ်မဆိုလိုပါ။ ရောဂါမဟုတ်တဲ့ အကြောင်းရင်းလည်းရှိတယ်။

အမျိုးသမီးများ သားဖွားပြီးစနဲ့ သွေးဆုံးချိန်မှာ ဆံပင်အလိုလိုကျွတ်လေ့ရှိတယ်။ ယင်းအချိန်မှာ မဟော်မုန်းဓာတ် နည်းပါးနေလို့ ဖြစ်တယ်။ ကိုယ်ဝန်ရှိစမှာ ယင်းဟော်မုန်း ဓာတ်တိုးလာလို့ ဆံပင်က ပိုကောင်းနေ ပြန်တယ်။

အသက်ကြီးလာရင် ဆံပင်ကျွတ်တာများပြီး ပြန်ပေါက်ရင်လည်း အဖြူများလာတယ်။ စိတ်ပူပင်သောကဖြစ်ရင် ဆံပင်ကျွတ်တယ်။ မျိုးရိုးရှိရင် ထိပ်ပြောင်ခြင်း၊ ဆံပင်ကျွတ်ခြင်း ရှိတယ်။

## ထောပတ်သီး တစ်နေ့တစ်လုံးစားသုံးခြင်းဖြင့် ကျန်းမာရေးကို အထူးအကျိုးပြုစေနိုင်

ထောပတ်သီး စားသုံးခြင်းဟာ ကျန်းမာရေးအတွက် ကောင်းမွန်တယ်လို့ သိရှိရပါတယ်။ ထောပတ်သီးရဲ့ အံ့ဖွယ်များကို ပြောပြရန်တော့ လိုမယ်မထင်ပါဘူး။ ဒါပေမယ့် အကယ်၍ သင်သာထောပတ်သီးကို ပိုမိုစားသုံးမယ်ဆိုရင် ရရှိနိုင်မဲ့ အကျိုးအာနိသင်တွေကို သင်သိခွင့်ရတာနဲ့အမျှ ကျေနပ်မှုတွေရှိလာမယ်လို့ ထင်မြင်မိပါတယ်။ လတ်တလောလေ့လာဖော်ထုတ်ချက်များအရ နေ့စဉ်ထောပတ်သီးတစ်လုံး မှန်မှန်စားသုံး ခြင်းဖြင့် သင့်ခန္ဓာကိုယ်ထဲမှ ကိုလက်စထရောများကို လျှော့ချပေးခြင်းကို ကူညီပေးမှာဖြစ်ပါတယ်။

ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တက္ကသိုလ်မှ သုတေသီများက အသက် ၂၁ နှစ်မှ ၇၀ နှစ်ကြားအရွယ်ရှိ ကျန်းမာသော်လည်း ခန္ဓာကိုယ်အလေးချိန်ရှိသင့်တာထက်များတဲ့ လူ ၄၅ ဦးကို ကိုလက်စထရောကျစေနိုင်တဲ့ အစားအစာသုံးမျိုးကို ကျွေးမွေးပြီး စမ်းသပ်မှုပြုလုပ်ခဲ့ပါတယ်။

စမ်းသပ်ရာမှာ အသုံးပြုတဲ့ အစားအစာသုံးမျိုးကတော့ တစ်မျိုးက အဆီအနည်းငယ်သာပါဝင်တဲ့ အစာ၊ ကျန်နှစ်မျိုးကတော့ အဆီအသင့်အတင့်ပါဝင်တဲ့ အစာများနဲ့ ထောပတ်သီးကို နေ့စဉ်တစ်လုံး စားသုံးစေတာ ဖြစ်ပါတယ်။ အစားအစာသုံးမျိုးအနက် ထောပတ်သီးထည့်သွင်းစားသုံးစေတဲ့ အစားအစာဟာ အကောင်းဆုံးဖြစ်တာကို သိရှိစေခဲ့ရပါတယ်။ အစားအစာသုံးမျိုးရဲ့ ကိုလက်စထရောချပေးနိုင်မှုတွေကတော့ ထောပတ်သီးနဲ့ ဆီအသင့်အတင့်ပါသော အစာကို စားသုံးမှုက ၁၃ ဒသမ ၅ မီလီဂရမ်/ ဒက်စီလီတာ၊ ဆီအသင့်အတင့်ပါတဲ့ အစာက ၈ ဒသမ ၃ မီလီဂရမ်/ ဒက်စီလီတာနဲ့ ဆီအနည်းငယ်သာပါတဲ့ အစာက ၇ ဒသမ ၄ မီလီဂရမ်/ ဒက်စီလီတာ အသီးသီးဖြစ်ပါတယ်။

လေ့လာမှုပြုတဲ့အဖွဲ့ခေါင်းဆောင် ပရော်ဖက်ဆာတစ်ဦးက ဒါဟာဆိုလျှင် အစားအစာကို ထိန်းကျောင်းကျွေးမွေးစမ်းသပ်မှု ပြုလုပ်ရာမှ ရရှိတဲ့အဖြေဖြစ်ကြောင်း၊ ဒီထက်ကျယ်ကျယ်ပြန့်ပြန့်လေ့လာမှုများကို ပြုလုပ်သင့်ကြောင်းနဲ့ ထောပတ်သီးဟာ ကိုလက်စထရော ကျစေနိုင်တာကိုတော့ သက်သေပြနိုင်ခဲ့ကြောင်း ပြောကြားခဲ့တယ်လို့ သတင်းမှာ ဖော်ပြထားပါတယ်။

**ရှင်ပါဂူ**

## ဆိုရှယ်မီဒီယာများကြောင့် လူမှုဘဝစိတ်ခံစားမှုများ ပိုမိုပြင်းထန်လျက်ရှိကြောင်း သိသာထင်ရှားလာ

အင်တာနက်ခေတ်တွင် အိုင်တီနည်းပညာများ တိုးတက်ပြောင်းလဲလာမှုကြောင့် လူတို့၏ နေထိုင်မှုဘဝများတွင် စိတ်ခံစားမှုဖြစ်ပေါ်ခဲ့ရခြင်းများကို တိုက်ရိုက်အကျိုးသက်ရောက်မှုများ မရှိသော်လည်း ဆိုရှယ်မီဒီယာများကြောင့် လူတို့၏ နေထိုင်မှုဘဝဖြစ်စဉ်များတွင် စိတ်ခံစားမှုများ ပိုမိုများပြားလျက်ရှိသည်ကို တွေ့မြင်နိုင်ကြောင်းဖြင့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ စိတ်ခံစားမှုများသည် အလွယ်တကူ ကူးစက်တတ်သည့် ရောဂါတစ်မျိုးသဖွယ် ဖြစ်လာကြောင်းဖြင့်လည်း သုတေသီတို့က ထုတ်ဖော်ရေးသားခဲ့သည်။

Pew လေ့လာရေးစင်တာနှင့် Rutgers တက္ကသိုလ်မှ သုတေသီများသည် ဆိုရှယ်မီဒီယာများကို အသုံးပြုသည့်သူများတွင် ဖြစ်ပေါ်လေ့ရှိသည့် စိတ်ခံစားမှုများကို လေ့လာခဲ့ကြသည်။

"ဆိုရှယ်မီဒီယာတွေကို များများ အသုံးပြုတဲ့သူတွေဟာ အဲဒီဆိုရှယ်မီဒီယာကို လုံးဝအသုံးမပြုတဲ့သူ ဒါမှမဟုတ် အတန်အသင့်အသုံးပြုသူတွေထက် စိတ်ခံစားမှုပိုပြီးပြင်းထန်တာကို တွေ့ရတယ်"ဟု Rutgers တက္ကသိုလ်မှ သုတေသီကစ်ဟမ်ပတန်က ၎င်း၏ အစီရင်ခံစာတွင် ထည့်သွင်းရေးသားခဲ့သည်။

ဖေ့စ်ဘုတ်၊ တွစ်တာ စသည့်ဆိုရှယ်မီဒီယာများတွင် စိတ်နှစ်၍ ထားသူများသည် စိတ်ဖိစီးမှုများပိုမိုဖြစ်ပေါ်လေ့ရှိကြောင်း၊ ယင်းကဲ့သို့ ဖြစ်ပေါ်တတ်ရကြောင်းကို စာရင်းဇယားအချက်အလက် ကောက်ယူဖော်ပြနိုင်ခြင်းမရှိသော်လည်း အဆိုပါစိတ်ခံစားမှုသည် အလွယ်တကူ ကူးစက်နိုင်သောရောဂါအဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အထူးသဖြင့် ဆိုရှယ်မီဒီယာ သို့မဟုတ် ဆဲလ်ဖုန်း သို့မဟုတ် အင်တာနက်ကို အသုံးပြုသော အမျိုးသားတစ်ဦးသည် အဆိုပါနည်းပညာများကို အသုံးမပြုသည့် အမျိုးသားများထက် စိတ်ခံစားမှုပိုမိုပြင်းထန်ကာ စိတ်ဖိစီးမှုများပိုမိုများပြားနိုင်ကြောင်းထောက်ပြထားသည်။

သို့သော် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ ဖုန်းကိုအသုံးပြု၍ တစ်နေ့တာအတွင်း တွစ်တာအကောင့်ကို အကြိမ်ရေများစွာ အသုံးပြုခြင်း သို့မဟုတ် အီးမေးလ် ၂၅ စောင် လက်ခံရရှိခြင်း သို့မဟုတ် ဓာတ်ပုံနှစ်ပုံကို ဖေ့စ်ဘုတ်ပေါ်တွင် ဖြန့်ဝေခြင်းတို့ကို ပြုလုပ်ခြင်းသည် အဆိုပါလုပ်ငန်းများကို လုံးဝ အသုံးမပြုသောသူများထက် စိတ်ဖိစီးမှုဖြစ်ပေါ်ခြင်းကို ၂၁ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ၎င်းတို့၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

**မယ်သီတာ**

## ပီဇာသည် အချိုရည်ကဲ့သို့ပင် ကျန်းမာရေးကို ထိခိုက်စေနိုင်သလား

လေ့လာတွေ့ရှိချက်အရ ကလေးငယ်များရဲ့ ပီဇာစားသုံးမှုနှုန်းဟာ သိသိသာသာ မြင့်တက်နေတယ်လို့ အင်တာနက်ကျန်းမာရေးဆိုင်ရာ သတင်းတစ်ပုဒ်မှာ ဖတ်ရှုလိုက်ရပါတယ်။ အမေရိကန်ကလေးငယ် လေးပုံတစ်ပုံခန့်ဟာ ပီဇာစားသုံးမှုမြင့်မားလာနေပြီး ကယ်လိုရီများလည်း မြင့်တက်စေတယ်လို့ Pediatrics ဂျာနယ်မှာ ဖော်ပြထားပါတယ်။ လေ့လာချက်များအရ ကလေးငယ်များနဲ့ ကြီးကောင်ဝင်စအရွယ်များဟာ ၎င်းတို့စားသုံးတဲ့ ပီဇာမှ ကယ်လိုရီများ အများအပြား ရရှိနေကြတယ်လို့ ဆိုပါတယ်။ ဒီအခြေအနေဟာ ကလေးငယ်များ ပီဇာစားသုံးနေခြင်းအပေါ် သုံးသပ်ရန်အတွက် မိဘများအားနှိုးဆော်လိုက်သလို ဖြစ်နေတယ်လို့ သိရပါတယ်။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ပီဇာကိုသာ စားသုံးရန်လိုအပ်ကြောင်း အသိပညာပေးဖို့လိုအပ်နေပြီလို့ အဆိုပါဂျာနယ်က ဆိုပါတယ်။

ယခုအခါကလေးငယ်များ ကြီးကောင်ဝင်ချိန်မှာ အဝလွန်မှုကို အလွန်ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ အမေရိကန်မှာရှိတဲ့ ကလေးငယ်အရေအတွက်ရဲ့ သုံးပုံတစ်ပုံဟာ အဝလွန်နေကြပြီဖြစ်ပါတယ်။ ပီဇာကို နေ့စဉ်စားသုံးခြင်းဖြင့် ကယ်လိုရီ ၄၀၀ မှ ၆၀၀ ခန့်ထိ ခန္ဓာကိုယ်မှာလိုအပ်သည်ထက် ပိုမိုနေတာကို တွေ့နေရတာဖြစ်ပါတယ်။ ပီဇာကို တားမြစ်ခြင်းထက် ပီဇာပြုလုပ်ရာမှာ ကျန်းမာရေးရှုထောင့်မှကြည့်ပြီး ပေါင်မုန့်အချပ်ပါးပါး၊ ချိစ်(ဒိန်ခဲ)အနည်းဆုံးနဲ့ ဟင်းသီးဟင်းရွက်များများ အသုံးပြုပြီး လုပ်သင့်ကြောင်းနဲ့ ယခုလိုလုပ်တဲ့ ပီဇာများတော့ ရောင်းရခက်လိမ့်မယ်လို့ သုံးသပ်ထားပါတယ်။


လေ့လာရေးသားသူများကတော့ ပီဇာဟာ အချိုလွန်ကဲတဲ့ အချိုရည်များကဲ့သို့ ကျန်းမာရေးအတွက် အကျိုးမပြုကြောင်းကို တရားဝင်စာရင်းမှာ မကြာမီပါလာနိုင်လိမ့်မယ်လို့ ပြောဆိုနေကြပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ ပီဇာကိုပြောင်းလဲပြုလုပ်ရန်အတွက် တွန်းအားပေးသလို ပီဇာစားသုံးခြင်းကိုလည်း ရှောင်ရှားသင့်ကြောင်း ပွင့်ပွင့်လင်းလင်းရေးသားဖော်ပြထားပါတယ်။ လတ်တလောမှာတော့ ပီဇာစားသုံးသူကလေးငယ် ဦးရေဟာ ယခင် ၁၀ စုနှစ်များကထက် လျော့ကျလာတာကို တွေ့ရတယ်။ ယခုလိုပီဇာစားသုံးသူဦးရေ လျော့ကျလာခြင်းဟာ သူတို့ရဲ့ မိဘများက စနစ်တကျထိန်းကျောင်းပေးနိုင်တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

**ရှင်ပါဂူ**

Vol: 15, No.4 Monday Jan 26 2015


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၆-၁-၂၀၁၅ မှ ၁-၂-၂၀၁၅ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ဂုဏ်သတင်း ထင်ပေါ်ကျော်စောမှုရှိနေလိမ့်မည်။ လုပ်ငန်းခွင်တွင် ဦးစီးဦးဆောင်လုပ်ကိုင်နေရတတ်သည်။ စက်ရုံအလုပ်ရုံတို့နှင့်ပတ်သက်ပြီး အကျိုးဖြစ်ထွန်းမှု အားကောင်းလိမ့်မည်။ ပညာရေးနှင့် ပတ်သက်သော ဉာဏ်ပညာထက်မြက်မှုရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အပူအအေး မမျှသော ဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ထင်မှတ်မထားသောသူနှင့် မထင်မှတ်သော အချိန်တွင် ချစ်သူအဖြစ်သမုတ်ခံရ တတ်ပါသည်။

**ယတြာ။ သံဃာတော်အား ဝိနည်းစာအုပ်လှူပါ။**




**တနင်္လာသားသမီးများအတွက်** အခြေအနေနှင့် အချိန်အခါကြည့်၍ လုပ်ကိုင်ဆောင်ရွက်နေသော်လည်း အောင်မြင်မည်။ စီးပွားရေးလုပ်ငန်းတွင် ရေနှင့် ရေအောက်သယံဇာတလုပ်ငန်းများလုပ်ကိုင်နေရတတ်သည့်သဘော ရှိနေတတ်ပါသည်။ ပညာရေးတွင် လုပ်ငန်းခွင်ပညာ ကျွမ်းကျင်တတ်မြောက်မှုရှိလိမ့်မည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးတွင် ကံကောင်းသည်ဟု မဆိုနိုင်သေးပါ။ ကျန်းမာရေးအနေဖြင့် အသည်းတွင်ဖြစ်တတ်သော ရောဂါဝေဒနာ၊ အစာအိမ်နှင့် ပတ်သက်သော ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ သက်ကြီးရွယ်အိုတို့အား ဆေးဝါးနှင့် အာဟာရလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေး၊ လူမှုရေးလုပ်ငန်းတို့ အောင်မြင်တိုးတက်မှု ရနေတတ်ပါသည်။ လုပ်ငန်းအတွေ့အကြုံ ရင့်ကျက်လာမှုတို့ကြောင့် စီးပွားရေး၊ အခက်အခဲများကိုကျော်လွှားနိုင်တတ်ပါသည်။ မျှော်လင့်ရည်ရွယ်ထားသည့် ပညာရေး အခက်အခဲမရှိအောင်မြင်လိမ့်မည်။အချစ်ရေးတွင်ချစ်သူ ပေါ်သော်လည်း သိပ်အကောင်းချည်းမဟုတ်ပါ။ အိမ်ထောင်ရေးမှာ တစ်ယောက်တစ်မျိုး ဖြစ်နေတတ်သည်။ ကျန်းမာရေး အနေအထိုင် ဆင်ခြင်သင့်ပါသည်။

**ယတြာ။ ဘုရားတွင်ဆီမီးပူဇော်ပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းတွင်း၌ ရင်းနှီးမြှုပ်နှံငွေများဝင်ရောက်နေ တတ်သည်။ မိမိကိုယ်တိုင်အပင်ပန်းခံ၍ လုပ်ငန်းများလုပ် ကိုင်နေရတတ်ပါသည်။ဝန်ထမ်း ဖြစ်လျှင် ရာထူးတိုးရန် ခေတ္တစောင့်ရလိမ့်မည်။ ပညာရေးနှင့်ပတ်သက်၍ တိုးတက်မှုထူးခြားမှု ရှိလာလိမ့်မည်။ အချစ်ရေးကံမကောင်းသေးပါ။ မိမိအပေါ် အနိုင်ယူလွှမ်းမိုးလိုသူများနှင့် ကြုံတွေ့ရတတ်သည်။ ကျန်းမာရေးအနေဖြင့် ရောဂါဟောင်းကို ပြန်လည်ကုသရတတ်သည်။

**ယတြာ။ ဘုရားတွင် သစ်သီးဆွမ်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့တွင် ဆရာကောင်း သမားကောင်းတို့၏ အကြံဉာဏ်များနှင့်မိမိ၏နည်းပညာသစ် များကိုလက်တွေ့အသုံးချလုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် အကျိုးတူပူးပေါင်းလုပ်ကိုင်မည့်သူ များနေတတ်ပါသည်။ ပညာရေးတွင် ဝီရိယထား၍ ကြိုးစားအားထုတ်မှုပြုရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပွင့်ပွင့်လင်းလင်းဆက်ဆံမှုကို ဆန့်ကျင်ဘက်ဖြစ်သောသဘော ရှိနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ဂရုမပြုမိသော ကြောင့် ဝေဒနာရရှိခံစားရတတ်သည်။

**ယတြာ။ ဘုရားတွင် သစ်သီး ၅ မျိုးကပ်ပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းခွင် တဖြည်းဖြည်း တိုးတက်မှုအခြေအနေသို့ ရောက်ရှိနေတတ်သည်။ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ စသည်တို့ နှင့်ကြီးပွားချမ်းသာမှုရရှိမည့် အကျိုးပေး ကောင်းနေလိမ့်မည်။ ပညာရေးတွင် ကြိုးစားသော်လည်း စနစ်တကျမရှိခြင်းကြောင့် အောင်မြင်မှု အားနည်း သွားတတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေး ကံမဆိုးပါ။ အိမ်ထောင်ရေးတွင် အိမ်ထောင်ဘက်၏သံသယပွားမှု ရှိတတ်သည်။ ကျန်းမာရေး ညှို့ဖျင်းတတ်သည်။

**ယတြာ။ သံဃာတော်များအား ဖိနပ်လှူပါ။**



**စနေသားသမီးများအတွက်** လုပ်ကိုင်ဆောင်ရွက်ရာတွင် စိတ်အေးချမ်းသာမှုရှိသည်ဆိုသော်လည်း စိုးရိမ်မှုများ၊ ပင်ပန်းမှုများ ရှိနေတတ်ပါသည်။ မြေထွက်သီးနှံများ၊ ယမကာလုပ်ငန်းဝန်ဆောင်မှုများ စသည်တို့နှင့် အကျိုးပေးတတ်ပါသည်။ ပညာရေးနှင့် ပတ်သက်၍ အတွေးအခေါ် ဉာဏ်ရည်ကောင်းရှိနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အကောင်းအဆိုးရောထွေးနေမည့်ကာလ ဖြစ်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ကြောတက်ဝေဒနာ ခံစားရတတ်သည်။

**ယတြာ။ လက်ဖက်သုတ်ကျွေးပါ။**

# ယခင်တစ်ပတ်နှင့် ယခုတစ်ပတ် မန္တလေးမှ အခြားဒေသများသို့ ကုန်ပစ္စည်း ပို့ဆောင်ခနှုန်းထားများ နှိုင်းယှဉ်ခြင်း

မန္တလေးမြို့မှ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ ဒေသထွက်ကုန်သီးနှံများအပြင် ဒေသထုတ်ကုန်များကို ကုန်စည်များ သယ်ယူပို့ဆောင်ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ တတိယပတ်နှင့် စတုတ္ထအပတ် ကုန်စည်သယ်ယူပို့ဆောင်မှုနှုန်းထားများအား နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်။

**တစ်ပိဿာဈေး-ကျပ်**

| ခရီးစဉ် | | ၁၃. ၁. ၂၀၁၅ | | ၂၀. ၁. ၂၀၁၅ | |
|---|---|---|---|---|---|
| မှ | သို့ | ကျစ် | ပွ | ကျစ် | ပွ |
| မန္တလေး | မူဆယ် | ၁၀၇ | ၁၁၃ | ၉၄ | ၁၀၀ |
| မန္တလေး | လားရှိုး | ၅၀ | ၆၀ | ၅၀ | ၆၀ |
| မန္တလေး | တောင်ကြီး | ၂၅ | ၄၅ | ၂၅ | ၄၀ |
| မန္တလေး | မော်လမြိုင် | ၃၅ | ၄၅ | ၃၅ | ၅၀ |
| မန္တလေး | ရန်ကုန် | ၃၂ | ၅၅ | ၃၄ | ၅၀ |
| မန္တလေး | စစ်တွေ | ၁၃၀ | ၁၇၀ | ၁၃၀ | ၁၇၀ |
| မန္တလေး | ကလေး | ၇၀ | ၁၀၀ | ၇၀ | ၁၀၀ |
| မန္တလေး | ပြည် | ၂၅ | ၄၀ | ၂၅ | ၄၀ |
| မန္တလေး | မကွေး | ၂၀ | ၅၀ | ၂၀ | ၅၀ |
| မန္တလေး | မုံရွာ | ၂၀ | ၂၅ | ၂၀ | ၂၅ |
| မန္တလေး | တောင်ငူ | ၂၀ | ၃၀ | ၂၀ | ၃၀ |
| မန္တလေး | အောင်ပန်း | ၂၀ | ၅၀ | ၂၀ | ၅၅ |
| မန္တလေး | မြစ်ကြီးနား | ၁၀၀ | ၁၅၀ | ၁၀၀ | ၁၅၀ |
| မန္တလေး | တမူး | ၈၅ | ၁၁၅ | ၈၅ | ၁၁၅ |

မန္တလေးမှ ကုန်ပစ္စည်းများကို အဓိကပို့ဆောင်တဲ့ မြို့များက မူဆယ်မြို့နဲ့ ရန်ကုန်မြို့တို့ဖြစ်ပါတယ်။ ယခုလမှာ စက်ဆီ၊ ချောဆီဈေးကျဆင်းပေမယ့် ကုန်ပစ္စည်းများထင်ထားသလောက် ပို့ဆောင်ခြင်းမရှိတာကြောင့် ကုန်စည် ပို့ဆောင်မှုနှုန်းထား ကျဆင်းမှု သိသိသာသာ မရှိပါဘူး။

မူဆယ်မြို့တစ်မြို့တည်းကို ပို့ဆောင်တဲ့ ကုန်စည်ခသာ ကျဆင်းပါတယ်။ မူဆယ်မြို့ကို ကုန်ပစ္စည်းများ (လယ်ယာထွက်ကုန်သီးနှံ) ပုံမှန်အပို့ရှိတာကြောင့်တစ်ကြောင်း၊ တရုတ်နယ်စပ်နဲ့ တိုက်ရိုက်ကုန်ပစ္စည်း အရောင်းအဝယ်များရှိပြီး ကုန်ပစ္စည်းရရှိနေတာကြောင့် စက်ဆီ၊ ချောဆီ ဈေးနှုန်းကျဆင်းတာနဲ့အတူ ကုန်ပစ္စည်းပို့ဆောင်ခများလည်း ကျဆင်းရခြင်းဖြစ်ကြောင်း သိရပါတယ်။

စက်ဆီ၊ ချောဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်က အထက်ဈေးကျသွားခဲ့ပါတယ်။ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ ယခုတစ်ပတ်ဈေးနှုန်းများကို နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်-

**တစ်ဂါလန်ဈေး-ကျပ်**

| ယခင်တစ်ပတ် | ဆီအမျိုးအစား | | ယခုတစ်ပတ် | ဆီအမျိုးအစား | |
|---|---|---|---|---|---|
| ရက်စွဲ | ဓါတ်ဆီ | ဒီဇယ် | ရက်စွဲ | ဓါတ်ဆီ | ဒီဇယ် |
| ၇. ၁. ၂၀၁၅ | ၃၆၀၀ | ၃၆၅၀ | ၁၄. ၁. ၂၀၁၅ | ၃၆၀၀ | ၃၆၅၀ |
| ၈. ၁. ၂၀၁၅ | ၃၆၀၀ | ၃၆၅၀ | ၁၅. ၁. ၂၀၁၅ | ၃၆၀၀ | ၃၆၅၀ |
| ၉. ၁. ၂၀၁၅ | ၃၆၀၀ | ၃၆၅၀ | ၁၆. ၁. ၂၀၁၅ | ၃၆၀၀ | ၃၆၅၀ |
| ၁၀. ၁. ၂၀၁၅ | ၃၅၀၀ | ၃၅၀၀ | ၁၇. ၁. ၂၀၁၅ | ၃၅၀၀ | ၃၅၀၀ |
| ၁၁. ၁. ၂၀၁၅ | ၃၅၀၀ | ၃၅၀၀ | ၁၈. ၁. ၂၀၁၅ | ၃၁၀၀ | ၃၄၀၀ |
| ၁၂. ၁. ၂၀၁၅ | ၃၅၀၀ | ၃၅၀၀ | ၁၉. ၁. ၂၀၁၅ | ၃၁၀၀ | ၃၄၀၀ |
| ၁၃. ၁. ၂၀၁၅ | ၃၅၀၀ | ၃၅၀၀ | ၂၀. ၁. ၂၀၁၅ | ၃၁၀၀ | ၃၄၀၀ |

**စိုးအောင်-မန္တလေး**

# မြဝတီနှင့် ကော့သောင်း နယ်စပ်မှ သီဟိုဠ်စေ့ ၉ တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၆၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့နိုင်မှုမှာ မြဝတီကုန်သွယ်ရေးဇုန်မှ တန်ချိန် ၃တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်ကတင်ပို့နိုင်ခြင်းမရှိသည့်အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၅ တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၄၄ သန်းဖိုး တင်ပို့နိုင်ခဲ့သည့်အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက အနည်းငယ်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

# မြို့ကြီးများ၏ ၂၆-၁-၂၀၁၅ မှ ၃၀-၁-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၆-၁-၂၀၁၅) | အင်္ဂါ(၂၇-၁-၂၀၁၅) | ဗုဒ္ဓဟူး(၂၈-၁-၂၀၁၅) | ကြာသပတေး(၂၉-၁-၂၀၁၅) | သောကြာ(၃၀-၁-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| ရန်ကုန်မြို့ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| မြစ်ကြီးနား | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F |
| လားရှိုး | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F |
| ကျိုင်းတုံ | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F |
| လွိုင်ကော် | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F |
| တောင်ကြီး | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၅°F |
| မော်လမြိုင် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃ °F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| ဘားအံ | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F |
| တောင်ငူ | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မုံရွာ | နေသာ ၃၀°C/၈၆°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| ပုသိမ် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F |
| မြိတ် | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F |
| စစ်တွေ | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F |
| မကွေး | နေသာ ၃၃°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| ဇလမ်း | နေသာ ၂၂°C/၇၀°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၂°F |



# တောင်အာဖရိကနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးမှုများဖြစ်ပွား လူပေါင်း ၂၆၀ကျော်သေဆုံး

တောင်အာဖရိကနိုင်ငံများတွင် မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၂၆၀ ကျော် သေဆုံးခဲ့ပြီး သေဆုံးသူဦးရေလည်း ထပ်မံတိုးလာနိုင်ကြောင်းဖြင့် ဒေသဆိုင်ရာသတင်းများက ဖော်ပြထားသည်။

အဆိုပါ အပူပိုင်းမုန်တိုင်းကြောင့် တောင်အာဖရိကနိုင်ငံများဖြစ်သည့် မိုဇမ်ဘစ်နိုင်ငံနှင့် မာလာဝီနိုင်ငံတို့တွင် လူပေါင်း ၂၀၀ နီးပါးခန့် သေဆုံးခဲ့ရကြောင်း၊ အိမ်ထောင်စုပေါင်း ၂၃၆၀၀၀ မှာ အိုးမဲ့အိမ်မဲ့များဖြစ်ခဲ့ရကြောင်းဖြင့် အေပီသတင်းဌာနက ရေးသားဖော်ပြ ထားသည်။

"အာဖရိကနိုင်ငံတွေရဲ့ မုတ်သုံရာသီ အစမှာပဲ မုန်တိုင်းဖြစ်ပေါ်ခဲ့တာပါ။ အပူပိုင်းမုန်တိုင်းချက်ဇ်ဒါဟာ မိုဇမ်ဘစ်နဲ့ မဒါဂါစကာနိုင်ငံကြားထဲမှာ ဖြစ် ပေါ်ခဲ့ပြီး ဝင်ရောက်တိုက်ခတ်ခဲ့တာပါ။ အဲဒီမုန်တိုင်းကြောင့် မိုဇမ်ဘစ်နဲ့မာလာ ဝီနိုင်ငံမှာရှိတဲ့ပြည်သူတွေဟာ မုန်တိုင်းဒဏ်ကို ခံစားခဲ့ကြရပါတယ်"ဟု weather.com မှ မိုးလေဝသပညာရှင် ခရစ္စဒိုလက်စ်က ပြောကြားခဲ့သည်။

မဒါဂါစကာနိုင်ငံ၏ မြို့တော်တစ်ခုဖြစ်သည့် အန်တန်နာရီဗိုမြို့တွင် ရေလွှမ်းမိုးမှုမှာ အပြင်းထန်ဆုံးဖြစ်ခဲ့ပြီး လူပေါင်း သုံးသောင်းကျော်ခန့်မှာ ရေဘေးဒုက္ခသည်များဖြစ်ခဲ့ကြကြောင်း မြို့တော်မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မဒါဂါစကာအစိုးရက ရေဘေးဒုက္ခသည်များအား စာသင်ကျောင်းများတွင် ရေဘေးဒုက္ခသည်စခန်းများဖွင့်လှစ်၍ ထားရှိပေးခဲ့သည်။

မာလာဝီသမ္မတပီတာမူသာရီကာက အဆိုပါ ရေလွှမ်းမိုးမှုသည် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုဖြစ်ကြောင်း ပြောကြားသည်။ မာလာဝီဒုတိယ သမ္မတ ဆောလိုချိုလီမာက အဆိုပါရေဘေးဒုက္ခသည်များအတွက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များအတွက် အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၃၀ ခန့် လိုအပ်မည်ဖြစ်ကြောင်း မီဒီယာများသို့ ပြောကြားခဲ့သည်။

ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့ကလည်း မိုဇမ်ဘစ်နိုင်ငံတွင် ရေကြီးနစ်မြုပ်မှုနှင့်မြေပြိုကျမှုများကြောင့် ပျောက်ဆုံးသွားခဲ့ရသည့်ဒေသ ခံများအား ကူညီရှာဖွေပေးလျက်ရှိကြောင်း သတင်းများက ဖော်ပြထားသည်။ **မယ်သီတာ**

# တရုတ်အနောက်တောင်ပိုင်းတွင် နှင်းမုန်တိုင်းကျရောက်၊ လယ်မြေများစွာပျက်စီးဆုံးရှုံးပြီး ကျွဲနွားကောင်ရေရှစ်ထောင်ကျော် သေကျေပျက်စီး



တရုတ်နိုင်ငံအနောက်တောင်ပိုင်းနှင့်အရှေ့မြောက်ပိုင်းတို့တွင် နှင်းမုန်တိုင်းများ ကျရောက်ခဲ့မှုတို့ကြောင့် အဝေးပြေးလမ်းမကြီးများတွင် လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ရကြောင်းဖြင့် ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

တရုတ်နိုင်ငံတောင်ပိုင်းဒေသများရှိ အဝေးပြေးလမ်းမကြီး ၁၀ ခုကို အပိုင်းလိုက်ပိတ်ထားခဲ့ရပြီး နောက်ထပ်အဝေး ပြေးလမ်းမကြီးခုနစ်ခုကိုမူ လုံးဝပိတ်ထားခဲ့ရကြောင်းဖြင့် Liaoning ပြည်နယ်မှ ဒေသဆိုင်ရာပို့ဆောင်ရေးအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့ သည်။

ထို့ပြင် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ဒေသများတွင်လည်း နှင်းမုန်တိုင်းများတိုက်ခတ်ခဲ့ရာ ယူနန်ပြည်နယ်တွင် စီးပွားရေးလုပ်ငန်းများ၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများ အကြီးအကျယ်ပျက်စီးဆုံးရှုံးခဲ့ရကြောင်းဖြင့် ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်။

ယူနန်ပြည်နယ်တွင် နှင်းမုန်တိုင်း ကျရောက်မှုကြောင့် လူပေါင်း ခြောက်သိန်းခန့် ထိခိုက်ခဲ့ရပြီး လယ်မြေဧက ဟက်တာပေါင်း ၃၆၀၀၀ ကျော်မှာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း အဆိုပါသတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် နှင်းမုန်တိုင်းကျရောက်မှု အရှိန်ကြောင့် နေအိမ် ၆၄လုံးပြိုကျ ပျက်စီးခဲ့ရပြီး ကျွဲနွားကောင်ရေပေါင်း ၈၁၀၀ ကျော်လည်း သေကျေပျက်စီးခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

လမ်းများနှင့် ရေပေးဝေမှုစနစ်များလည်း ထိခိုက်ပျက်စီးခဲ့ရပြီး လျှပ်စစ်ဓာတ်အားပေးရေးစနစ်များနှင့် ဆက်သွယ်ရေးစနစ်များလည်း ပြတ်တောက်ခဲ့ရသည်ဟု ဆိုသည်။

နှင်းမုန်တိုင်းကျရောက်မှုကြောင့် စီးပွားရေးအရ တိုက်ရိုက်ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရမှုများမှာ ယွမ်သန်းပေါင်း ၈၇၀ (အမေရိကန်ဒေါ်လာ ၁၄၂ သန်း) ရှိခဲ့ကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# ရန်ကုန်အသင်း၏မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး ကျော်ကိုကို ကမ္ဘာ့ဂိုးသွင်းအများဆုံးစာရင်းတွင် ပါဝင်လာ

ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း၏တိုက်စစ်မှူး ကျော်ကိုကိုသည် နိုင်ငံတကာ ဘောလုံးသမိုင်းနှင့် စာရင်းအချက်အလက်အဖွဲ့ (International Federation of Football History & Statistics-IFF-HS)ကပြုစုသောစာရင်းများအရ ၂၀၁၄ခုနှစ်အတွင်းကမ္ဘာ့ဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် အဆင့်ခုနစ်နေရာ၌ရပ်တည်ခဲ့ကြောင်း သိရသည်။

ကျော်ကိုကိုသည် အဆိုပါစာရင်းတွင် သွင်းဂိုးပေါင်း ၁၂ ဂိုးဖြင့် ပါဝင်ခဲ့ခြင်းဖြစ်ပြီး ဂိုးသွင်းအများဆုံးကစားသမားမှာ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပေါ်တူဂီအသင်းတိုက်စစ်မှူး စီရော်နယ်ဒိုဖြစ်သည်။ စီရော်နယ်ဒိုသည် သွင်းဂိုးပေါင်း ၂၀ ဖြင့် ပထမနေရာကိုရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ IFFHS အဖွဲ့သည် ဂျာမနီနိုင်ငံတွင် အခြေစိုက်သော အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ၁၉၈၄ ခုနှစ်က စတင်တည်ထောင်ခဲ့သော အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့သည် တိုက်ကြီးများအလိုက်ဖွဲ့စည်းထားသော ဘောလုံးအဖွဲ့ချုပ်များ၏ကြီးကြပ်မှုဖြင့် ကျင်းပသောပြိုင်ပွဲများတွင် သွင်းယူသည့် ဂိုးများအပါအဝင် ပြိုင်ပွဲဆိုင်ရာအချက်အလက်များကို မှတ်တမ်းတင်သည့် အဖွဲ့အစည်းဖြစ်သည်။

ဂိုးသွင်းအများဆုံး ဘောလုံးသမားများ၏ စာရင်းကိုကောက်ယူရာတွင် ထိုကစားသမား၏ ပြည်တွင်းအမှတ်ပေးပြိုင်ပွဲ၊ ပြည်တွင်း ရှုံးထွက်ပြိုင်ပွဲများတွင်သွင်းယူသည့် ဂိုးများကို မှတ်တမ်းတင်ခြင်းမရှိဘဲ နိုင်ငံလက်ရွေးစင်အသင်းတွင် သွင်းယူသည့်ဂိုးများကိုသာ မှတ်တမ်းတင်ဖော်ပြကြောင်း သိရသည်။



ကျော်ကိုကိုသည်၂၀၁၄ ခုနှစ်အတွင်း မြန်မာ့လက်ရွေးစင်အသင်းအတွက် ပြိုင်ပွဲသုံးခုတွင် ခြောက်ဂိုးသွင်းယူခဲ့သလို ရန်ကုန်ယူနိုက်တက်ကိုယ်စားပြုပြီး AFC Cup 2014 ပြိုင်ပွဲတွင် ခြောက်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် သွင်းဂိုးစုစုပေါင်း ၁၂ဂိုးဖြင့် အဆင့်ခုနစ်နေရာတွင် ရပ် တည်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဂိုးသွင်းအများဆုံး ကစားသမားများမှာ ရော်နယ်ဒို(ဂိုး ၂၀)၊ နေ မာ(၁၉ ဂိုး)၊ မက်ဆီ(၁၈ ဂိုး)၊ အဆာမိုအာဂျီအန်(၁၈ ဂိုး)၊ ဘန်ဇီးမား(၁၆ ဂိုး)၊ သောမတ်မူလာ(၁၅ ဂိုး)၊ ကျော်ကိုကို (၁၂ ဂိုး)၊ နာဆာရှန်ရာနီ(၁၂ ဂိုး)တို့ဖြစ်ကြောင်း သိရသည်။ ကျော်ကိုကိုနှင့် နာဆာရှန်ရာနီတို့မှာ သွင်းဂိုးခြင်းတူညီနေသော်လည်း ကျော်ကိုကိုကလက်ရွေးစင်အသင်းတွင် ခြောက်ဂိုးသွင်းယူပြီး နာဆာရှန်ရာနီက နှစ်ဂိုးသာသွင်းယူနိုင်ခဲ့သဖြင့် ကျော်ကိုကိုကအဆင့်ခုနစ်နေရာတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။




# MFF ရှုံးထွက်ဖလားဘောလုံးပြိုင်ပွဲကို အောင်ဆန်းဒိုင်းဟု အမည်ပြောင်းလဲကျင်းပမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပလျက်ရှိသည့် အဖွဲ့ချုပ် ရှုံးထွက်ဖလားဘောလုံးပြိုင်ပွဲကို အောင်ဆန်းဒိုင်းဟုအမည်ပြောင်းလဲကာကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်တစ်ရာပြည့်မွေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ၂၀၁၅ MFF ရှုံးထွက်ပြိုင်ပွဲကို အောင်ဆန်းဒိုင်းအဖြစ် ပြောင်းလဲကျင်းပရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးဇော်မင်းထိုက်က ပြောကြားခဲ့သည်။

"ဒီနှစ် ၂၀၁၅ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်နဲ့တိုက်ဆိုင်နေလို့ ဂုဏ်ပြုတဲ့အနေနဲ့ အောင်ဆန်းဒိုင်းလို့ အမည်ပြောင်းကျင်းပတာပါ။ အဲဒီအမည်နဲ့ မြန်မာနေရှင်နယ်လိဂ်မတိုင်ခင်အပျော်တမ်းလိဂ်ပွဲတွေ ကျင်းပကတည်းက ကျင်းပခဲ့တဲ့အစဉ်အလာရှိခဲ့ပါတယ်"ဟု ၎င်းက ရှင်းပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က အဆိုပါ ရှုံးထွက်ဖလားဘောလုံးပြိုင်ပွဲကို အော်ရီဒူးကုမ္ပဏီ၏ ထောက်ပံ့ပေးမှုဖြင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဧရာဝတီယူနိုက်တက်အသင်းက ဗိုလ်စွဲခဲ့သည်။၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲအတွက် ထောက်ပံ့ပေးမည့်ကုမ္ပဏီကို ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ရှုံးထွက်ဖလားဘောလုံးပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်မှစတင်၍ ပြန်လည်ကျင်းပခဲ့ခြင်း ဖြစ်ပြီး ပထမဆုံးအကြိမ်ကျင်းပခဲ့သည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ဗိုလ်စွဲခဲ့သည်။

# မြန်မာယူ-၂၀အသင်းတွင်ပါဝင်ရန် အမေရိကန်-မြန်မာ ကပြား ဂိုးသမားတစ်ဦးကို ဖေဖော်ဝါရီလတွင် လက်ရည်စမ်းသပ်မည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ အီးမေးလ်မှတစ်ဆင့် ကမ္ဘာ့ဖလားဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၀ အသင်းတွင် ပါဝင်ရန်အတွက် ဆက်သွယ်လာသော အမေရိကန်ဖွား အမေရိကန်- မြန်မာကပြား ဂိုးသမားအားလာမည့် ဖေဖော်ဝါရီလအတွင်းတွင် လာရောက်စမ်းသပ်ခံရန် မြန်မာယူ-၂၀ နည်းပြချုပ် မစ္စတာဂတ်က ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ဟိန်းထက်မက်အာသာအမည်ရှိ အဆိုပါဂိုးသမားသည် မြန်မာလူမျိုးမိခင်နှင့် အမေရိကန်လူမျိုး ဖခင်တို့မှ ၁၉၉၇ ခုနှစ်တွင် မွေးဖွားခဲ့ကာ အရပ် ၆ ပေ ၃ လက်မရှိကြောင်း သိရသည်။

သူသည် လက်ရှိတွင် အမေရိကန်နိုင်ငံသားခံယူထားကာ ၎င်းကစားထားသည့်ပွဲများနှင့် လေ့ကျင့်ရေးအစီအစဉ်များကိုဗီဒီယိုဖိုင်နှင့်တကွ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ပေးပို့ကာ မြန်မာယူ-၂၀အသင်းတွင် ကစားလိုကြောင်း ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယင်းဗီဒီယိုဖိုင်အား နည်းပြချုပ်မစ္စတာဂတ်အားပြသခဲ့ရာ နည်းပြချုပ်က ယူ-၂၀အသင်း ရန်ကုန်တွင်ရှိစဉ်လာရောက်စမ်းသပ်ခံရန် ခွင့်ပြုခဲ့သည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၀ အသင်းသည် ယခုအခါတွင် တူရကီနိုင်ငံ၌ ခြေစမ်းပွဲများ သွားရောက်ယှဉ်ပြိုင်လျက်ရှိကာ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

# ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ မြန်မာယူ-၂၀အသင်း ဖိတ်ခေါ်ပြိုင်ပွဲနှစ်ပွဲကစားရန် ရည်ရွယ်ထား တူရကီတွင်ကျင်းပသည့် ခြေစမ်းပွဲတွင် သရေတစ်ပွဲ၊ နိုင်ပွဲတစ်ပွဲ ရရှိထား

မြန်မာယူ-၂၀အသင်းသည် နယူးဇီလန်တွင်ကျင်းပမည့် ကမ္ဘာ့ဖလား ယူ- ၂၀ ပြိုင်ပွဲမတိုင်မီတွင် ပြည်တွင်း၌ ဖိတ်ခေါ်ပြိုင်ပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရန်စီစဉ် ထားကြောင်း သိရသည်။

မြန်မာယူ-၂၀အသင်းသည် ယခုအခါတွင် တူရကီနိုင်ငံသို့သွားရောက်၍ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားလျက်ရှိပြီး လေ့ကျင့်မှုများကိုလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။ မြန်မာယူ-၂၀ အသင်းသည် ဖိတ်ခေါ်ခြေစမ်းပွဲများကို မန္တလေးမြို့တွင် တစ်ပွဲနှင့်ရန်ကုန်မြို့တွင် တစ်ပွဲ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ပထမအကြိမ် ဖိတ်ခေါ်ပြိုင်ပွဲကို မန္တလေးမြို့တွင်ကျင်းပသွားမည်ဖြစ်ပြီး ယင်းဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာယူ-၂၀ အသင်းနှင့်အတူ ဖီဂျီယူ-၂၀အသင်း၊ ဥဇဘက်ကစ္စတန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယူကရိန်း ယူ-၂၀ အသင်း၊ ပေါ်တူဂီ ယူ-၂၀ အသင်း၊ ဩစတြေးလျ ယူ-၂၀ အသင်းနှင့် ဟန်ဂေရီ ယူ-၂၀ အသင်းတို့ကိုလည်း ထပ်မံဖိတ်ခေါ်ထားကြောင်း သိရသည်။

ယင်းဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာအသင်းအပါအဝင် လေးနိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည့်ပွဲဖြစ်ပါက ဖေဖော်ဝါရီလ ၁၅ ရက်မှ ၁၉ ရက်အထိကျင်းပရန် ရည်ရွယ်ထားပြီး ခြောက်နိုင်ငံဝင်ရောက်ယှဉ်ပြိုင်မည့်ပွဲဖြစ်ခဲ့ပါက ဖေဖော်ဝါရီ ၂၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့တွင်မူ မေလ ၄ ရက်မှ ၁၀ရက်အထိ အသင်းလေးသင်း ပါဝင်မည့်ဖိတ်ခေါ်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တူရကီနိုင်ငံတွင်ရောက်ရှိနေပြီး လေ့ကျင့်မှုများနှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားလျက်ရှိသည့် မြန်မာ ယူ-၂၀ အသင်းသည် ပွဲဦးထွက်ခြေစမ်းမှုအဖြစ် တာဂျစ်ကစ္စတန်ကလပ် တာရက်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဒုတိယခြေစမ်းပွဲအဖြစ် အဇာဘိုင်ဂျန်ယူ-၂၁ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ မြန်မာ ယူ-၂၀အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ပြင်မြန်မာ ယူ-၂၀ အသင်းသည် ဇန်နဝါရီ ၂၄ ရက်နေ့တွင် အီရန်ယူ-၂၂ အသင်းနှင့်ခြေစမ်းကစားမည်ဖြစ်ပြီး ဇန်နဝါရီ



၂၇ ရက်နေ့တွင် တူရကီနိုင်ငံသို့ လေ့ကျင့်ရန်ရောက်ရှိနေသည့် ဘူလ်ဂေးရီးယား၊ ရိုမေးနီးယားနှင့် ဂျာမနီကလပ်အသင်းတို့အနက် တစ်သင်းသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ထို့ပြင် မြန်မာ ယူ-၂၀ အသင်းသည် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဂျာမနီကလပ်အသင်းတစ်သင်းနှင့် ခြေစမ်းကစားမည်ဖြစ်ကြောင်း သိရသည်။

# ကမ္ဘာ့အချမ်းသာဆုံးဘောလုံးအသင်းအဖြစ် ရီးရဲလ်မက်ဒရစ် ထိပ်ဆုံးမှရပ်တည် မန်ယူအသင်းလည်း ဒုတိယနေရာသို့ ပြန်လည်ရောက်ရှိလာခဲ့



ဥရောပ ချန်ပီယံလိဂ်ဖလားကို ကိုး ကြိမ်တိုင်ဆွတ်ခူးနိုင်ခဲ့သည့် စပိန်ကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် Deloitte ၏ထုတ်ပြန်ချက်အရ ကမ္ဘာ့အချမ်းသာဆုံးစာရင်းတွင် ထိပ်ဆုံးနေရာမှရပ်တည်နေကြောင်း သိရသည်။

ယခင်နှစ်က အဆင့်များစွာကျဆင်းသွားခဲ့သည့် မန်ချက်စတာယူနိုက်တက်အသင်းမှာ ဒုတိယနေရာသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

Deloitte က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အချမ်းသာဆုံး ကလပ်အသင်းများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ရီးရဲလ်မက်ဒရစ်အသင်းက ပေါင်သန်းပေါင်း ၄၅၉ ဒသမ ၅သန်းဖြင့် ဦးဆောင်နေခဲ့ခြင်းဖြစ်သည်။ ၎င်း၏နောက်တွင် မန်ချက်စတာယူနိုက်တက်က ပေါင်သန်း ပေါင်း ၄၃၃ ဒသမ ၂ သန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။

"မန်ယူအသင်းဟာ မနှစ်ကကွင်းတွင်းစွမ်းဆောင်ရည်တွေ ကျဆင်းခဲ့ပေမယ့် ဘဏ္ဍာရေးဆိုင်ရာ မဟာဗျူဟာတွေက သိပ်ကိုကောင်းမွန်နေတဲ့အတွက် ဒေသတွင်းနဲ့ နိုင်ငံတကာစီးပွားရေးလက်တွဲဖော်သစ်တွေကို စည်းရုံးလာနိုင်ခဲ့တယ်။ ဒါကြောင့် သူတို့ရဲ့ဘဏ္ဍာရေးအင်အားက ပိုပြီးတောင့်တင်းလာခဲ့ပါတယ်"ဟု Deloitte ၏အကြီးတန်းမန်နေဂျာတစ်ဦးဖြစ်သူ အော်စတင်ဟူလီဟာန်က ပြောကြားခဲ့သည်။

ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းက ပေါင်သန်းပေါင်း ၄၀၇ ဒသမ ၇သန်းဖြင့် တတိယနေရာတွင်ရှိနေပြီး စပိန်ကလပ် ဘာစီလိုနာအသင်းက ပေါင်သန်းပေါင်း ၄၀၅ ဒသမ ၂သန်းဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေခဲ့သည်။

ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းက ပေါင်သန်းပေါင်း ၃၉၆ ဒသမ ၅ သန်းဖြင့် ပဉ္စမနေရာနှင့် မန်ချက်စတာစီးတီးအသင်းက ပေါင်သန်းပေါင်း ၃၄၆ ဒသမ ၅သန်းဖြင့် ဆဋ္ဌမနေရာတွင်ရှိနေခဲ့ကာ ချဲလ်ဆီးအသင်းက ပေါင်သန်းပေါင်း၃၂၄ဒသမ ၄သန်းဖြင့် သတ္တမနေရာတွင် ရှိနေခဲ့သည်။ ၎င်းတို့၏နောက်တွင် အာဆင်နယ်၊ လီဗာပူး၊ ဂျူဗင်တပ်စ်တို့ အသီးသီးရပ်တည်လျက်ရှိသည်။



# ရုရှားအသင်း၏တားမြစ်ဆေးဝါးသုံးစွဲမှုများအား အပြည်ပြည်ဆိုင်ရာပြေးခုန်ပစ်အဖွဲ့ချုပ် စိုးရိမ်

အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ်(IAAF)သည် ရုရှားအသင်း၏ တားမြစ်ဆေးဝါးများ သုံးစွဲမှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်လျက်ရှိကြောင်းဖြင့် အဖွဲ့ချုပ်မှတာဝန်ရှိသူများက ပြောကြားသည်။

IAAF ၏မှတ်တမ်းများအရ တားမြစ်ဆေးဝါးများသုံးစွဲမှုကြောင့် ပြေးခုန်ပစ်အားကစားသမား ၃၇ ဦးအား ပြိုင်ပွဲဝင်ခွင့်များ ပိတ်ပင်ထားသည့်ပြစ်ဒဏ်များ ချမှတ်ထားခဲ့ရာတွင် ရုရှားပြေးခုန်ပစ်အဖွဲ့ချုပ်မှ ၂၃ ဦးပါဝင်နေကြောင်း၊ ဖော်ပြခဲ့သည်။

ထို့ပြင် ရုရှားတားမြစ်ဆေးဝါးများ ထိန်းချုပ်ရေးအဖွဲ့မှလည်း အိုလံပစ်ချန်ပီယံ လမ်းလျှောက်ကစားသမားသုံးဦး အပါအဝင် လမ်းလျှောက်မယ် ငါးဦးကိုလည်း ပြိုင်ပွဲဝင်ခွင့်များ ပိတ်ပင်ခဲ့ရသည်။

ထို့အတွက်ကြောင့် ရုရှားနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်အနေဖြင့် မိမိ၏ကစားသမားများကို ထိန်းချုပ်နိုင်ရန် ခက်ခဲနေသည်ကို တွေ့ရှိရသည်ဟုဆိုသည်။

"ရုရှားပြေးခုန်ပစ်အသင်းမှာ တားမြစ်ဆေးဝါးသုံးစွဲတဲ့ဖြစ်ရပ်တွေများလာတာကို တွေ့ရတယ်။ အထူးသဖြင့် လမ်းလျှောက်ကစားနည်းမှာ ပိုများတာကို တွေ့ရတယ်။ အဲဒါဟာ တကယ့်ကို စိုးရိမ်စရာကောင်းတဲ့ အချက်တစ်ချက်ဖြစ်လာတယ်"ဟု IAAF မှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

## ဩစီအိုးပင်းပထမနေ့ပွဲစဉ်မှာပင် နိုင်ခြေအဆင့်သတ်မှတ်ခံရသည့် တင်းနစ်မယ်ရှစ်ဦး ပြိုင်ပွဲမှထွက်ခဲ့ရ

၂၀၁၅ ဩစတြေးလျအိုးပင်းပထမနေ့ပွဲစဉ်များကို ပြီးခဲ့သည့်ဇန်နဝါရီလ ၂၁ရက်က စတင်ကျင်းပခဲ့ရာ အမျိုးသမီး တစ်ဦးချင်း ပထမအဆင့်ပွဲစဉ်များတွင် နိုင်ခြေအဆင့်သတ်မှတ်ခြင်းခံရသည့် တင်းနစ်မယ်ရှစ်ဦး ပြိုင်ပွဲမှ ထွက်ခဲ့ရကြောင်း သိရသည်။ ထိုသို့ထွက်ခဲ့ရသူများတွင် နိုင်ခြေအဆင့်အမြင့်ဆုံးသတ်မှတ်ခြင်းခံရသည့် ဆားဘီးယားတင်းနစ်မယ် ကမ္ဘာ့အဆင့်တစ် တင်းနစ်မယ်ဟောင်း အီဗန်နိုဗစ်လည်းပါဝင်ပြီး ၎င်းသည် ချက်မှလက်ရည်စစ်ပွဲအောင်လာသည့် ဟာရာဒက် ကာကို ၆-၁၊ ၃-၆၊ ၂-၆ ဖြင့်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

၂၀၀၈ ပြိုင်ပွဲ ဒုတိယဆုရှင် အီဗန်နိုဗစ်သည် ပထမပွဲလတ်တွင် ၆-၁ ဖြင့်အနိုင်ရခဲ့သော်လည်း Double Fault (၁၀ )ကြိမ်နှင့် မမှားသင့်သည့် အမှား အကြိမ် (၃၀) ကျူးလွန်ခဲ့ခြင်းကြောင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ အီဗန်နိုဗစ်အား အနိုင်ရသွားသည့် ဟာရာဒက်ကာမှာ ကမ္ဘာ့အဆင့်-၁၄၂ တွင်ရှိနေပြီး ဒုတိယအဆင့်တွင် ဆလိုဗေးနီးယားတင်းနစ်မယ် ပိုလိုနာဟာကော့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ပထမနေ့ပွဲစဉ်များတွင် အန်ဂယ် လစ်ကာဗာ(ဆီဒင်-၉)၊ ဆာဖာရိုဗာ (ဆီဒင်-၁၆)၊ နာဗားရိုး(ဆီဒင်-၁၇)၊ ပက်ဗလျူချန်ကိုဗာ(ဆီဒင်-၂၃)၊ ကုဇညက်ဆိုဗာ(ဆီဒင်-၂၇)၊ လစ်စကီ (ဆီဒင်-၂၈)၊ ဘန်ဆစ်(ဆီဒင်-၃၂)တို့လည်း ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ အမျိုးသားတစ်ဦးချင်းပွဲစဉ်တွင်မူ ဆုဖလားရရှိရန် ရေပန်းစားနေသည့် ဖက်ဒဲရား၊ အင်ဒီမာရေး၊ နာဒဲလ်၊ ဘာဒစ်ရှ်တို့အားလုံး အနိုင်ရခဲ့ကြသည်။

# တိုင်ဆန်ဖြူရီ၊ ကလစ်ရှ်ကိုတို့နှင့်ထိုးသတ်ရန် WBC ချန်ပီယံသစ် ဝိုင်ဒါ ပစ်မှတ်ထား

၂၀၀၆နောက်ပိုင်း အမေရိကန်နိုင်ငံသား ပထမဆုံးဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဖြစ်လာခဲ့သည့် ဒီယွန်တေးဝိုင်ဒါသည် တိုင်ဆန်ဖြူရီ၊ ဝလာဒီမီယာ ကလစ်ရှ်ကိုတို့နှင့် ထိုးသတ်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ဝိုင်ဒါသည် ပြီးခဲ့သည့်ဇန်နဝါရီလ ၂၀ရက်နေ့က လက်စ်ဗီးဂတ်စ်၌ ထိုးသတ်ခဲ့သည့်ပွဲတွင် ကနေဒါနိုင်ငံသား စတီဗာနီကို အမှတ်ဖြင့် အနိုင်ယူပြီး



WBC ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာခဲ့သည်။ ၎င်းအနေဖြင့် ၂၀၀၆ တွင် ရှန်နွန်ဘရစ်ချန်ပီယံဖြစ်ပြီးနောက်ပိုင်း အမေရိကန် လက်ဝှေ့သမားများထဲမှ ဟဲဗီးဝိတ်ချန်ပီယံဆု ရယူနိုင်သည့် ပထမဆုံးလက်ဝှေ့သမားဖြစ်လာခဲ့သည်။

ထို့ပြင် ဂန္ထဝင်လက်ဝှေ့သမားကြီး မိုဟာမက်အလီ၏ ၇၃နှစ်မြောက်မွေးနေ့တွင် တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ရှုံးပွဲမရှိစံချိန်ရှင် ဝိုင်ဒါသည် စတီဗာနီနှင့်ပွဲမတိုင်မီက စုစုပေါင်း ၃၃ ပွဲထိုးသတ်ခဲ့ရာတွင် ၃၂ပွဲမှာ အလဲထိုးဖြင့် အနိုင်ရယူခဲ့ပြီး တစ်ပွဲတည်းသာ ဒိုင်ပွဲ ရပ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၎င်းထိုးသတ်ခဲ့သည့် ပွဲအားလုံးတွင် စတုတ္ထအချီကို ကျော်လွန် ထိုးသတ်ခဲ့ရခြင်းမရှိပေ။ ဝိုင်ဒါအနေဖြင့် ၎င်းကဲ့သို့ပင် ရှုံးပွဲမရှိသေးသည့် တိုင်ဆန်ဖြူရီနှင့် ဦးစွာထိုးသတ်ဖွယ်ရှိကာ ဟဲဗီးဝိတ် ရွှေခါးပတ်များပိုင်ရှင် ကလစ်ရှ်ကိုကိုလည်း စိန်ခေါ်ထိုးသတ်မည်ဖြစ်သည်။

ဖြူရီမှာ လာမည့် ဖေဖော်ဝါရီ ၂၈ တွင် လန်ဒန်မြို့ O2 အရီနာ၌ ခရစ်ရှန်ဟမ်းမားနှင့် ထိုးသတ်ဦးမည်ဖြစ်သည်။

## ကိုကင်းသုံးစွဲထားခြင်းမရှိကြောင်း ဒတ်စတင်ဂျွန်ဆင် ငြင်းဆို

အမေရိကန်ဂေါက်သီးသမား ဒတ်စတင်ဂျွန်ဆင်က ၎င်းအနေဖြင့်ကိုကင်းသုံးစွဲထားခြင်းမရှိပါဟု Sports Illustrated မဂ္ဂဇင်းနှင့်အင်တာဗျူးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဂျွန်ဆင်သည် ပြီးခဲ့သည့်ရိုက်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကိုကင်းသုံးစွဲထားမှုကြောင့် ပြိုင်ပွဲနှင့်လွဲခဲ့ရသည်။ ယင်းကဲ့သို့ကိုကင်းသုံးစွဲမှုကြောင့် ဂျွန်ဆင်သည်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ခြောက်လပိတ်ပင်ခြင်းခံခဲ့ရသည်။

"ကျွန်တော့်မှာ အခု အဲဒီကိုကင်းသုံးစွဲနေသလားဆိုတဲ့ပြဿနာမျိုး မရှိတော့ပါဘူး။ ကျွန်တော် တကယ်ပြောတာပါ။ အဲဒီဟာကို သုံးမိလို့ ကျွန်တော့်အခွင့်အရေးတွေလွဲခဲ့ရတယ်။ ကျွန်တော် လုံးဝကိုစွန့်လွှတ်လိုက်ပါပြီ"ဟု ပြောကြားခဲ့သည်။ ဂျွန်ဆင်သည် PGA Tour ပြိုင်ပွဲများတွင် ရှစ်ကြိမ်တိုင်နိုင်ပွဲများရရှိခဲ့ပြီး အမေရိကန်ဂေါက်သီးအသင်းအတွက် အကောင်းဆုံးယှဉ်ပြိုင်ပေးနိုင်သူအဖြစ် မှတ်တမ်းရှိခဲ့သူဖြစ်သည်။ သူသည် အမေရိကန်အသင်းအတွက်သုံးကြိမ်ဝင်ရောက် ကစားခဲ့ရာတွင် သုံးကြိမ်စလုံးအနိုင်ရရှိခဲ့သည်။ သို့သော် ၂၀၁၂ ရိုက်ဒါဖလားပြိုင်ပွဲတွင်မူအရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ ထိုစဉ်က PGA Tour ပြိုင်ပွဲ၏ စည်းမျဉ်းများအရ ပြိုင်ပွဲဝင်များ တားမြစ်ဆေးဝါးများ သုံးစွဲနေသည်ကို အသေးစိတ်သတင်းထုတ်ပြန်ခြင်း မပြုခဲ့ပေ။

# Enhanced Integrated Framework (EIF) ဆိုင်ရာ Diagnostic Trade Integration Study (DTIS) လုပ်ငန်းစဉ်အကူအညီပေးရေး World Bank မှ ကျွမ်းကျင်သူကိုယ်စားလှယ်အဖွဲ့ တမူးဒေသသို့ လာရောက်

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော EIF ဆိုင်ရာ DTIS လုပ်ငန်းစဉ်ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အကူအညီပေးနေတဲ့ ကမ္ဘာ့ဘဏ်မှ Mr. Diep Nguyu Van Houtte ခေါင်းဆောင်တဲ့ ကျွမ်းကျင်သူကိုယ်စားလှယ်အဖွဲ့ဟာ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကို ရောက်ရှိခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီကိုယ်စားလှယ်များ၊ ဒေသခံများနဲ့ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဆွေးနွေးပွဲတွင် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့က တမူးမြို့ရဲ့ လူဦးရေ၊ နေထိုင်သည့်လူမျိုးစုများ၊ ဒေသခံတိုင်းရင်းသားများ လုပ်ကိုင်နေတဲ့ စီးပွားရေးအခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများမှာ အဓိကစိုက်ပျိုးတဲ့ သီးနှံများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ တမူးနယ်စပ်တွင် တစ်ဖက်နိုင်ငံမှ မူးယစ်ဆေးဝါးကုန်ကြမ်းများ တင်သွင်းပြီး မူးယစ်ဆေးဝါးထုတ်လုပ်ကာ တစ်ဖက်နိုင်ငံသို့ တင်ပို့ခြင်းရှိ/မရှိ၊ နယ်စပ်ကုန်သွယ်မှုနဲ့ ပတ်သက်ပြီး ပို့ကုန်/သွင်းကုန် ကုန်သွယ်မှုပမာဏ၊ တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲများ၊ တရားမဝင်ကုန်သွယ်မှုအခြေအနေ၊ အဓိကတင်ပို့လျက်ရှိတဲ့ ပို့ကုန်ပစ္စည်းများနဲ့ သွင်းကုန်ပစ္စည်းများ၊ တမူးနယ်စပ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဝင်အရှင်၊ အမဲသား၊ ဝက်သားများ တင်ပို့ခြင်းရှိ/မရှိ၊ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းသို့ နေ့စဉ် ဝင်/ထွက်နေသည့် ပို့ကုန်/သွင်းကုန် ယာဉ်စီးရေစာရင်း၊ OSS အဖွဲ့စနစ်ဖြင့် ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်တို့အား မေးမြန်းဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။




ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့ရဲ့ မေးမြန်းဆွေးနွေးချက်များအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမတ် ဦးထန်းလျန်နာက ချင်းတိုင်းရင်းသားလူမျိုးများရဲ့ စီးပွားရေးအခြေအနေ၊လူမှုရေးနဲ့ ပညာရေးအခြေအနေများအားလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးမှ တမူးခရိုင်အတွင်း တစ်ဖက်နိုင်ငံမှ မူးယစ်ဆေးဝါး ကုန်ကြမ်းတင်သွင်း၍ မူးယစ်ဆေးဝါးထုတ်လုပ်တင်ပို့မှု လုံးဝမရှိကြောင်းနဲ့ တမူးမြို့နယ်အတွင်း နေထိုင်တဲ့ ဗမာ၊ ချင်း၊ အထက်ရှမ်းလူမျိုးများရဲ့ လူဦးရေစာရင်း၊ လူတစ်ဦးချင်းဝင်ငွေ၊ စပါး၊ ဆီထွက်သီးနှံများ၊ အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးထွက်ရှိတဲ့ အခြေအနေတို့ကိုလည်းကောင်း၊ တမူးနယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ကုန်သွယ်မှုပမာဏနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကာလတူ ကုန်သွယ်မှု ပမာဏထက် တိုးတက်လာမှုအခြေအနေ၊ အများဆုံးပို့ကုန်ပစ္စည်းများနှင့် အများဆုံးသွင်းကုန်ပစ္စည်း များ တင်ပို့ / တင်သွင်းမှု အခြေအနေ၊ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ ကြီးကြပ်မှုဖြင့် စခန်းထုတ်နုတ်အင်အားနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက် နေတဲ့ Mobile Team အဖွဲ့တို့ရဲ့ ဆောင်ရွက်မှုများကြောင့် တရားမဝင်ကုန်သွယ်မှုလျော့နည်းသွားတဲ့ အခြေအနေ၊ တမူးနယ်စပ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဝက်အရှင်၊ အမဲသား၊ ဝက်သားများ တင်ပို့နိုင်ရန် ညှိနှိုင်းထားရှိတဲ့ အခြေအနေ၊ နေ့စဉ်ဝင်/ထွက်နေတဲ့ ယာဉ်စီးရေစာရင်းများနှင့် OSS အဖွဲ့စနစ်ဖြင့် ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်တို့အားလည်းကောင်း၊ နယ်စပ်ကုန်သည်ကြီးများအသင်းက ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဖက်အိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ်အတွင်းရှိ မြေအောက်အဖွဲ့အစည်းများရဲ့ နှောင့်ယှက်မှုကြောင့် မိုးရေ-အင်ဖာကုန်သွယ်မှုလမ်းကြောင်းမှာ မကြာခဏပိတ်ဆို့မှုများ ဖြစ်ပေါ်နေတဲ့အတွက် နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်ရေးတွင် အဟန့်အတားဖြစ်စေတဲ့ အခြေအနေ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို မြေအောက် အဖွဲ့အစည်းမှ လွှမ်းမိုးထားသည့် အခြားအခြေအနေများနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်နေတဲ့ အခြေအနေတို့အားလည်းကောင်း ရှင်းလင်းဆွေးနွေး ခဲ့ကြတယ်လို့ သိရပါတယ်။

ဇန်နဝါရီလ ၁၈ ရက် နေ့လယ် ၁ နာရီအချိန်တွင် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့အား နယ်စပ်ဂိတ် အမှတ် (၁) နဲ့ နမ့်ဖာလုံဈေးဂိတ်အမှတ် (၂) တို့တွင် OSS အဖွဲ့များရဲ့ လုပ်ငန်းဆောင်ရွက်မှုများ (နမ့်ဖာလုံကုန်စုံ ဆောင်ရွက်မှုအခြေအနေမပါ) အား လိုက်လံရှင်းလင်းပြသခဲ့ပြီး ညနေ ၃ နာရီခွဲ အချိန်တွင် ကမ္ဘာ့ဘဏ် ကိုယ်စားလှယ်အဖွဲ့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထန်းလျန်နာနဲ့အတူ တမူးမြို့နယ်အတွင်းရှိ ချင်းတိုင်းရင်းသားများနေထိုင်တဲ့ ဘုတ်ကန်ကျေးရွာသို့ ပို့ဆောင်ပေးခဲ့ပြီး ကမ္ဘာ့ဘဏ်အဖွဲ့မှ ကျေးရွာအတွင်းရှိ ဒေသခံလူထုရဲ့ စီးပွားရေးလုပ်ကိုင်မှုအခြေအနေ၊ ပညာရေးအခြေအနေ၊ အဓိကလုပ်ကိုင်တဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပံ့ပိုးပေးရန် လိုအပ်နေသည့် အခြေအနေတို့အား မေးမြန်းဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

ဇန်နဝါရီလ ၁၉ ရက်နေ့ မနက် ၈ နာရီခွဲအချိန်တွင် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ် အဖွဲ့အား အထက် ရှမ်းတိုင်းရင်းသားအများစု နေထိုင်တဲ့ တမူးမြို့အတွင်းရှိ ရပ်ကွက်သို့ လိုက်လံပို့ဆောင်ပေးခဲ့ရာ အထက် ရှမ်းတိုင်းရင်းသားများနဲ့ စီးပွားရေးလုပ်ကိုင်မှုအခြေအနေ၊ ပညာရေးအခြေအနေ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအခြေအနေတို့အား မေးမြန်းဆွေးနွေးခဲ့ကြပါတယ်။ ကမ္ဘာ့ဘဏ် ကိုယ်စားလှယ်အဖွဲ့ဟာ ၁၂ း ၀၀ နာရီအချိန်မှာ မဏိပူရပြည်နယ်အကောက်ခွန်ဌာန၊ ကော်မရှင်နာနှင့် အဖွဲ့မှ နယ်စပ်သံတံတားဂိတ်တွင် လာရောက်ကြိုဆိုခဲ့ပြီး အဖွဲ့ခေါင်းဆောင် Mr. Diep Nguyu Van Houtte နဲ့ Mr. Zarnowiccki Michel Raymond တို့ တစ်ဖက်အိန္ဒိယနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့တယ်လို့ သိရပါတယ်။

**နေထက်မင်း (တမူး)**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဆောက်လုပ်ရေးအသင်းဖွဲ့စည်း

ဧရာဝတီတိုင်းဒေသကြီးရဲ့ ဆောက်လုပ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနဲ့အညီ အဆင့်အတန်းမြင့်မားစွာ ဆောက်လုပ်နိုင်ရေး၊ ပြည်ပနိုင်ငံများနဲ့ ချိတ်ဆက်ရာမှာလည်း လွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းဆောက်လုပ်ရေးအသင်းဖွဲ့စည်းခြင်း အခမ်းအနားကို ပုသိမ်မြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အစည်းအဝေးခန်းမမှာ ဇန်နဝါရီလ ၁၆ ရက်နေ့က ကျင်းပပြုလုပ်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်နဲ့ဦးစီးအရာရှိများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဆွေ၊ တိုင်းအတွင်း ပုသိမ်၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ဇလွန်၊ ကျောင်းကုန်း၊ မြန်အောင်၊ ဟင်္သာတ၊ ကျုံပျော်၊ ဘိုကလေး၊ အင်္ဂပူ၊ ကြံခင်း၊ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်စုံမှ ကုမ္ပဏီများလုပ်ငန်းရှင်များ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်က တိုင်းဆောက်လုပ်ရေးအသင်း ဖွဲ့စည်းရခြင်းနဲ့ပတ်သက်၍ ရှင်းလင်းပြောကြားရာမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်သည့်အဖွဲ့များတွင် ပြည်ပနိုင်ငံများ၌ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီ၊ လုပ်ငန်းရှင်များပါလာကြောင်း၊ ၎င်းတို့မှ တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ အသင်းအဖွဲ့များကို တွေ့လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လိုကြောင်း၊ မိမိတို့မှာ အသင်းအဖွဲ့ မဖွဲ့စည်းရသေးသဖြင့် အခက်အခဲရှိကြောင်း၊ ဆောက်လုပ်ရေး အသင်းမှာလည်း တိုင်းအတွင်း အရေးကြီးတဲ့ကဏ္ဍမှာပါဝင်ကြောင်း၊ မကြာမီ ဖွဲ့စည်းတော့မယ့် ဧရာဝတီကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ARCCI) ကို ဖွဲ့စည်းရာမှာလည်း ပါဝင်ရမှာဖြစ်ကြောင်း၊ ရေရှည်မှာ နိုင်ငံတကာနဲ့ဆက်ဆံရမှာဖြစ်တဲ့အတွက် အသင်းအဖွဲ့ကို ခိုင်ခိုင်မာမာဖွဲ့စည်းရမှာ ဖြစ်ကြောင်း၊ အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များကို ရွေးချယ်ပြီး ၎င်းတို့အနက်မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်တို့ကိုလည်း တက်ရောက်လာသော လုပ်ငန်းရှင်များရဲ့ သဘောထားဆန္ဒအတိုင်း ရွေးချယ်ဖွဲ့စည်းရမှာ ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာမှူး ဦးသိန်းဆွေကလည်း ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ တိုင်းဆောက်လုပ်ရေးအသင်း ဖွဲ့စည်းရန်လိုအပ်ကြောင်း၊ ဒေသအာဏာပိုင်နဲ့ဌာနဆိုင်ရာများ အသိအမှတ်ပြုအသင်းကို တရားဝင်ဖွဲ့စည်းပြီး လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းပူးပေါင်းကာ ညီညီညွတ်ညွတ် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနဲ့အတူ အနာဂတ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပုဂ္ဂလိကစီးပွားရေးကဏ္ဍများတွင် ဆောက်လုပ်ရေးလုပ်ငန်းအသင်းမှာ အလွန်အရေးပါကြောင်း ဆွေးနွေးပြောကြားပါတယ်။

ဆက်လက်ပြီး တက်ရောက်လာတဲ့ လုပ်ငန်းရှင်များရဲ့ သဘောထားဆန္ဒနဲ့အညီ ဥက္ကဋ္ဌအဖြစ် (Royal Ayar) ကုမ္ပဏီ(ပုသိမ်)မှ ဦးထွန်းထွန်းနှင့် အတွင်းရေးမှူးအဖြစ် (Royal Ayar) ကုမ္ပဏီမှ ဦးညီညီထွန်းတို့အား ရွေးချယ်ခဲ့ပြီး ခရိုင်ငါးခရိုင်မှ တာဝန်ရှိသူများအား ဒုဥက္ကဋ္ဌများအဖြစ် ရွေးချယ်ခဲ့ကာ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်စသည်တို့ကိုလည်း မြို့နယ်အလိုက် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# Trade Facilitation & Trade Promotion

## ဖရဲ၊ သခွားမွေးသစ်သီးဝလံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဆင်းပွဲ ချောင်းဦးမြို့နယ် မင်းခေါင်ရွာမှာ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး အစီအစဉ်မှ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအဖြစ် ပြည်ပဈေးကွက်ဝင် ဖရဲနဲ့ သခွားမွေး အဓိကစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိတဲ့ ချောင်းဦးမြို့နယ် မကျီးခွကျေးရွာအုပ်စု၊ မင်းခေါင်ကျေးရွာကို ဗဟိုပြုပြီး တောင်သူတွေရဲ့ လိုအပ်ချက်တွေဖြစ်ကြတဲ့ နည်းပညာဈေးကွက်နဲ့ အရင်းအနှီးဆိုင်ရာ ပညာရပ်များစွာကို ဖြန့်ချိပေးလိုတဲ့ ရည်ရွယ်ချက်များဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနရဲ့ ထောက်ပံ့မှုနဲ့ ဖွင့်လှစ်ခဲ့တဲ့ ဖရဲ၊ သခွားမွေး သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဆင်းပွဲကို ဇန်နဝါရီလ ၂၃ ရက်နေ့က ချောင်းဦးမြို့နယ်၊ မကျီးခွကျေးရွာအုပ်စု၊ မင်းခေါင်ကျေးရွာ သုံးထပ်ကျောင်းတိုက်သင်တန်းခန်းမမှာ ကျင်းပခဲ့ပါတယ်။

အဆိုပါသင်တန်းသို့ ချောင်းဦးမြို့နယ်ရဲ့ ဖရဲ၊ သခွားမွေး အဓိကစိုက်ပျိုးထွက်ရှိတဲ့ မကျီးခွ၊ မင်းတည်၊ မင်းခေါင်၊ မကျည်းဘုတ်၊ တောကျောင်းကြီး၊ သုံးပန်လှစတဲ့ ကျေးရွာများမှ တောင်သူ ၁၃၀ ဦးခန့် စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလငါးရက်အတွင်းမှာ စိုက်ပျိုးရေးဦးစီးဌာန ပညာရှင်များက မျိုးစေ့ရွေးချယ်ဝယ်ယူခြင်းနဲ့ အပင်ပေါက်နှုန်းစမ်းသပ်ခြင်း၊ ပျိုးခင်းစီမံခန့်ခွဲခြင်း၊ ဖရဲနဲ့ သခွားမွေး စိုက်ပျိုးနည်း၊ ဓါတ်မြေသြဇာ စနစ်တကျသုံးစွဲရေးနှင့် ဥပဒေများ၊ မြေပြုပြင်ခြင်းနဲ့ မြေအမျိုးအစား ဓါတ်ခွဲစမ်းသပ်ခြင်း၊ ဖရဲ၊ သခွားမွေး သစ်သီးဝလံ များတွင် ကျရောက်တတ်သော ပိုးမွှားများနှင့် ကာကွယ်ကုသနည်းများ၊ ကောင်းမွန်သော စိုက်ပျိုးရေးစနစ် (GAP) စတဲ့ ဘာသာရပ်များကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ပညာရှင်များက ဖရဲသခွားမွေး သစ်သီးဝလံ အရည်အသွေးကောင်းထွက်ကုန်ရရှိရန် မှန်ကန်ကောင်းမွန်သည့် ရိတ်သိမ်းချိန်လွန်နည်းပညာရှင်က ထုပ်ပိုး၊ ပြင်ဆင်၊ သယ်ယူစနစ်များကိုလည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးနဲ့ စားသုံးသူရေးရာဦးစီးဌာနမှ ပို့ကုန်သွင်းကုန်လုပ်ထုံး လုပ်နည်းများ၊ စားသုံးသူကာကွယ်ရေးရာများ၊ မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေဥပဒေအကြောင်းသိကောင်းစရာများ၊ မြန်မာရွှေကုမ္ပဏီမှ မန်းနေဂျင်းဒါရိုက်တာ ဒေါ်လှဲ့လှဲ့ဦးက နိုင်ငံတကာ စံချိန်စံညွှန်းများ၊ ဖရဲသခွားမွေးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အစုအဖွဲ့ ဗဟိုဥက္ကဋ္ဌ ဦးနိုင်ဝင်းက ဖရဲသခွားမွေး တင်ပို့ရောင်းချမှု မြှင့်တင်ရေးအတွေ့အကြုံများနဲ့ မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်မှ တာဝန်ရှိသူက မူဆယ်နဲ့ နိုင်ငံတကာ ဈေးကွက်အခြေအနေများကို အသီးသီး သင်ကြားပို့ချခဲ့ကြပြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးညွှန်ကြားရေးမှူး ဦးအောင်မောင်းက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပါတယ်။

နည်းပညာပေးမှုကို ယခင်ခေတ်ကနေ ယနေ့ခေတ်အထိ သက်ဆိုင်ရာဌာနတွေက ကျေးရွာအရောက် ပေးခဲ့ပေမဲ့ လက်တွေ့ဆောင်ရွက်မှုအားနည်းတဲ့အတွက် ဆုံးရှုံးမှုများ ကြုံတွေ့ရနိုင်ရာ ယခုသင်တန်းကပို့ချတဲ့ နည်းပညာများကို လက်တွေ့အမှန်တကယ်လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိတို့ရဲ့ ဖရဲသခွားမွေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှုကို မြှင့်တင်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါကြောင်း။ ။

**ထွန်းလှိုင် - မုံရွာ**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင် ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တိုင်းအတွင်း စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တိုင်းအတွင်း မြို့နယ်များရှိ စီးပွားရေးလုပ်ငန်းများ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးစိုးအောင်က ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံများ တက်ရောက်ခဲ့ပါတယ်။

ဒေသထွက်ကုန်စည်များ၊ အရည်အသွေးမြှင့်တင်ရေး ဈေးကွက်အခြေအနေနှင့် ပြည်တွင်းပြည်ပ ချိတ်ဆက်ရောင်းဝယ်နိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ အဆင့်မြှင့်တင်ရေး အသေးစားအလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲနှင့် နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး လက်ရှိပြည်ပပို့ကုန်နှင့် အလားအလာရှိသော ကုန်စည်များ အရည်အသွေးမြှင့်တင်ရေး၊ မြို့နယ်တစ်ခုချင်းစီ၏ စီးပွားရေးကဏ္ဍများကို မြို့နယ်တာဝန်ခံများမှ ပြည့်စုံစွာရှင်းလင်းခဲ့ရာ တိုင်းညွှန်ကြားရေးမှူးက ကျေးရွာမြို့နယ်များနှင့် တိုင်းဒေသကြီးတစ်ခုလုံး၏ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ဌာနမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး -ပုသိမ်**

## မော်တော်ယာဉ်ပြစ်ချက်ရှာဖွေပြုပြင်ခြင်းသင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန သာယာဝတီခရိုင် ဦးစီးမှူးရုံးမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး HRD (Human Resource Development) အတွက် JSAE (Japan Society of Automotive Engineering) တို့နဲ့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် "မော်တော်ယာဉ် Toyota သီးသန့် ယာဉ်ပြစ်ချက်ရှာဖွေပြုပြင်ခြင်း သင်တန်းအမှတ်စဉ် (၁)" ဖွင့်ပွဲကို ခရိုင်ဦးစီးမှူးရုံး လက်ပံတန်းမြို့မှာဇန်နဝါရီလ ၁၅ ရက်နေ့က ကျင်းပခဲ့ပါတယ်။ အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုဥက္ကဋ္ဌ ဦးဖုန်းဇော်ဝင်းက အဆင့်မြင့် မော်တော်ယာဉ်များပြုပြင်ခြင်းနဲ့ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်ရည်ရွယ်ပြီး သင်တန်းများဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တွဲဖက်ကာ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဝင်းက မိမိ တို့ဌာန အဓိကတာဝန် ၅ ရပ် ဆောင်ရွက်ခြင်းကို အကျယ်တဝင့်ပြောကြားကာ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ထို့နောက် သာယာဝတီခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွှန့်သန်းမှ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းသားများ စိတ်ပါဝင်စားစွာ သင်ကြားလို့ ဖွံ့ဖြိုးတိုးတက်တဲ့နည်းပညာများ တတ်မြောက်အောင်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားခဲ့ပါတယ်။

အဆိုပါသင်တန်းကို JSAE မှ အဖွဲ့ဝင် ဦးအောင်ကျော်လင်းမှ မော်တော်ယာဉ်ပြစ်ချက် ရှာဖွေပြုပြင်ခြင်း သင်တန်းပို့ချခဲ့ရာ သာယာဝတီခရိုင်အတွင်းရှိမြို့နယ်များမှ သင်တန်းသား ၄၀ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇန်နဝါရီလ ၁၅ ရက်မှ ၂၁ ရက်နေ့ထိ ၇ ရက်ကြာဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်းသိရပါတယ်။

**ခင်ခင်ထိုက်-လက်ပံတန်း**

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |



# ဒိုဟာလုပ်ငန်းအစီအစဉ် အောင်မြင်ရေးအတွက် ၂၀၁၅ ခုနှစ် ဒဗလျူတီအိုပထမဆုံးအကြိမ်အစည်းအဝေးစတင်

၂၀၁၅ ခုနှစ်အတွင်းပထမအကြိမ် အဖြစ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက်နေ့က ကျင်းပခဲ့ပါတယ်။ ယခုအစည်းအဝေးက ကန့်သတ်ချက်ဘောင်တွေမထားဘဲ လွတ်လပ်စွာဆွေးနွေးခွင့်ရှိတဲ့ (Open ended) အစည်းအဝေးတစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒီအစည်းအဝေးရဲ့ ရည်ရွယ်ချက် ကဒိုဟာဖွံ့ဖြိုးရေးအစီအစဉ် (Doha Development Agenda) မှာ ပါဝင်ပြီး ကျန်ရှိနေသေးတဲ့ပြဿနာတွေကို ယခုနှစ်ဇူလိုင်မှာ ဆောင်ရွက်ရေးအတွက် လိုအပ်တဲ့လုပ်ငန်းအစီအစဉ် (Work Program) ကိုသဘောတူညီမှုရအောင် ညှိနှိုင်းဖို့ဖြစ်ပါတယ်။ ဒီသတ်မှတ်ရက်ကလည်း နိုဝင်ဘာမှာပြုလုပ်တဲ့ အထွေထွေကောင်စီရဲ့ အထူးအစည်းအဝေး မှာအဖွဲ့ဝင်နိုင်ငံတွေက သတ်မှတ်ပေးခဲ့ တဲ့သတ်မှတ်ရက်ဖြစ်ပါတယ်။

ဒဗလျူတီအိုညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုက ၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်တဲ့ တိုးတက်မှုတွေအပေါ် အခြေခံပြီး လုပ်ငန်းတွေကို ဆောင်ရွက်ဖို့နဲ့ အောင်မြင်မှုတွေကိုဖော်ဆောင်ပေးနိုင်မယ့် လုပ်ငန်းတွေကို တင်ပြပေးဖို့ အဖွဲ့ဝင်နိုင်ငံတွေကို တိုက်တွန်းပြောကြားခဲ့ပါတယ်။

ညွှန်ကြားရေးမှူးချုပ်တင်ပြခဲ့တဲ့ လုပ်ငန်းရပ်တွေထဲမှာ အလျင်အမြန်အကောင်အထည်ဖော်ရေးကို ရှေးရှုဖို့၊ ရေရှည်အရေးပါနေတဲ့ ပြဿနာတွေကို ဖော်ထုတ်ပြီး ဦးစားပေးဆောင်ရွက်ဖို့၊ အဖွဲ့ဝင်အားလုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် ရည်မှန်းချက်တွေ ထားရှိဖို့၊ ပူးပေါင်းဆောင်ရွက်မှုကို အမြန်ဆုံးအနေအထားမှာ ထိန်းထားဖို့နဲ့ တစ်ခုချင်းတန်းစီပြီး ဆောင်ရွက်နေမယ့်အစား ပြဿနာများကို တစ်ချိန်တည်းမှာ စုပေါင်းဖြေရှင်းဖို့ဆိုတဲ့ တိုက်တွန်းချက်တွေ ပါဝင်ပါတယ်။

"ဇူလိုင်လမတိုင်မီ ရနိုင်သမျှအချိန်ကို အမြန်ဆုံးအသုံးချနိုင်အောင် ကျွန်တော်တို့ဆောင်ရွက်ရပါမယ်။ ၂၀၁၄ ခုနှစ်အကုန်မှာရရှိထားပြီးဖြစ်တဲ့ အရှိန်အဟုန်ကို ကျွန်တော်တို့ဆက်လက်ထိန်းသိမ်းရပါမယ်။ လယ်ယာစိုက်ပျိုးရေး၊ လယ်ယာစိုက်ပျိုးရေးမှအပဖြစ်တဲ့ ဈေးကွက်ကိုဝင်ရောက်မှု၊ ဝန်ဆောင်မှုလုပ်ငန်း၊ ဒိုဟာဖွံ့ဖြိုးရေးအစီအစဉ်မှာ ပါဝင်တဲ့ကိစ္စများ အပါအဝင် ကိစ္စရပ်တွေကို ကျွန်တော်တို့ အသေးစိတ် ဆွေးနွေးရပါမယ်။ ဒီကနေ့မှာ ဒီကိစ္စ တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ စတင် ဆွေးနွေးကြမှာဖြစ်ပါတယ်"လို့ ဒဗလျူတီအိုညွှန်ကြားရေးမှူးချုပ်က ပြောပါတယ်။

# ၂၀၁၅ ခုနှစ်မှာ အာဆီယံက ရင်းနှီးမြှုပ်နှံမှုအသစ်တွေကိုဆွဲဆောင်မည်




စီးပွားရေးပေါင်းစည်းမှုအတွက် ၂၀၁၅ ခုနှစ်သတ်မှတ်ချိန်နီးကပ်လာတာနဲ့အမျှ ကုန်ထုတ်လုပ်မှုရင်းနှီးမြှုပ်နှံမှုတွေဆောင်ရွက်ဖို့အတွက် အာဆီယံဒေသက အဓိကအာရုံစိုက်စရာဒေသတစ်ခုဖြစ်လာကြောင်း International Policy Digest ဝက်ဘ်ဆိုက်သတင်းမှာဖော်ပြထားပါတယ်။

တစ်ခုတည်းသော ဈေးကွက်နဲ့ ကုန်ထုတ်လုပ်မှုအခြေစိုက်စခန်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့က ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ကျွမ်းကျင်ဝန်ထမ်းတွေ လွတ်လပ်စွာစီးဆင်းနိုင်တဲ့ အီးယူစတိုင်စီးပွားရေးနယ်မြေသစ်တစ်ခုအဖြစ် ပြောင်းလဲဖို့ရည်မှန်းချက်ထားရှိခဲ့ပါတယ်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း(အေအီးစီ) ကိုထူထောင်ခြင်းဖြင့် ပေါင်းစည်းမှုရှိပြီး တစ်ခုတည်းသော ရင်းနှီးမြှုပ်နှံမှုဒေသအဖြစ် ဒေသတွင်းမှာရှိတဲ့ စီးပွားရေးအလားအလာတွေကို စီးပွားရေးလုပ်ငန်းတွေက အပြည့်အဝရယူခံစားနိုင်ဖို့ ဖြစ်ပါတယ်။ အာဆီယံဒေသကလည်း ကုန်ထုတ်လုပ်မှုရဲ့ အချက်အချာဒေသတစ်ခု ဖြစ်လာပါလိမ့်မယ်။ အာဆီယံရဲ့ စီးပွားရေးက ကမ္ဘာ့ဂျီဒီပီရဲ့ ၃ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ကမ္ဘာ့ကုန်ချောထုတ်လုပ်မှုရဲ့ ၄ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း Economic Intelligence Unit (EIU) ရဲ့ အစီရင်ခံစာအရ သိရပါတယ်။ အာဆီယံဒေသကအလုပ်သမား ကုန်ကျစရိတ် သက်သာတဲ့အတွက် အစဉ်အလာအားဖြင့် အာဆီယံဒေသမှာ ကုန်ထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုတွေကပို့ကုန်အတွက် ဦးတည်ချက်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်ပါတယ်။ ဒါပေမယ့် နောင်လာမယ့် အနာဂတ်ကာလမှာ ကုန်ထုတ် လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုတွေက အရှေ့တောင်အာရှဒေသသာမက အရှိန်အဟုန်နဲ့ တိုးတက်လာတဲ့ဒေသ တွင်း ဝယ်လိုအားအတွက် ဦးတည် ဆောင်ရွက်လာလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

အာဆီယံဒေသက ၁၉၇၀ ပြည့်လွန်နှစ်နှောင်းပိုင်းကာလကစပြီး ကမ္ဘာ့ဂျီဒီပီအရတစ်ဦးချင်းဝင်ငွေမှာ တခြားဒေသတွေထက် သာလွန်လျက်ရှိပြီး တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း ၅ ရာခိုင်နှုန်းကျော်နဲ့ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးတိုးတက်မှုနှုန်း အလျင်မြန်ဆုံးဒေသအဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးကို ခြုံကြည့်ရင် အာဆီယံဟာ ကမ္ဘာပေါ်မှာစီးပွားရေးအရ သတ္တမမြောက် အကြီးမားဆုံးဒေသတစ်ခုဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ကမ္ဘာ့စီးပွားရေး မငြိမ်သက်မှု စက်ကွင်းမှ အာဆီယံငါးနိုင်ငံ မလွတ်ကင်း

နိုင်ငံအများအပြားတွင် စီးပွားရေး နွေးကွေးကျဆင်းနေခြင်းနဲ့ ရေနံဈေးနှုန်းများကျဆင်းနေခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို သုည ဒသမ ၃ ရာခိုင်နှုန်း လျှော့ချပြီး ၃ ဒသမ ၅ ရာခိုင်နှုန်း နဲ့ ၃ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးရှိမယ်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ကခန့်မှန်းထားကြောင်း နေ့ရှင်းသတင်း မှာဖော်ပြထားပါတယ်။

ဒီလိုလျှော့ချခန့်မှန်းရတဲ့ အကြောင်းအရင်းက တရုတ်၊ ရုရှား၊ ယူရိုနယ်မြေနဲ့ ဂျပန်နိုင်ငံတို့နဲ့အတူ ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ရေနံတင်ပို့နိုင်ငံများရဲ့ စီးပွားရေးအခြေအနေတွေကိုကြည့်ပြီး စီးပွားရေးဖွံ့ဖြိုးမှုကို ယခုကဲ့သို့လျှော့ချခန့်မှန်းရခြင်းဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးအလားအလာ (World Economic Outlook-WEO) အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ စီးပွားရေးဖွံ့ဖြိုးလျက်ရှိတဲ့ အမေရိကန်ပြည်ထောင်စုဟာ ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ် တွေမှာ သုည ဒသမ ၅ ရာခိုင်နှုန်းနဲ့ သုည ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ပြီး တိုးတက်နှုန်း ၃ ဒသမ ၆ ရာခိုင်နှုန်းနဲ့ ၃ ဒသမ ၃ ရာခိုင်နှုန်းအသီးသီးရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ယခုအခြေအနေက ၂၀၁၄ ခုနှစ်ကရှိခဲ့တဲ့ ၂ ဒသမ ၄ ရာခိုင်နှုန်းကနေ မြင့်တက်လာတာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းက သုည ဒသမ ၃ ရာခိုင်နှုန်းနဲ့ သုည ဒသမ ၅ ရာခိုင်နှုန်းလျှော့ကျပြီး ၆ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ၆ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးရှိမှာဖြစ်ပြီး လွန်ခဲ့တဲ့နှစ် ၂၀ အတွင်း အနိမ့်ဆုံးနှုန်းဖြစ်ပါတယ်။

ဤကဲ့သို့သော နောက်ခံအခြေအနေမှာအင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်တို့ပါဝင်တဲ့ အာဆီယံငါးနိုင်ငံရဲ့ တိုးတက်နှုန်းက ၂၀၁၅ ခုနှစ်မှာ ၅ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ၂၀၁၆ ခုနှစ်မှာ ၅ ဒသမ ၃ ရာခိုင် နှုန်းအသီးသီးရှိမယ်လို့ခန့်မှန်းထားပါတယ်။ အောက်တိုဘာအတွင်းက ကနဦးခန့်မှန်းချက်အောက် သုည ဒသမ ၂ ရာခိုင်နှုန်းနဲ့ သုည ဒသမ ၁ ရာခိုင်နှုန်းအသီးလျှော့ကျခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်က ရှိခဲ့တဲ့ဖွံ့ဖြိုးတိုးတက်နှုန်း က ၄ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

# ကမ္ဘာ့စီးပွားရေးမှာ မညီမျှမှုတွေနဲ့ အလုပ်လက်မဲ့ကြီးထွားလာမယ်လို့ ကုလကသတိပေး

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနိမ့်ကျခြင်းနဲ့ ကသောင်းကနင်းဖြစ်ခြင်းစတဲ့ အခြေအနေတွေကြောင့် လာမယ့်ငါးနှစ်အတွင်း အလုပ်လက်မဲ့ဖြစ်မှု ၁၁ သန်း ထပ်မံတိုးတက်လာမှာဖြစ်ကြောင်း ကုလသမဂ္ဂရဲ့ ဇန်နဝါရီ ၂၀ ရက်က သတိပေးချက်ကို အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

အလုပ်လက်မဲ့ဦးရေက လက်ရှိမှာ ၂၀၁ သန်းရှိရာကနေ ၂၀၁၉ ခုနှစ်မှာ ၂၁၂ သန်းကျော်အထိရောက်ရှိလာလိမ့်မယ်လို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို) က ပြောပါတယ်။ ကမ္ဘာ့စီးပွားရေး တိုးတက်နှုန်းက မဆိုသလောက်သာရှိလိမ့်မယ်လို့ အိုင်အယ်လ်အိုအကြီးအကဲဖြစ်သူ ဂိုင်ရိုက်ဒါက ဂျနီဗာမြို့မှာ သတင်းထောက်တွေ ကိုပြောပါတယ်။

ကမ္ဘာတစ်ဝန်းလုံး အတိုင်းအတာနဲ့ ကမ္ဘာ့အလုပ်အကိုင် ကွာဟချက်က ၆၁ သန်းရှိလိမ့်မယ်လို့ ၂၀၀၈ ခုနှစ်ဘဏ္ဍာရေးအကျပ်အတည်းနောက်ပိုင်း အလုပ်အကိုင်ဆုံးရှုံးမှုအခြေအနေကိုရည်ညွှန်းပြီး သူကပြောပါတယ်။ ဘဏ္ဍာရေးကသောင်းကနင်းဖြစ်မှုကြောင့် ပေါ်ပေါက်ရတဲ့ကွာဟချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် ၂၀၁၉ ခုနှစ်မှာ အလုပ်အကိုင်သစ်နောက်ထပ်သန်း ၂၈၀ ထပ်မံဖော်ထုတ်ရလိမ့်မယ်လို့ ILO World Employment and Social Outlook-Trends 2015 အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီအခြေအနေကိုကြည့်ရင် အလုပ်အကိုင်အကျပ်အတည်းပြီးဆုံးဖို့ အဝေးကြီး လိုသေးတယ်။ စိတ်ချလက်ချနေလို့ မဖြစ်သေးဘူးဆိုတဲ့ သဘောဖြစ်ကြောင်း ရိုက်ဒါကပြောပါတယ်။

အမေရိကန်ပြည်ထောင်စု၊ ဂျပန် နဲ့ ဗြိတိန်နိုင်ငံတွေမှာ အလုပ်အကိုင် အလားအလာအခြေအနေတိုးတက် ကောင်းမွန်နေပေမယ့် ဥရောပဖွံ့ဖြိုးပြီး နိုင်ငံအများအပြားမှာ စိုးရိမ်မှုတွေရှိနေဆဲဖြစ်ကြောင်း အစီရင်ခံစာမှာဖော်ပြ ထားပါတယ်။

အထူးသဖြင့် ဥရောပမှာ ဆောင်ရွက်နေတဲ့ ခြိုးခြံချွေတာရေးမူဝါဒတွေ ကြောင့် ဥရောပမှာ အလုပ်လက်မဲ့ဖြစ်မှုကို ထူးထူးခြားခြား တိုးတက်လာစေကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဥရောပရဲ့ စွမ်းအားကြီးနိုင်ငံတစ်ခုဖြစ်တဲ့ ဂျာမနီမှာ အလုပ်လက်မဲ့ဖြစ်မှုက ယခုလက်ရှိမှာ ၄ ဒသမ ၇ ရာခိုင် နှုန်းရှိရာကနေ ၂၀၁၇ ခုနှစ်မှာ ၅ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အလုပ်လက်မဲ့ဒဏ်ကို အများဆုံးခံရသူတွေက အသက် ၁၅ နှစ်ကနေ ၂၄ နှစ်အတွင်း လူငယ်တွေဖြစ်ပါတယ်။

# ထိုင်းကုန်ပစ္စည်း ဈေးနှုန်းများ ကျဆင်း

လောင်စာဆီဈေးနှုန်းတွေ ကျဆင်းပြီးနောက် စားသုံးသူတွေဆက်ဆံရာမှာ တရားမျှတမှုရှိစေဖို့အတွက် ဆောက်လုပ်ရေးနဲ့ တခြားအခြေခံကုန်ပစ္စည်းတွေရဲ့ လက်လီဈေးနှုန်းတွေကို ၂ ရာခိုင်နှုန်းကနေ ၇ ဒသမ ၇ ရာခိုင်နှုန်းအထိ အဆင့်ဆင့်လျှော့ချပေးခဲ့ကြောင်း ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဌာနရဲ့ပြောကြားချက်ကို နေရှင်းသတင်းမှာ ဖော်ပြခဲ့ပါတယ်။

ပထမဦးစားပေးအဖြစ်လျှော့ချပေးတဲ့ ပစ္စည်းငါးမျိုးမှာ ချောဆီက ၂ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း၊ ပလတ်စတစ်စေ့က ၃ ဒသမ ၈၅ ရာခိုင်နှုန်းမှ ၇ ဒသမ ၇ ရာခိုင်နှုန်း၊ ဘိလပ်မြေက ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်း သို့မဟုတ် ၅၀ ကီလိုဝင် တစ်အိတ်ကို ၂ ဘတ် သို့မဟုတ် ၄ ဘတ်၊ အိမ်မိုးပြား ၅ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်း သို့မဟုတ် တစ်ချပ်ကို ၃ ဘတ်မှ ၄ ဘတ်နဲ့ စတီး ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း သို့မဟုတ် တစ်တန်ကို ဘတ် ၁၀၀၀ သို့မဟုတ် ဘတ် ၁၅၀၀ တို့ဖြစ်ပါတယ်။

သယ်ယူပို့ဆောင်ရေးနဲ့ရေနံဓာတု ဘေးထွက်ပစ္စည်းတွေရဲ့ ထုတ်လုပ်မှုနဲ့ ရေနံဈေးနှုန်းကျဆင်းမှုတို့ ဆက်နွယ်မှုရှိနေတဲ့အတွက် ဒီပစ္စည်းတွေအပေါ်မှာ မှီခိုမှုရှိနေတဲ့ တချို့ထုတ်ကုန်တွေက လျှော့ချမယ့်ထဲမှာ ပထမဆုံးနေရာကရှိနေ ကြောင်း၊ ကုန်သွယ်မှုဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် ဘွန်းယာရစ်ကာလာယာနာမစ်က ဇန်နဝါရီ ၁၉ ရက်က ပြောပါတယ်။ ဒါပေမယ့် ဒီဇယ်နဲ့ ဆက်စပ်မှုမရှိတဲ့ ပစ္စည်းတွေနဲ့ ဒီဇယ်ဈေးနှုန်း ကျဆင်းမှုရဲ့ အကျိုးသက်ရောက်မှုနည်းတဲ့ ပစ္စည်းတွေရဲ့ လက်လီဈေးတွေကတော့ လျှော့ကျနိုင်မှာ မဟုတ်ပါဘူး။ သို့မဟုတ် အနည်းငယ်သာလျှော့ကျနိုင်မှာဖြစ်ပါတယ်။ ဒီဇယ်ဈေးနှုန်းကျဆင်းမှုကြောင့် ရိုက်ခတ်လာမယ့် ဂယက်က အမျိုးမျိုးရှိနိုင်တဲ့အတွက် ကုန်ပစ္စည်းထုတ်လုပ်တဲ့အခါမှာ ကုန်ကျစရိတ်ကလည်း အမျိုးမျိုးရှိနိုင်ပါတယ်။ ဒီဇယ်ဈေးနှုန်းတစ်လီတာကို ၄ ဒသမ ၅ ဘတ် ကျဆင်းရင် ပျမ်းမျှခြင်းအားဖြင့် ကုန်ပစ္စည်း ထုတ်လုပ်မှုစရိတ်မှာ သုည ဒသမ ၀၁ မှ ၁ ဒသမ ၀၄ ပြားထိ ကုန်ကျစရိတ်သက်သာနိုင်ပါတယ်။

လေးလံတဲ့ ကုန်ပစ္စည်းတွေက သယ်ယူပို့ဆောင်ရေးစရိတ်သက်သာတဲ့ အကျိုးကိုပိုမိုခံစားရမှာဖြစ်ပါတယ်။ ဒါပေမယ့် ခေါင်းလျှော်ရည်၊ ဆပ်ပြာနဲ့ ဆပ်ပြာမှုန့်လို လူသုံးကုန်ပစ္စည်းတွေရဲ့ ထုတ်လုပ်မှုစရိတ်က သုည ဒသမ ၀၆ ပြားကနေ သုည ဒသမ ၁၃ ပြားအထိ သက်သာနိုင်ပါတယ်။ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းကတော့ သိသိသာသာပြောင်းလဲမှုမရှိနိုင်ပါဘူး။ ဥပမာအားဖြင့် ဝက်သားဈေး နှုန်းက သုည ဒသမ ၀၈ ရာခိုင်နှုန်း၊ ကြက်ဥက သုည ဒသမ ၁၄ ရာခိုင်နှုန်းနဲ့ ကြက်သားဈေးက သုည ဒသမ ၁၇ ရာခိုင်နှုန်းသာ ကျဆင်းနိုင်ပါတယ်။ ဒီဇယ်ဈေးနှုန်းကျဆင်းမှုကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစေမယ့် တခြားထုတ်ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းကိုပြင်ဆင်ရေးအတွက် ဌာနက ထုတ်လုပ်သူတွေ၊ လက်လီရောင်းချသူတွေနဲ့ ဆွေးနွေးညှိနှိုင်းသွားမှာဖြစ်ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# ရေနံစိမ်းဈေးနှုန်းကျဆင်းမှုနဲ့ ဒေါ်လာတန်ဖိုးမြင့်တက်နေသော်လည်း ဖိလစ်ပိုင်သို့ လွှဲပို့ငွေမကျဆင်းနိုင်

ရေနံဈေးနှုန်းများကျဆင်းခြင်းနဲ့ ဒေါ်လာဈေးနှုန်းများမြင့်တက်ခြင်းတို့ကြောင့် ပင်လယ်ရပ်ခြားရှိ ဖိလစ်ပိုင်လုပ်သားများက ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်လွှဲပို့တဲ့ငွေလွှဲများ စီးဆင်းမှုကို လျော့ကျသွားစေမှာမဟုတ်ကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ် (Bangko Sentral ng Pilipinas) မှ အရာရှိတစ်ဦးက ပြောပါတယ်။ ပင်လယ်ရပ်ခြားမှာရှိတဲ့ ဖိလစ်ပိုင်လူမျိုးအလုပ်သမားတွေက သူတို့အိမ်ကို လွှဲပို့တဲ့ငွေပမာဏကို ပုံသေသတ်မှတ်ထားကြပါတယ်။ ဒါကြောင့် ဒေါ်လာတန်ဖိုးတက်နေတဲ့အခါ ပိုလွှဲပေးပြီး ဒေါ်လာတန်ဖိုးကျနေတဲ့အခါ လျှော့ပြီးလွှဲပို့လာတယ်လို့ ဗဟိုဘဏ် ဒုတိယအုပ်ချုပ်ရေးမှူး ဒီဝါစီဂွီနီဂန်ဒိုက သတင်းထောက်တွေကိုပြောကြောင်း ဖီးလ်စတားဝက်ဘ် ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

"သူတို့လွှဲငွေရဲ့ ပီဆိုတန်ဖိုးကိုထိန်း ထားတယ်။ သူတို့သုံးငွေက ပီဆိုနဲ့ဖြစ်ပါတယ်"လို့ ဂွီနီဂန်ဒိုကပြောပါတယ်။

ဗဟိုဘဏ်က နောက်ဆုံးထုတ်ပြန်တဲ့ စာရင်းများအရ ဖိလစ်ပိုင်နိုင်ငံသို့လုပ်သားများရဲ့ လွှဲပို့ငွေက ၂၀၁၃ ခုနှစ်အလားတူလက ဒေါ်လာ ၂ ဒသမ ၀၈ ဘီလီယံရှိခဲ့ရာမှ နှစ်ရာခိုင်နှုန်းတိုး ပြီး ၂၀၁၄ ခုနှစ်နိုဝင်ဘာလမှာ ဒေါ်လာ ၂ ဒသမ ၁၂ ဘီလီယံထိရှိခဲ့ကြောင်း တွေ့ရပါတယ်။ ၁၁ လတာကာလအတွက် ကိန်းဂဏန်းအခြေအနေကိုကြည့်ရင် ၂၀၁၃ ခုနှစ်က ၂၀ ဒသမ ၇၉၆ ဘီလီယံရှိခဲ့ရာမှ ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ပြီး ဒေါ်လာ ၂၁ ဒသမ ၉၁၁ ဘီလီယံထိရောက်ရှိခဲ့ပါတယ်။ အရှေ့အလယ်ပိုင်းဒေသမှာရှိတဲ့ ရေနံထုတ်လုပ်ရေးလုပ်ငန်းတွေက လုပ်ငန်းတွေလျှော့ချမှာမဟုတ်တဲ့အတွက် ဖိလစ်ပိုင်နိုင်ငံကို လုပ်သားတွေရဲ့ပြန်လွှဲငွေက သိသိသာသာ လျော့ကျသွားမှာမဟုတ်ဘူးလို့ ရေနံဈေးနှုန်းတွေကျဆင်းနေတာနဲ့ ပတ်သက်လို့ သူ ကပြောပါတယ်။

ရေနံတင်ပို့တဲ့နိုင်ငံများအဖွဲ့ (အိုပက်)က ရေနံထုတ်လုပ်မှုရည်မှန်းချက်ကိုဆက်လက်ထိန်းသိမ်းထားဖို့ နိုဝင်ဘာအတွင်းက ဆုံးဖြတ်ခဲ့တဲ့အတွက် အပြည်ပြည်ဆိုင်ရာဈေးကွက်မှာ ရေနံစိမ်းဈေးတွေဆက်လက်ကျဆင်းခဲ့ပါတယ်။ ရေနံစိမ်းပျမ်းမျှဈေးနှုန်းက ၂၀၁၄ ခုနှစ် ဇန်နဝါရီမှာ တစ်စည်ကို ၁၀၃ ဒသမ ၉၉ ဒေါ်လာ၊ ၂၀၁၄ ခုနှစ် ဇွန်မှာ ၁၀၇ ဒသမ ၈၁ ဒေါ်လာရှိခဲ့ရာမှ ဒီဇင်ဘာမှာ တစ်စည်ကို ၆၂ ဒသမ ၅၆ ဒေါ်လာထိ ကျဆင်းခဲ့ပါတယ်။ ပြည်ပရှိ ဖိလစ်ပိုင်လုပ်သားတွေရဲ့ နိုင်ငံသို့ပြန်လွှဲငွေက ၂၀၁၃ ခုနှစ်မှာ ဒေါ်လာ ၂၂ ဒသမ ၉၆၈ ဘီလီယံရှိခဲ့တဲ့အတွက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုရဲ့ ရှစ်ရာခိုင်နှုန်းရှိပါတယ်။

# သွင်းကုန်လျှော့ချနိုင်ရန်အတွက် Vinatex က ကုန်ကြမ်းပိုမိုထုတ်လုပ်



သွင်းကုန်များအပေါ် မှီခိုနေရတာကို လျှော့ချဖို့ဆောင်ရွက်တဲ့ လှုပ်ရှားမှုတစ်ရပ်အဖြစ် ဗီယက်နမ်အမျိုးသား အထည်ချုပ်လုပ်ငန်းအုပ်စု (Viet Nam National Textile and Garment Group-Vinatex)ကကုန်ကြမ်းထုတ်လုပ်မှုစီမံကိန်းများကို အများဆုံး ရင်းနှီးမြှုပ်နှံမှာဖြစ်ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီဝက်ဘ်ဆိုက်သတင်း မှာ ဖော်ပြထားပါတယ်။

Vinatex ကယခုအခါ စီမံကိန်း ပေါင်း ၅၁ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၉ ခုက ချည်မျှင်နဲ့ ဇာထိုးလုပ်ငန်းတွေဖြစ်ကြောင်း Vinatex ရဲ့ ညွှန်ကြားရေးမှူးချုပ် လေရှန်ထရောင်းက ပြောပါတယ်။ ယခုနှစ်မှာ Vinatex က အဝတ်အထည် မီတာ သန်း ၁၀၀ ထုတ်လုပ်ဖို့ရည်မှန်းချက်ထားပြီး ၂၀၁၆ ခုနှစ်မှာ မီတာသန်း ၆၀၀ ထုတ်လုပ်ဖို့ ရည်မှန်းထားပါတယ်။ အဲဒီအချိန်မှာ ချည်မျှင်နဲ့ ဇာထိုးစီမံကိန်းသစ်တွေလည်း လုပ်ငန်းစတင်လည်ပတ်တော့မှာဖြစ်ပါတယ်။ ယခင်နှစ်တွေကဆိုရင် ထုတ်လုပ်ရေးအတွက် လိုအပ်တဲ့ကုန်ကြမ်းတွေရဲ့ ၃၇ ရာခိုင် နှုန်းကိုပြည်ပကနေတင်သွင်းခဲ့ရပါတယ်။

၂၀၁၄ခုနှစ်က ဗီယက်နမ် အထည်ချုပ်လုပ်ငန်းတွေရဲ့ ပို့ကုန်လုပ်ငန်းဖွံ့ဖြိုး မှုကောင်းမွန်ခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ ဘီလီယံထိရောက်ရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ၁၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ မကြာမီမှာ လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်တွေ စတင်အကောင်အထည်ပေါ်လာတော့မှာ ဖြစ်တဲ့အတွက် ဒီသဘောတူစာချုပ်တွေအရ အထည်ချုပ်လုပ်ငန်းတွေအတွက် အကျိုးအမြတ် ဖြစ်ထွန်းစေလိမ့်မယ်လို့ ယူဆထားပါတယ်။ ဒါကြောင့် ပြည်ပကိုတင်ပို့မှုကဒေါ်လာ ၂၈ သန်းကနေ ၂၈ ဒသမ ၅ သန်းအကြား ရှိလာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ လွတ်လပ်စွာကုန်သွယ်ခွင့်ကနေ ရရှိလာမယ့် အကျိုးအမြတ်တွေကြောင့် လာမယ့် ၁၀ နှစ်အတွင်းမှာ အထည်ချုပ်လုပ်ငန်းရဲ့ထုတ်လုပ်မှုက နှစ်ဆအထိ မြင့်တက်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ဒါပေမယ့် အခွင့်အလမ်းတွေကို အမိအရ ဆုပ်ကိုင်နိုင်ဖို့အတွက် အထည်ချုပ်လုပ်ငန်းတွေအနေနဲ့ ကောင်းမွန်စွာပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ကုန်ကြမ်းထုတ်လုပ်မှုကိုပြည်တွင်းမှာ တိုးတက်အောင်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒ့ါအပြင် အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံတို့ပါဝင်တဲ့ ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (Trans-Pacifi Partnership-TPP) အရ ဗီယက်နမ်နိုင်ငံက ဥရောပသမဂ္ဂ၊ တောင်ကိုရီးယားတို့နဲ့ စေ့စပ်ညှိနှိုင်းမှုတွေ ပြုလုပ်လျက်ရှိပါတယ်။

# လောင်စာဆီနှုန်းတွေကျဆင်းပြီးနောက် သယ်ယူပို့ဆောင်မှုစရိတ်တွေကို အင်ဒိုနီးရှားနိုင်ငံကလျှော့ချ

လောင်စာဆီဈေးနှုန်းတွေ ကျဆင်းမှုရဲ့ အကျိုးဆက်ကြောင့် မီးရထား အပါအဝင်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးစရိတ်တွေက ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။ ဒီလိုသယ်ယူပို့ ဆောင်ရေးကျဆင်းတာကဖယ်ရီခတွေဖြစ်ပြီး ခရီးသည်တွေရဲ့ ကုန်ကျစရိတ် ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဂျာကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

ဈေးနှုန်းတွေလျှော့ချဖို့စဉ်းစားတဲ့ အခါဘေးကင်းလုံခြုံရေးနဲ့ဝန်ဆောင်မှုကို ဘေးဖယ်ထားခြင်းမရှိတဲ့ အများပြည်သူတို့ရဲ့ ဝယ်ယူနိုင်မှုစွမ်းအားကို ထည့်သွင်းစဉ်းစားကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ကုန်လမ်းပို့ဆောင်ရေးဌာနညွှန်ကြားရေး မှူးချုပ် ဂျိုကိုဆာဆိုနိုက ပြောပါတယ်။

"ဓာတ်ဆီဈေးနှုန်း ကျဆင်းလာတဲ့အတွက် ပြည်သူတွေရဲ့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးစရိတ်ကို လက်ရှိနှုန်းကနေ ၅ ရာခိုင်နှုန်းလျှော့ချပေးဖို့ အစိုးရက ဆုံးဖြတ်ခဲ့ပါတယ်"လို့ ဂျိုကိုက ဇန်နဝါ ရီ ၁၉ ရက်က ပြောပါတယ်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ဇန်နဝါရီ ၁၆ ရက်နေ့မှာ လောင်စာဆီဈေးနှုန်းတွေ လျှော့ချပေးကြောင်း ကြေညာပြီးနောက် သယ်ယူပို့ဆောင်ခအသစ်တွေ ပြောင်းလဲလာပါတယ်။ ဇန်နဝါရီ ၁၉ ရက်နေ့ကစပြီး ပရီမီယံဓာတ်ဆီ တစ်လီတာကိုမူလရူပြား ၇၆၀၀ ကနေ ရူပြား ၆၆၀၀ (၅၂ ဆင့်) အထိ လျှော့ချပေးခဲ့ပါတယ်။

ဒီဇယ်ဈေးကို ရူပြား ၇၂၅၀ မှ ရူပြား ၆၄၀၀ အထိလျှော့ချပေးခဲ့ပါတယ်။ ယခုအချိန်မှာ အစိုးရက ဓါတ်ဆီအနိမ့်ဆုံးဈေးသတ်မှတ်ဖို့စဉ်းစားလျက်ရှိပါတယ်။ ဒါကြောင့် ကမ္ဘာ့ ရေနံဈေးနှုန်းတွေ ဆက်လက်ကျဆင်းပေမယ့် အစိုးရက ဈေးနှုန်းတွေကိုထပ်ပြီး ချမပေးတော့မယ့်သဘောကို တွေ့ရပါတယ်။

## ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ပေကျင်း**

၂၀၁၄ ခုနှစ်က တရုတ်နိုင်ငံမှာ အသစ်ထူထောင်တဲ့ ကုမ္ပဏီပေါင်းမှာ နှစ်အလိုက် နှိုင်းယှဉ်ပါက ၄၆ ရာခိုင်နှုန်း မြင့်တက်ပြီး ၃ ဒသမ ၆၅ သန်း ရှိခဲ့ကြောင်းနဲ့ ကုမ္ပဏီအသစ်တွေရဲ့ စုစုပေါင်းမှတ်ပုံတင် မတည်ရင်းနှီးငွေမှာ ယွမ်၁၉ ဒသမ ၀၅ ထရီလီယံ(အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၁ ထရီလီယံ)ရှိခဲ့ကြောင်း နိုင်ငံတော်စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေးအုပ်ချုပ်မှုအဖွဲ့က ဇန်နဝါရီ ၂၂ ရက်မှာ ထုတ်ပြန်ချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာဖော်ပြပါတယ်။

**ဟာနွိုင်း**

ဘဏ္ဍာရေးနဲ့ အတွေ့အကြုံ ခိုင်မာမှုရှိနေတဲ့ နိုင်ငံခြားပြိုင်ဘက်တွေရဲ့ ပြင်းထန်တဲ့ယှဉ်ပြိုင်မှုကို ဗီယက်နမ် လက်လီရောင်းချသူတွေရင်ဆိုင်နေရကြောင်းနဲ့ ထိုင်းနိုင်ငံ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဗြိတိန်နဲ့ အမေရိကန်မှပြိုင်ဖက်တွေ ဗီယက်နမ်ဈေးကွက်အတွင်း လှိမ့်ဝင်လာမှာကို စိုးရိမ်မှုတွေရှိနေကြောင်း ဗီယက်နမ်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခလေကောင်ဒိုအန်ကပြောပါတယ်။

**ဖရန့်ဖွတ်**

ကာလရှည်ကြာစွာ ခံစားနေရတဲ့ ငွေကြေးဖောင်းပွမှု နိမ့်ကျတဲ့ဒဏ်ကိုထိန်းချုပ်ဖို့အတွက် ယခုနှစ်မတ်လကစပြီး ၂၀၁၆ခုနှစ် ဩဂုတ်လအထိ ဥရောပဗဟိုဘဏ်အီးစီဘီက အစိုးရနဲ့ ပုဂ္ဂလိကငွေကြေးစာချုပ်စာတမ်းတန်ဖိုး ယူရိုဘီလီယံ ၆၀ (အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၄၉ ဘီလီယံ)ကိုလစဉ်ဝယ်ယူသွားမှာဖြစ်ကြောင်း ဥရောပဗဟိုဘဏ်က ဇန်နဝါရီ ၂၂ ရက်က ပြောကြားတယ်။

**ဆိုးလ်**

အခွန်ဝင်ငွေ ကျဆင်းမှုကြောင့် ဘဏ္ဍာရေးသုံးစွဲမှု ကျဆင်းခြင်းအပါအဝင် ပုံမှန်မဟုတ်တဲ့အကြောင်းတရားပေါင်းစုံတို့ကြောင့် ၂၀၁၄ ခုနှစ်စတုတ္ထသုံးလပတ်မှာ တောင်ကိုရီးယားရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက သုံးလပတ်အလိုက်နှိုင်းယှဉ်ရင် သုည ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့တဲ့အတွက် ၂၀၀၉ ခုနှစ် ပထမသုံးလပတ်နောက်ပိုင်းဖွံ့ဖြိုးမှုနှုန်း အနိမ့်ဆုံးဖြစ်ကြောင်း တောင်ကိုရီးယားဗဟိုဘဏ်ရဲ့ ဇန်နဝါရီ ၂၃ ရက်က ကြေညာချက်ကို ကိုးကားပြီး ယွန်းဟတ်ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

US

# အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံထက်ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်

ကမ္ဘာ့စီးပွားရေးနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေကြီးထွားနေချိန်မှာ ကမ္ဘာ့တစ်ဝန်းရှိအမှုဆောင်အရာရှိတွေကြားမှာ ရင်းနှီးမြှုပ်နှံမှုအတွက် အကောင်းဆုံးနေရာအဖြစ်အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံကိုကျော်တက်လာနိုင်ခဲ့ကြောင်း ဇန်နဝါရီ ၂၀ ရက်က ထုတ်ပြန်တဲ့စစ်တမ်းတစ်ခုမှာ တွေ့ရပါတယ်။

ငွေစာရင်းနဲ့ အတိုင်ပင်ခံလုပ်ငန်း တစ်ခုဖြစ်တဲ့ Pricewaterhouse Cooper သို့မဟုတ် PwC ကလွန်ခဲ့တဲ့ ငါးနှစ်လောက်ကစပြီးမေးခွန်းများ ထုတ်ပြီးစစ်တမ်းကောက်ယူကာ အစီရင်ခံစာတွေ ပြုစုခဲ့ပါတယ်။

အဲဒီလို စစ်တမ်းပြုစုခဲ့တဲ့အချိန်ကစပြီး အမေရိကန်ပြည်ထောင်စု ပထမနေရာကိုရောက်ရှိခဲ့တာက ယခုအကြိမ်က ပထမဆုံးအကြိမ်ဖြစ်ပါတယ်။

ဒီအခြေအနေကိုကြည့်ရင် တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအခက်အခဲ ကြုံနေချိန်မှာအမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက စီးပွားရေးအသိုက်အဝန်းကို ခွန်အားတွေ ပေးနေကြောင်း အတိုင်ပင်ခံလုပ်ငန်းရဲ့ ဥက္ကဋ္ဌဒင်းနစ် အမ်မ်နယ်လီက ကမ္ဘာ့စီးပွားရေးဖိုရမ်မတိုင်မီ Associated Press နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောကြားပါတယ်။

PwC ကကောက်ယူထားတဲ့စစ်တမ်းအရ ကမ္ဘာ့စီးပွားရေးအခြေအနေက နောက်ထပ် ၁၂ လကျော်ကြာမှ ကောင်းမွန်မယ့် အလားအလာရှိတယ်လို့ ယုံကြည်သူက ၃၇ ရာခိုင်နှုန်းရှိခဲ့ပါ တယ်။ ယခင်နှစ်က ယခုလိုယုံကြည်သူ က ၄၄ ရာခိုင်နှုန်းရှိရာကနေ ကျဆင်းလာတာဖြစ်ပါတယ်။ ဒါပေမယ့် ဆက်တိုက်တိုးတက်မယ်လို့ ယုံကြည်သူ ၁၇ ရာခိုင်နှုန်းရှိပါတယ်။ ယခင်နှစ်ကနဲ့နှိုင်းယှဉ်ရင်နှစ်ဆမြင့်တက်လာခဲ့ပါတယ်။

ယခုလိုဖြစ်ရတာဟာ ပထဝီနိုင်ငံရေး တင်းမာမှု၊ ငွေကြေးတန်ဖိုး ကွာဟချက်ကြီးမားတာတွေနဲ့ ရေနံဈေးနှုန်းကျဆင်းတာတွေကြောင့်ဖြစ်ရတယ်လို့ နယ်လီက ပြောပါတယ်။

PwC ကကောက်ယူထားတဲ့စစ်တမ်းအရ ကမ္ဘာ့စီးပွားရေးအပေါ် ယုံကြည်မှုကျဆင်းတာက တစ်ခုနဲ့တစ်ခု မတူညီတာကို တွေ့ရပါတယ်။ ယခင်နှစ်က ယူကရိန်းနိုင်ငံမှာ ဖြစ်ပေါ်ခဲ့ရတဲ့ ပဋိပက္ခတွေကြောင့် ဥရောပအလယ်ပိုင်းနဲ့ အရှေ့ပိုင်းမှာရှိတဲ့ စီအီးအိုတွေရဲ့ ယုံကြည်မှု ကျဆင်းတာဖြစ်ပါတယ်။ ဒါပေမယ့် အာရှပစိဖိတ်ဒေသနဲ့ အရှေ့အလယ်ပိုင်းဒေသတွေမှာလည်း ကောင်းမွန်တဲ့ အလားအလာတွေရဖို့ အလှမ်းပိုဝေးနေဆဲဖြစ်ပါတယ်။

ဒီလိုပူလောင်မှုဒဏ်ကို ကောင်းကောင်းခံစားနေရတာက ရုရှားနိုင်ငံဖြစ်ပါတယ်။ ရုရှားနိုင်ငံက ရေနံဈေးနှုန်း ကျဆင်းတဲ့ဒဏ်ကို ခံစားနေရပါတယ်။

East Asia

# ဂျပန်ကုမ္ပဏီများတွင် အလုပ်ခန့်ထားမှုထက် အလုပ်မှထုတ်ပယ်မှု ပိုမိုများပြားမည်

ဂျပန်မှာ အလုပ်မှရပ်ဆိုင်းခံထားရသူများမှာ နောက်ထပ်တစ်နှစ်ကြာတဲ့အထိ အလုပ်ရဦးမှာမဟုတ်ကြောင်း ဇန်နဝါရီ ၁၉ ရက်က ထုတ်ပြန်တဲ့ အပြည်ပြည်ဆိုင်ရာ အစီရင်ခံစာကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

ကျဆင်းနေတဲ့ ဂျပန်နိုင်ငံစီးပွားရေးအတွင်းရှိ ကြိုးနီစနစ်ကိုဖျက်သိမ်းပြီး ပြန်လည်မြင့်တက်အောင်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ကတိပေးပြီး ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့တဲ့ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတာဝန်ထမ်းဆောင်ချိန် သုံးနှစ်အရောက်မှာ ယခုထုတ်ပြန်ချက်ကို ကြေညာခဲ့တာဖြစ်ပါတယ်။ လုပ်သားဦးရေစုစုပေါင်းရဲ့ ၁ ဒသမ ၄ ရာခိုင်နှုန်းမှာ အလုပ်အကိုင်များကို စွန့်လွှတ်နေကြရပြီး အသက်အရွယ် ကြီးရင့်သူ၊ ပညာနည်းပါးသူဝန်ထမ်းများနဲ့ ယာယီကန်ထရိုက်စာချုပ်နဲ့ လုပ်ဆောင်နေကြသူ များမှာ အလုပ်လက်မဲ့အဖြစ် ဆက်လက်ဖြစ်ပွားနေနိုင်ကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ)မှပြုလုပ်တဲ့ ဂျပန်အလုပ်သမားဈေးကွက်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

“ဂျပန်အလုပ်သမား အတော်များများက နှစ်စဉ်အလုပ်ထုတ်ခံနေရပြီး အလုပ်ပြန်ရဖို့ အချိန်အကြာကြီးစောင့်နေရပါတယ်။ ရရင်လည်း လုပ်ခလစာနိမ့်ကျပါတယ်။”လို့ အိုအီးစီဒီက ပြောပါတယ်။



၂၀၀၂ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်အတွင်းမှာ ၁၂ လအတွင်း အလုပ်ပြန်ရသူက ၄၈ ရာခိုင်နှုန်းပဲရှိကြောင်းနဲ့ အလုပ်အကိုင်ပြန်ရတဲ့သူတွေမှာလည်း လုပ်ခလစာက ၂၀ ရာခိုင်နှုန်းလောက်ကျဆင်းနေတာကို တွေ့ရကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီအလားအလာက အလုပ်ထုတ်ပြီး သုံးနှစ် သို့မဟုတ် လေးနှစ်လောက်ဆက်လက်တည်ရှိနေဦးမှာဖြစ်ပြီး သူတို့ဝင်ငွေတွေကလည်း သူတို့ရခဲ့တဲ့ ဝင်ငွေရဲ့အောက် ၁၅ ရာခိုင်နှုန်းလောက် နိမ့်ကျမယ့် အခြေအနေရှိကြောင်း အိုအီးစီဒီမှ အကြီးတန်း စီးပွားရေးပညာရှင်ပေါလ်ဆွိမ်းက ပြောပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေလည်း အ လားတူအလားအလာမျိုးတွေရှိနေကြောင်း အိုအီးစီဒီက ပြောပါတယ်။

South Asia

# အိန္ဒိယအစိုးရက ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်ဆောင်ရွက်သွားမည်



အိန္ဒိယအစိုးရက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဒါပေမယ့် ဘတ်ဂျက်မှာ မျှော်လင့်ချက်များပေးပြီး ဆောင်ရွက်သွားမယ့်ဆန္ဒမရှိကြောင်း ဇန်နဝါရီ ၂၂ ရက်က အိန္ဒိယဘဏ္ဍာရေးဝန်ကြီး အရန်ဂျိတ်တလေရဲ့ပြောကြားချက်ကိုကိုးကားပြီး ndtv ဝက်ဘ် ဆိုက်မှာ ဖော်ပြပါတယ်။

“ကျွန်တော်က မျှော်လင့်ချက်တွေ ပေးနေတာမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ကအရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေပါတယ်။ ဘတ်ဂျက်ဆိုတာက တစ်ရက်နဲ့ပြီးပြတ်တဲ့ကိစ္စ မဟုတ်ဘူး။ တစ်နှစ်မှာ နောက်ထပ် ၃၆၄ ရက်စာ ကျန်သေးတယ်ဆိုတာကို ကျွန်တော် ပြောခဲ့ပြီးဖြစ်ပါတယ်”လို့ မစ္စတာဂျိတ်တလေကပြောပါတယ်။

ယခုနှစ်ထဲမှာ တစ်ချိန်မဟုတ် တစ်ချိန်မှာ အစိုးရက ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်ပေးမယ်ဆိုတာကို အစိုးရက လွန်ခဲ့တဲ့လအနည်းငယ်ကတည်းက ပြောထားပြီးဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum-WEF) ဆွေးနွေးပွဲမှာပြုလုပ်တဲ့ အလွတ်သဘောတွေ့ဆုံပွဲမှာ သူက ပြောကြားပါတယ်။

ပြည်ထောင်စုဘတ်ဂျက်ကို ဖေဖော်ဝါရီ ၂၈ ရက်ကိုရွေးပြီး တင်သွင်းခြင်းနဲ့ ပတ်သက်ပြီး မေးမြန်းရာမှာ တိုက်ဆိုင်မှုသာဖြစ်ကြောင်း သူက ပြောကြားပါတယ်။ ဘတ်ဂျက်ကို ဖေဖော်ဝါရီ ၂၈ ရက်မှာ တင်သွင်းခြင်းမှာ အစဉ်အလာဖြစ်ကြောင်း သူကပြောတယ်။

ဘတ်ဂျက်ကိုတင်သွင်းပြီးနောက် တနင်္လာနေ့မှာ ဆန္ဒပြချီတက်ပွဲဖြစ်နိုင်ပါသလားဆိုတဲ့ မေးခွန်းကိုဖြေကြားရာမှာ ဈေးကွက်ကသာဆုံးဖြတ်ရမယ့်ကိစ္စဖြစ်ကြောင်း သူက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်




ဥရောပဗဟိုဘဏ်(အီးစီဘီ)က စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်ကို အလုံးအရင်းနဲ့ ဆောင်ရွက်လိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ယုံကြည်ထားကြပါတယ်။ ဒီလိုဆောင်ရွက်မယ်ဆိုရင် ယူရိုငွေကြေးတန်ဖိုးကျဆင်းလာတော့မှာ ဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူတို့က အတိုးနှုန်းမြင့်မားတဲ့အာရှငွေကြေးတွေဘက်ကို ခြေဦးလှည့်လာတော့မယ့် အခြေအနေကို တွေ့မြင်နေရပါတယ်။ဒီလိုအကျိုးသက်ရောက်မှုကြောင့် ဇန်နဝါရီ ၂၂ ရက် မှာ ထွန်းသစ်စ အာရှငွေကြေးအများစုနဲ့ တန်ဖိုးတွေ ခိုင်မာလာတာကိုတွေ့ရပါတယ်။ ဒါပေမယ့် အာရှငွေကြေးအားလုံးမြင့်တက်လာတာတော့ မဟုတ်ပါဘူး။

ပြည်ပမှ ဝယ်လိုအား မြင့်မားလာတဲ့အတွက် တရုတ်(တိုင်ပေ)ငွေကြေးရဲ့တန်ဖိုးက ရက်သတ္တပတ်ငါးပတ်အတွင်းမှာ အမြင့်ဆုံးအနေအထားကို ရောက်ရှိခဲ့ပါတယ်။ အင်ဒိုနီးရှားရူပြားတန်ဖိုးက ဘွန်းစာချုပ်တွေကနေ ငွေကြေးတွေစီးဝင်လာမှုကြောင့် သီတင်းသုံးပတ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ ဗဟိုဘဏ်တွေက ငွေကြေးတန်ဖိုးတွေ ကျံ့နေတာကို တိုက်ဖျက်ဖို့ကြိုးပမ်းမှု၊ ကမ္ဘာ့စီးပွားရေးတိုးတက်နှုန်းတွေ နှေးကွေးကျဆင်းမှုတွေကြောင့် အာရှရှယ်ယာတွေရဲ့တန်ဖိုးက ရက်သတ္တပတ်ရှစ်ပတ်အတွင်း အမြင့်ဆုံး အနေအထားကို ရောက်ရှိခဲ့ပါတယ်။ ဇန်နဝါရီ ၂၁ ရက်မှာ ကနေဒါဗဟိုဘဏ်က အတိုးနှုန်းတွေကို ရုတ်တရက် လျှော့ချခဲ့ပါတယ်။ သို့တိုင်အောင် အာရှငွေကြေးများရဲ့ တန်ဖိုးခိုင်မာမှု ဘယ်လောက်ရှည်ကြာနိုင်ပါ့မလဲဆိုတဲ့ သံသယတွေ၊ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ခေါင်းထဲမှာရှိနေဆဲဖြစ်ပါတယ်။

ယူရိုဇုန်အတွင်းသို့ ငွေကြေးများ ဖြည့်တင်းပေးနိုင်ရေးအတွက် ယခုနှစ် မတ်လမှ ၂၀၁၆ ခုနှစ် စက်တင်ဘာအထိ အီးစီဘီက ဘွန်းစာချုပ်တွေကို ဝယ်ယူသွားမှာဖြစ်ပါတယ်။

**တရုတ်ယွမ်**

စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းနေတဲ့အတွက် တရုတ်နိုင်ငံကလည်း ၂၀၁၄ ခုနှစ် နိုဝင်ဘာကစပြီး နှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အတိုးနှုန်းတွေကို လျှော့ချပေးပြီးနောက် မကြာသေးမီလများအတွင်းက စီးပွားရေး လှုံ့ဆော်အားပေးမှု အစီအစဉ်တွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခင်နှစ် ဒီဇင်ဘာလကလည်း ဗဟိုဘဏ်က ဘဏ်တွေကိုငွေထုတ်ချေးခွင့် ပေးခဲ့ပါ တယ်။

ဗဟိုဘဏ်က ဇန်နဝါရီ ၂၃ ရက်မှာ တစ်ဒေါ်လာကို ၆ ဒသမ ၁၃၄၂ ယွမ်နှုန်း သတ်မှတ်ပေးခဲ့ပါတယ်။ ဒါပေမယ့် ယွမ်တန်ဖိုးက တစ်ဒေါ်လာကို ၆ ဒသမ ၂၂၃၇ ယွမ်နှုန်းထိကျဆင်းခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယနိုင်ငံအတွင်းသို့ မတည်ရင်းနှီးငွေများ စီးဝင်လျက်ရှိတဲ့အပြင် ပို့ကုန်လုပ်ငန်းရှင်တို့က ဒေါ်လာကို ထုတ်ရောင်းလျက်ရှိသဖြင့် ဘဏ်အချင်းချင်း ငွေကြေးဖလှယ်ရေးဈေးကွက်တွင် ဇန်နဝါရီ ၂၃ ရက်က ရူပီးတန်ဖိုးကသုည ဒသမ ၃၅ ရူပီးနှုန်းမြင့်တက်ပြီးတစ်ဒေါ်လာကို ၆၁ ဒသမ ၃၅ ရူပီးနှုန်းထိရောက်ရှိခဲ့တယ်။

ဒါ့အပြင် ပြည်တွင်းရှယ်ယာဈေးနှုန်းတွေ မြင့်တက်မှုကလည်း ရူပီးတန်ဖိုးမြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေကပြောပါတယ်။ ဥရောပဗဟိုဘဏ်က ငွေကြေးလှုံ့ဆော်အားပေးမှု အစီအစဉ်ကို ကြေညာပြီးနောက်ပိုင်း ဒေါ်လာတန်ဖိုး မြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

**ဂျပန်ယန်း**

ဇန်နဝါရီ ၂၃ ရက် အာရှဈေးကွက်မှာ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဂျပန်ယန်းတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ယန်းငွေတန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၁၁၈ ဒသမ ၈၁ ယန်းနှုန်းမှ တစ်ဒေါ်လာကို ၁၁၈ ဒသမ ၂၂ ယန်းနှုန်းထိယန်းတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ယူရိုနဲ့ဖလှယ်ရာမှာတစ်ယူရိုကို ၁၃၃ ဒသမ ၉၃ ယန်းထိရောက်ရှိပြီး ၁၄ လအတွင်းအမြင့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ဥရောပသမဂ္ဂ(အီးယူ)က လှည့်လှည်ငွေကြေး အရေအတွက် တိုးမြှင့်ရေးအတွက် စီစဉ်ဆောင်ရွက်မှုကြောင့် ရင်းဂစ်ငွေကြေးရဲ့ တန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ရင်းဂစ်ငွေကြေးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဇန်နဝါရီ ၂၂ ရက်က တစ်ဒေါ်လာကို ၃ ဒသမ ၆၀၀၀ ရင်းဂစ်နှုန်းရှိရာမှ ၂၃ ရက်မနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၃ ဒသမ ၅၉၀၀ ရင်းဂစ်နှုန်းထိ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက တခြားငွေကြေးများနဲ့ ဖလှယ်ရာမှာလည်း တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ယိုင်နဲ့နေတဲ့ ယူရိုဇုန်စီးပွားရေးကို ပြန်လည်ရှင်သန်လာစေဖို့အတွက် ဥရောပဗဟိုဘဏ်က စီးပွားရေးလှုံ့ဆော်တိုးမြှင့်ရေးအစီအစဉ်ကို ဆောင်ရွက်ဖို့ စီမံဆောင်ရွက်မှုကြောင့် ရင်းနှီးမြှုပ်နှံသူတို့က အာရှငွေကြေးများကို ယုံကြည်မှုရှိလာပြီး ဇန်နဝါရီ ၂၃ ရက်မှာ တောင်ကိုရီးယား ဝမ်ငွေကြေးရဲ့ ဖလှယ်နှုန်းက ယမန်နေ့ကထက် သုည ဒသမ ၈၀ ဝမ်နှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၁၀၈၄ ဒသမ ၁၀ ဝမ်နှုန်း ရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ဥရောပဗဟိုဘဏ်ရဲ့ မူဝါဒအပြောင်းအလဲကြောင့် ထိုင်းရှယ်ယာတွေရဲ့တန်ဖိုးက ၂ ဒသမ ၄၃ ရာခိုင်နှုန်းထိမြင့်တက်ခဲ့ပါတယ်။ ထိုင်း ဘတ်ငွေကြေးတန်ဖိုးက ဇန်နဝါရီ ၂၂ ရက်မှာ ၃၂ ဒသမ ၅၈ ဘတ်နှုန်းရှိရာမှ ဇန်နဝါရီ ၂၃ ရက်မှာ တစ်ဒေါ်လာကို ၃၂ ဒသမ ၆၀ ဘတ်နှုန်းထိ ကျဆင်းခဲ့ပါတယ်။

ဒါပေမယ့် ဥရောပဗဟိုဘဏ်နဲ့ ဂျပန်ဗဟိုဘဏ်တို့ရဲ့ စီးပွားရေးလှုံ့ဆော် အားပေးမှုအစီအစဉ်တွေကြောင့် ဘတ် ငွေတန်ဖိုး ပြန်ခိုင်မာလာလိမ့်မယ်လို့ ဘဏ္ဍာရေးဝန်ကြီး ဆွမ်မိုဖာဆီက ပြောပါတယ်။

ဘာသာပြန်-စုစည်း-ဇင်သုမြ

ညဏ်တင်-စုစည်းတင်ပြသည်

## အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းများကို သုံးလတစ်ကြိမ် ပြန်လည်ပြင်ဆင်သွားမည်

အိန္ဒိယနိုင်ငံရှိဘဏ်တွေက သူတို့ရဲ့အခြေခံအတိုးနှုန်းသို့မဟုတ် အနိမ့်ဆုံးချေးငွေ အတိုးနှုန်းတွေကိုသုံးလပတ် အလိုက်လေ့လာသုံးသပ်ပြင်ဆင်သွားမှာဖြစ်ကြောင်း အိန္ဒိယဗဟိုဘဏ်က ဇန်နဝါရီ ၁၉ ရက်နေ့က ပြောပါတယ်။ ဘဏ်တွေ ကအချိန်တိုအတွင်းဗဟိုဘဏ်ကနေ နိမ့်ကျတဲ့အတိုးနှုန်းတွေနဲ့ ရရှိတော့မှာဖြစ်တဲ့အတွက်ဒီလိုဆောင်ရွက်မှုကြောင့် ဘဏ်တွေကိုအကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင့် ပန်ဂျပ်အမျိုးသားဘဏ်အမှု ဆောင်ဒါရိုက်တာရမ်အက်စ် ဆန်ဂါပူရဲ့ ပြောကြားချက်ကို ndtv ဝက်ဘ်ဆိုက် သတင်းမှာ ဖော်ပြပါတယ်။

ယခင်က အတိုးနှုန်းတွေကိုဘဏ်တွေက အခါအားလျော်စွာသုံးသပ်ပြင်ဆင်ခဲ့ပါတယ်။ ဒါပေမယ့် သုံးလတစ်ကြိမ် အတိုးနှုန်းတွေကိုပြန်လည်သုံးသပ်ဖို့ လမ်းညွှန်ချက်မရှိခဲ့ဘူးလို့ သူကပြောပါတယ်။ ယခင်ရက်သတ္တပတ်က ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ရာဂူရမ်ရာဂျန်က အတိုးနှုန်းတွေကို ရုတ်တရက် လျှော့ချပေးလိုက်ပြီးနောက် ငွေချေးဘဏ်နှစ်ခုကသာ သူတို့ရဲ့ အတိုးနှုန်းတွေကိုလျှော့ချခဲ့တဲ့အတွက် ယခုလို ညွှန်ကြားချက်သစ်ကိုထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

အခြေခံအတိုးနှုန်းကို သုံးလတစ်ကြိမ်ပြုပြင်ဖို့ ပြဋ္ဌာန်းပေးလိုက်တဲ့အတွက် ဗဟိုဘဏ်ကသူ့ရဲ့မူဝါဒတွေကိုအချိန်တိုအတွင်း စားသုံးသူတွေအထိရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အသစ်ပြဋ္ဌာန်းလိုက်တဲ့ အခြေခံအတိုးနှုန်းတွေ ချမှတ်ထားတဲ့စံနှုန်းတွေက တစ်လလောက်မှာ အကျိုးသက်ရောက်မှုရှိလာတော့မှာဖြစ်ပါတယ်။

ယခုနှစ်မှာ အိန္ဒိယဗဟိုဘဏ်က ဗဟိုဘဏ်အတိုးနှုန်းကို တစ်ရာခိုင်နှုန်း လျှော့ချမှာဖြစ်ပြီး ချေးငွေဝယ်လိုအားက နိမ့်ကျနေဆဲဖြစ်တဲ့အတွက် ဘဏ်တွေရဲ့ အတိုးနှုန်းတွေကိုဒီထက်ပိုပြီး ချပေးရလိမ့်မယ်လို့ CLSA ရဲ့ အမှုဆောင်ဒါရိုက်တာ မာဟက်နန်ဒါကာက ပြောပါတယ်။ ဗဟိုဘဏ်ရဲ့ ဆောင်ရွက်ချက်နောက်တစ်ခုက ဘဏ်တွေရဲ့ အခြေခံအတိုးနှုန်းတွေကို တွက်ချက်ရာမှာ တွက်ချက်တဲ့နည်း စနစ်တွေကိုငါးနှစ်တစ်ကြိမ် ပြင်ဆင်ခွင့်ပေးခဲ့ရာမှ သုံးနှစ်တစ်ကြိမ် ပြင်ဆင်ခွင့်ပေးလိုက်တာ ဖြစ်ပါတယ်။

## ၂၀၁၄ ခုနှစ် တတိယသုံးလပတ်မှာ ကမ္ဘာပေါ်ရှိ ဘဏ်လုပ်ငန်းတွေ တိုးတက်

ထွန်းသစ်စနိုင်ငံတွေကို ငွေထုတ်ချေးတဲ့လုပ်ငန်းတွေ နှေးကွေးကျဆင်းခဲ့ပေမယ့် ၂၀၁၄ ခုနှစ် တတိယသုံးလပတ် မှာ အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဆောင်ရွက်မှုတွေ တိုးတက်မှုရှိခဲ့တယ်လို့ အပြည်ပြည်ဆိုင်ရာရှင်းလင်းရေးဘဏ် (Bank for International Settlement-BIS) က ဇန်နဝါရီ ၂၀ ရက်က ပြောကြောင်းအေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

ဇူလိုင်မှစက်တင်ဘာလအတွင်း နယ်စပ်ဖြတ်ကျော် ငွေကြေးရှင်းလင်းမှုက အမေရိကန်ဒေါ်လာ ၄၉၃ ဘီလီယံအထိ ရောက်ရှိခဲ့တဲ့အတွက် နှစ်အလိုက် တိုးတက်မှုနှုန်းကဇွန်မှာ တစ်ရာခိုင်နှုန်းရှိခဲ့ရာကနေ ငါးရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ဒီလိုတိုးတက်မှုက အထူးသဖြင့် ဂျပန်ယန်းနဲ့ အမေရိကန်ဒေါ်နဲ့ ထုတ်ပေးတဲ့ချေးငွေတွေ တိုးတက်မှုရှိခဲ့တာကြောင့် ဖြစ်ပါတယ်။ ယူရိုငွေကြေးနဲ့ ထုတ်ပေးတဲ့ချေးငွေတွေက ၂၀၀၈ ခုနှစ် နောက်ပိုင်းပထမအကြိမ်အဖြစ်ကျဆင်းမှုရပ်တန့်သွားပြီး နှစ်အလိုက်နှိုင်းယှဉ်ရင် တစ်ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါတယ်။

ယူရိုငွေကြေးနဲ့ငွေထုတ်ပေးတဲ့ ချေးငွေအတိုးနှုန်းတွေက ယူရိုဇုန်အတွင်းမှာ အမျိုးမျိုးကွဲပြားမှုတွေရှိခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ ကိုးရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပေမယ့် စပိန်နဲ့ ဂျာမနီ နိုင်ငံတွေမှာခြောက်ရာခိုင်နှုန်းနဲ့ လေးရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပါတယ်။

တတိယသုံးလပတ်ကာလအတွင်း ဘရာဇီးနိုင်ငံအပါအဝင် ထွန်းသစ်စဈေးကွက်တွေကို ချေးငွေက နှေးကွေးကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံကို ထုတ်ချေးငွေက အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံအထိရှိခဲ့ပြီး အာရှဒေသရှိ တခြားနိုင်ငံတွေကို ထုတ်ချေးငွေကတိုးတက်မှု အနည်းငယ်သာရှိခဲ့ပါတယ်။



## ယိုကိုဟားမားရဲ့ ပရိသတ်တွေရှေ့မှာ မွေးနေ့ပွဲကျင်းပခဲ့တဲ့ ဂျေယောင်း

ကိုရီးယားအနုပညာရပ်ဝန်းက နာမည်ကျော် အဆိုတော်တစ်ဦးဖြစ်တဲ့ ဂျေယောင်းဟာ သူ့ရဲ့ ၂၅နှစ်ပြည့်မွေးနေ့ပွဲကို ဂျပန်နိုင်ငံ၊ ယိုကိုဟားမားမှာ ကျင်းပခဲ့ပါတယ်။ သူ့ရဲ့မွေးနေ့ပွဲကို ပရိသတ်ပေါင်း ၂၅၀၀၀ ကျော် တက်ရောက်ခဲ့တယ်လို့ ဆိုပါတယ်။ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ကျရောက်ခဲ့တဲ့သူ့ရဲ့ ၂၈ နှစ်ပြည့်မွေးနေ့ပွဲကို ဂျပန်နိုင်ငံကိုဖျော်ဖြေပွဲသွားရောက်စဉ်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။

JYJ က စင်တင်ပေးလိုက်တဲ့ ဂျေယောင်းဟာ သူ့ရဲ့မွေးနေ့ပွဲကို သူ့နာမည် အတိုကောက်စာလုံးဖြစ်တဲ့ J ကိုယူပြီး J Party in Yokohama လို့ ခေါင်းစဉ်တပ်ပြီး ကျင်းပခဲ့ပါတယ်။ သူ့ရဲ့မွေးနေ့ပွဲကို တက်ရောက်လာတဲ့ ပရိသတ်တွေအားလုံးကို သူ့ရဲ့အမှတ်တရအဖြစ် ဦးထုပ်တွေ ပေးခဲ့ပါသေးတယ်။

သူ့ရဲ့ပရိသတ်တွေကလည်း သူ့အတွက် မွေးနေ့ကိတ်ကြီးတစ်ခုကိုယူဆောင်လာပြီး သူ့ကို အံ့အားသင့်ဖွယ်ရာဖြစ်အောင် လုပ်ပြကြတယ်လို့ ဂျေယောင်းက ဆိုပါတယ်။ ဒ့ါပြင် တစ်ကမ္ဘာလုံးမှာရှိတဲ့ သူ့ရဲ့ပရိသတ်တွေကလည်း သူ့ထံကို မွေးနေ့ဆုတောင်းစကားမက်ဆေ့ချ်တွေပေးပို့ခဲ့ကြတယ်လို့ kpop မှာ ဖော်ပြထားပါတယ်။

ဂျေယောင်းဟာ သူ့ရဲ့မွေးနေ့ပွဲကို လာမယ့် ၂၆ရက်နေ့မှာ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်မှာ J Party in Seoul ဆိုပြီး ကျင်းပဦးမှာဖြစ်တယ်လို့ ဆိုပါတယ်။

# ကင်ကာဒစ်ရှန်ကိုအနိုင်ရသွားတဲ့ ဂျပ်စတင်ဘီဘာ




ကင်ကာဒစ်ရှန်နဲ့ ဂျပ်စတင်ဘီဘာတို့ နှစ်ဦးဟာ သူတို့ရဲ့ ဆိုရှယ်မီဒီယာမှာ ကြော်ငြာတစ်ခုကို အပြိုင်အဆိုင် ကြော်ငြာခဲ့ကြပါတယ်။

Calvin Klein အမှတ်တံဆိပ်ရဲ့ အတွင်းခံ ကြော်ငြာကို ရိုက်ကူးခဲ့ကြပြီး သူတို့ရဲ့ လူမှုကွန်ယက်ဝက်ဘ်ဆိုက်တွေဖြစ်တဲ့Instagram မှာအပြိုင်အဆိုင် ကြော်ငြာခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီလိုကြော်ငြာခဲ့ရာမှာကင်ကာ ဒစ်ရှန်ကို ကြိုက်နှစ်သက်တယ်လို့ ဖော်ပြခဲ့သူပေါင်းက ၁ ဒသမ ၆သန်း ရှိခဲ့ပြီး ဂျပ်စတင်ဘီဘာကို ကြိုက်နှစ်သက်တယ်လို့ ဖော်ပြခဲ့သူပေါင်းက ၃ ဒသမ ၆ သန်း ရှိခဲ့ပါတယ်။

ကင်ကာဒစ်ရှန်ကတော့ သူ့ရဲ့ အဲဒီကြော်ငြာကို ငါးကြိမ်ဖော်ပြပေးမှသာ အဲဒီအရေအတွက်ကို ရရှိခဲ့တာဖြစ်ပါတယ်။

ဂျပ်စတင်ဘီဘာကတော့ ၄၈ နာရီအတွင်း အဲဒီအရေအတွက်ကို ရရှိခဲ့တာဖြစ်တယ်လို့ Contactmusic မှာ ဖော်ပြထားပါတယ်။

ဂျပ်စတင်က အဲဒီကြော်ငြာကို ရိုက်ကူးဖို့အတွက် သူကြိုးစားခဲ့ရတာတွေကို ပြောကြားခဲ့ရာမှာ "ကျွန်တော် ဒီခန္ဓာကိုယ်ကိုရဖို့အတွက် ကျွန်တော့်ရဲ့ နည်းပြနဲ့ လေ့ကျင့်ခဲ့တာပါ။ ကျွန်တော့်ရဲ့နည်းပြဖြစ်တဲ့ ပက်ထရစ်နီလ်ဆင်က ကျွန်တော့်ကို တစ်ပတ် ငါးရက် လေ့ကျင့်ခန်းလုပ်ခိုင်းတယ်။ လေ့ကျင့်ခန်း တစ်ခါလုပ်ရင် ၄၅ မိနစ်ကြာတယ်။ ဗိုက်၊ လက်မောင်း၊ ပုခုံး စတဲ့ ကြွက်သားရှိဖို့လိုအပ်တဲ့ နေရာတွေ၊ အဆီတွေကျဖို့လိုအပ်တဲ့နေရာတွေ အားလုံးကို ပြုပြင်ပေးပါတယ်။ ဒါကြောင့်လည်း ခုလိုမျိုး ကြော်ငြာကို ရိုက်ကူးနိုင်ခဲ့တာပါ"လို့ ပြောကြားခဲ့ပါတယ်။



# ပေါင်မုန့်ကြော်ငြာမင်းသားဖြစ်သွားတဲ့ စတားလုံး

ဟောလိဝုဒ်ရဲ့အက်ရှင်မင်းသားကြီး ရမ်ဘိုလို့လူသိများတဲ့ ဆီဗက်စ်တာ စတားလုံးဟာ ပေါင်မုန့်ကြော်ငြာတစ်ခုအတွက် ရိုက်ကူးပေးခဲ့တယ်လို့ ဆိုပါတယ်။စတားလုံးဟာ Warburtons ကုမ္ပဏီကထုတ်လုပ်တဲ့ ပေါင်မုန့်ကြော်ငြာအတွက်ရိုက်ကူးပေးခဲ့ရတာဖြစ်ပါတယ်။ အဲဒီကြော်ငြာမှာ စတားလုံးဟာ ပေါင်မုန့်တစ်လုံးကို သူ့လက်နှစ်ဖက်နဲ့ ဝိတ်မသလိုမထားတဲ့ပုံကို ဟာသနှောပြီး ရိုက်ကူးခဲ့တာဖြစ်ပါတယ်။

Warburtons ကုမ္ပဏီပိုင်ရှင်ဟာ စတားလုံးရဲ့ဟာသဉာဏ်ရွှင်တဲ့ စရိုက်ကို Rocky ရုပ်ရှင်ဇာတ်လမ်းတွေမှာကတည်းက သတိထားမိခဲ့ပြီး အဲဒီဟာသဉာဏ်ကို ကြိုက်နှစ်သက်တဲ့အတွက် ခုလိုကြော်ငြာရိုက်ကူးဖို့စီစဉ်ရတာဖြစ်တယ်လို့ ဆိုပါတယ်။ ပေါင်မုန့်ကုမ္ပဏီပိုင်ရှင်ဟာ သူ့ရဲ့ပေါင်မုန့်ကို စတားလုံးရဲ့ကြော်ငြာနဲ့ဈေးကွက်ကို ထိုးဖောက်ဖို့ကြိုးစားတာဟာ ကြော်ငြာခဈေးသက်သာလို့မဟုတ်ဘဲ သူ့ရဲ့ပေါင်မုန့်ကိုဈေးကွက်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိဖို့အတွက်ဖြစ်တယ်လို့ သည်ဆန်းသတင်းစာမှာ ဖော်ပြထားပါတယ်။ "စတားလုံးကို ရွေးချယ်ရတာဟာ သူ့ရဲ့သရုပ်ဆောင်ခဈေးသက်သာလို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ပေါင်မုန့်တွေကို ဈေးကွက်ထဲမှာ ထိုးဖောက်ဖို့အတွက် အစောကြီးကတည်းက သူနဲ့ ကြော်ငြာမယ်လို့ စိတ်ကူးထားလို့ပါ"လို့ ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

## ၂၀၁၄ ခုနှစ်ထွက် ဇာတ်ကားများအနက် အမြတ်အစွန်းအများဆုံးရရှိခဲ့တဲ့ The Hunger Games

Liongatesရုပ်ရှင်ထုတ်လုပ်ရေးက ဖြန့်ချိခဲ့ပြီး မင်းသမီးချော ဂျနီဖာလော့ရင့်စ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့The Hunger Games ဇာတ်ကားဟာ ၂၀၁၄ ခုနှစ်အတွင်း ပြသခဲ့တဲ့ဇာတ်ကားတွေအနက် ဝင်ငွေအကောင်းဆုံး ဇာတ်ကားတစ်ကားဖြစ်ခဲ့သလို အမြတ်အစွန်းအများဆုံးရရှိတဲ့ ဇာတ်ကားတစ်ကားလည်းဖြစ်ခဲ့ပါတယ်။

အဲဒီ The Hunger Games ဇာတ်ကားကို ၂၀၁၂ ခုနှစ် မတ် ၁၃ ရက်က စတင်ဖြန့်ချိပြသခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း အဲဒီဇာတ်ကားကို ၂၀၁၄ခုနှစ်အထိ ပြသနေရဆဲဖြစ်တယ်လို့ ဆိုပါတယ်။




အဲဒီ ဇာတ်ကားကို စတင်ရိုက်ကူးခဲ့စဉ်က ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၇၈သန်းသာ ကုန်ကျခဲ့ပါတယ်။ ဒါပေမယ့် အဲဒီဇာတ်ကားကိုတစ်ကမ္ဘာလုံးကို ပြသခဲ့ရာမှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၂ ဘီလီယံ ရရှိခဲ့တယ်လို့ Box Office ရဲ့ မှတ်တမ်းများအရ သိရပါတယ်။

အဲဒီဇာတ်ကားရဲ့ဝင်ငွေရရှိမှုဟာ စံချိန်တင်လောက်တဲ့ နှုန်းထားဖြစ်တယ်လို့ ဆိုပါတယ်။ ဝေါလ်ဒစ္စနေးရုပ်ရှင်ထုတ်လုပ်ရေးကပြသခဲ့တဲ့ Iron Man 3 ဇာတ်ကားကတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံသာရရှိခဲ့တဲ့အတွက် The Hunger Games:Catching Fire ဇာတ်ကားဟာ အမြတ်အစွန်းရရှိမှု အများဆုံးဇာတ်ကားအဖြစ် စံချိန်တင်ခဲ့ပြီဖြစ်ပါတယ်။ Catching Fire ရဲ့နောက်ဆက်တွဲ ဇာတ်ကားတစ်ကားဖြစ်တဲ့ The Hunger Games:Mockingjay ဇာတ်ကားကိုတော့ လာမယ့်နိုဝင်ဘာလအတွင်းမှာ ဖြန့်ချိမယ်လို့ ဆိုပါတယ်။

# GOLDEN CHANCE

**SERVICES CO.,LTD**




၂၈ / ၁၉ – ဦးဝိစာရလမ်းမကြီး၊ မွှောရုံလမ်းထောင့်၊ (BLAZON အနီး) မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၉ ၇၃၁၄၉၄၃၃၊ ၀၉ ၈၆၂၉၃၃၉၊ ၀၉ ၅၁၃၅၅၅၉။

# COMMERCE INTERNATIONAL

# ပရဆေးစိုက်ပျိုးတဲ့ဗီယက်နမ်တောင်သူတို့ဝင်ငွေကောင်း

ဗီယက်နမ်မြောက်ပိုင်းပြည်နယ်ဖြစ်တဲ့ နမ်ဒင်းပြည်နယ်မှာဆောင်ရွက်လျက်ရှိတဲ့ ပရဆေးပင်စိုက်ပျိုးရောင်းဝယ်ရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်မှုပုံစံသစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကနဦးရလဒ်များ ပေါ်ထွက်လာပြီဖြစ်ပါတယ်။ ပရဆေးထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာမှာ အစိုးရ၊ ပုဂ္ဂလိက နဲ့ အဖွဲ့အစည်းအသီးသီးမှ ဖက်စပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြောင်း ဗီယက်နမ်သတင်းအေဂျင်စီဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။




နမ်ဒင်းပြည်နယ်၊ ဟိုင်ဟောခရိုင်၊ ဟိုင်လော့ဘုံရိပ်သာမှ တောင်သူတစ်ဦးဖြစ်သူ ငုယင်သီဆူးသည် ၎င်းပုံစံကို စတင်သုံးစွဲသူများအနက် တစ်ဦးဖြစ်ပါတယ်။

"စပါးစိုက်တာနဲ့ဆိုရင် ပရဆေးပင် စိုက်ရတာက ဝင်ငွေနှစ်ဆပိုရပါတယ်။ အချိန်လည်းမကုန်ပါဘူး" လို့ သူက ပြောပါတယ်။

၂၀၁၃ ခုနှစ်စတင်စိုက်ပျိုးချိန်မှ စတင်ကာ ယနေ့အထိ ဗီယက်နမ်ဒေါင် ၁၅ သန်း (၇၁၄ ဒေါ်လာ)ရရှိထားပြီဖြစ်ပါတယ်။ ပရဆေးပင်စိုက်ပျိုးသဖြင့် တစ် ဖက်မှရရှိသောဝင်ငွေကြောင့် ဘုံရိပ်သာတွင်နေထိုင်ကြတဲ့ အိမ်ထောင်စု ၁၈ စုနဲ့ သူ့မိသားစုတွေရဲ့ နှစ်တစ်ပတ်လည် ဝင်ငွေတွေ မြင့်တက်လာပါတယ်။ ပရ ဆေးစိုက်ပျိုးရေးလုပ်ငန်းတွေ နိုင်ငံတော် စီးပွားရေးရာအတွင်းရေးမှူးချုပ်ရုံး (State Secretariat for Economic Affairs - SECO) ရုံးမှ တစ်ဆင့် ဆွစ်ဇာလန်အစိုးရက ငွေကြေးထောက်ပံ့မှု ပေးတဲ့ Bio Trade စီမံကိန်းရဲ့ အထောက်အပံ့ကို ရရှိထားပါတယ်။ ဒီအစီအစဉ်ကို ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဗီယက်နမ်အစိုးရအေဂျင်စီတစ်ခုဖြစ်တဲ့ အမျိုးသားဆေးဝါးကုန်ကြမ်းသိပ္ပံ (National Institute of Medicinal Materials (NIMM) ကလည်း ထောက်ပံ့ပါတယ်။

ဟိုင်တိုအန်နဲ့ ဟိုင်လောက်ဘုံရိပ်သာနှစ်ခုမှာလည်း ၂၀၁၂ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အတွင်း ဆွစ်ဇာလန်ကော် ပိုရေးရှင်းတစ်ခုဖြစ်တဲ့ HEL VETAS က သုံးနှစ်စီမံကိန်းတစ်ခုကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးလို့မကောင်းတဲ့ လယ်ကွင်းတွေကို လယ်သမားတွေက ပရဆေးစိုက်ပျိုးရေးဇုန်တွေအဖြစ် ပြောင်းလဲပေးလျက် ရှိပါတယ်။

**ညဏ်တင်-စုစည်းတင်ပြသည်**

## ကျိုတိုရက္ခဗေဒဥယျာဉ်တွင် ရှားပါးသစ်ပင်များကိုလေ့လာ ကြည့်ရှုနိုင်တော့မည်

ရှားပါးသစ်ပင်များအား ထိန်းသိမ်းထားနိုင်ဖို့ သုတေသီများရဲ့ ကြိုးပမ်းချက်များကို ကျိုတိုရက္ခဗေဒဥယျာဉ်တွင် ဧပြီလမှစပြီး တိုက်ရိုက်ကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း အဆာဟိသတင်း ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ "အနီရောင်မှတ်တမ်းစာအုပ်" (Red Date Book) မှာ မျိုးတုံးပျောက်ကွယ်ဖို့ အန္တရာယ်ရှိတယ်လို့မှတ်တမ်းတင်ထားတဲ့ သစ်ပင်တွေကိုရက္ခဗေဒဥယျာဉ်သို့ လာရောက်လည်ပတ်သူတွေကြည့်ရှုနိုင်မယ့် အထူးစီမံပြုလုပ်ထားတဲ့ ဖန်လုံအိမ်တစ်ခုကို ကျိုတိုရက္ခဗေဒဥယျာဉ်မှာ ထားရှိတော့မှာဖြစ်ပါတယ်။ ဒီဖန်လုံအိမ်က ဂျပန်မှာပထမဆုံးပေါ်ပေါက်ခဲ့တဲ့ ဖန်လုံအိမ်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနရဲ့ Red Data Book မှာ စာရင်းဝင်တဲ့ ဖန်လုံအိမ်ဖြစ်ပါတယ်။

ဒီဖန်လုံအိမ်က ၂၀၁၃ ခုနှစ်မှာ ဆောက်လုပ်ခဲ့တဲ့ဥယျာဉ်အဝင်တံခါးဖြစ်တဲ့ကာမိုဂါဝါဂိတ်အနီးမှာရှိပြီးမြေအကျယ်အဝန်းစတုရန်းမီတာ ၁၄၀ ရှိပါတယ်။ ဖန်လုံအိမ်ရဲ့ဘေးနံရံတွေကိုမှန်နဲ့ တည်ဆောက်ထားပြီး လာရောက်လည် ပတ်သူတွေက အပင်တွေကိုအပြင်က နေကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

ကျိုတိုမြို့ရဲ့ ပူပြင်းလှတဲ့နွေရာသီနဲ့ လိုက်ဖက်အောင်ဖန်လုံအိမ်ရဲ့ အမိုးကို အနီအောက်ရောင်ခြည်ဖောက်မထွက်နိုင်တဲ့ အထူးမှန်နဲ့ပြုလုပ်ထားပါတယ်။ ဖန်အိမ်အတွင်းပိုင်းကိုအစိုဓာတ်ရဖို့ အတွက် နှင်းမှုန်ယန္တရားစက်နဲ့ ပန်ကာတွေကိုအသုံးပြုထားပါတယ်။ အခြား ဖန်လုံအိမ်တစ်ခုဖြစ်တဲ့ ရက္ခဗေဒဥယျာဉ်ကသီးသန့်ဖန်လုံအိမ်တစ်ခုဖြစ် ပြီး ၁၉၉၂ ခုနှစ်ကဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီဥယျာဉ်အတွင်းကနေလည်း အပြင်ကို ကြည့်လို့ရပါတယ်။ ဒါပေမယ့် ထည့်ထားတဲ့သစ်ပင်တွေက သာမန် သစ်ပင်မျိုးတွေဖြစ်ပါတယ်။ မျိုးတုံးပျောက်ကွယ်မယ့် အန္တရာယ်ရှိနေတဲ့ သစ်ပင်မျိုးစိတ်အများစုကိုတော့ ပျိုးထောင်ရေးအခန်းမှာထားပြီး အများပြည်သူ ကြည့်ရှုဖို့ကိုတော့ ကန့်သတ်ထားပါတယ်။


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO Service for Myanmar

DATE : 26th January 2015

<< January And February Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHII | YOKOSUKA | KOBE | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.8 | 1.55 | 1.90 | 2.20 | 3.50 | | | | 28.12.2014 | 30.12.2014 | | | 7.1.2015 | 11.1.2015 | 18.1.2015 |
| | S/O CUT | | | | | | | 24.12.2014 | 26.12.2014 | | | | | |
| MV.CITY OF MUMBAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | 13.1.2015 | 15.1.2015 | | | 23.1.2015 | 27.1.2015 | |
| | S/O CUT | | | | | | | 9.1.2015 | 11.1.2015 | | | | | |
| MV.HOEGH CHENNAI V.9 | 1.55 | 1.90 | 2.20 | 3.50 | | | 28.1.2015 | 26.1.2015 | 29.1.2015 | 31.1.2015 | | 9.2.2015 | 12.2.2015 | 20.1.2015 |
| | S/O CUT | | | | | | 24.1.2015 | 22.1.2015 | 25.1.2015 | | | | | |
| MV.CITY OF MUMBAI V.16 | 1.55 | 1.90 | 2.20 | 3.50 | | | | | 12.2.2015 | 10.2.2015 | | 21.2.2015 | 25.2.2015 | |
| | S/O CUT | | | | | | | | 8.2.2015 | 6.2.2015 | | | | |
| MV.HOEGH CHENNAI V.10 | 1.55 | 1.90 | 2.20 | 3.50 | | | | 28.2.2015 | 2.3.2015 | | | 10.3.2015 | 14.3.2015 | |
| | S/O CUT | | | | | | | 21.2.2015 | 23.2.2015 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thick ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ကုနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။